


၄ ကြိမ်မြောက်

# အာရပ် အစ္စရေးလ် စစ်ပွဲ

အထောက်တော်လုအောင်

ဒုတိယအကြိမ်

Computer Graphic
QC

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ........................................ ဒို့အရေး
- တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ........................................ ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ........................................ ဒို့အရေး

## ပြည်သူ့ သဘောထား

- ✿ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✿ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✿ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✿ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်- ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✿ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✿ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✿ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✿ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✿ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✿ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✿ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✿ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✿ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✿ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✿ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✿ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၄ ကြိမ်မြောက်

# အာရပ် အစ္စရေးလ် စစ်ပွဲ

◆

အထောက်တော်လှအောင်

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◇ | ၁၃/၂၀၀၃ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◇ | ၂၅/၂၀၀၃ (၄) |
| ထုတ်ဝေသည့်အကြိမ် | ◇ | ဒုတိယအကြိမ်<br>၂၀၀၃ခုနှစ်၊ မေလ |
| အုပ်ရေ | ◇ | ၁၀၀၀ |
| မျက်နှာဖုံး ဒီဇိုင်း | ◇ | QC computer |
| ဖလင် | ◇ | ဦးထွန်းဆိုင် |
| ထုတ်ဝေသူ | ◇ | ဒေါ်မိုးကေခိုင်<br>ချိုတေးသံစာပေတိုက်<br>(မြ – ၀၁၆၉၂)<br>ရွှေနံ့သာကျေးရွာ၊<br>ပုလဲမြို့(၃)၊ မင်္ဂလာဒုံ |
| မျက်နှာဖုံးနှင့်<br>အတွင်းသားပုံနှိပ် | ◇ | သန်းထိုက်ရတနာအော့ဖ်ဆက်<br>မြ (၀၅၁၃၁)၊ အမှတ် ၈၄၊<br>လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| တန်ဖိုး | ◇ | ၆၅၀ ကျပ် |


## မာတိကာ

စာရေးသူ၏အမှာ...

ငြိမ်းသူရန်ဘက်ညီအကိုတော်များ ၁

ဖြတ်ကျော်ခဲ့ရသည့်စစ်ပွဲများ ၁၀

စစ်ကြိုကာလအခြေအနေများ ၁၈

၁၉၇၃၊ အောက်တိုဘာ– ၆၊ စနေ ၂၉

၁၉၇၃၊ အောက်တိုဘာ– ၇၊ တနင်္ဂနွေ ၆၀

၁၉၇၃၊ အောက်တိုဘာ– ၈၊ တနင်္လာ ၉၂

၁၉၇၃၊ အောက်တိုဘာ– ၉၊ အင်္ဂါ ၁၀၉

၁၉၇၃၊ အောက်တိုဘာ– ၁၀၊ ဗုဒ္ဓဟူး ၁၂၂

၁၉၇၃၊ အောက်တိုဘာ– ၁၁၊ ကြာသပတေး ၁၃၀

၁၉၇၃၊ အောက်တိုဘာ– ၁၂၊ သောကြာ ၁၃၉

၁၉၇၃၊ အောက်တိုဘာ– ၁၃၊ စနေ ၁၄၈

၁၉၇၃၊ အောက်တိုဘာ– ၁၄၊ တနင်္ဂနွေ ၁၅၉

၁၉၇၃၊ အောက်တိုဘာ– ၁၅၊ တနင်္လာ ၁၆၆

၁၉၇၃၊ အောက်တိုဘာ– ၁၆၊ အင်္ဂါ ၁၇၅

၁၉၇၃၊ အောက်တိုဘာ– ၁၇၊ ဗုဒ္ဓဟူး ၁၈၄

၁၉၇၃၊ အောက်တိုဘာ– ၁၈၊ ကြာသပတေး ၁၉၃

မာတိကာ


| | |
|---|---|
| ၁၉၅၃၊ အောက်တိုဘာ– ၁၉၊ သောကြာ | ၁၀၂ |
| ၁၉၅၃၊ အောက်တိုဘာ– ၂၀၊ စနေ | ၂၀၅ |
| ၁၉၅၃၊ အောက်တိုဘာ– ၂၁၊ တနင်္ဂနွေ | ၂၁၂ |
| ၁၉၅၃၊ အောက်တိုဘာ– ၂၂၊ တနင်္လာ | ၂၂၁ |
| ၁၉၅၃၊ အောက်တိုဘာ– ၂၃၊ အင်္ဂါ | ၂၂၉ |
| သေနင်္ဂဗျူဟာနှင့် သုံးသပ်ချက်များ | ၂၃၃ |
| ဂြိုလ်တုများကို အသုံးပြုခြင်း | ၂၄၅ |


## စာရေးသူ၏အမှာ

လူသားတို့၏ ယဉ်ကျေးမှု အဆင့်အတန်း ပိုမိုမြင့်မားလာလေလေ၊ လောဘ၊ ဒေါသ၊ မောဟတရားတို့ ပိုမိုကြီးထွားလာလေလေ။

လောဘ၊ ဒေါသ၊ မောဟတရားတို့ ပိုမိုကြီးထွားလာလေလေ၊ မိုက်ရိုင်းကြမ်းကြုတ်သော စစ်မက်အင်္ဂါတို့ ပိုမိုဖြစ်ပွားလာလေလေ ဟူသော အတွေးတစ်ရပ် ကျွန်တော့်အသိဉာဏ်တွင်း၌ ကိန်းအောင်း နေခဲ့သည်မှာ ကြာပါပြီ။ ကျွန်တော့်အတွေး မှားယွင်းမည်ဆိုလျှင် ခွင့်လွှတ် စေချင်ပါသည်။

သို့သော်လည်း ကမ္ဘာ့သမိုင်းဖြစ်စဉ်များကို လေ့လာ သုံးသပ်ခြင်း အားဖြင့် ကျွန်တော့်အတွေးကို ကျွန်တော်ပိုပြီး ယုံကြည်လာပါသည်။

ကျောက်ခေတ်မှသည် စကြာဝဠာ ပိုင်စိုးရေးခေတ်သို့ လူ့သမိုင်း သည် တိုးတက် ဖြစ်ပေါ် ပြောင်းလဲလာခဲ့၏။ လူသားတို့၏ ယဉ်ကျေး မှု အဆင့်အတန်းသည် အတိုင်းမသိ ပိုမိုမြင့်တက်လာခဲ့သည်ဟု သမိုင်း ပညာရှင်တို့က အဆိုပြုကြပါသည်။ ထိုအချက်များပေါ်တွင် ကျွန်တော် အငြင်းမပွားလိုပါ။

ယဉ်ကျေးမှု အဆင့်မြင့်လာသည်နှင့်အမျှ လောက သာယာမှု များသည်လည်း အဆန်းတကြယ်များ ဖြစ်လာ၏။ လူတို့သည် အဆန်း တကြယ်သော လောက သာယာမှုများကို တပ်မက်မောရင်း၊ သာယာ မှု၏ နောက်သို့ပင် လောဘကို ရင်ဝယ်ပိုက်ရင်း တကောက်ကောက် လိုက်ကြတော့၏။ သာယာမှုကို မရနိုင်သောအခါ၊ သို့တည်းမဟုတ် လက်ဝယ်ရရှိပြီးသော သာယာမှုကို လက်လွှတ်ဆုံးရှုံးရမည်ရှိသောအခါ ဒေါသအမျက် ချောင်းချောင်းထွက်ကြတော့၏။

ဒေါသအမျက် ချောင်းချောင်းထွက်ကြပြီဆိုသောအခါ၊ အစဦးစား အဆင်ခြင်တရား ကင်းမဲ့သည့် မောဟတည်းဟူသော အမှောင်တရားတို့ ဖုံးလွှမ်းစမြဲပင်တည်း။

သို့ဖြင့်ပင် လူနှင့်လူချင်း ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်သော လူသတ်စစ်ပွဲကြီးတို့သည် တစ်ပွဲပြီးတစ်ပွဲ ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု ကောက်ချက်ချရသော် ရကောင်းအံ့ ထင်ပါသည်။

ရောင့်ရဲတင်းတိမ်ခြင်းတည်းဟူသော ချွန်းဖြင့် လောဘတည်းဟူသော ဆင်ရိုင်းကို ထိန်းချုပ်ကာ သာယာချမ်းမြေ့စွာ နေထိုင်လိုကြသည့် ကမ္ဘာသူ ကမ္ဘာသားတို့သည် စစ်ဟူသမျှကို ဆန့်ကျင်ကြမြဲ ဖြစ်၏။

ထို့ကြောင့်...

ကမ္ဘာသူ ကမ္ဘာသား များရာစုတို့၏ ဆန္ဒနှင့် ထပ်တူကျပြီး ငြိမ်းအေးသာယာစွာ နေထိုင်လိုသော ကျွန်တော်သည်လည်း မိုက်ရိုင်းကြမ်းကြုတ်သည့် စစ်ယုတ်မာမှန်သမျှကို ဤစာအုပ်ဖြင့် ဆန့်ကျင်ပါ၏။

''အာရပ်–အစ္စရေးလ် ၆ ရက်စစ်ပွဲ'' ကို ၁၉၆၇ ခုနှစ်က ကျွန်တော် ဘာသာပြန်ဆို ထုတ်ဝေခဲ့ဖူးပါသည်။ ထိုစာအုပ်၏ ကျွန်တော့် အမှာစာတွင်....

''မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် စစ်သတင်းကိုရေးရန် ဝါသနာပါ၏။ သို့သော် စိတ်ဆန္ဒအရ မရေးလိုပါ။ တစ်နည်းဆိုရသော် ကျွန်တော်ရေးလိုသော သတင်းကို ရေးခွင့်ရအောင် စစ်မက်မဖြစ်ပွားစေလိုပါ။ မလွှဲမရှောင်သာ၍ ဖြစ်လာမည်ဆိုလျှင် မလွှဲမရှောင်သာဘဲ ကျွန်တော် ဝါသနာပါရာ သတင်းကို ရေးရမည်သာ ဖြစ်ပါသည်။

ယခုလည်း မလွှဲမရှောင်သာဘဲ သာသာပြန်ရချေပြီ။ ''ဤကဲ့သို့သော စာအုပ်မျိုး၊ သတင်းမျိုး နောက်ထပ် ရေးခွင့်၊ ဘာသာပြန်ခွင့်ကို ကျွန်တော် မမျှော်လင့်ချင်ပါ'' စသည်ဖြင့် ရေးခဲ့ဖူးပါသည်။ သို့သော်





ကျွန်တော့် မျှော်မှန်းချက်သည် သဲထဲရေသွန်သာလျှင် ဖြစ်၏။ ကျွန်တော်တစ်ယောက်ထည်းမျှသာ မဟုတ်။ ငြိမ်းချမ်း လိုသော ကမ္ဘာ့ပြည်သူတစ်ရပ်လုံးတို့၏ မျှော်မှန်းချက်သည်လည်း ပြယ်လွင့်ပျောက်ကွယ်ရသည်သာ ဖြစ်၏။

သည့်လိုဖြင့်ပင် ''၄–ကြိမ်မြောက် အာရပ်–အစ္စရေးစစ်ပွဲ'' ဖြစ်ပွားရလေတော့သည်။

အာရပ်နှင့် အစ္စရေးလ်တို့သည် ၁၉၄၈ ခုနှစ်က တစ်ကြိမ်၊ ၁၉၅၆ ခုနှစ်က တစ်ကြိမ်၊ ၁၉၆၇ ခုနှစ်က တစ်ကြိမ်၊ သုံးကြိမ်တိုင်တိုင် စစ်မက် ဖြစ်ပွားခဲ့ကြရ၏။ ထိုစစ်ပွဲ သုံးပွဲအနက် ၁၉၅၆ ခုနှစ် စစ်ပွဲနှင့် ၁၉၆၇ ခုနှစ် စစ်ပွဲတို့ကို ကျွန်တော် ရေးသားခဲ့ဖူးပြီ။ ယခု စတုတ္ထအကြိမ်မြောက်စစ်ပွဲ ဖြစ်ပြန်ပြီ။ သည်စစ်ပွဲကိုလည်း ကျွန်တော် ရေးသင့်သည်ဟု မိမိကိုယ်မိမိ ပြန်လည်တာဝန်ပေးမိပါသည်။

ကျွန်တော်သည် တပ်မတော်သားတစ်ဦးမဟုတ်ပါ။ စစ်သတင်းများကို ရေးရန် ဝါသနာပါသော သာမန် သတင်းစာဆရာ တစ်ဦးမျှသာ ဖြစ်ပါသည်။ ပြည်တွင်းမှာ ဖြစ်ပွားခဲ့သည့် စစ်ပွဲ ကြီးငယ်များ၏ စစ်မြေပြင်များသို့ ကိုယ်တိုင်သွားရောက်ကာ အကြိမ်များစွာ သတင်း ယူဘူးပါသည်။ ထို့ကြောင့် တပ်မတော်သား မဟုတ်သော်လည်း စစ်နှင့် အတန်ငယ် ယဉ်ပါးနေသည်ဟု မိမိကိုယ်မိမိ ထင်ပါသည်။

စစ်ထိုးစစ်ဆင်၊ စစ်ပြင်စစ်ပြောင်း၊ စစ်ကြောင်းစစ်တက်၊ စစ်မက်ရေးရာ အဖြာဖြာသော သေနင်္ဂဗျူဟာများကို အာရုံစူးစိုက် လေ့လာလျှင် လွန်စွာ စိတ်ဝင်စားဘွယ်ကောင်းကြောင်း တွေ့ရပါမည်။

တိုင်းပြည် အဆုံးမခံနိုင်သူ၊ လွတ်လပ်ရေးအဆုံးမခံနိုင်သူ ပြည်ထောင်စုဘွား တိုင်းရင်းသား အားလုံးတို့သည် စစ်နှင့်ပတ်သက်သော ဗဟုသုတများ ပြည့်ဝနေပါက အကျိုးမယုတ်နိုင်ဟု ကျွန်တော်ယုံကြည်ပါသည်။ ထိုအကြောင်းတစ်ခုကြောင့်လည်း ဤစာအုပ်ကို ရေးဖြစ်ပါသည်။

## စာရေးသူ၏ အမှာ

ကျွန်တော် လက်လှမ်းမီသမျှ အကိုးအထောက်များကို အားပြုပြီး အပြည့်စုံဆုံးဖြစ်အောင် ကြိုးစားရေးပါသည်။ သို့သော်လည်း ပြီးပြည့်စုံပြီဟု ကျွန်တော်မယုံကြည်ပါ။ ဝေါဟာရများနှင့် ပတ်သက်၍လည်း အတိကျဆုံး၊ သို့တည်းမဟုတ် အနီးစပ်ဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားပါသည်။ သို့သော်လည်း ဝေါဟာရတိုင်း၊ စကားလုံးတိုင်း လုံးဝမှန်ကန်ပြီဟု ကျွန်တော် မယုံကြည်ပါ။

စစ်ပရိယာယ်တို့သည်လည်းကောင်း၊ စစ်နှင့်ပတ်သက်သော ဝေါဟာရတို့သည်လည်းကောင်း၊ စစ်လက်နက် ပစ္စည်းများသည်လည်းကောင်း၊ နေ့စဉ်နှင့်အမျှ တိုးတက် ဆန်းသစ်နေ၏။ ထိုအချက်များကို မြန်မာပိုင် ဝေါဟာရအဖြစ် မွေးစားယူရန် အချိန်ယူရပါမည်။ ချက်ခြင်း အကောင်အထည်ဖော်၍ ရနိုင်မည် မထင်ပါ။ ကျွန်တော်တို့ တိုင်းပြည်သည် စစ်လက်နက်ပစ္စည်းများကို တီထွင်ဆန်းသစ် ထုတ်လုပ်နေသော နိုင်ငံမဟုတ်သဖြင့် မြန်မာဘာသာဖြင့် ခေါ်ဆိုရန် ခက်ခဲပါသည်။

အထက်ဖော်ပြပါ အချက်များနှင့် ပတ်သက်ပြီး ချွတ်ချော်တိမ်းပါးမှုများကို တတ်ကျွမ်းသူများက ထောက်ပြ ပြင်ဆင်ပေးမည်ဆိုပါလျှင် အတိုင်းမသိ ကျေးဇူးတင် ဝမ်းမြောက်ရပါမည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသော စာရေးဆရာများ ဖြစ်ကြသည့် အောင်စိုး၊ သိန်းသန်းထွန်း၊ အောင်နိုင်(ရွှေဇာမြိုင်)၊ လေသူရဲတစ်ဦး၊ အောင်ပြည့်၊ အောင်မော်၊ လုပ်သားပြည်သူ့ နေ့စဉ် သတင်းစာ (မြန်မာ) အယ်ဒီတာ ဦးဉာဏ်မြင့်နှင့် မာတ်ပုံ စိန်ဝင်းလေးတို့အား ကျေးဇူးတင်မဆုံးကြောင်း ဖော်ပြ မှတ်တမ်းတင်ခွင့် ရသဖြင့် ဂုဏ်ယူမဆုံး ရှိရပါသည်။

အထောက်တော် လှအောင်

ရန်ကုန်၊ အောက်တိုဘာ ၂၉၊ ၁၉၇၃။



## ငြိုးသူရန်ဘက် ညီအစ်ကိုတော်များ

နယ်မြေလုစစ်ပွဲများ၊ လူမျိုးရေးစစ်ပွဲများနှင့် ဘာသာရေးစစ်ပွဲများသည် အရှေ့အလယ်ပိုင်းဒေသတွင် ရပ်နားခြင်း မရှိခဲ့။

ထိုစစ်ပွဲတို့သည် အဓိကအားဖြင့် အာရပ်လူမျိုးနှင့် ဂျူးလူမျိုးတို့ အကြားတွင် ဖြစ်ပွားပေါ်ပေါက်နေခြင်းသာ ဖြစ်သည်။

စစ်မက် ဖက်ပြိုင်နေကြသော အာရပ်နှင့်ဂျူး နှစ်ဦးစလုံးသည် အေဘရာဟင်၏ သားများဖြစ်ကြသော အစ်ရှ်မေယယ်နှင့် အစ်ဇက်တို့ နှစ်ဦးမှ ဆင်းသက်ပေါက်ဖွားလာကြသည့် ညီအစ်ကိုများ ဖြစ်ကြသည်။ အရေးကြီးတော့ သွေးနီးရာဆိုသလို မစည်းလုံးနိုင်ကြဘဲ ကမ္ဘာ့ရန်များ အဖြစ်သို့ ကြေကွဲဖွယ် ရောက်ရှိနေကြရရှာသည်။

အစ်ကိုဖြစ်သူ အစ်ရှ်မေယယ်က အာရပ်လူမျိုးများ ဖြစ်ပေါ်လာမည့် ဘီဒွင်လူမျိုးစုကိုလည်းကောင်း၊ ညီဖြစ်သူအစ်ဇက်က ဂျူးလူမျိုးစု ၁၂ စု ကိုလည်းကောင်း ပေါက်ဖွားစေခဲ့သည်။

သူတို့သည် ပါလက်စတိုင်းဒေသမှာ အခြေချနိုင်ရန် ရာစုနှစ်ပေါင်းမြောက်မြားစွာ ကြိုးစားခဲ့ကြရ၏။ သိန်းပေါင်းများစွာ သန်းပေါင်းများစွာသော အသက်အိုးအိမ် စည်းစိမ်များကို အဆုံးခံခဲ့ကြရ၏။ စစ်မြေပြင် စစ်တလင်းတို့မှာ အကြိမ်ကြိမ် စစ်ခင်းခဲ့ကြရ၏။

နယ်ချဲ့ကြီးငယ်တို့၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံခဲ့ကြရသည်။ သွေးငတ်သည့် စေတလုံးပိုင် စစ်ဗိုလ်ချုပ်ကြီးများ၏ သွေးဆာသော ဓားအောက်မှာ ဦးခေါင်းပေါင်းများစွာတို့ မြေကျခဲ့ကြရသည်။

ဂျူးလူမျိုးတို့သည် နှိပ်စက်ညှဉ်းပန်းခံရသည့် ဒဏ်များနှင့် အခြား

အကြောင်းအမျိုးမျိုးများကြောင့် ပါလက်စတိုင်းဒေသမှ ထွက်ခွာကာ ကမ္ဘာအရပ်ရပ်သို့ ပြန့်နှံ့သွားခဲ့သည်။ ရေကြည်ရာ မြက်နုရာကို ရှာခဲ့ ကြရသည်။

ရှန်းရင်းကန်ရင်းဖြင့် ပါလက်စတိုင်းဒေသတွင် ဂျေရုဆလင်မြို့တော်ကို တည်ထောင်ကြသည်။ ထိုမြို့တော်သည် ခရစ်ယာန်ဘာသာဝင်များ၊ ရေဝတီ ဘာသာဝင်များနှင့် အစ္စလမ် ဘာသာဝင်များအတွက် အထွတ်အမြတ် မြို့တော်ဖြစ်သည်။ ထို့ကြောင့်လည်း ဂျေရုဆလင်မြို့တော်ကို သူပိုင်ရေး၊ ငါပိုင်ရေးအတွက် အငြင်းပွားမှုများမှာ မဆုံးနိုင်အောင် ဖြစ်ပေါ်နေရသည်။

နှစ်ပေါင်း ၂၀၀ မျှ ကြာမြင့်အောင် ဘာသာရေး စစ်ပွဲများ ဖြစ်ပွားခဲ့သည့်အနက် ဂျေရုဆလင်မြို့တော်ကို ခရစ်ယာန်ဘာသာဝင် တို့က တိုက်ခိုက် သိမ်းပိုက်ခဲ့၏။ အာရပ်အမျိုးသားများကလည်း အနောက်နိုင်ငံသား ခရစ်ယာန်ဘာသာဝင်များလက်မှ ဂျေရုဆလင်မြို့တော်ကို ပြန်လည်ရရှိစေရန် စစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ဂျူးတို့ကလည်း တနေ့သောအခါတွင် ဤမြို့တော်သည် မိမိတို့လက်တွင်းသို့ ပြန်လည် ရောက်ရှိရမည်မလွဲဟု စွဲမြဲစွာ ယုံကြည်ထားကြ၏။

တိုင်းပြည်တကာသို့ သွားရောက်နေထိုင်ပြီး အခြား ယဉ်ကျေးမှုနှင့် ဘာသာတရား ရောထွေးမှုမခံဘဲ မိမိယဉ်ကျေးမှုနှင့် မိမိ၏ ဘာသာတရားကိုသာ မမိုတ်မသုံ လက်ခံထိန်းသိမ်း ကျင့်သုံးကာ တသီးတခြား နေထိုင်လေ့ ရှိသည့် ဂျူးလူမျိုးများအပေါ် နိုင်ငံအများအပြားက မုန်းတီးရွံရှာလာသည်။ နိုင်ငံအများအပြားက ဂျူးဆန့်ကျင်ရေးများကို ပြုလုပ်လာကြသည်။

၁၈၈၁ ခုနှစ်တွင် ဂျာမနီ ပြည်တွင်းသို့ ဂျူးလူမျိုးများ ဝင်ရောက်လာကြခြင်းကို ပိတ်ပင်တားမြစ်ရန် ဂျူးဆန့်ကျင်ရေးအသင်းက တောင်းဆိုလိုက်သည်။ ၁၈၈၂ ခုနှစ်တွင် ဂျူးဆန့်ကျင်ရေးအသင်းညီလာခံကြီးကို ကျင်းပသည်။





၁၈၉၄ ခုနှစ်တွင် စစ်ရေးလျှို့ဝှက်ချက်များ ဂျာမနီသို့ ရောင်းချကြောင်းဖြင့် ပြင်သစ်အရာရှိ အဲလ်ဖရက်ဒရေးဖတ်စ်အား ပြင်သစ်အစိုးရက စွပ်စွဲပြီး ဖမ်းဆီးရုံးတင်သည်။ ထိုစစ်ခုံရုံး၌ စစ်ဆေးသည့်သတင်းကို ဗီယင်နာမှ သတင်းစာ တစ်စောင်၏ သတင်းထောက်အဖြစ် ဂျူးအမျိုးသား စာရေးဆရာ သီအိုဒိုဟားဇဲက တက်ရောက် သတင်းယူသည်။

သီအိုဒိုဟားဇဲ၏ ခေါင်းဆောင်မှုဖြင့် ဂျူးလူမျိုးတို့သည် ကိုယ့်တိုင်းကိုယ့်ပြည်၊ ကိုယ့်နယ်မြေ အတည်တကျ ထူထောင်သင့်ပြီ ဖြစ်ကြောင်း ဂျူးအများတို့ ယုံကြည်လက်ခံလာကြသည်။

ဟားဇဲ၏ ခေါင်းဆောင်မှုဖြင့် ဇီယွန်ဝါဒီများ၏ ပထမဆုံးသော ကွန်ဖရင့်ကို ၁၈၉၇ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဘေ့ဆဲလ်မြို့၌ ကျင်းပသည်။ ပါလက်စတိုင်းဒေသ၌ ဂျူးလူမျိုးများအတွက် တိုင်းပြည်တူထောင်ကာ ဂျူးတို့၏ လုံခြုံမှုကို အာမခံရန် တောင်းဆိုသည်။ ထိုရည်မှန်းချက် အကောင်အထည်ပေါ်သည်အထိ ဆောင်ရွက်ကြရန် ဆုံးဖြတ်သည်။

ထိုစဉ်က ပါလက်စတိုင်းဒေသကို တူရကီက ပိုင်သည်။ ၁၉၁၄ ခုနှစ်မှစပြီး ပါလက်စတိုင်းဒေသသို့ ဂျူးလူမျိုးများ ဝင်ရောက်လာကြသည်။ သဲတောင်ပေါ်မှာ တယ်လ်အဗစ်မြို့ကို တည်ထောင်သည်။ ဂျေရုဆလင် မြို့တော်ကြီးကို ပန်းချီ၊ ပန်းပု၊ အနုပညာ အမွှမ်းအပြောက် လက်ရာများဖြင့် မွမ်းမံခြယ်လှယ်ကြသည်။

အီဂျစ်နိုင်ငံသည် ခရစ်သက္ကရာဇ် ၆၄၀ မှ ၁၅၁၇ အထိ နှစ်ပေါင်း ၉၀၀ လုံးလုံး အာရပ်လူမျိုးတို့၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သည်။ ထို့နောက် စူလတန်ဘုရင်များ၏ လက်အောက်သို့ ကျရောက်သည်။ အီဂျစ်တပြည်လုံးမှာ သဲကန္တာရ အများအပြား လွှမ်းမိုးနေသော်လည်း နိုင်းလ် မြစ်ဝကျွန်းပေါ်ဒေသသည် မြေဩဇာ အလွန်ကောင်းလှသည်။ ၁၅၁၇ ခုနှစ်တွင် တူရကီ အော်တိုမန်အင်ပိုင်ယာအတွင်းသို့ လက်ပြောင်း ခံရပြန်သည်။ ပြည်နယ် အဆင့်မှာပင် ထားလိုက်သည်။

၁၈၆၇ ခုနှစ်တွင် မိုဟာမက်အလီနှင့် သူ့အရိုက်အရာ ခံယူသူများက ကိုင်ရိုမြို့ကို သိမ်းပိုက်လိုက်သည်။ ခီဒိုက်ဗ်အစ္စမေလ်က အုပ်ချုပ်သည်။ တူရကီက အသိအမှတ်ပြုသည်။ သို့သော်လည်း ကိုင်ရိုအစိုးရ၏ အုပ်ချုပ်ရေး မကျွမ်းကျင်မှုနှင့် အသုံးအဖြုန်း ကြီးမှုများကြောင့် ဗြိတိသျှတို့ တဖြည်းဖြည်း ဝင်ရောက် စွက်ဖက်လာကာ နောက်ဆုံး တူရကီ၏ သဘောတူညီချက်ဖြင့် အုပ်ချုပ်မှုများကိုပါ လက်လွှဲယူလေတော့သည်။

၁၈၈၂ ခုနှစ်တွင် အာရာဘီ ပါရှန်းသူပုန်များ ထကြွသောင်းကျန်းကာ ခီဒိုက်ဗ်အစ္စမေလ်ဘုရင်ကို တော်လှန်သည်။

ထိုတော်လှန်ရေးဖြစ်ပွားသောအခါ ဗြိတိသျှတို့က ဝင်ရောက်လာပြီး သူပုန်များကို တိုက်ခိုက်ဖြိုခွင်းသည်။ အာရပ်များကို ရက်ရက်စက်စက် တိုက်ခိုက်ပြီး အီဂျစ်ပြည်ကြီးကို သိမ်းပိုက်လိုက်တော့သည်။

ထိုအပြုအမူနှင့် ပတ်သက်၍ ဗြိတိသျှ အုပ်စိုးသူများကြားမှာပင် သဘောထား ကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့ရသည်။ "လွတ်လပ်ရေး ရယူလိုသည့် အီဂျစ်များကို မတရား ချေမှုန်းပစ်ကြောင်း ထောင်ပေါင်း များစွာသော အီဂျစ်အမျိုးသားများကို ကြက်ကလေး၊ ငှက်ကလေးများကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်ပစ်ကြောင်း၊ အမျိုးသားရေး ရုန်းကန်လှုပ်ရှားမှုများကို ဖိနှိပ်ချုပ်ခြယ်လိုက်ကြောင်း၊ အုပ်ချုပ်သူများ ထင်တိုင်းချယ်လှယ်၍ရသည့် အရုပ်ကလေးများဘဝသို့ ပြန်ပို့လိုက်ကြောင်း" ဖြင့် လော့ဒ်ရင်းဒေါ့ဖ်ချာချီက အီဒင်ဘာမြို့၌ ၁၈၈၃ ခုနှစ်တွင် ပြင်းထန်စွာ ဝေဖန်ခဲ့သည်။

ပထမကမ္ဘာစစ်ကြီး ဖြစ်လုနီးသောအခါ တူရကီနှင့် ဗြိတိန်နိုင်ငံတို့သည် သဟဇာတ မဖြစ်တော့ချေ။ ထို့ကြောင့်လည်း အီဂျစ်နိုင်ငံကို ဗြိတိသျှတို့က ပိုမိုဖိနှိပ်ချုပ်ချယ်လာသည်။ ထိုနည်းအားဖြင့် အီဂျစ်တို့၏ အမျိုးသားရေး တိုးတက်နိုးကြားမှုနှင့် နယ်ချဲ့အပေါ် တိုက်ခိုက်ဆန့်ကျင်လိုမှုမှာ ပိုမိုကြီးထွားလာသည်။

ချက်ကောင်းစောင့်သော ဂျူးများသည် ပါလက်စတိုင်းဒေသမှ





အီဂျစ်နိုင်ငံများအတွင်းသို့ ပြေးဝင်ကြ၏။ ဇီယွန်တပ်ဖွဲ့များကို ဖွဲ့စည်းကြသည်။ ပထမကမ္ဘာစစ်ကြီးတွင် ဗြိတိသျှတို့နှင့် ပူးတွဲ တိုက်ပွဲဝင်ကြလေသည်။

တကမ္ဘာလုံးမှာ ပြန့်ကျဲလျက်ရှိသော ဂျူးလူမျိုးများ၏ အင်အားကို အင်္ဂလိပ်က အလိုရှိနေသည်။ ထို့ကြောင့် အီဂျစ်ကို လွတ်လပ်ရေး ပေးမည်၊ ပါလက်စတိုင်းတွင် ဂျူးလူမျိုးတို့အတွက် နယ်မြေသတ်မှတ်ပေးရန် ပြင်သစ်နှင့် ရုရှကို ချဉ်းကပ်သည်။ ထိုနယ်မြေကို နိုင်ငံတကာ အုပ်ချုပ်မှုအောက်တွင် ထားမည်ဟု အစီအစဉ်များ ပြုလုပ်သည်။ ၁၉၁၆ ခုနှစ် မတ်လအတွင်းက ထိုအစီအစဉ်များကို ပြုလုပ်ကြခြင်း ဖြစ်သည်။

ထိုအချိန်မှစပြီး ပါလက်စတိုင်းဒေသသို့ ဂျူးတို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြသည်။ မြေနေရာများကို ဝယ်ကြသည်။ ဇီယွန်ဝါဒီများကလည်း မိမိတို့ ဂျူးလူမျိုးများအတွက် ပါလက်စတိုင်းဒေသတွင် တိုင်းနိုင်ငံ မဖြစ်မနေ ထူထောင်ရမည်ဖြစ်ကြောင်း ကြွေးကြော် လှုပ်ရှားနေသည်။ အာရပ်တို့ကလည်း ပါလက်စတိုင်းဒေသသို့ ဂျူးများ ဝင်ရောက်လာခြင်းကို မနှစ်မြို့နိုင်။ တဘက်က လွတ်လပ်ရေးအတွက် အင်္ဂလိပ်ကို တော်လှန်နေရင်း၊ တဘက်ကလည်း ဂျူးဆန့်ကျင်ရေးများကို ပြုလုပ်ကြသည်။ အမည်အားဖြင့် ဇီယွန်ဝါဒီ ဆန့်ကျင်ရေးဟု ကင်ပွန်းတပ်ကြသည်။

ပါလက်စတိုင်းဒေသတွင် မိမိတို့ လူများစုဖြစ်လျှင် ဗြိတိသျှအစိုးရက အစိုးရအာဏာကို မိမိတို့လက်သို့ လွှဲပြောင်းပေးလိမ့်မည်ဟု ဂျူးတို့က ယုံကြည်သည်။ ထိုယုံကြည်ချက်ဖြင့်လည်း ကမ္ဘာအရပ်ရပ်ရှိ ဂျူးများကို သွေးဆောင်ခေါ်ယူသည်။ ၁၉၂၁ ခုနှစ်က ၁၁ ရာခိုင်နှုန်းသာရှိသော ဂျူး လူဦးရေသည် ၁၉၃၉ ခုနှစ်တွင် ၂၉ ရာခိုင်နှုန်း အထိ တိုးတက် များပြားလာသည်။

ထို့ကြောင့် ၁၉၃၉ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပါလက်စတိုင်း စက္ကူဖြူ ကြေညာစာတန်းကို အင်္ဂလိပ်က ကြေညာသည်။ နောက်

၅ နှစ်အတွင်း ပါလက်စတိုင်းဒေသသို့ ဂျူးလူမျိုး ၇၅ဝ,ဝဝ သာ ဝင်ခွင့်ပြုတော့မည်ဟု ပါရှိသည်။ ၁၉၄၄ ခုနှစ်မှစပြီး လုံးဝ ဝင်ခွင့်မပေးတော့မည့် သဘောရှိသည်။

ထိုကစပြီး ဂျူးလူမျိုးများက အင်္ဂလိပ်ကို ဆန့်ကျင်ကြပြန်သည်။ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်နှင့် ပူးပေါင်း တိုက်ခိုက်သော်လည်း အင်္ဂလိပ်ဆန့်ကျင်ရေး စိတ်ဓာတ်များသည် ပျောက်ကွယ်မသွား။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ဂျူး တပ်မဟာကြီးတစ်ခု ဖွဲ့စည်းခွင့် ရခဲ့သည်။

စစ်ပြီးသောအခါ ဂျူးတို့၏ အင်္ဂလိပ်ဆန့်ကျင်ရေးသည် အခေါင်အထွတ်သို့ ရောက်အောင် ကြီးထွားလာသည်။ အာရပ် လူဦးရေထက် ဂျူးလူဦးရေက ပိုမသွားအောင် ထိန်းချုပ်နေသောကြောင့် ကမ္ဘာအရပ်ရပ်ရှိ ဂျူးတို့က အင်္ဂလိပ်ကို ဆန့်ကျင်နေကြသည်။

အင်္ဂလိပ်တို့သည် စစ်မဖြစ်မီနှင့် စစ်ဖြစ်ပြီးတလျှောက်လုံး အီဂျစ်နိုင်ငံတွင်းမှာ စစ်တပ်များ တပ်စွဲထားသည်။ အီဂျစ် အုပ်ချုပ်ရေးများတွင်လည်း ဝင်ရောက် စွက်ဖက်နေသည်။ ထို့ကြောင့် အီဂျစ်ပြည်တွင်းရှိ အင်္ဂလိပ်စစ်တပ်များ စည်းကမ်းတစ်စုံတစ်ရာ သတ်မှတ်ခြင်းမပြုဘဲ မိမိတို့ မြေပေါ်မှ ထွက်ခွာသွားရန် တောင်းဆိုကြသည်။ သို့ဖြင့် အင်္ဂလိပ်တို့သည် အီဂျစ်နိုင်ငံမှ ထွက်ခွာပြီး ပါလက်စတိုင်းဒေသမှာ တပ်စွဲရန် ပြင်ဆင်သည်။ သို့မှသာ စူးအက်တူးမြောင်းကို ချုပ်ကိုင်နိုင်ကြမည် ဖြစ်သည်။

သို့ကလို အီဂျစ်ကိုစွန့်ခွာပြီး ပါလက်စတိုင်းဒေသတွင် ခြေချခြင်းအားဖြင့် ဂျူးနှင့် အင်္ဂလိပ်တို့၏ ပဋိပက္ခသည် ပိုမို ကြီးထွားလာ၏။ တဘက်တွင်လည်း ဂျူးနှင့် အာရပ်တို့၏ နယ်မြေပြဿနာ၊ လူဦးရေပြဿနာများက ပေါက်ကွဲလု ဖြစ်နေသည်။ မိမိတို့၏ ပါလက်စတိုင်းနယ်မြေကို ခွဲဝေမပေးလိုသော အာရပ်များက ဂျူးများ ဝင်လာခြင်းကို ဟန့်တားရန် ကြိုးစားနေကြသည်။ နယ်မြေချဲ့ထွင်လိုသော ဂျူးလူမျိုးဇိယွန်ဝါဒီများ မိမိတို့အပေါ် ဝါးမြိုသွားမည်ကို စိုးရိမ်ကြ၏။





၁၉၄၇ ခုနှစ် စ,ပိုင်းတွင် အီဂျစ်နိုင်ငံမှ အင်္ဂလိပ် စစ်တပ်များသည် ပါလက်စတိုင်းဒေသသို့ ရွှေ့ပြောင်း တပ်စွဲနေရာယူသည်။ ထိုအခါမှစပြီး အင်္ဂလိပ်နှင့် ဂျူးတို့၏ ပဋိပက္ခများ အပြင်းအထန် ပေါက်ကွဲတော့သည်။ လူသတ်ပွဲများ နေရာအမြောက်အမြားမှာ ဖြစ်ပွားသည်။ ဆိုက်ပရပ်စ်ကျွန်းရှိ ဂျူးများကို အင်္ဂလိပ်က ဖမ်းသည်။ ဂျေရုဆလင်မြို့ရှိ အင်္ဂလိပ်စစ်ရုံးချုပ်ကို ဂျူးတို့က ဗုံးခွဲ ဖျက်ဆီးသည်။

ပါလက်စတိုင်းဒေသတွင် မိမိတို့အတွက် တိုင်းပြည် ထူထောင်ခွင့်ပေးရန် ဂျူးတို့က မပြတ် တောင်းဆိုသည်။ အင်္ဂလိပ်က မပေးနိုင်ကြောင်း မပြတ် ဖွတ်ငြင်းသည်။ အာရပ်တို့ကလည်း သီးခြားဂျူးနိုင်ငံကို မိမိတို့မြေပေါ်မှာ တည်ထောင်ခွင့် မပေးနိုင်ကြောင်း မပြတ် ကန့်ကွက်သည်။

သို့ဖြင့် အစ်ရှမေယယ်နှင့် အစ်ဇက်တို့၏ သားများ ဖြစ်ကြသော ညီအစ်ကိုတော် အာရပ်နှင့် ဂျူးများသည် ငြိုးသူရန်ဘက်များ မပြီးဆုံးနိုင်သည့် စစ်ပွဲများကို ဆင်နွှဲသူများ ဖြစ်လာကြလေတော့သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် လွတ်လပ်လိုကြသော ကမ္ဘာ့ အဖိနှိပ်ခံ ကိုလိုနီတိုင်းပြည်များရှိ ပြည်သူတို့သည် လွတ်လပ်ရေးပေးရန် ကျွက်ကျွက်ညံအောင် တောင်းဆိုနေကြ၏။ ကမ္ဘာ့ပြည်သူတို့၏ တောင်းဆိုမှုကို နယ်ချဲ့နိုင်ငံကြီးများ လျစ်လျူမရှုဝံ့သည့် အခြေအနေများကလည်း ဖန်တီးဖြစ်ပေါ်နေသည်။

ထို့ကြောင့် ပါလက်စတိုင်း ပြဿနာကို ကမ္ဘာ့ကုလသမဂ္ဂသို့ တင်ပြမည် ဖြစ်ကြောင်း အင်္ဂလိပ်အစိုးရက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကြေညာရတော့သည်။ အမေရိကန်ကလည်း ပါလက်စတိုင်းဒေသတွင် ဂျူးများအတွက် တိုင်းနိုင်ငံ တည်ထောင်ခွင့်ကို ပြုလိုသည်။ အင်္ဂလိပ်၏သဘောထားကို လက်မခံနိုင်ကြောင်း ပြောဆိုနေသည်။ ရုရှနှင့် ပြင်သစ်တို့ကလည်း ထိုအတိုင်း တောင်းဆိုနေကြသည်။ ထိုအကြောင်းများကြောင့်လည်း အင်္ဂလိပ်တို့ မနေသာတော့ဘဲ ကုလသမဂ္ဂသို့ တင်ပြမည်ဖြစ်ကြောင်း ကြေညာရခြင်း ဖြစ်သည်။

အင်္ဂလိပ်တင်ပြချက်ကို ကုလသမဂ္ဂက လက်ခံပြီး ၁၉၄၇ ခုနှစ် မေလ ၁၅ ရက်နေ့တွင် "ပါလက်စတိုင်းရေးရာ ကုလသမဂ္ဂ အထူး ကော်မီတီ" ကို ဖွဲ့စည်းလိုက်သည်။ ယင်းကော်မီတီက အရှေ့အလယ်ပိုင်းဒေသတွင် ရက်သတ္တပတ် ၆ ပတ်ကြာအောင် သွားရောက်နေထိုင်ပြီး အခြေအနေများကို လေ့လာသည်။ အာရပ်နှင့် ဂျူးတို့ဆန္ဒများကို တောင်းခံသည်။ အခြေအနေ အရပ်ရပ်ကို လေ့လာသုံးသပ်ပြီး ကုလသမဂ္ဂသို့ အစီရင်ခံစာ တင်သည်။ ဂျေရုဆလင်မြို့နှင့် ထိုဒေသကိုမူ ကုလသမဂ္ဂက ခန့်ထားသည့် ဘုရင်ခံဖြင့် အုပ်ချုပ်ရန် ထိုကော်မီတီက တင်ပြသည်။ သို့သော်လည်း ကော်မီတီ တင်ပြသလို ဖြစ်မလာဘဲ အစ္စရေးလ်နိုင်ငံအဖြစ် တည်ထောင်ပြီးသောအခါ ဂျေရုဆလင်မြို့သစ်ကို အစ္စရေးလ်တို့က ယူလိုက်ပြီး ကျန်တစ်ခြမ်းဖြစ်သည့် ဂျေရုဆလင် မြို့ဟောင်းကို ဂျော်ဒန်နိုင်ငံက ယူလိုက်သည်။

၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့၌ ကျင်းပသော ကုလသမဂ္ဂ အထွေထွေ ညီလာခံတွင် ဂျူးနှင့် အာရပ်များကို နယ်မြေ ခွဲသင့် မခွဲသင့် မဲခွဲသည်။ ခွဲရန်,ဘက်က ၃၃ မဲ၊ ကန့်ကွက်မဲ ၁၃ မဲ၊ ကြားနေ ၁၀ မဲ ဖြင့် ခွဲရန်,ဘက်က အနိုင်ရသွားသည်။

အာရပ်နိုင်ငံများက ထိုအဆိုကို အပြင်းအထန် ကန့်ကွက်ကြသည်။ အာရပ်လူမျိုးများကလည်း မိမိတို့နယ်မြေကို တစ်လက်မမျှ မပေးနိုင်ကြောင်း ဆူပူကြသည်။

အမေရိကန်၊ ရုရှနှင့် ပြင်သစ်တို့ ဂျူးတို့အတွက် သီးခြားနိုင်ငံ ခွဲထားသင့်ကြောင်းဘက်က ထောက်ခံမဲ ပေးကြသည်။

သို့ဖြင့်ပင်၊ ဂျူးလူမျိုးတို့ နှစ်ပေါင်းများစွာကတည်းက မျှော်မှန်းခဲ့ကြသည့် ပါလက်စတိုင်းဒေသတွင် ကိုယ့်တိုင်းကိုယ့်ပြည် ထူထောင်ရေးဟူသော ရည်မှန်းချက်သည် ၁၉၄၈ ခုနှစ် မေလ ၁၄ ရက်၌ "**အစ္စရေးလ်နိုင်ငံ**" အဖြစ် ပေါ်ပေါက်လာလေတော့သည်။

အစ္စရေးလ်နိုင်ငံ တည်ထောင်ကြောင်း ကြေညာပြီး တစ်နာရီ





အကြာတွင် အမေရိကန်က အသိအမှတ်ပြုကြောင်း ဆက်တိုက်ကြေညာသည်။ နောက် သုံးရက်အကြာတွင် ဆိုဗီယက်နိုင်ငံကလည်း အသိအမှတ်ပြုကြောင်း ကြေညာသည်။ ဗြိတိန်နိုင်ငံကမူ နောက်ဆယ်လကြာသော အခါကျမှ အသိအမှတ်ပြုကြောင်း ကြေညာလေ၏။

၁၉၄၉ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအဖြစ် လက်ခံသည်။

အစ္စရေးလ်နိုင်ငံ တည်ထောင်ကြောင်း ကြေညာသည့် အချိန်မှစ၍ အရှေ့အလယ်ပိုင်းဒေသတွင် စစ်ပွဲကြီးများ အဆက်မပြတ် ဖြစ်ပွားတော့မည်ကို ကာယကံရှင်များ သိကောင်းမှ သိကြပါချေမည်။

## ဖြတ်ကျော်ခဲ့ရသည့် စစ်ပွဲများ

### ပထမစစ်ပွဲ (၁၉၄၈)

အစ္စရေးလ်နိုင်ငံ ထူထောင်ခွင့်ပြုကြောင်း ကုလသမဂ္ဂက ဆုံးဖြတ်ပြီးသည့်အချိန်မှစ၍ အစ္စရေးလ်တို့သည် အာရပ်များကို ညှင်းပန်းနှိပ်စက်လာသည်ဟု ဆိုသည်။ ချမ်းသာကြွယ်ဝသော အာရပ် အမျိုးသားတို့သည် အိမ်နီးနားချင်း အာရပ်နိုင်ငံများသို့ ပြောင်းရွှေ့သွားကြသည်။

အာရပ်နှင့် အစ္စရေးလ်ကြား တင်းမာမှုများ ပိုမိုဆိုးဝါးလာသည်။ လူသတ်ပွဲများ ဖြစ်ပွားလာသည်။

ကြေကွဲဘွယ်အကောင်းဆုံးနှင့် အဆိုးဝါးဆုံးသော လူသတ်ပွဲသည် ၁၉၄၈ ခုနှစ် ဧပြီလ ၉ ရက်နေ့က ဂျေရုဆလင်မြို့၏ အနောက်ဘက်ရှိ အာရပ်ရွာငယ်တစ်ရွာဖြစ်သော ဒိုင်ယာယက်စင်ရွာတွင် ဖြစ်ပွားခဲ့သည့် လူသတ်ပွဲ ဖြစ်သည်။

ဂျူးအကြမ်းဖက်သမားတို့သည် ထိုအာရပ်ရွာကလေးသို့ ရောက်ရှိလာကြပြီး ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး မကျန် အိမ်ပြင်ထွက်ရန် အမိန့်ပေးသည်။ ထို့နောက် ရက်စက်သော လူသတ်ပွဲကြီးကို ပြုလုပ်တော့သည်။ စုစုပေါင်း အသတ်ခံရသူ အာရပ်လူမျိုး ၂၅၄ ယောက် အနက်၊ ကိုယ်ဝန်ဆောင် ၂၅၊ ကလေး ၅၂ ပါသည်။ အသတ်ခံရသူ အားလုံးသည် အေးချမ်းစွာ နေထိုင်ကြသော၊ လက်နက်မဲ့ဖြစ်သော၊ ပြန်လည် ခုခံနိုင်စွမ်းလည်း မရှိသော ရွာသူရွာသားများ ဖြစ်ကြသည်။

အာရပ် မိန်းမပျိုကလေးများကိုမူ ကိုယ်တုံးလုံး ချွတ်ခိုင်းပြီး



ထရပ်ကားများဖြင့် တင်ဆောင်သွားကာ ဂျေရုဆလင်မြို့ ဂျူးရပ်ကွက်သို့ ရောက်သောအခါ လမ်းများတလျှောက် စီတန်းလမ်းလျှောက်ခိုင်းခြင်း၊ အများက ဝိုင်းဝန်း လှောင်ပြောင်ကြခြင်း၊ မုဒိမ်း ကျင့်ခြင်းများ ပြုလုပ်ပြီးမှ သတ်ဖြတ်ပစ်သည်ဟု ဆိုသည်။

တုန်လှုပ် ချောက်ချားဖွယ်ကောင်းသော ယင်း လူသတ်ပွဲကြီးကို အာရပ်တို့က တုန့်ပြန် လက်စားချေသည့် အနေဖြင့် နောက် သုံးရက် အကြာ၊ ဧပြီ ၁၂-ရက်နေ့တွင် ဂျူး ၇၇ ယောက်ကို သတ်ပြန်သည်။ အလှမ်းကွာဝေးသော ဆေးရုံတစ်ရုံသို့ ကြက်ခြေနီ တံဆိပ်ဖြင့် သွားကြသည့် ဂျူးဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကျောင်းဆရာများ၊ ကျောင်းသားများကို လမ်းခုလပ်မှ စောင့်ပြီး သတ်ဖြတ်ခြင်း ဖြစ်သည်။

ထိုကစပြီး အပြန်အလှန် လက်စားချေမှုများ အရပ်တကာတွင် ဖြစ်ပွားပေါ်ပေါက်လျှက် ရှိသည်။ အစ္စရေးလ်တို့၏ လက်နက်ကိုင် အင်အားက တနေ့တခြား ကြီးထွားလာသည်။ ထို့ကြောင့် အာရပ်များသည် ခုခံနိုင်စွမ်း မရှိတော့။ ဘေးကင်းရာ အရပ်များသို့ ရှောင်ခွာထွက်ပြေးရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်တော့ချေ။

သို့ဖြင့်ပင် လွတ်ရာသို့ ရှောင်တိမ်းသွားကြသည့် အာရပ်ဒုက္ခသည်ပေါင်းမှာ သန်းနှင့်ချီ၍ ရှိလာသည်။ ၁၉၄၈ ခုနှစ် တစ်နှစ်တည်းမှာပင် တစ်သိန်းခွဲ ရှိသည်။ နောင်အခါတွင် ၎င်းတို့ကို ပါလက်စတိုင်း ဒုက္ခသည်များဟု ခေါ်ကြသည်။

ပါလက်စတိုင်း ဒုက္ခသည်များ ပါလက်စတိုင်းဒေသတွင် ပြန်လည် နေထိုင်ခွင့် ရရေး၊ လူမှုအခွင့်အရေးများ အပြည့်အဝ ရရေးတို့အတွက် ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့ကိုလည်းကောင်း၊ ပါလက်စတိုင်း ပြောက်ကျားတပ်ဖွဲ့များကိုလည်းကောင်း ဖွဲ့စည်းကာ ယနေ့အထိ လှုပ်ရှားမှုများ ပြုလုပ် နေကြသည်။

၁၉၄၈ ခုနှစ် မေလ ၁၄ ရက်နေ့တွင် အစ္စရေးလ်နိုင်ငံ ထူထောင်

ကြောင်း ကျေညာလိုက်သည်နှင့် တပြိုင်တည်း၊ မေလ ၁၅ ရက်နေ့တွင် အိမ်နီးချင်း အာရပ်ငါးနိုင်ငံဖြစ်သော အီဂျစ်၊ ထရန်စ်–ဂျော်ဒန် (နောင် ဂျော်ဒန်ဘုရင့်နိုင်ငံဖြစ်လာသည်)၊ အီရတ်၊ ဆီးရီးယားနှင့် လီဘာနွန် နိုင်ငံများက မိမိတို့ နယ်မြေများ ပြန်လည် ရရှိရေးအတွက် ပါလက်စတိုင်း ဒေသအတွင်းသို့ မိမိတို့၏ လက်နက်ကိုင်တပ်များကို စေလွှတ်မည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

ထိုသို့ ကြေညာပြီး ငါးနိုင်ငံတပ်များက အစ္စရေးလ်နိုင်ငံအတွင်း ဝင်တိုက်ကြရာမှ အာရပ်–အစ္စရေးလ်ပထမစစ်ပွဲ ဖြစ်ပွားသည်။ ထို ပြဿနာကို ဖြေရှင်းရန်နှင့် အပစ်အခတ် ရပ်စဲရေးကို ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂက မြို့စားကြီး ဘာနာဒိုးကို ခန့်ထားစေလွှတ်သည်။ ဇွန်လ ၁၁ ရက်နေ့မှစပြီး ရက်သတ္တ ၄ ပတ် တိတိ အပစ်အခတ် ရပ်စဲထားရန် ဘာနာဒိုးက တင်ပြသည်။ သို့သော်လည်း နှစ်ဘက်စလုံးက လက်မခံဘဲ တိုက်မြဲတိုက်နေကြသည်။

ဇူလိုင် ၉ ရက်နေ့မှစ၍ စစ်ပွဲအသစ်များ ပြန်လည် ဖြစ်ပွားသည်။ ဟိုင်ဖာမြို့ရှိ ဗြိတိသျှတပ်များ ဇွန်လ ၃၀ ရက်နေ့တွင် ထွက်ခွာသွားကြသည်။ ထိုမြို့ကို အစ္စရေးလ်တို့က သိမ်းပိုက်လိုက်သည်၊ အခြားဒေသ အများအပြားကိုလည်း သိမ်းပိုက်လိုက်ကြသည်။ ရမ္မလာနှင့် လိုက်ဒါမြို့ များကို သိမ်းပိုက်ပြီး အာရပ် စစ်တပ်များကို တွန်းလှန် လိုက်သည်။ နာဇရက်နှင့် ဂါလီလီ အနောက်ဘက်ခြမ်း ဒေသတစ်ခုလုံးလိုလိုကိုပါ သိမ်းပိုက်လိုက်သည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် နှစ်ဘက်တပ်များအားလုံးက အပစ် အခတ်ရပ်စဲရေးကို လက်ခံလိုက်သည်။ ဇူလိုင် ၂၆ ရက်နေ့သို့ ရောက် သောအခါ ဂျေရုဆလင်မြို့သစ်ကို သိမ်းပိုက်ကာ မိမိတို့၏ ပိုင်နက်ဖြစ် ကြောင်း အစ္စရေးလ်အစိုးရက ကြေညာလိုက်သည်။

စက်တင်ဘာ ၁၇ ရက်နေ့တွင် အစ္စရေးလ် အကြမ်းဖက်သမား များက မြို့စားကြီးဘာနာဒိုးကို ဂျေရုဆလင်မြို့တွင် လုပ်ကြံသတ်ဖြတ်





လိုက်ကြသည်။ ဘာနာဒိုး၏နေရာတွင် အမေရိကန်နိုင်ငံမှ ရပ်ဖ်ဘန်ချီ ကို ကုလသမဂ္ဂက အစားထိုးခန့်ထားလိုက်သည်၊ အပစ်အခတ် ရပ်စဲ ရေးကို နှစ်ဘက်နိုင်ငံများက လက်ခံကြသည်ဆိုသော်လည်း တိတိကျ ကျ လိုက်နာခြင်းကား မရှိကြချေ။ နယ်စပ်ဒေသများတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေဆဲပင် ဖြစ်သည်။ ၁၉၄၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဂါဇာနှင့် ရာဖာကြားရှိ အီဂျစ်တို့ပိုင်သော ကမ်းမြောင်ဒေသတစ်ခုလုံး ကို အစ္စရေးလ်တို့က သိမ်းပိုက်လိုက်၏။ သို့ဖြင့်ပင် အာရပ်–အစ္စရေးလ် ပထမစစ်ပွဲ ပြီးဆုံးသောအခါ အစ္စရေးလ်နိုင်ငံသည် ပိုမို ကျယ်ဝန်းလာ တော့၏။

## ဒုတိယစစ်ပွဲ (၁၉၅၆)

မတဲ့အတူနေ ဆိုသကဲ့သို့ အာရပ်နိုင်ငံများနှင့် အစ္စရေးလ်နိုင်ငံ သည် ရေကျောမြေကျောချင်း စပ်ဆက်လျက် ရှိသည်။ တစ်ဦးကို တစ်ဦးက ရှောင်တိမ်း၍မရ။ ၁၉၄၈–ခုနှစ် စစ်ပွဲဖြစ်ပွားပြီး နောက်ပိုင်း တွင်လည်း နယ်စပ်ဒေသများတွင် တစ်ဘက်နှင့်တစ်ဘက် ပစ်ခတ်မှု များ ဖြစ်ပွားလျက်ပင် ရှိသည်။

ထိုကြားထဲတွင် အစ္စရေးလ်နိုင်ငံမှ ထွက်ခွာသွားကြရသော ပါလက်စတိုင်း ဒုက္ခသည်များ "ဖီဒါယွန်" ခေါ် အကြမ်းဖက်သမား များအဖွဲ့ကို ဖွဲ့စည်းကြသည်။ အစ္စရေးလ်ကို ဆန့်ကျင်တိုက်ခိုက်ရေး အတွက်ဖြစ်သည်။ ယင်းအဖွဲ့ကို ဖွဲ့စည်းပြီး နယ်စပ်ဒေသများ၌ အကြမ်းဖက်မှုများ ပြုလုပ်နေခြင်းနှင့် ပတ်သက်၍ အီဂျစ်နိုင်ငံတွင် တာဝန်ရှိသည်ဟု အစ္စရေးလ်က စွပ်စွဲသည်။

နောက်တစ်ကြောင်းမှာ အက္ကဘာပင်လယ်ကွေ့၌ အစ္စရေးလ် သင်္ဘောများ သွားလာခွင့်ကို အီဂျစ်နိုင်ငံက ပိတ်ပင်တားမြစ်လိုက် သည်။ အစ္စရေးလ်သင်္ဘောများသည် ထိုပင်လယ်ကွေ့ကို အသုံးပြု ကာ စစ်လက်နက်ပစ္စည်းများ သယ်ယူနေသောကြောင့် ပိတ်ရပါသည် ဟု အီဂျစ်တို့က အကြောင်းပြသည်။

တတိယ အရေးအကြီးဆုံးအကြောင်းမှာ စူးအက်တူးမြောင်းကို သမ္မတနတ်ဆာ၏ အီဂျစ်အစိုးရက ၁၉၅၆–ခုနှစ်၊ ဇူလိုင်လ ၂၇–ရက်နေ့တွင် ပြည်သူပိုင်သိမ်းလိုက်သည်။ ယင်းသို့ ပြည်သူပိုင်သိမ်းသည်ကို အင်္ဂလိပ်နှင့် ပြင်သစ်တို့က မကျေနပ်ကြ။ ထိုအချက်ကို အကြောင်းပြုပြီး အီဂျစ်ကို စစ်တိုက်ရန် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဆုံးဖြတ်သည်။ အစ္စရေးလ်ကလည်း အင်္ဂလိပ်၊ ပြင်သစ်တို့ စစ်တိုက်ချိန်တွင် တပြိုင်တည်း ပါဝင်စစ်တိုက်ရန် ဆုံးဖြတ်သည်။

အထက်ဖော်ပြပါ အကြောင်းများအကြောင့်၊ ၁၉၅၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်နေ့တွင် စစ်ဆင်ရေးကို ပြုလုပ်ကြလေတော့သည်။ သို့ဖြင့် အာရပ်အစ္စရေးလ် ဒုတိယစစ်ပွဲကြီး ဖြစ်ပွားတော့သည်။ ကုလသမဂ္ဂ၏ ဖြန်ဖြေမှုကြောင့် ၈ ရက်အကြာတွင် အပစ်အခတ်ရပ်စဲကြသည်။ အင်္ဂလိပ်နှင့် ပြင်သစ်တပ်များ ပြန်လည် ရုပ်သိမ်းသွားသည်။ အစ္စရေးလ်တို့ကလည်း အက္ကာဘာပင်လယ်ကွေ့မှာ သင်္ဘောများ သွားလာခွင့်ရသည်။ အီဂျစ်တို့အဘို့မူ စူးအက်တူးမြောင်းကို ပြည်သူပိုင် သိမ်းကာ နိုင်ငံခြားအရင်းရှင်များကို မောင်းထုတ်လိုက်နိုင်သည်။

## တတိယစစ်ပွဲ (၁၉၆၇)

၁၉၆၇–ခုနှစ် ဇွန်လ ၅ ရက်နေ့မှ ၁၀ ရက်နေ့အထိ ၆ရက်ကြာ စစ်ပွဲ ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဖြစ်ပွားပြီးစီးခဲ့သမျှသော စစ်ပွဲများအနက် အချိန်အတိုဆုံး၊ သိမ်းပိုက်သည့် နယ်မြေအကျယ်ဝန်းဆုံး၊ အကျအဆုံး အပျက်အစီး အများဆုံးသော စစ်ပွဲအဖြစ် ကျော်ကြားသည်။

အစ္စရေးလ်တို့သည် အီဂျစ် ဂျော်ဒန်နှင့် ဆီးရီးယားနိုင်ငံများကို တပြိုင်တည်း လျှပ်တပြက်စစ်ဆင်သည်။ စစ်ဆင်ရေး စသည်နှင့် ၃နာရီအတွင်း အာရပ်တို့၏ လေတပ်စခန်း ၂၅ ခုကို ဗုံးကြဲပစ်သည်။ အာရပ်တိုက်လေယာဉ် ၄၀၁ စီး လုံးဝ ပျက်သွားသည်။ အာရပ်လေယာဉ်အများစုတို့သည် မြေပြင်မှ ကြွခွင့်ပင် မရလိုက်ဘဲ အလစ်ဝင်တိုက်





ကာ ချေမှုန်းခြင်းကို ခံလိုက်ကြရသည်။

အီဂျစ်ပိုင် ဆီနိုင်းကျွန်းဆွယ်ကြီး တစ်ခုလုံးကိုလည်းကောင်း၊ ဂျော်ဒန်ပိုင် ဂျေရုဆလင်ဒေသကိုလည်းကောင်း၊ ဆီးရီးယား၏ ဂိုလန်ကုန်းပြင်မြင့်ကိုလည်းကောင်း၊ အစ္စရေးလ်တို့က သိမ်းပိုက်လိုက်သည်။

အချိန် အတိုတောင်းဆုံးသော ကာလအတွင်း တစ်ဘက်ရန်သူကို ကြီးမားစွာ အရှုံးပေါ်စေသည့် အစ္စရေးလ်တို့၏ စွမ်းရည်ကို တစ်ကမ္ဘာလုံးက အံ့ဩသွားသည်။ ကမ္ဘာပေါ်ရှိ စစ်မှုရေးရာ ပါရဂူများက အစ္စရေးလ်တို့၏ စစ်စွမ်းရည်ကို လေ့လာကြသည်။ သုံးသပ်ကြသည်။ အပူတပြင်း ဆန်းစစ် သုတေသန ပြုလုပ်ကြသည်။

အစ္စရေးလ်တို့ စစ်အောင်စေနိုင်သည့် အချက်များအနက် ထင်ရှားသော အချက်ကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ပထမအချက်။** ။ လေကြောင်း စိုးမိုးမှု ရရှိထားခြင်း ဖြစ်သည်။ စစ်ဖြစ်လာလျှင် လေကြောင်းတိုက်ပွဲများ မည်သို့ ဆင်နွှဲမည်ကို အချိန်ကြာမြင့်စွာကပင် တွက်ဆကာ ပြင်ဆင် ထားခဲ့ကြသည်။ အာရပ်တို့၏ လေတပ်မှ တိုက်လေယာဉ်ပျံများကို မြေပြင်မှ ကြွတက်ခွင့် လုံးဝ မရရှိအောင် အလစ် ဝင်တိုက်လိုက်သည်။ လေထီးတပ်များကို လိုသည့် နေရာသို့အရောက် ကြိုတင် ပို့ထားနိုင်ခဲ့သည်။ အာရပ်တို့၏ ဆက်သွယ်ရေး လမ်းကြောင်းများ၊ ထောက်ပံ့ရေး လမ်းကြောင်းများကို အပိုင်းပိုင်း ပြတ်အောင် ဖြတ်တောက်နိုင်ခဲ့သည်။

**ဒုတိယအချက်။** ။အလစ်ဝင်ကာ အငိုက်ဖမ်းခြင်း ဖြစ်သည်။ အက္ကာဘာ ပင်လယ်ကွေ့ကို အာရပ်တို့ ပိတ်ဆို့လိုက်ခြင်းနှင့် ပတ်သက်ပြီး စစ်မဖြစ်မီ တစ်ရက်အလိုအထိ အစ္စရေးလ်ဝန်ကြီးချုပ် အက်ရှ်ကိုးလ်က ဤပြဿနာကို စစ်ဖြင့်ဖြေရှင်းမည် မဟုတ်ကြောင်း၊ ကမ္ဘာ့ပြည်သူတို့၏ အလိုဆန္ဒအတိုင်း ဆွေးနွေးပွဲများဖြင့် ဖြေရှင်းမည် ဖြစ်ကြောင်း မိန့်ခွန်းပြောကြားသည်။ ထို့ပြင် အစ္စရေးလ် တပ်မတော်ကြီး တစ်ခုလုံးလိုလိုကို နားရက်အဖြစ် ခွင့်ပေးလိုက်သည်။ လိုအပ်သည့် အစောင့် အနည်းငယ်

ကိုသာ ချန်ထားသည်။ စစ်တိုက်လိုသည့် အချိန်ကျမှ လျှို့ဝှက်ခေါ်ယူကာ လျှပ်တပြက် စစ်ဆင်ရေးကြီးကို ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

**တတိယအချက်** ။ ။ ယန္တယား အင်အားကို စနစ်တကျ အသုံးချတတ်ခြင်းနှင့် လိုအပ်သည်များကို ကြိုတင် ပြင်ဆင်ထား တတ်ခြင်း ဖြစ်သည်။ သဲကန္တာရအတွင်း စစ်အောင်နိုင်ရေးမှာ ယန္တယား အင်အားကို အသုံးချတတ်ခြင်း ဖြစ်သည်။ သဲကန္တာရ အတွင်း၌ တင့်ကား တပ်များကို အင်အား ပိုမို သုံးခြင်းဖြင့် ခြေလျင်တပ်များထက် ပိုမို ထိရောက်သည်။ စစ်ချီ စစ်တက် မြန်သည်။ ဒုတိယ ကမ္ဘာစစ် အတွင်း က ဂျာမန် စစ်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်နှင့် ဗြိတိသျှ စစ်ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီတို့သည် အယ်လာမိန်းစစ်ပွဲတွင် တင့်ကားများကို အဓိက အားထား တိုက်ခိုက်ခဲ့ကြသည့်သဘော ဖြစ်သည်။ ထိုအချက်ကို အစ္စရေးလ်တို့က စနစ်တကျ တွက်ထားနိုင်ခဲ့ကြသည်။

**စတုတ္ထအချက်** ။ ။ မိမိ၏ စစ်အင်အားကို စနစ်တကျ တွက်ယူကာ မှန်မှန်ကန်ကန် အသုံးချတတ်ခဲ့ခြင်း ဖြစ်သည်။ စစ်ပွဲ စသည်နှင့် စစ်မျက်နှာ သုံးခု ဖွင့်သည်။ ရန်သူ၏ အင်အားနှင့် မိမိကို ဒုက္ခပေးနိုင်မည့် ပမာဏကို တွက်ကာ ဦးစားပေး တိုက်ခိုက်ရမည့် အဆင့်အတန်းများကို သတ်မှတ်သည်။ အင်အား အကြီးဆုံးဖြစ်သည့် အီဂျစ် စစ်မျက်နှာကို ပထမအဆင့်၊ သာမန်ရှိသည့် ဂျော်ဒန် စစ်မျက်နှာကို ဒုတိယအဆင့်၊ အားနည်းသည့် ဆီးရီးယား စစ်မျက်နှာကို တတိယအဆင့် စသည်ဖြင့် သတ်မှတ်ပြီး ထိုအဆင့်အလိုက် ထိုးစစ်များ ကို အင်အားမျှသုံးပြီး ဆင်နွှဲသည်။

**ပဥ္စမအချက်** ။ ။အာရပ်တို့၏ စစ်အင်အားသည် စည်းလုံးမှု မရှိဘဲ ပြန့်ကျဲနေခြင်း ဖြစ်သည်။ အာရပ်နိုင်ငံများသည် မိမိ စစ်တပ်များ အားလုံးကို စုစည်းထားနိုင်ခြင်း မရှိ။ စစ်ဖြစ်ပြီ ဆိုသောအခါတွင်လည်း စစ်မြေပြင်များတွင် တပ်များ ခင်းထားနိုင်ခြင်း မရှိ။ တစ်နိုင်ငံနှင့် တစ်နိုင်ငံတို့သည်လည်း ဝေးကွာလွန်းလှသည်။ အယ်လ်ဂျီးရီးယား





နိုင်ငံမှာ ၎င်းနှင့် အနီးဆုံးဖြစ်သည့် အီဂျစ် စစ်မျက်နှာသို့ တပ်များ ပို့ရန် များစွာ အခက်အခဲ တွေ့နေရသည်။ စစ်ပွဲပြီးသွားသည်အထိ၊ ၎င်း၏စစ်တပ်များသည် စစ်မြေပြင်သို့ မရောက်နိုင်ဘဲ လမ်းခုလပ်မှာပင် ရှိနေကြသည်။ စစ်တစ်ခုတွင် လိုအပ်သည့် အင်အားစုစည်းမှု မရှိက ထုထည်မရှိနိုင်။ ထုထည်မရှိက ရန်သူ၏ ဖောက်ထွင်းမှုကို ခံကြ ရမည်သာ ဖြစ်သည်။

**ဆဋ္ဌမအချက်**။ ။ အာရပ် တပ်ဖွဲ့များ၏ ဆက်သွယ်ရေး ညံ့ဖျင်း မှုကြောင့် ဖြစ်သည်။ စစ်ဖြစ်ပြီး နှစ်ရက် အကြာမှာပင် အာရပ်တို့၏ ဆက်သွယ်ရေး နည်းစနစ်များ အားလုံး ပျက်စီးသွားသည်။ စစ်မြေ ပြင်တပ်ဖွဲ့များကို စစ်မိန့်ပေးရာမှာပင်လျှင် ကိုင်ရိုရေဒီယိုမှ တဆင့် အသံလွှင့် အမိန့်ပေးရသည်အထိ ဖြစ်ပွားခဲ့ရသည်။ အစ္စရေးလ်၏ ဆက်သွယ်ရေး နည်းစနစ်မှာ အာရပ်တို့ထက် အလွန်တရာ ပိုမို ကောင်း မွန်သည်။

**သတ္တမအချက်**။ ။ သတင်း စုဆောင်းမှုတွင်လည်း အာရပ်ထက် အစ္စရေးလ်တို့က သာသည်။ ရန်သူသတင်းများကို အစ္စရေးလ်တို့က မပြတ်ကြည့်ရှု လေ့လာနေကြသည်။ ရန်သူ၏ လှုပ်ရှားမှုများကို ကြည့် ကာ လိုအပ်သည်များကို အမြဲတမ်း ပြင်ဆင်နေသည်။ အာရပ်များကမူ ရန်သူသတင်းကို တန်ဖိုးထား စုဆောင်းခြင်း မပြုဘဲ မသိလိုက် မသိဘာ သာ,သာ နေကြသည်။

အထက် ဖော်ပြပါ အကြောင်းများကြောင့် ၁၉၆၇ ခုနှစ် ၆ရက် စစ်ပွဲတွင် အစ္စရေးလ်တို့ ထူးခြားစွာ အနိုင်ရခြင်းဖြစ်သည်။

## စစ်ကြိုကာလအခြေအနေများ

အရှေ့အလယ်ပိုင်း ပြဿနာဖြေရှင်းရေး၊ ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးများအတွက် ယခုနှစ် စောစောပိုင်းမှစပြီး အာရပ်နိုင်ငံများက ကြိုးပမ်းနေကြသည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဖေးယတ်သည် ယူဂိုဆလားဗီးယားသို့လည်းကောင်း၊ ဩစထရီးယားနိုင်ငံသို့လည်းကောင်း သွားရောက်ကာ ထိုနိုင်ငံများရှိ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ သမ္မတဆာဒတ်၏ သဝဏ်လွှာများကို ယူသွားကာ ထိုနိုင်ငံများရှိ ခေါင်းဆောင်များအား ပေးအပ်ရင်း အရှေ့အလယ်ပိုင်းပြဿနာ ဖြေရှင်းရေးနှင့် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေး ကိစ္စများကို ဆွေးနွေးသည်ဟု ယုံကြည်ရသည်။

သမ္မတဆာဒတ်၏ အကြံပေးအရာရှိ ဟာမက်အစ္စမေလ်သည် ဆိုဗီယက် ပြည်ထောင်စုသို့လည်းကောင်း၊ အီဂျစ် ကာကွယ်ရေးဝန်ကြီး အာမက်အစ္စမေအလီသည် အီသီယိုးပီးယားနိုင်ငံသို့လည်းကောင်း သွားရောက်ကြပြီး ခေါင်းဆောင်များနှင့် ဆွေးနွေးကြသည်။ သမ္မတဆာဒတ်၏ သဝဏ်လွှာများကိုလည်း ပေးကြသည်။

ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးကို ဗြိတိန်နိုင်ငံက မနှစ်သက်ချေ။ ထို့ကြောင့်လည်း ကျော်ဒန်ဘုရင်ဟူစိန်သည် ယခုနှစ်အတွင်း ဗြိတိန်နိုင်ငံသို့ သွားရောက်ကာ ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့သည်။ အာရပ်တို့၏ အဆိုပြုချက်ကို ဗြိတိန်နိုင်ငံက ထောက်ခံရန် ကြိုးစားသည်။

၆ ရက်စစ်ပွဲ ဖြစ်ပွားပြီးကတည်းက လုံးဝပိတ်ထားခဲ့သည့် စူးအက်တူးမြောင်း ပြဿနာသည်လည်းကောင်း၊ အာရပ်နိုင်ငံများတွင် ပြေးဝင်



ခိုလှုံနေကြရသည့် ပါလက်စတိုင်း ဒုက္ခသည် တစ်သန်းကျော်တို့၏ ပြဿနာသည်လည်းကောင်း၊ ပါလက်စတိုင်းနိုင်ငံ ထူထောင်လိုသော အာရပ်နိုင်ငံများ၏ ဆန္ဒသည်လည်းကောင်း၊ အာရပ်နိုင်ငံများနှင့် အစ္စရေးလ်နိုင်ငံတို့ နယ်စပ်များကြားတွင် မကြာခဏ ဖြစ်ပွားနေသော ပစ်ခတ်မှုများသည်လည်းကောင်း၊ အစ္စရေးလ်တို့ သိမ်းပိုက်ထားသည့် နယ်မြေများကို အစ္စရေးလ်တို့က ပြန်မပေးဘဲထားခြင်းသည်လည်းကောင်း၊ အာရပ်နိုင်ငံများနှင့် အစ္စရေးလ်နိုင်ငံတို့ကြား ဖြေရှင်းမရနိုင်သည့် ကင်ဆာရောဂါကဲ့သို့သော ပြဿနာကြီးများ ဖြစ်နေသည်။

အာရပ်ပြောက်ကျားများကလည်း နေရာတကာတွင် အစ္စရေးလ်များကို နှောက်ယှက်နေသည်။ လေယာဉ် အနှောက်ယှက်မှုများ၊ မြူးနစ်မြို့ အိုလံပစ်အားကစားရွာရှိ အစ္စရေးလ်အားကစားသမားများကို ဝင်ရောက် ပစ်ခတ်သတ်ဖြတ်မှုများသည်လည်း ပေါက်ကွဲစေသည့် ယမ်းအိုးများ ဖြစ်သည်။

ယခုနှစ် ဧပြီလအတွင်းက နယူးစ်ဝိခ်မဂ္ဂဇင်း၏ အထက်တန်းအယ်ဒီတာ အားနော့ဒီဘော့ချ်ဂရေ့ဖ်နှင့် အီဂျစ်သမ္မတဆာဒတ်တို့ တွေ့ခဲ့ကြသည်။ ဆာဒတ်က "လွှဲရှောင်၍ ရမည်မဟုတ်သော စစ်ပွဲအတွက် မိမိတို့ အလုံးစုံ ပြင်ဆင်ပြီးပြီ ဖြစ်ကြောင်း၊ အရှေ့အလယ်ပိုင်းပြဿနာကို အများက မေ့ကုန်ကြပြီ ဖြစ်ကြောင်း၊ ထိုသို့ မေ့နေကြသူများ တုန်လှုပ် ချောက်ချားသွားစေမည့် အဖြစ်အပျက်သည် မကြာမီပေါ်ပေါက် လာတော့မည်ဖြစ်ကြောင်း၊ အာရပ်တို့သည် မည်သည့်နည်းနှင့်မျှ ရှုံးမည် မဟုတ်ကြောင်း၊ ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် အောင်ပွဲခံခဲ့ကြသည့် အောင်မြင်မှုကြီးများသည် တစ်နေ့သောအခါတွင် ထိုအောင်မြင်မှုများကို စွန့်လွှတ် အရှုံးပေးကြရစမြဲသာ ဖြစ်ကြောင်း၊ ယခုအစ္စရေးလ်တို့သည်လည်း ၎င်းတို့ သိမ်းပိုက်ထားသော နယ်မြေများပေါ်တွင် ယခုအတိုင်း နေနိုင်ကြမည်မဟုတ်ကြောင်း တစ်နေ့သော အခါတွင် အရှုံးပေး စွန့်လွှတ်ကြရမည်သာ ဖြစ်ကြောင်း" ဖြင့် ဘော့ချ် ဂရေ့ဖ်ကို ပြောကြားခဲ့သည်။

လွန်ခဲ့သည့် စက်တင်ဘာ ၁၃ ရက်နေ့က ဆီးရီးယားနိုင်ငံထဲတွင် ဆီးရီးယားနှင့် အစ္စရေးလ်တို့ လေကြောင်းတိုက်ပွဲ ဖြစ်ပွားကြသည်။ ဆီးရီးယားလေယာဉ်ပျံ ၁၃ စင်းကို အစ္စရေးလ်က ပစ်ချခဲ့သည်။ ထို အဖြစ်အပျက်သည် အာရပ်နိုင်ငံများအားလုံးသို့ ကြီးမားစွာ ဂယက်ရိုက် သွားသည်။ မကြာမီမှာပင် အာရပ်နှင့်အစ္စရေးလ်တို့ စစ်ဖြစ်ကြတော့ မည်ဖြစ်ကြောင်း အများက မျှော်မှန်းထားနိုင်ခဲ့ကြသည်။

အီဂျစ်သမ္မတ အန်ဝါဆာဒတ်၊ ဆီးရီးယားသမ္မတ အာဆတ်နှင့် ဂျော်ဒန်ဘုရင်ဟူစိန်တို့ သုံးဦး စက်တင်ဘာ စောစောပိုင်းက ကိုင်ရို မြို့တွင် တွေ့ဆုံဆွေးနွေးကြသည်။ မည်သည့်အကြောင်းများကို ဆွေး နွေးကြောင်း ထုတ်ဖော်ကြေညာခြင်း မပြုချေ။ မကြာမီ စတင်ဆင်နွှဲ တော့မည့် အထွေထွေ တိုးစစ်ကြီးအတွက် ဆွေးနွေးခြင်းဖြစ်သည်ဟု စစ် တကယ်ဖြစ်သောအခါကျမှ အကဲခတ်သမားများက ပြောဆိုကြ သည်။

စူးအက်တူးမြောင်း အနောက်ဘက်ကမ်းတွင်လည်းကောင်း၊ ဆီးရီးယားနိုင်ငံ ဂိုလန်ကုန်းပြင်မြင့်ဒေသတွင်လည်းကောင်း စစ်ရေး လှုပ်ရှားမှုသည် စက်တင်ဘာလအတွင်း၌ ထူးထူးခြားခြား ဖြစ်ပေါ် နေသည်။ အာရပ်တပ်များ ရွေ့လျားသွားလာမှုသည် အခါတိုင်းနှင့် မတူဘဲ တိုးတက်များပြားလာသည်။

ထိုအချိန်ကတည်းက အာရပ်တို့ စစ်ပြင်ကြခြင်းဖြစ်သည်။ အစ္စ ရေးလ်တို့ကလည်း ရိပ်မိတန်သလောက် ရိပ်မိနေသည်။ သို့သော်လည်း အမှန်တကယ် တိုက်လိမ့်မည်ဟု မတွက်ခဲ့ကြ။ ရန်သူကို လျှော့တွက် ထားခြင်းဖြစ်သည်။

အစ္စရေးလ်ဝန်ကြီးချုပ် မစ္စစ်ဂိုလ်ဒါမီယာက မိမိတို့ ဘာသာရေး နေ့တွင် အာရပ်များက စစ် စတိုက်မှုများ ပြုလုပ်နိုင်ဘွယ်ရာ ရှိကြောင်း ဖြင့် ဘာသာရေးနေ့အကြို၊ စစ်ကြိုနေ့ဖြစ်သော အောက်တိုဘာ ၅ရက် နေ့တွင် ပြောဆိုခဲ့သေးသည်။ ဂိုလ်ဒါမီယာ တွက်ဆသကဲ့သို့ပင်



| နိုင်ငံ | လူဦးရေ | အမြဲတမ်းတပ် | အရန်တပ် | တင့်ကား | သံချပ်ကား | တိုက်လေယာဉ် | ဗုံးကြဲယာဉ် | စစ်သင်္ဘော |
|---|---|---|---|---|---|---|---|---|
| အီဂျစ် | ၃၅၇၀၀၀၀၀ | ၂၆၀၀၀၀ | ၅၀၀၀၀၀ | ၁၉၅၅ | ၂၀၀၀ | ၆၂၀ | ၁၉၀ | ၉၄ |
| ဆီးရီးယား | ၆၇၀၀၀၀၀ | ၁၂၀၀၀၀ | ၂၀၀၀၀၀ | ၁၃၀၀ | ၁၀၀၀ | ၃၂၆ | ၅၀ | ၂၅ |
| လီဗာနွန် | ၃၀၀၀၀၀၀ | ၁၄၀၀၀ | - | ၁၂၀ | ၂၅ | ၁၈ | ၁၄ | - |
| ဂျော်ဒန် | ၂၅၀၀၀၀၀ | ၆၈၀၀၀ | ၂၀၀၀၀ | ၄၂၀ | ၄၀၀ | ၅၂ | ၉ | - |
| အီရတ် | ၁၀၁၀၀၀၀၀ | ၉၀၀၀၀ | ၂၅၀၀၀၀ | ၁၀၆၅ | ၁၃၀၀ | ၂၂၄ | ၆၉ | ၃၀ |
| ပေါင်း | ၅၈၀၀၀၀၀၀ | ၅၅၂၀၀၀ | ၉၇၀၀၀၀ | ၄၈၆၀ | ၄၇၂၅ | ၁၂၄၀ | ၃၃၂ | ၁၄၉ |
| အစ္စရေးလ် | ၃၂၀၀၀၀၀ | ၉၅၀၀၀ | ၁၈၀၀၀၀ | ၁၇၀၀ | ၁၄၅၀ | ၄၈၈ | ၇၄ | ၄၉ |

အောက်တိုဘာ ၆ ရက် 'ယွန်ကစ်ပူး' နေ့တွင် အထွေထွေ ထိုးစစ်ကြီး ဆင်နွှဲခြင်း ဖြစ်သည်။ ထို့ကြောင့် အစ္စရေးလ်များက 'ယွန်ကစ်ပူးစစ်ပွဲ' ဟုပင် ကင်ပွန်းတပ်ကြသည်။

အာရပ်များနှင့် အစ္စရေးလ်နိုင်ငံ၏ အင်အားအရပ်ရပ်တို့ကို နှိုင်းယှဉ်ကြည့်လျှင် စာမျက်နှာ ( ၂၁ ) ပါ အတိုင်း မြင်တွေ့ရမည်။

အီဂျစ်၊ ဆီးရီးယားနှင့် အစ္စရေးလ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးများ၏အကြောင်းကို တိုင်းမ်မဂ္ဂဇင်းက အောက်ပါအတိုင်း နှိုင်းယှဉ် ရေးသားသည်။

**ဗိုလ်ချုပ်ကြီး ရှအာဒက်ဒင် ရှာဇလီ (အီဂျစ်)**

ထက်မြက်သော၊ မဟုတ်မခံ ဇတ်ဇတ်ကြဲဖြစ်သော၊ စိတ်ရောကိုယ်ပါ စစ်သားပီသလွန်းသော သူကဲ့သို့ ပုဂ္ဂိုလ်မျိုးသည် မည်သည့်နိုင်ငံမှာပင် လူဖြစ်ပါစေ၊ သေနင်္ဂဗျူဟာ ပါရမီရှင်အဖြစ် ထင်ပေါ်ကျော်ကြားရမည်သာ ဖြစ်သည်။



အီဂျစ် ဗိုလ်ချုပ်ကြီး ရှာဇလီ

စူးအက်တူးမြောင်း၏ အရှေ့ဘက်ကမ်းရှိ ကျော်ကြားလှသော ဘားလက်ဗ် ခံစစ်ကြောင်းကြီးကို ထိုးဖောက်သိမ်းပိုက်နိုင်ရန်နှင့် အာရပ်တပ်မတော်၏ စွမ်းပကားကို ပြသရန် ရှာဇလီ သည် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရသည်။

ယခု အသက် ၅၂ နှစ်ရှိပြီဖြစ်သော ရှာဇလီသည် အီဂျစ် စစ်တက္ကသိုလ် ကျောင်းဆင်း ဖြစ်ပြီး ဆိုဗီယက် နိုင်ငံတွင် စစ်မှု ရေးရာများကို လေ့ကျင့် ခဲ့သည်။ ၁၉၄၈ ခုနှစ် ပါလက်စတိုင်း စစ်ပွဲ ကတည်းက အရာရှိ ဖြစ်ခဲ့ပြီး ၆ ရက်စစ်ပွဲ ပြီးသောအခါ အထူးတပ်များ၏ တပ်မှူး ဖြစ်ခဲ့သည်။

၁၉၇၁ ခုနှစ်က အီဂျစ် ထိပ်တန်း စစ်ဘက် အရာရှိကြီးများကို သမ္မတ ဆာဒတ်က အပုပ်ချပွဲ ပြုလုပ်ခဲ့ရာတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်ဆာဒက်လည်း ပါသွားခဲ့သည်။ ထိုအချိန်မှစပြီး ရှာဇလီသည် ကာကွယ်ရေး ဦးစီးချုပ် ဖြစ်လာသည်။

လေကြောင်း စစ်ဆင်ရေးနှင့် ပြောက်ကျား စစ်ဆင်ရေးများတွင် အလွန် ထူးချွန်သည်။ နိုင်ငံရေးသိပ္ပံပညာ မဟာဝိဇ္ဇာဘွဲ့ ရခဲ့သည်။ သူနှင့် လုပ်ဖော်ကိုင်ဘက်များ ကြားတွင်လည်း အလွန် ထင်ပေါ်ကျော်ကြားသည်။

''အောင်ပန်းများကို ပြန်လည် ဆင်မြန်းကြစို့။ ငါတို့တတွေဟာ ရှင်လည်း သူတော်ကောင်း၊ သေလည်း သူရဲကောင်းများ ဖြစ်ကြောင်း ကမ္ဘာကို ထုတ်ဖော် ပြသကြစို့'' စသည်ဖြင့် ကိုင်ရိုမြို့တွင် ကျင်းပခဲ့သည့် တပ်မှူးများ ညီလာခံ၌ ရှာဇလီက မိန့်ခွန်းပြောကြားခဲ့ဖူးသည်။

**ဗိုလ်ချုပ်ကြီး မတ်စတာဖါ တလပ်စ် (ဆီးရီးယား)**

အာရပ် မျိုးချစ်ပုဂ္ဂိုလ်ကြီး တလပ်စ်သည် ဒုကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်၊ ကာကွယ်ရေးဝန်ကြီးလည်း ဖြစ်သည်။



ဆီးရီးယား ဗိုလ်ချုပ်ကြီး တလပ်စ်

အရှေ့အလယ်ပိုင်း ဒေသပြဿနာကို ဆွေးနွေး စေ့စပ်ခြင်းဖြင့် ဖြေရှင်းရန်ကို ဆန့်ကျင်သူ ဖြစ်သည်။ ပြည်သူ့စစ်ကို ယုံသည်။ ပြောက်ကျား တိုက်ပွဲနှင့် ပတ်သက်ပြီး စာအုပ် တစ်အုပ် ရေးခဲ့ဖူးသည်။ ဘုရင်ဟူစိန်ကို ဆန့်ကျင် တိုက်ခိုက်သည့် ပါလက်စတိုင်း ပြောက်ကျား များအား ကူညီသူများအနက် ဆီးရီးယား တပ်မတော်တွင် ပထမဦးဆုံး အရာရှိ ဖြစ်သည်။

ဆီးရီးယား စစ်တက္ကသိုလ်မှ ဆင်းလာပြီးကတည်းက အမြဲတမ်း တပ်မတော်သို့ ဝင်ရောက် စစ်မှုထမ်းခဲ့သည်။ ဘအတ်သ်ပါတီ တွင်လည်း ထင်ပေါ်သည်။ စစ်တပ်နှင့် အရပ်သားများ ကွဲကြရာတွင် စစ်တပ်ဘက်က မားမားမတ်မတ် ရပ်ခဲ့သည်။ နိုင်ငံခေါင်းဆောင် နေရာ လုပွဲဖြစ်သော ၁၉၇၀ ခုနှစ် အာဏာသိမ်းပွဲတွင် သမ္မတ အာဆတ် ဘက်က ဘက်လိုက်ခဲ့သည်။ ထိုနောက်ပိုင်းမှစပြီး အာဆတ်နှင့် တလပ်စ်တို့သည် ဆီးရီးယား တပ်မတော်ကို အရည်အချင်း ပိုမြင့်အောင် ကြိုးစားခဲ့သည်။ မော်စကို၊ ပီကင်းနှင့် မကြာသေးမီက ဟန္နိုင်မြို့များသို့ သွားကာ စစ်ရေးစစ်ရာများနှင့် ပတ်သက်ပြီး လေ့လာခြင်း၊ အကြံဉာဏ် တောင်းခြင်းများ ပြုလုပ်ခဲ့သည်။

အစ္စရေးလ်ကို တုန့်ပြန် လက်စားချေရန် မူချပြီး အမြဲကြိုးစား နေသူ ဖြစ်သောကြောင့် စစ်တပ်တွင်လည်း နာမည်ကြီးသည်။ ၁၉၇၀ ခုနှစ်ကစပြီး အီဂျစ်နှင့် ပူးတွဲကာ စစ်မှုရေးရာများကို စီမံခဲ့သည်။ ယခု စစ်ပွဲတွင်လည်း စစ်မျက်နှာ နှစ်ခုကို ၎င်းတို့ နှစ်နိုင်ငံက တပြိုင် တည်း ဖွင့်ခဲ့ကြသည်။ ယခု အသက် ၄၅ နှစ် ရှိပြီဖြစ်သည်။

**ဗိုလ်ချုပ်ကြီး ဒေးဗစ် အီလာဇာ (အစ္စရေးလ်)**

ယူဂိုဆလားဗီးယားတွင် မွေးသည်။ ယခုအသက် ၄၈ နှစ်ရှိပြီ။ အစ္စရေးလ်သို့ ၁၉၄၀ ခုနှစ်က ရောက်သည်။ မြေအောက် ဇီယွန် တပ်မတော်သို့ ဝင်သည်။ လွတ်လပ်ရေးစစ်ပွဲနှင့် ၁၉၄၈ ခုနှစ် အာရပ်– အစ္စရေးလ် ပထမစစ်ပွဲ ကတည်းက ပါဝင်တိုက်ခိုက်ခဲ့သည်။ နာမည်






အစ္စရေးလ် ဗိုလ်ချုပ်ကြီး အီလာဇာ

ကျော် ကာကွယ်ရေး ဦးစီး ချုပ်ဟောင်း ဟိမ်းဘား လက်ဗ် နှင့် ထပ်ချပ် မကွာ ရာထူးများ အဆင့်ဆင့် တက်လာသည်။ ၁၉၇၁ ခုနှစ်က ဘားလက်ဗ် အနား ယူသည်နှင့် တပြိုင်တည်း ကာကွယ်ရေး ဦးစီးချုပ် ဖြစ်လာသည်။

"အီဂျစ်တပ်များတွင် စစ်နိုင်ဘွယ်ရာ အခွင့်အရေး ကလေး အနည်းငယ်မျှ ရှိသည်ဟု မိမိ မယုံကြည် ကြောင်း" လွန်ခဲ့သည့် ဧပြီလက ပြောခဲ့သည်။

ယခု အာရပ် ထိုးစစ်သည် သူ ထင်မှတ်ထား ခဲ့သည်ထက် ပိုမို အောင်မြင်နေလင့်ကစား စောစောက အယူအဆကို မပြောင်းချေ။

၁၉၄၈ နှင့် ၁၉၅၆ ခုနှစ် စစ်ပွဲများအတွင်းက အာရပ် နယ်မြေများကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၆၇ ခုနှစ် စစ်ပွဲတွင်မူ ထူးခြားသော တင့်ကားစစ်ဆင်ရေးကြီးများကို ဦးစီး တိုက်ခိုက်ရင်းဖြင့် ဆီးရီးယားတို့ကို တပ်လန်စေကာ ဂိုလန် ကုန်းပြင်မြင့်ကြီးကို သိမ်းပိုက်ခဲ့သည်။ ၁၅ နာရီအတွင်း သိမ်းပိုက် နိုင်ခဲ့ခြင်း ဖြစ်သည်။

သူ့ကို ယူဂိုဆလားဗီးယား ငယ်မည်ဖြစ်သော 'ဒါဒို' ဟု ပိုမို အသိများကြသည်။ 'ချေးဘီလူး' ဟုလည်း အသိများသည်။ ချေးဘီလူး များကိုက်သည့် နည်းအတိုင်း စစ်ဆင်တတ်သည့် သူ၏စစ်ဆင်ပုံသည်

ရန်သူများကို အထိနာစေသည်။ ထို့ကြောင့် တင်စားခေါ်သည်။

**အန်ဝါဆာဒတ်**

သမ္မတ နတ်ဆာ ကွယ်လွန်ပြီးနောက် သမ္မတ ဖြစ်လာသည်။ ထိုအချိန်မှစပြီး အစ္စရေးလ်တို့ကို တိုက်ကာ ၎င်းတို့သိမ်းထားသည့် နယ်မြေများကို ပြန်လည် ရယူမည်ဖြစ်ကြောင်းဖြင့် အကြိမ်ကြိမ် ပြောခဲ့သည်။

၁၉၇၁ ခုနှစ်သည် အဆုံးအဖြတ်ပေးမည့်နှစ် ဖြစ်ကြောင်း ပြောခဲ့သည်။ သို့သော်လည်း အဆုံးအဖြတ်ပေးနိုင်သည့် အဖြစ်အပျက်မျိုး မပေါ်ပေါက်ဘဲ နှစ်ကုန်သွားခဲ့သည်။

၁၉၇၂ ခုနှစ်ကိုလည်း ရှောင်လွှဲ၍ မရနိုင်သည့် စစ် ဖြစ်လိမ့်မည်။ ထို့ကြောင့် ပြင်ဆင်ကြလော့ဟု နှိုးဆော်သည်။ သို့သော်လည်း ယခင်နှစ်များနည်းတူ စစ်ဖြစ်မလာဘဲ ပြက္ခဒိန်တစ်နှစ် ပြောင်းခဲ့ပြန်သည်။

၁၉၇၃ ခုနှစ်သို့ ကူးပြောင်း ရောက်ရှိလာသည်။ လွန်ခဲ့သော ဆယ်လခန့်ကမှ ရန်သူနှင့် ရင်ဆိုင်ရန် မကြာမီ စတင်တော့မည် ဖြစ်ကြောင်းဖြင့် ဆာဒတ်က ရုပ်မြင်သံကြားမှတစ်ဆင့် ၃၅ သန်းသော ပြည်သူများကို အသိပေး ပြောကြားလိုက်သည်။

ဆာဒတ်သည် သမ္မတလည်းဖြစ်၊ ဝန်ကြီးချုပ်လည်းဖြစ်၊ စစ်သေနာပတိချုပ်လည်းဖြစ်၊ လက်နက်ကိုင် တပ်ပေါင်းစုံ၏ ကာကွယ်ရေး ဦးစီးချုပ်လည်း ဖြစ်သည်။

ရှေ့တန်းစစ်မျက်နှာရှိ စစ်စခန်းများ၊ ခံတပ်များကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။ ရှေ့တန်းမှ ပြန်ရောက်လာသောအခါတွင် အစ္စရေးလ်ကို မိမိတို့ တိုက်ခိုက်တော့မည် ဖြစ်ကြောင်း တိုင်းပြည်သို့ အသံလွှင့် ပြောကြားခြင်း ဖြစ်သည်။

တိုက်မည်၊ တိုက်မည်ဟု မကြာခဏ ပြောလေ့ရှိသောကြောင့်





ဆာဒတ်၏ ပြောကြားချက်များကို အစ္စရေးလ်တို့က အလေးမထားကြချေ။ ထိုသို့ ရန်သူ အလေးမထားအောင် တမင်ပြောနေခြင်းလည်း ဖြစ်နိုင်သည်။ အောက်တိုဘာ ၆ ရက်နေ့တွင် အမှန်တကယ် ထိုးစစ်ဆင်လိုက်သောအခါ အစ္စရေးလ်တို့ အငိုက်မိသွားကြသည်။

စစ်မဖြစ်မီ ရက်များက စူးအက်တူးမြောင်း အနောက်ဘက်ကမ်းတွင် စစ်သားများသာမက အရပ်ဝတ်အရပ်စားနှင့် အာရပ်များကိုပါ မြင်တွေ့နေရသည်။ ထိုအချက်သည်လည်း ရန်သူများကို လှည့်စားသည့်သဘောသာ ဖြစ်သည်။ အရပ်သားများကို မြင်တွေ့နေရခြင်းအားဖြင့် စစ်တိုက်တော့မည်ဟု မည်သူမှ မထင်မှတ်နိုင်စေရန် ပြုလုပ်ခြင်း ဖြစ်သည်။ စစ်ဖြစ်သောအခါ ထိုအရပ်သားတို့သည် စစ်သားများ ဖြစ်လာကြသည်။

စစ်မဖြစ်မီက ဆီနှင့် ခရမ်းချဉ်သီးများ ရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်လက်မဲ့ ပေါများမှုများကြောင့် တစ်ပြည်လုံးတွင် သပိတ်များ တစ်လုံးပြီးတစ်လုံး ပေါ်နေသည်။ ဆန္ဒပြပွဲများ တစ်ခုပြီးတစ်ခု ပေါ်နေသည်။ အလုပ်သမားပါတီနှင့် အစိုးရကြား တင်းမာမှုများ ပေါ်နေသည်။

နောက်တစ်ကြောင်းမှာ အာရပ်နိုင်ငံများ အချင်းချင်း မညီညွတ်မှု ဖြစ်သည်။ ထိုအကြောင်းပေါင်းစုံတို့ကိုလည်း ဆာဒတ်ကိုယ်တိုင်ကိုင်တွယ် ဖြေရှင်းနေရသေးသည်။ အထက်ပါ အကြောင်းများကြောင့် အာရပ်တို့ စစ်တိုက်မည်မဟုတ်ဟု ထင်မှတ်နေကြသည်။

အမေရိကန်မှ ဘက်တယ်လ်ကော်ပိုရေးရှင်းက ဒေါ်လာသန်းပေါင်း ၃၄၅ သန်းတန် ရေနံပိုက်ကြီးတစ်ခုကို စူးအက်တူးမြောင်းဒေသနှင့် မြေထဲပင်လယ်ကိုဖြတ်ကာ ဆက်သွယ်မည် ဖြစ်ကြောင်းဖြင့် ကြေညာခဲ့သည်။ ၁၉၆၇ ခုနှစ်မှ စပြီး အမေရိကန်နှင့် အီဂျစ်တို့သည် သံတမန်ဆက်သွယ်မှု မရှိသလောက် ဖြစ်နေခဲ့သည်။ ယခု ထိုရေနံပိုက်ကြီးသွယ်ခွင့်ပြုခြင်းအားဖြင့် စစ်ရိပ်စစ်ငွေ့များ နည်းပါးသွားပြီဟု ထင်မှတ်

သူတို့ ထင်မှတ်ကြသည်။

သို့သော်လည်း၊

ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်၏ ဟူသကဲ့သို့ မည်သို့ဖြစ်လာမည်ကို မည်သူတို့သည် အတပ် ပြောနိုင်ပါမည်နည်း။



၁၉၇၃ ၊ အောက်တိုဘာ ၆ ၊ ၀နေ

| | |
|---|---|
| ယ,ရက် ။ | ။ ၆ ၊ ၁၀ ၊ ၇၃ ။ |
| န,နာရီ ။ | ။ ၁၄ း ၀၀ နာရီ။ |
| စစ်ဆင်ရေး ။ | ။ အထွေထွေ ထိုးစစ်ကြီး။ |
| ဒေသ ။ | ။ အီဂျစ်ဘက်မှ စူးအက်တူးမြောင်း ဒေသ၊ ဆီနိုင်းကျွန်းဆွယ်နှင့် ဆီးရီးယားဘက်မှ ဂိုလန်ကုန်းပြင်မြင့်ဒေသ။ |
| ရည်ရွယ်ချက် ။ | ။ ၁၉၆၇ ခုနှစ်၊ ၆ ရက်စစ်ပွဲ အတွင်းက အစ္စရေးလ်တို့ သိမ်းပိုက် ရယူသွားသည့် အာရပ်ပိုင် နယ်မြေများကို ပြန်လည်ရယူရေး။ |
| စစ်အင်အား(အီဂျစ်) ။ | ။ အမြဲတမ်းတပ် – ၂၆၀၀၀၀ |
| | အရန်တပ် – ၅၀၀၀၀၀ |
| | တင့်ကား – ၁၉၅၅ |
| | သံချပ်ကာကား – ၂၀၀၀ |
| | တိုက်လေယာဉ် – ၆၂၀ |
| | ရဟတ်ယာဉ် – ၁၉၀ |

| | | |
|---|---|---|
| | စစ်သင်္ဘော - | ၉၄ |
| (ဆီးရီးယား) ။ | ။ အမြဲတမ်းတပ် - | ၁၂၀၀၀၀ |
| | အရန်တပ် - | ၂၀၀၀၀၀ |
| | တင့်ကား - | ၁၃၀၀ |
| | သံချပ်ကာကား - | ၁၀၀၀ |
| | တိုက်လေယာဉ် - | ၃၂၆ |
| | ရဟတ်ယာဉ် - | ၅၀ |
| | စစ်သင်္ဘော - | ၂၅ |

အလျား ၁၀၃ မိုင် ရှည်လျားသည့် စူးအက်တူးမြောင်း အတွင်းမှ ရေကြည်ကြည်တို့သည် ပူလောင်သော နေရောင်အောက်မှာ အရောင်တဖျပ်ဖျပ် လက်နေကြသည်။ မကြာမီတွင် သွေးချောင်းစီးတော့မည့် အကြောင်းကို ဤရေပြင်သည် အရိပ်နိမိတ်ကလေးမျှပင် မပြ။

အပြောကျယ်လှသော ဆီနိုင်းသဲကန္တာရကြီးအတွင်းမှ မြင်ကွင်းတွင် မိုးကုတ်စက်ဝိုင်းကြီးကို ပြေးထိနေသည့် သဲပြင်ကြီးသည်လည်း မွန်းလွဲပိုင်းနေရောင်မှာ တံလျှပ်တို့ဖြင့် လူးလွန့် လှုပ်ရှားနေသည်။ သူ့ရင်ခွင်တွင်းမှာ ဗုံးများ ကွဲတော့မည့်အကြောင်း၊ ကျည်ဆံမိုးများ ရွာတော့မည့်အကြောင်း စစ်မီးဟုန်းဟုန်း တောက်တော့မည့်အကြောင်း၊ အလောင်း တောင်လို ပုံတော့မည့်အကြောင်း . . . သောင်းပြောင်း ထွေလာ အကြောင်းပေါင်း များစွာတို့ကို သူ မသိကျိုးကျွင် ပြုလွန်းဘိသည်။

ဂိုလန်ကုန်းပြင်မြင့်ကို ကြည့်ပါဦး။ အပူချိန် ဖာရင်ဟိုက်ဒီဂရီ ၆၀ အောက်မှာ အအေးဒဏ်ကိုခံရင်း တောင်တို့သည်လည်း ငိုက်မြည်းလျက်၊ တောတို့သည်လည်း အိပ်စက်လျက်၊ တောင်ကျစမ်းရေတို့သည်





လည်း ငြိမ့်ညောင်းစွာ စီးဆင်းလျက်၊ သူတို့မှီ အပူအပင်အကြောင့်အကြ ကင်းမဲ့စွာ နေနိုင်လွန်းကြသည်။ သူတို့အပေါ်မှာ၊ သူတို့အတွင်းမှာ၊ သူတို့အကြားမှာ မကြာခင် ကမ္ဘာပျက်တော့မည်။


အစ္စရေးလ်နိုင်ငံအတွင်းမှာ ယနေ့ ပို၍ပင် လှုပ်ရှားမှု ကင်းမဲ့၏။ တရားဓမ္မသံများသာလျှင် တစ်ပြည်ထောင်လုံး ဖုံးလွှမ်းထားသည်။ နံနက်အရုဏ်တက်ကတည်းက ဘုရားရှိခိုးကျောင်းများမှာ လူများ ကြိတ်ကြိတ်ခဲနေသည်။ တစ်ပြည်ထောင်လုံး အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်။ စက်ရုံအလုပ်ရုံများကို ပိတ်ထားသည်။ ကျောင်းများကို ပိတ်ထားသည်။ ဈေးဆိုင်များအားလုံးကို ပိတ်ထားသည်။ ရေဒီယိုမှ အသံလွှင့်အစီအစဉ်များကိုပင် လုံးဝ ရပ်နားထားသည်။

ယနေ့သည် ဂျူးလူမျိုးတို့၏ တစ်နှစ်ပတ်လုံးအတွက် အမြတ်ဆုံးသော ဥပုသ်နေ့(ယွန်ကစ်ပူးနေ့) ဖြစ်၏။ တစ်ပြည်ထောင်လုံး အတိတ်ဆိတ်ဆုံးသောနေ့လည်း ဖြစ်၏။ နံနက်စောစောကတည်းက ဘုရားရှိခိုးကျောင်းများကို သွားရောက်ကာ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ တရားဓမ္မ နာယူခြင်း၊ ဓမ္မတေးများကို သီဆိုခြင်းများ ပြုလုပ်ကြသည့် နေ့လည်းဖြစ်သည်။ လမ်းမများပေါ်တွင် အရေးပေါ် သွားနေသည့် လူနာတင် မော်တော်ကား တစ်စင်းတလေကိုသာ တခါတရံ မြင်တွေ့ရသည်။

စူးအက်တူးမြောင်း၏ မြင်ကွင်း၊ ဆီနိုင်းကျွန်းဆွယ်၏ သဏ္ဍာန်၊ ဂိုလန်ကုန်းပြင်မြင့်၏ သရုပ်၊ ဥပုသ်နေ့ကျသော အစ္စရေးလ်နိုင်ငံ၏ ဓမ္မတေးများတို့သည် စစ်ကို ဦးတည်နေကြောင်း မည်သူက ကြိုတင်ပြောနိုင်ပါမည်နည်း။

သို့သော် . . . . .

စူးအက်တူးမြောင်း တလျှောက် ၅ နေရာမှာ မြစ်ကူး ကုန်းဘောင် တံတားကြီးများကို အီဂျစ်တို့က ရုတ်တရက် ထိုးလိုက်ကြသည်။ တင့်ကားများ သောကနဲ သောကနဲ ဖြတ်ကျော်လိုက်ကြသည်။ သံချပ်ကာ




ဆီဂျစ်နှင့် ဆီးရီယား စစ်မျက်နှာများ





ကားတပ်များ တဟုန်ထိုး ဝင်လာသည်။ ခြေလျင်တပ်များ လှိုင်းလုံးလို လိမ့်ဆင်းလာသည်။ ပစ်ခတ်ပေါက်ကွဲသံများ ဘဝင်ညံနေသည်။

ဂိုလန် ကုန်းပြင်မြင့်မှာလည်း ဆီးရီးယားတပ်တို့က အလယ်ပိုင်းဒေသတလျှောက် ထိုးဖောက်လိုက်ကြသည်။ တင့်ကားများ၊ သံချပ်ကာကားများ၊ ခြေလျင်တပ်များဖြင့် အထွေထွေ ထိုးစစ်ကြီးကို ဆင်နွှဲကြခြင်း ဖြစ်သည်။

တစ်ပြည်ထောင်လုံး ငြိမ်သက်နေသော အစ္စရေးလ်နိုင်ငံသည် ရေမျက်နှာပြင်ပေါ်သို့ ခဲပစ်ချလိုက်သလို လှုပ်ရှားသွားသည်။ လမ်းမများပေါ်တွင် အရှိန်ဖြင့် ဒလကြမ်း မောင်းနေကြသော ထရပ်ကားများ၊ ဘတ်စ်ကားများ၊ ဂျစ်ကားများ ရုတ်တရက်ပေါ်လာသည်။

ခမ္မတေးကို စုပေါင်း သီဆိုနေကြသည့် ဘုရားရှိခိုးကျောင်းများအတွင်းသို့ စစ်တပ်မှ ဆက်သားများ ဖြုန်းကနဲ ရောက်လာကြသည်။ အရန်တပ်မှ လူငယ်အားလုံး မိမိတို့နှင့် သက်ဆိုင်ရာတပ်များသို့ ချက်ခြင်း သွားရောက် သတင်းပို့ကြရန် နှိုးဆော်သည်။

အများပြည်သူ ရုံးပိတ်ရက် ဖြစ်သောကြောင့် တနေကုန် ရပ်ဆိုင်းထားရမည့် အစ္စရေးလ် ရေဒီယိုသည် လေလှိုင်းထဲမှ ကြေညာချက်များဖြင့် ပြန်လည် ပြည့်နှက်စေလိုက်သည်။ 'ပင်လယ်ဝံပုလွေ'၊ 'အသားအိုးများ'၊ 'လှသောယမင်း'၊ 'သိုးမွေးချည်မျှင်' စသော လျှို့ဝှက်စကားလုံးများကို အသံလွှင့်လိုက်သည်။ အရပ်တပ်သားများအားလုံး မိမိတို့နှင့် သက်ဆိုင်ရာ တပ်များသို့ သွားရောက် တာဝန် ထမ်းဆောင်ကြရန် ညွှန်ကြားခြင်း ဖြစ်သည်။

ခမ္မတေးများကို သီဆိုကာ ဆုတောင်းပတ္ထနာ ပြုနေကြသည့် ဂျူးလူမျိုးအားလုံးတို့၏ နှုတ်ဖျားမှ 'စစ်ဖြစ်ပြီ၊ စစ်ဖြစ်ပြီ' ဟူသော စကားလုံးများ အဆက်မပြတ် ပေါ်ထွက်လာကြသည်။

သည်လိုဖြင့်ပင် ၄ ကြိမ်မြောက် အာရပ်–အစ္စရေးလ်စစ်ပွဲကြီးသည် မွန်းလွဲ ၂ နာရီ တိတိအချိန်တွင် စတင် ဖြစ်ပွားလေတော့သည်။

ကာကွယ်ရေးဝန်ကြီး မိုရှေဒါယန် မကြာခဏ ပြောလေ့ရှိသော 'အထွေထွေစစ်ပွဲကြီး' ပင်တည်း။

**အီဂျစ်စစ်မျက်နှာ**

အီဂျစ်စစ်သားပေါင်း ၁၂၀,၀၀၀ တို့သည် ၁၈၀,၀ မှ ၂၀၀,၀ အထိ အရေအတွက်ရှိသော တင့်ကားများနှင့် ၆၀၀ မှ ၇၀၀ အထိ အင်အားရှိသော လေယာဉ်ပျံများ အကူအညီဖြင့် အထွေထွေထိုးစစ်ကြီးကို ဆင်နွှဲသည်။ စူးအက်တူးမြောင်းကို မြစ်ကူးကုန်းဘောင်တံတား ၁၁ ခုထိုးကာ ဖြတ်ကျော်ပြီး ဆီနိုင်းကျွန်းဆွယ်အတွင်းသို့ ထိုးဖောက်



စူးအက်တူးမြောင်းကို ဖြတ်ကျော်နေသော အီဂျစ်တပ်များ





ဝင်ရောက်ကြသည်။'

''ယနေ့ ၁၃း၀၀ နာရီက အုပ်စုဖွဲ့တပ်ခင်းကာ ပျံသန်းလာသော အစ္စရေးလ်လေယာဉ် အမြောက်အမြားတို့သည် ဇအာဖရန်နှင့် အိန်ဆော့ခနာ စခန်းနှစ်ခုကို တိုက်ခိုက်ကြကြောင်း၊ တချိန်တည်းမှာပင် ရန်သူရေတပ်မှ တပ်ဖွဲ့တစ်ဖွဲ့သည် စူးအက်တူးမြောင်းကွေ့ အနောက်ဘက်ကမ်းခြေကို ချဉ်းကပ်ရန် ကြိုးစားကြကြောင်း၊ ထိုသို့သော ရန်လိုသည့် အပြုအမူများကို တုန့်ပြန်လက်စားချေသည့်အနေဖြင့် မိမိတို့ တပ်များက စူးအက်တူးမြောင်းကို ကျော်ဖြတ်ပြီး အရှေ့ဘက်ကမ်းခြေတွင် အထွေထွေ ထိုးစစ်ကြီးကို ဆင်နွှဲနေပြီ ဖြစ်ကြောင်း၊ ၁၉၆၇ ခုနှစ် ၆ ရက် စစ်ပွဲအတွင်း မိမိတို့လက်မှ ရန်သူများ သိမ်းပိုက်သွားသော ဆီနိုင်းကျွန်းဆွယ်ပေါ်ရှိ ရန်သူစခန်းများကို ခြေလျင်တပ်များက ထိုးဖောက် တိုက်ခိုက်နေပြီဖြစ်ကြောင်း၊ မိမိတို့ လေတပ်မတော် ကလည်း ရန်သူ၏ စစ်ရေးအချက်အခြာ နေရာများကို ဗုံးကြဲတိုက်ခိုက်လျက် ရှိကြောင်း'' ဖြင့် ကိုင်ရိုရေဒီယိုက အသံလွှင့်ကြေညာလိုက်သည်။

အီဂျစ်တပ်တို့သည် တူးမြောင်း၏ အရှေ့ဘက်ကမ်းကို ဖြတ်ကူးကာ ရန်သူ သိမ်းပိုက်ထားသော နယ်မြေများ ပြန်လည် လွတ်မြောက်ရေးအတွက် အားသွန် ကြိုးပမ်းသည်။ အစ္စရေးလ်တို့က ကြံ့ကြံ့ခံ တွန်းလှန်သည်။ သို့သော်လည်း အငိုက်မိခံလိုက်ရသဖြင့် အီဂျစ်၏ ထိုးဖောက်မှုကို နိုင်နင်းအောင် ဟန့်တားထားနိုင်ခြင်း မရှိချေ။

ခြေလျင်တပ်ချင်း ပြင်းထန်စွာ တိုက်ပွဲဖြစ်သည်။ တင့်ကားတပ်ခြင်း လက်တကာမ်းတိုက်ပွဲများ ဖြစ်သည်။ မိမိတို့၏ မြေပြင်တပ်များကို အကာအကွယ်ပေးနေသည့် တိုက်လေယာဉ်အုပ်စုခြင်းလည်း စီးချင်းတိုက်ပွဲများ ဖြစ်ပွားသည်။

အစ္စရေးလ်တို့သည် တန်ပြန် ထိုးစစ်ဆင်သည့် အနေဖြင့် အီဂျစ်တပ်များ မိမိဘက်သို့ ကူးဖြတ်နေသည့်ကြားမှပင် တူးမြောင်း၏အနောက်

ဘက်ခြမ်း အီဂျစ်နယ်မြေအတွင်းသို့ ဝင်ရန် ကြိုးစားကြသည်။ သို့သော်လည်း အီဂျစ်တို့က အလုံးအရင်းဖြင့် ခုခံ တွန်းလှန်ပစ်လိုက်သောကြောင့် ရည်မှန်းချက် မအောင်မြင်ချေ။

မြစ်ကူး ကုန်းဘောင်တံတားများကို အစ္စရေးလ်က လေတပ်ဖြင့် ဖျက်ဆီးပစ်ရန် ကြိုးစားသည်။ မြေစိုက်ဗုံးကြဲ တိုက်လေယာဉ်ပျံများဖြင့် ဗုံးကြဲဖျက်ဆီးသည်။ သို့သော်လည်း အီဂျစ်တို့၏ အစွမ်းထက်လှသော ဆမ် ဒုံးယာဉ်များကြောင့် ထိရောက်ခြင်း မရှိလှချေ။ ပျက်စီးသွားသည့် မြစ်ကူးကုန်းဘောင်တံတားများကိုလည်း အီဂျစ်တို့က ချက်ခြင်း ပြန်လည်ဆောက်လုပ်ကာ ၎င်းတို့၏တပ်များကို ဆီနိုင်းကျွန်းဆွယ် အတွင်းသို့ အဆက်မပြတ် ပို့ပေးလျက်ပင် ရှိသည်။

ညနေ မိုးချုပ်စအချိန်သို့ ရောက်လာသောအခါ တူးမြောင်း၏ အရှေ့ဘက်ကမ်း တလျှောက်လုံးကို အီဂျစ်တို့က ကောင်းစွာ ထိန်းချုပ်ထားလိုက်နိုင်ပါပြီဟု ထုတ်ပြန် ကြေညာသည်။

အီဂျစ်တို့ပြောသလိုမဟုတ်ဘဲ ဆီနိုင်းဘက်သို့ ကူးလာသည့် အီဂျစ်တပ်များသည် အစ္စရေးလ်စခန်းများကို စီးမိခြင်း မရှိသေးဘဲ ရန်သူများသာလျှင် အကျအဆုံးများစွာဖြင့် ရင်ဆိုင်ရကာ အထိနာလျက်ရှိသည်ဟု အစ္စရေးလ်တို့က ထုတ်ပြန်ကြေညာသည်။ သို့သော်လည်း စခန်းအချို့ကို အီဂျစ်တို့ သိမ်းပိုက်ရယူသွားသည်မှာ မှန်ကန်ကြောင်း ဝန်ခံသည်။

အထွေထွေ ထိုးစစ်ကြီး စတင်ဆင်နွှဲပြီး ၄ နာရီခန့် ကြာသောအခါ ဆီနိုင်းကျွန်းဆွယ်ထဲသို့ အီဂျစ်တင့်ကားပေါင်း ၄၀၀ ကျော်တို့ ထိုးဖောက် ဝင်ရောက်ပြီး ဖြစ်နေပြီ။ ထောင်ပေါင်းများစွာသော ခြေလျင်တပ်များလည်း ရောက်ရှိနေကြပြီဖြစ်သည်။ အခိုင်အမာ တပ်စွဲထားသော အစ္စရေးလ် ရှေ့တန်း စစ်စခန်းများနှင့် အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းကို ကျော်လွန်ပြီး တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။ ဆီနိုင်းကျွန်းဆွယ် မြောက်ဘက်ကမ်းရိုးတန်း တလျှောက်ရှိ အစ္စရေးလ် စစ်အခြေခံစခန်းများကို မြေထဲပင်လယ်တွင်းရှိ အီဂျစ်





ရေတပ်မတော်က အမြောက်ဖြင့် ပစ်ခတ် တိုက်ခိုက်နေသည်။

ညပိုင်း ရောက်လာသောအခါ အစ္စရေးလ်တို့က သံချပ်ကာကားတပ်များဖြင့် တန်ပြန် ထိုးစစ်ဆင်သည်။ စူးအက်တူးမြောင်း တလျှောက်တွင် အခြေအနေများ ရှုပ်ထွေးနေသည်။ အီဂျစ်တို့ကလည်း စစ်ကူတပ်များဖြင့် အားဖြည့်ရင်း ဆီနိုင်း ကျွန်းဆွယ်အတွင်းသို့ ဝင်ရောက်နိုင်အောင် အားသွန် ကြိုးပမ်းဆဲပင် ရှိသည်။ စူးအက်တူးမြောင်းကိုမူ အောင်မြင်စွာ ဖြတ်ကျော်နိုင်နေပြီဖြစ်သည်။

ကိုင်ရိုမြို့တွင် ဈေးဆိုင်များ၊ လူနေအိမ်ခြေများသည် အကြောင်းတစ်စုံတစ်ရာ မထူးသကဲ့သို့ မီးများ ထိန်ထိန်ကျဲကာ သွားလာ လှုပ်ရှားနေကြသည်။ ''ဒီလို မီးတွေထွန်းပြီး အစ္စရေးလ်ကို စစ်တိုက်နေကြတာလား'' ဟုပင် လမ်းသွားလမ်းလာ တစ်ဦးက မကျေမနပ် ပြောဆိုသည်။ ထို့နောက်ပိုင်းတွင် လျှပ်စစ်မီးများ အားလုံးပိတ်ပြီး မှောင်ချထားရန်။ မထွန်းမဖြစ်လျှင် အပြာရောင်ဆေးဖြင့် အုပ်ဆိုင်းထွန်းရန် အစိုးရက အမိန့်ထုတ်ပြန်လိုက်သည်။

စူးအက် စစ်မျက်နှာ၌ နှစ်ဘက် အကျအဆုံး အထိအခိုက်စာရင်းများကို တိတိကျကျ ရနိုင်ရန် ခက်ခဲနေသည်။ အီဂျစ်တို့ဘက်ကလည်း မိမိတို့ အသာရနေကြောင်း၊ ရန်သူဘက်က အထိနာကြောင်း ကြေညာသည်။ အစ္စရေးလ်တို့ကလည်း ရန်သူထိုးစစ်ကို မိမိတို့ ထိန်းထားနိုင်ကြောင်း၊ ရန်သူဘက်ကို အကျအဆုံး များပြားစေကြောင်း ကြေညာသည်။ တိုက်ပွဲများမှာမူ စတင် ဖြစ်ပွားကတည်းက ညဉ့်နက်လာသည်အထိ အဆက်မပြတ် ဖြစ်ပွားလျက်ရှိသည်။ အီဂျစ်တို့က ညအမှောင်ထုကို အကာအကွယ်ယူပြီး ဆီနိုင်းအတွင်းသို့ ထိုးဖောက် ဝင်ရောက်ကြသည်။ တင့်ကားများ၊ ခြေလျင်တပ်များကို ဖြတ်ကျော် ပို့ပေးနေကြသည်။

ဆီနိုင်း သဲကန္တာရအတွင်း၌ စူးအက်တူးမြောင်းကို မျက်နှာပြုပြီး အခိုင်အမာ ချထားသော အစ္စရေးလ်တို့၏ နာမည်ကျော် ဘားလက်ဗ်ခံစစ်ကြောင်းကြီးကို အဓိကထားကာ အီဂျစ်တပ်များက ထိုးဖောက်တိုက်ခိုက်ကြသည်။

အစ္စရေးလ်တို့ အငိုက်မိသွားသောကြောင့် ခံစစ်ကြောင်းကြီး တစ်ခုလုံးကို လက်လွှတ် ဆုံးရှုံးရတော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ နောက်ပိုင်းမှ စစ်ကူများလည်း အချိန်မီ ရောက်မလာနိုင်ဘဲ ရှိသည်။ အီဂျစ်တို့၏ ထိုးစစ်ကို ကြီးထွားမလာအောင် ရှိသည့် အင်အားဖြင့် ထိန်းသိမ်း ထားရသည်။ ထိုကြားထဲမှပင် ခံစစ်ကြောင်းမှ ရှေ့တန်းစစ်စခန်းပေါင်း များစွာတို့ အီဂျစ် လက်တွင်းသို့ ရောက်ရှိသွားသည်။ ဘားလက်ဖ် ခံစစ်ကြောင်းပြိုလျှင် ဆီနိုင်းအတွင်းသို့ ထိုးဖောက် ဝင်ရောက်ရန်မှာ များစွာ လွယ်ကူသွားပြီး နောက်တန်းတွင် ရှိနေသည့် အခြေ



ဆီးနိုင်းကျွန်းဆွယ်အတွင်း၌ တစ်လူလူလွှင့်နေသော အီဂျစ်အလံ





စစ်စခန်း များကိုပင် အစ္စရေးလ် တို့အဖို့ ထိန်းထားနိုင်ရန် အခက်အခဲ ါနိုင်ဘွယ်ရှိသည်။

၆ နှစ်ကျော် ရန်သူ သိမ်းပိုက်ခြင်း ခံထားရသည့် စူးအက်တူး မြောင်း၏ အရှေ့ဘက်ကမ်းတွင် အီဂျစ်အလံများကို ယနေ့လွှင့်တင် ိုက်သည်။ ရန်သူသိမ်းပိုက်ထားရာ နယ်မြေကို အောင်မြင်စွာ ပြန်လည် ခွဲချနိုင်ပြီဖြစ်သဖြင့်၊ ရှေ့တန်းတွင် တိုက်ပွဲဝင်လျက် ရှိကြသော အီဂျစ် စ်သားများမှာ များစွာ စိတ်ဓာတ် တက်ကြွလာကြသည်။

အစ္စရေးလ်တို့ သိမ်းပိုက်ထားသည့် နယ်မြေပေါ်၌ အီဂျစ် အလံများ ာလူလူ ဝင့်ကြွားနေသည့် ပုံများကို ယနေ့ည ၉ နာရီ တွင် ကိုင်ရို ာသံလွှင့်ဌာနက တစ်တိုင်းတစ်ပြည်လုံးသို့ ရုပ်မြင်သံကြားမှ တဆင့် ုတ်လွှင့်ပြသည်။ ထိုရုပ်မြင်သံကြားကို မြင်ကြရသောအခါ အီဂျစ် ာစ်ပြည်လုံး ပျော်ရွှင်လွန်းသဖြင့် အုတ်အော်သောင်းနင်း ဖြစ်နေကြ ည်။ ၁၉၆၇ ခုနှစ် ၆ ရက် စစ်ပွဲရက်များတုန်းကနှင့် မတူဘဲ၊ ာစ်ပြည်ထောင်လုံး စိတ်ဓာတ် တက်ကြွနေသည်ကို မြင်တွေ့ရသည်။

ကိုင်ရိုရေဒီယိုကလည်း မိနစ် နှစ်ဆယ်လျှင် တစ်ကြိမ်ကျ စစ်သ င်းများကို ကြေညာလျက်ရှိသည်။ စစ်သတင်းများ ကြေညာပြီးသည် ့် တပြိုင်နက် ဇာတိသွေး ဇာတိမာန် တက်ကြွဖွယ်ရာ စစ်သီချင်း ျားကို အသံလွှင့်ပေးလျက်ရှိသည်။

### ီးရီးယားစစ်မျက်နှာ

ဆီနိုင်းကျွန်းဆွယ်ပေါ်တွင် အီဂျစ်အလံများ ၆ နှစ်ကျော်အတွင်း ထမဦးဆုံးအကြိမ် တလူလူ လွှင့်နေချိန်၌ ထိုဒေသနှင့် မိုင်ပေါင်း ၅၅ မိုင် ကွာဝေးသော ဂိုလန် ကုန်းပြင်မြင့်တွင်လည်း အီဂျစ်တို့၏ ့်အစ်ကိုတော် ဆီးရီးယားများက အထွေထွေ ထိုးစစ်ကြီးကို စတင် ာင်နွှဲလိုက်သည်။

လေကြောင်းနှင့် တင့်ကားတိုက်ပွဲများ ဖြစ်ပွားပြီးနောက် ဆီးရီး ယားတပ်များသည် အီဂျစ်တို့နှင့် တချိန်တည်းပင် ဂိုလန်ကုန်းပြင်မြင့်

အလယ်ပိုင်းဒေသကို ထိုးဖောက်ကြသည်။

ကုလသမဂ္ဂ အကဲခတ်အဖွဲ့က ကုလသမဂ္ဂဌာနချုပ်သို့ ပေးပို့သည့်
အစီရင်ခံစာတွင် ဆီးရီးယားတပ်များသည် အပစ်အခတ် ရပ်စဲရေ
မျဉ်းကြောင်းကို ဖြတ်ကျော်ပြီး တိုက်ပွဲများ စတင် ဆင်နွှဲလျက်ရှိ
ကြောင်း၊ အစ္စရေးလ်တို့က အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းကို
ဖြတ်ကျော်ခြင်း မရှိကြောင်းဖြင့် ဖော်ပြထားသည်။

အထွေထွေ ထိုးစစ်ကြီးတွင် ဆီးရီးယားတို့ဘက်မှ တပ်သားပေါင်း
၁၀၀,၀၀၀ ပါသည့် တပ်မကြီး ၆ခုကို တင့်ကား ၁၃၀,၀ မှ ၁၄၀,၀
တို့က ကျားကန်ပေးကာ ကျောထောက်နောက်ခံ ပြုထားသည်။

ယနေ့ နံနက်ပိုင်းက အုပ်စုဖွဲ့ပျံသန်းလာသော အစ္စရေးလ်
လေတပ်သည် အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းကို ကျော်လွန်ပြီး
ဆီးရီးယားလေကြောင်း ပိုင်နက်အတွင်းသို့ ဝင်ရောက်လာသဖြင့်
ဆီးရီးယားလေတပ်က တိုက်ထုတ်လိုက်ရသည်ဟု စောစောပိုင်းက
ကြေညာသည်။

ထိုသို့သော အပြုအမူကို လက်စားချေ တုန့်ပြန်ရန်လည်းကောင်း၊
၁၉၆၇ ခုနှစ် ၆ ရက် စစ်ပွဲအတွင်းက အစ္စရေးလ်တို့ မတရားသိမ်းပိုက်
ရယူသွားသည့် ဂိုလန် ကုန်းပြင်မြင့်ဒေသကို လွတ်မြောက်စေရန်
လည်းကောင်း အထွေထွေ ထိုးစစ်ကြီးကို ဆင်နွှဲပါသည်ဟု ဆီးရီးယားက
အဆိုပြုသည်။

ဂိုလန်ကုန်းပြင်မြင့် စစ်မျက်နှာတွင် အထူးသဖြင့် တင့်ကားနှင့်
သံချပ်ကာကားတပ်ချင်း တိုက်ပွဲများ ပိုမိုပြင်းထန်စွာ ဖြစ်ပွားလျက်
ရှိသည်။

ရန်သူသိမ်းပိုက်ထားသော မိမိတို့နယ်မြေ အမြောက်အမြား လွတ်
မြောက်လာပြီ ဖြစ်ကြောင်း၊ တီတိကျကျ နယ်မြေအရ ပြောရလျှင် 
ဘယ်လ်အက်ရှ်ရှိတ်(ဟာမွန်တောင်ကုန်းထိပ်)ကို ရန်သူလက်မှ မိမိ
ကယ်တင်လိုက်နိုင်ပြီ ဖြစ်ကြောင်းဖြင့် ဆီးရီးယားတို့က ကြေညာသည်





အထွေထွေထိုးစစ် စတင်လိုက်ချိန်တွင် အစ္စရေးလ်တပ်များ အထိ နာကြသည်။ အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်း တစ်လျှောက်ရှိ ရှေ့တန်းစစ်မျက်နှာများတွင် အစ္စရေးလ်တို့က နယ်ခြားစောင့်တပ်သား အနည်းငယ်ကိုသာ ချထားသည်။ လေတပ်က မကြာခဏ ကင်းလှည့်ကာ စောင့်ရှောက်ပေးသည်။ ထို့ကြောင့် မြန်းကန် ဝင်တိုက်လိုက်သောအခါ အစ္စရေးလ်တပ်များသည် နောက်သို့လန်သွားသည်။ ဆီးရီးယား တင့်ကား တပ်များက နောက်သို့လန်သွားသော ရန်သူနောက်သို့ ဒလစပ် ဖိတိုက်ကြသည်။

သို့သော်လည်း နာရီအနည်းငယ်အတွင်းမှာပင် အစ္စရေးလ်တို့ ပြန်လည် စုစည်းနိုင်ပြီး ရန်သူ၏ ထိုးစစ်ကို ဟန့်တားထားနိုင်သည်ဟု အစ္စရေးလ်က ကြေညာသည်။ အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းကို ဖြတ်ကျော်လာသည့် ဆီးရီးယားတပ်များအား ထောင်ချောက်အတွင်း သို့ ရောက်ရှိကာ ပိတ်မိထားနိုင်ရန် အစ္စရေးလ်တို့က ကြိုးပမ်းကြသည်။

ဆီးရီးယားတို့သည် တောင်ပေါ်ပစ်အမြောက်များ၊ တင့်ကားတပ်များ၊ ခြေလျင်တပ်များကို အများဆုံး သုံးကာ အင်ကြီးအားကြီး အလုံး အရင်းကြီးဖြင့် ထိုးစစ်ဆင်ခြင်း ဖြစ်သည်။

ထိုးဖောက် ဝင်ရောက်လာသည့် ဆီးရီးယားတပ်များကို အစ္စရေးလ်တို့က တင့်ကားဖျက် လက်နက်များ၊ မြေကတုတ်ကျင်းများဖြင့် ဟန့်တားထားသည်။

ဆီးရီးယားလေတပ် တိုက်လေယာဉ်များက အစ္စရေးလ်တို့၏ နေရာချထားရေး ကျေးရွာများ၊ စိုက်ပျိုးရေး ကျေးရွာများကို စက်သေနတ်ဖြင့် ပစ်ခတ်သည်။ လေယာဉ်ချင်း စီးချင်းတိုက်ပွဲများလည်း ဖြစ်ပွားနေသည်။ ဆီးရီးယားတို့၏ မစ် ၂၁ လေယာဉ်ပျံများ ထိုးဖောက် ဝင်ရောက်လာသည်ကိုလည်းကောင်း၊ မြေပြင်မှ လေယာဉ်ပစ် အမြောက်များဖြင့် ခုခံပစ်ခတ်နေသည်ကိုလည်းကောင်း၊ လေယာဉ်ပျံတစ်စင်း ပျက်ကျသွားသည်ကိုလည်းကောင်း ဂါလီလီအရှေ့ပိုင်းရှိ ရှိမိုနာဒေသမှ

ကောင်းစွာ လှမ်းမြင်နေရသည်။

ဆီးရီးယား ကမ်းလွန်ပင်လယ်ပြင်တွင်မူ အစ္စရေးလ် ရေတပ်တို့က အသာရနေသည်။ ဆီးရီးယား ရေတပ်မှ ရုရှပြည်လုပ် ကိုမာအမျိုးအစား ဒုံးပျံတင်သင်္ဘော ၄ စင်းကို လက်နက်အပြည့်အစုံ တပ်ဆင်ထားသည့် အစ္စရေးလ်စစ်သင်္ဘောများက အစ္စရေးလ်ပြည်လုပ် ဂေဘရီယယ် ဒုံးပျံများဖြင့် ပစ်ခတ်နှစ်မြှုပ်ပစ်လိုက်သည်ဟုဆိုသည်။

အလားတူပင် ကမ်းဘက်သို့ ဦးတည် ခုတ်မောင်းလာသော စစ်သားတင် အီဂျစ် စစ်သင်္ဘော သုံးစင်းကို အစ္စရေးလ်တို့က နှစ်မြှုပ်ပစ်လိုက်သည်။ စတုတ္ထမြောက် တစ်စင်းကိုမူ ပို့ဆက်မြို့ အရှေ့မြောက်ဘက်တွင် ထပ်မံ နှစ်မြှုပ်ပစ်လိုက်သည်ဟု အစ္စရေးလ်က ကြေညာသည်။

## အစ္စရေးလ်နိုင်ငံတွင်း အခြေအနေ

ဘုရားရှိခိုးကျောင်းများအတွင်း ဆုတောင်းပွဲများ ပြုလုပ်ကာ ဓမ္မတေးများ သီဆိုနေကြသည့် ဂျူးလူမျိုးများသည် စစ်ဖြစ်ပြီဖြစ်ကြောင်း အစ္စရေးလ် ရေဒီယိုမှ အသံလွှင့် ကြေညာလိုက်သည်နှင့် တပြိုင်နက် ဘုရားရှိခိုးကျောင်းများကို ခွာကာ နေအိမ်များသို့ ပြန်ကြသည်။ နေအိမ်များရှိ ပြတင်းပေါက်များကို မီးရောင် အပြင်မထွက်အောင် ပြင်ဆင်လိုက်ကြသည်။ ဈေးဆိုင်များမှ နီယွန် မီးချောင်းများဖြင့် အဆန်းတကြယ် ပြုလုပ်ထားသော ဆိုင်းဘုတ်ကြီးများကိုလည်း မီးမှိတ်လိုက်ကြသည်။ ညဘက်ရောက်သည်နှင့် တပြိုင်နက် အစ္စရေးလ်မြို့များ၊ ရွာများမှာ မှောင်အတိကျနေသည်ကို တွေ့ရသည်။

အရန်တပ်သားများသည် အချို့ စစ်ယူနီဖောင်းကိုပင် မဝတ်နိုင်တော့ဘဲ အရပ်ဝတ် အရပ်စားများဖြင့်ဗင် အိမ်သူအိမ်သားများကို နှုတ်ဆက်ကာ မိမိတို့နှင့် သက်ဆိုင်ရာ တပ်ဖွဲ့များရှိရာသို့ ထွက်ခွာသွားကြသည်။

အီဂျစ်နှင့်ဆီးရီးယားတို့သည် အထွေထွေ ထိုးစစ်ကြီးကို စတင်





လိုက်ပြီ ဖြစ်ကြောင်း၊ မိမိတို့တပ်များသည် ညွှန်ကြားချက်များအတိုင်း တိုက်ပွဲများဝင်လျက် ရှိကြကြောင်းဖြင့် အစ္စရေးလ်စစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူက ယနေ့ ထုတ်ဖော် ကြေညာသည်။

အစ္စရေးလ်အစိုးရအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး လုံးဝ ရပ်နားခြင်းမရှိဘဲ တောက်လျှောက် ကျင်းပလျက် ရှိသည်။ ၁၉၆၇ ခုနှစ် ၆ ရက်စစ်ပွဲ ပြီးဆုံးသည့် နောက်ပိုင်းတွင် အစ္စရေးလ်တို့ ရင်ဆိုင်တွေ့ကြုံလိုက်ရသည့် အကြီးမားဆုံးသော စစ်ရေး ပဋိပက္ခမှုကြီးကို ဖြေရှင်းနိုင်ရန်အတွက် အကြိတ်အနယ် ဆွေးနွေးနေကြသည်။

အာရပ်တို့၏ ထိုးစစ်ကို အပြင်းအထန် ခုခံတိုက်ခိုက်ရန် တင်သွင်းသော ကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်၊ ဒုဝန်ကြီးချုပ် ထီဂယ်အေလွန်နှင့် ကုန်သွယ်ရေးဝန်ကြီး ဟိမ်းဘားလက်ဖ်တို့၏ အဆိုကို ဝန်ကြီးချုပ် မစ္စက်ဂိုလ်ဒါမီယာက ထောက်ခံသည်။

အီဂျစ်နှင့် ဆီးရီးယားတို့၏ ထိုးစစ်အပေါ်တွင် မိမိတို့က အနိုင်ရယူရုံသာမဟုတ်။ ရန်သူတို့ လုံးဝ နာလှန်မထူနိုင်အောင် အပြီးတိုင်တိုက်ပွဲ ဆင်ရမည်။ သူတို့၏ နယ်မြေများအတွင်းသို့ ထိုးဖောက်ဝင်ရောက်ခြင်းဖြင့် တန်ပြန် ထိုးနှက်ချက်များကို ပြုလုပ်ရမည်ဟု မိုရှေဒါယန်က အဆိုတင်သည်။ အစိုးရအဖွဲ့က လက်ခံ အတည်ပြုလိုက်သည်။

အနောက်နိုင်ငံ စစ်ရေးအကဲခတ်သမားများက အစ္စရေးလ်တို့သည် မိုရှေဒါယန် တင်ပြသော နည်းအတိုင်း ပြုလုပ်နိုင်ရန် လုံလောက်သည့် တပ်အင်အား ရှိနိုင်ပါ၏လောဟု သံသယ ဝင်ကြသည်။ ထိုနည်းတူစွာပင် ပြီးဆုံးခဲ့သော စစ်ပွဲ သုံးပွဲစလုံးတွင် ရှုံးနိမ့်ခဲ့သည့် အာရပ်များ အနေဖြင့် ယခုစစ်ပွဲကို အနိုင်တိုက်နိုင်ပါမည်လော ဟုလည်း သံသယ ဖြစ်နေကြသည်။

နိုင်ငံတော်၏ အခြေအနေသည် လုံးဝ အရေးကြီးသည့် အရေးပေါ် အခြေအနေ ဖြစ်ကြောင်း အစိုးရက ကြေညာလိုက်သည်။

စစ်တပ်များ ရွှေ့ပြောင်း သယ်ဆောင်ရန်၊ တပ်ကူများ ပို့ရန်၊ လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာများ ပေးပို့ရန်အတွက် အရပ်သားပိုင် ထရပ်ကားအားလုံး၊ ဘတ်စ်ကားအားလုံးကို အစိုးရက အသုံးပြုမည် ဖြစ်ကြောင်းကိုပါ ဆက်လက် ကြေညာသည်။

စားနပ်ရိက္ခာနှင့် ဓာတ်ငွေ့လောင်စာများကို ခွဲတမ်းစနစ်ဖြင့် သုံးစွဲရန်၊ ရေများကို လုံလောက်စွာ သိုလှောင်ထားရန် အစီအစဉ်များပြုလုပ်သည်။ ဂျူးအိမ်တိုင်းလိုလိုရှိ ရေချိုးကြွေကန်များ အားလုံးကို သုံးရေများဖြင့် ဖြည့်ထားကြသည်။

စစ်ပွဲအတွင်း၌ ဒဏ်ရာရလာသည့် အရေးပေါ်လူနာများကို ဂရုစိုက် ကုသပေးနိုင်ရန်အတွက် ဆေးရုံများရှိ အရေးမကြီးသော လူနာများအားလုံး မိမိတို့ အိမ်များသို့ ပြန်စေသည်။ အလွန် အရေးကြီးသည့် လူနာများကိုသာ လက်ခံထားသည်။ သို့သော်လည်း လိုအပ်မည်ဆိုပါက စစ်ပွဲ၌ ဒဏ်ရာရလာသူများနှင့် ဖြစ်သလိုအတူနေကာ ဆေးဝါးကုသမှုကို ဝေမျှခံယူရမည် ဖြစ်သည်။

အလွန်အရေးကြီးသည့် အခြေအနေများ ဖြစ်ပေါ်နေကြောင်းကို အစ္စရေးလ်တစ်ပြည်ထောင်လုံး နေရာအနှံ့အပြားတွင် မြင်တွေ့နေရသည်။ သို့သော်လည်း အစိုးရခေါင်းဆောင်များ၊ စစ်ဘက်ခေါင်းဆောင်များကမူ အရေးမကြီးသလို ဟန်ဆောင်ကာ တိုင်းသူပြည်သားများ၏ စိတ်ဓာတ်ကို ထိန်းထားကြသည်။

တယ်လ်အဗစ်မြို့ရှိ လော့ဒ်လေဆိပ်ကို လုံးဝ ပိတ်ထားလိုက်သည်။ ၆ ရက်စစ်ပွဲအတွင်းက ယင်းလေဆိပ်ကို လုံးဝ ပိတ်ထားခြင်း မပြု။ အရေးကြီးသည့် လေယာဉ်ပျံများကို စစ်ဆေးပြီး ဝင်ခွင့်ထွက်ခွင့် ပြုခဲ့သည်။

စားနပ်ရိက္ခာများ အပြည့်အဝ ရှိသည်။ ထို့ကြောင့် စိုးရိမ်စိတ်ဖြင့် ဝယ်ယူသိုလှောင်ထားခြင်း မပြုလုပ်ရန် ကုန်သွယ်ရေးဝန်ကြီးက တိုင်းပြည်သို့ ကြေညာသည်။ သို့သော်လည်း စစ်ဖြစ်ပြီး နောက်တနေ့





တွင် အစားအသောက်ဆိုင်များ၌ တန်းစီတိုးကာ အစားအသောက်များ အလုအယက် ဝယ်ယူနေကြသည့် ဂျူးလူမျိုးပေါင်းများစွာကို မျက်စိတဆုံး မြင်တွေ့နေရသည်။

ဝန်ကြီးချုပ် မစ္စစ်ဂိုလ်ဒါမိယာက စိတ်လှုပ်ရှားသော အသံဖြင့် တိုင်းပြည်သို့ ယနေ့ည အသံလွှင့်ကြေညာရင်း အီဂျစ်နှင့် ဆီးရီးယားကို အပြစ်တင်သည်။

မစ္စစ်မေယာသည် အသံမပျက်အောင် ထိန်းချုပ် ပြောဆိုနေကြောင်း ကောင်းစွာသိနိုင်သည်။ ဟန်မပျက်လှသော်လည်း ယခင်ပြောနေကျ အသံများထက် အနည်းငယ် တိမ်ဝင်နေသည်။

မစ္စစ်မီယာက ပြောကြားရာတွင်...

"ယခုဖြစ်ပေါ်လာသော သွေးချောင်းစီးစစ်ပွဲကြီးနှင့် ပတ်သက်၍ အီဂျစ်နှင့် ဆီးရီးယားနှစ်နိုင်ငံ၏ တာဝန်သာဖြစ်သည်။ ထိုနှစ်ပြည်ထောင် ခေါင်းဆောင်များသည် စစ်တိုက်ဖို့အတွက်သာလျှင် တစ်လျှောက်လုံး ပြင်ဆင်လာခဲ့ကြသည်။ ယခုစစ်ပွဲကို အစ္စရေးလ်က စတင် တိုက်ခိုက်ခြင်း ဖြစ်ကြောင်းဖြင့်လည်း လိမ်ညာပြောဆိုကာ ၎င်းတို့၏ မတရားစွပ်စွဲချက်ကို ကမ္ဘာအနှံ့ ပြန့်ပွားအောင် အားထုတ်နေကြသည်။

"အစ္စရေးလ်တို့၏ ဘာသာရေးရက်ထူးရက်မြတ်နေ့ကို ဥပုသ်သီတင်း ဆောက်တည်နေကြခိုက် အလစ်ဝင်တိုက်ခြင်းဖြင့် မိမိတို့အပေါ်တွင် အနိုင်ရကာ တစ်ပြည်ထောင်လုံးကို သိမ်းပိုက်နိုင်ကြလိမ့်မည်ဟု 'ရန်သူ' တို့က ထင်မှတ်နေကြသည်။

"သို့သော်လည်း မိမိတို့သည် အလစ် အတိုက်ခံရခြင်းမဟုတ်။ ပြိုင်ဘက်များကို ရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။ ယခုပင်လျှင် ရန်သူများသည် ကြီးမားသည့် အရှုံးများကို ခံစားနေကြရပြီ ဖြစ်သည်။ သူတို့၏ ရည်ရွယ်ချက်ကို မိမိမခန့်မှန်းနိုင်ကြောင်း။ သို့သော်လည်း သူတို့ကို မိုက်မဲသူများဟုသာ မိမိခေါ်လိုသည်။"

"ဗူးအက်တူးမြောင်း တစ်လျှောက်နှင့် ဂိုလန် ကုန်းပြင်မြင့်ဒေသ

များတွင် ရက်အနည်းငယ်အတွင်း ရန်သူကို အင်အားကြီးထွား များပြား လာသည်ကို အစ္စရေးလ် ထောက်လှမ်းရေးတပ်များက သတင်းရခဲ့ကြ သည်။ ရသည့်သတင်းများကိုလည်း ဆိုင်ရာသို့ တင်ပြခဲ့ကြသည်။ ထိုကဲ့သို့ ရန်သူများ စစ်အင်အား တိုးချဲ့လာခြင်းနှင့် ပတ်သက်ပြီး အစ္စရေးလ်နိုင်ငံအတွင်းရှိ နိုင်ငံခြား သံတမန် အကြီးအကဲများကို အကြောင်းကြားရန် စီစဉ်ခဲ့သည်။ အိမ်နီးချင်း အာရပ်နိုင်ငံများက ရန်သတ္တုရ ပြုလိုမှု အသစ်ဖန်တီးလာခြင်းများကို ရှောင်ကြဉ်စေရန် အတွက် မိတ်ဆွေနိုင်ငံများက ကြားဝင်ပေးရန် မေတ္တာရပ်ခံဘို့ စီစဉ်ခဲ့သည်။ သို့သော်လည်း လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ မပြုလုပ်ရသေးမီမှာပင် စစ်ပွဲတခုနှင့် မိမိတို့ ရင်ဆိုင်နေရပြီဖြစ်သည်။

''အောင်ပွဲနှင့် ပက်သက်ပြီး တိုင်းသူပြည်သားများ သံသယဖြစ် စရာ အကြောင်းမရှိပါ။ အောင်ပွဲသည် မိမိတို့အတွက်သာလျှင် ဖြစ်သည်။ ထိုအောင်ပွဲ ရရှိရေးအတွက် အရင်းအနှီးများစွာ ပေးရန် လိုအပ်သည့် အခါတွင်သော်လည်းကောင်း၊ နောက်မတွန့်ကြရန်သာ အရေးကြီးသည်။ မိမိတို့သည် မိမိတို့၏ အသက်ရှင် ရပ်တည်မှုအတွက် ခုခံကာကွယ်နေကြ ခြင်းဖြစ်သည်။ အီဂျစ်နှင့် ဆီးရီးယားခေါင်းဆောင်တို့သည် ယခုတိုက်ပွဲ နှင့်ပက်သက်ပြီး မိနစ်ပိုင်းကလေးနှင့် သက်ဆိုင်သည့်ကာအစ အသေး စိတ် ပြင်ဆင်မှုကို အချိန်ကြာမြင့်စွာကပင် ပြင်ဆင်ထားခဲ့ကြသည်'' စသည်ဖြင့် ဝန်ကြီးချုပ် ဂိုလ်ဒါမီယာက တစ်ပြည်လုံးသို့ ရုပ်မြင်သံကြား မှ အသံလွှင့်ရာတွင် ထည့်သွင်း ပြောကြားသွားသည်။

မစ္စစ်မီယာ အသံလွှင့်ပြီး မကြာမီမှာပင် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန်ကလည်း ရုပ်မြင်သံကြားမှ တိုင်းပြည်ကို အသံလွှင့် ကြေညာသည်။

မိုရှေဒါယန်က ''ယခုစစ်ပွဲကို မိမိတို့ကသာ ကြိုတင်ပြင်ဆင်မှုဖြင့် စတင် တိုက်ခိုက်ကြမည်ဆိုလျှင် ယခုအချိန် လောက်တွင် မိမိတို့အားလုံး ရှုးအက်တူးမြောင်း၏ ဟိုမှာဘက်ကမ်းသို့ ရောက်နေလောက်ပါပြီ။





''မိမိတို့ဘက်တွင် အကျအဆုံး အထိအခိုက်ရှိသည်။ စခန်းအချို့ ကိုလည်း လက်လွှတ် ဆုံးရှုံးခဲ့ရသည်။ ဤသို့ဖြစ်ရသည်မှာ မိမိတို့က စတင် တိုက်ခိုက်ခြင်း မပြုသောကြောင့် ဖြစ်ကြောင်း ထင်ရှားသည်။

''မည်သို့ဆိုစေ ဤစစ်ပွဲ၏ အဆုံးအဖြတ်ကို ရက်အနည်းငယ် အတွင်း သဲကန္တာရထဲမှာ မြင်တွေ့ကြရမည်။ အန္တရာယ်ကြီးမားသော စွန့်စားမှုကြီးအတွင်းသို့ မိမိတို့ကိုယ်ကို ပစ်ချလိုက်သူများအတွက် ကြီး မားသော ဆုံးရှုံးမှုကြီးများဖြင့် ဤစစ်ပွဲကြီး အဆုံးသတ်သွားလိမ့်မည် ဖြစ်သည်။

''ဂိုလန်ကုန်းပြင်မြင့်၌ စခန်းအချို့ကို ဆီးရီးယားတို့က သိမ်းပိုက် ရယူလိုက်ပြီဆိုခြင်းမှာ ပြောပလောက်သည့်အကြောင်း မဟုတ်ပါ။ အစ္စရေးလ်တို့၏ ကျေးရွာ တစ်ရွာတလေမျှကိုပင် ရန်သူတို့က သိမ်းပိုက်နိုင်ခြင်း မရှိသေးပါ။

''ဟိုနေရာ သည်နေရာများတွင် အစ္စရေးလ်စစ်စခန်းများကို ဆီးရီး ယားတို့က သိမ်းပိုက်ကြသည်။ သို့သော်လည်း ဂိုလန်ကုန်းပြင်မြင့်တွင် ယခုတိုင် စစ်မှန်သော စစ်ပွဲကို မစတင်သေးပါ။ အဆုံးအဖြတ်ပေးမည့် စစ်ပွဲကို မစတင်သေးပါ။

''အာရပ်တို့သည် ကြီးမားသော အင်အားဖြင့် ထိုးစစ်ကို စတင် ကြသည်။ တင့်ကားပေါင်း ၂၀၀၀ ကျော်ကို အသုံးပြုကြသည်။ အီဂျစ် စစ်တပ်သည် သံချပ်ကာ ကားတပ်များကို ရှေ့တန်း စစ်မျက်နှာသို့ ညဘက်အမှောင်ထုကို အကာအကွယ်ယူပြီး အလုံးအရင်းဖြင့် ပို့ကြ လိမ့်မည် ဖြစ်သည်။''

''တိုင်းသူပြည်သားများ သိကြသည့်အတိုင်း မိမိတို့အနေဖြင့် ရှေ့ တန်းခံစစ်ကြောင်းကြီး တစ်ခုလုံးကို ကြီးမားသော အင်များအားများ ဖြင့် ကာကွယ်ထားနိုင်ဖို့ရန်မှာ မဖြစ်နိုင်ပါ။ ထိုသို့ ကာကွယ်ထားရန် ဆိုသည်မှာလည်း မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင် မဟုတ်ပါ။''

''မိမိတို့ စစ်အင်အား အကုန်လုံး ပြင်ဆင်ပြီးသည်အထိ အချိန်

အနည်းငယ်ခန့် စိတ်ရှည်သည်းခံ ကြစေလိုသည်။ ပြီးပြည့်စုံစွာ စစ်ဆင် ပြီးစီးခြင်းသည် ရန်သူတို့ကို အပြီးတိုင် ချေမှုန်းပြီးစီးခြင်းပင် ဖြစ်သည်''

''ယခုစစ်ပွဲ အပစ်အခတ်ရပ်စဲသည့် အချိန်တိုင်အောင် အာရပ်တို့ တစ်စုံတစ်ရာ အကျိုးအမြတ် ရရှိလိမ့်မည်မဟုတ်။''

''ဂျော်ဒန်နိုင်ငံနှင့် ဆက်သွယ်ထားသော တံတားများ အားလုံးကို မူလဖွင့်မြဲအတိုင်း ဖွင့်ပေးထားမည်။ အနောက်ဘက်ကမ်းနှင့် အရှေ့ဘက်ကမ်း ကူးသန်းသွားလာနေသည့် ယာဉ်များအားလုံးကို ထုံးစံအတိုင်း သွားလာခွင့် ပေးထားမည်။ အစ္စရေးလ်ပြည်တွင်းသို့ လာရောက် အလုပ် လုပ်လိုသည့် မည်သည့် အာရပ်လူမျိုးကိုမဆို လာရောက် လုပ်ကိုင်ခွင့် ပေးမည်။''

''တယ်လ်အဗစ် မြို့တော်သူမြို့တော်သားအပေါင်းတို့ ယနေ့ည စိတ်အေးချမ်းသာစွာဖြင့် လုံခြုံစွာ နားနေအိပ်စက်နိုင်ကြပါသည်'' စသည်ဖြင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန်က အသံလွှင့် ပြောကြား သွားသည်။

အာရပ်တို့သည် ထိုးစစ်ကိုသာ အာရုံစိုက်ခဲ့ကြကြောင်းဖြင့် ဂျေရုဆလင်မြို့ရှိ အကဲခတ်သမားများက ပြောဆိုကြသည်။ ကိုင်ရိုမြို့တွင် စက်တင်ဘာလက ထုတ်ဝေခဲ့သော အဏ္ဏသာအယ်လ်ယွန် မဂ္ဂဇင်း၌–

''ပြေလည်သည့် အချိန်ကို မရောက်သေးမီစပ်ကြား တစ်စုံတစ်ရာကို ဖြေရှင်းနိုင်ဦးမည် မဟုတ်ကြောင်း အမေရိကန်တို့၏ ဗီယက်နမ် အတွေ့အကြုံများက သက်သေပြလျက် ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ထိုးစစ်ကိုသာ အာရုံစိုက်ကြရမည်'' စသည်ဖြင့် ရေးသားထားသည်ကို ထောက်ပြကြသည်။ ရေးသားသူသည် အီဂျစ်သမ္မတ အန်ဝါဆာဒတ်နှင့် ရင်းနှီးသူ အဗ္ဗဒယ်လ်ကူရ်ဂတ် ဖြစ်သည်။

အစ္စရေးလ်တို့သည် ရန်သူ အာရပ်နှစ်ပြည်ထောင်ထက် လျော့နည်းသော စစ်အင်အားဖြင့် ကြံ့ကြံ့ခံ တိုက်ခိုက်လျက်ရှိကြောင်း အပြည်





ပြည်ဆိုင်ရာ သေနင်္ဂဗျူဟာ လေ့လာသင်ကြားရေးသိပ္ပံက ထုတ်ဖော် ပြောဆိုသည်။

လန်ဒန်ကို အခြေခံထားသော ယင်းသိပ္ပံသည် ယုံကြည် စိတ်ချရသော စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး လက်နက်ကိုင် တပ်အင်အား အခြေအနေကိုလည်း တိကျမှန်ကန်စွာ အကဲခတ်နိုင် ကြောင်း ကျော်ကြားသည်။

အဆိုပါ သိပ္ပံမှ ရရှိသော သတင်းများအရ၊ အစ္စရေးလ်တို့၏ သာမန်ကာကွယ်ရေးအင်အားသည် ၃၀၀,၀၀ သာရှိသည်။ သို့သော်လည်း ၇၂ နာရီအတွင်း စစ်သားပေါင်း သုံးသိန်းဖြစ်လာအောင် အရန်တပ်များဖြင့် စုစည်းနိုင်သော အစွမ်းရှိသည်။ စစ်သားစုစည်းမှုကို ယနေ့မှ စတင်ပြီး လုပ်ဆောင်လျက်ရှိသည်။

အီဂျစ် စစ်တပ် အင်အားမှာ ၁၉၈,၀၀၀ ရှိပြီး ဆီးရီးယား စစ်တပ်အင်အားမှာ ၁၃၂,၀၀၀ ရှိသည်။ သို့သော်လည်း မိုရှေဒါယန်နှင့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဒေးဗစ်အီလာဇာ တို့ကမူ အစ္စရေးလ် စစ်တပ်သည် စိတ်ဓာတ်အရလည်းကောင်း၊ လေ့ကျင့်မှုအရလည်းကောင်း၊ စစ်လက်နက် ပစ္စည်း အင်အားအရလည်းကောင်း သာလွန်ကာ အထက်စီး ရနေကြောင်းဖြင့် မကြာခဏ ထုတ်ဖော် ပြောဆိုလေ့ရှိသည်။

အာရပ်နှင့် အစ္စရေးလ်တို့ စစ်ဖြစ်ကြပြီ ဖြစ်ကြောင်း သက်ဆိုင်ရာ နိုင်ငံအသီးသီးက ကြေညာလိုက်သောအခါ ထိုနိုင်ငံသားအပေါင်းတို့သည် ရုတ်တရက် အံ့သြတကြီး ဖြစ်ကုန်ကြသည်။

အစ္စရေးလ်နိုင်ငံအတွင်း၌ ဂျူးအမျိုးသားတို့ အံ့သြတကြီး ဖြစ်သွားသကဲ့သို့ အီဂျစ်နိုင်ငံတွင်းမှာရော၊ ဆီးရီးယားနိုင်ငံတွင်းမှာပါ လူအများတို့ တုန်လှုပ် ချောက်ချား ဖြစ်သွားကြသည်။

ကိုင်ရိုရေဒီယိုက စစ်ဖြစ်ကြောင်း ကြေညာပြီးသောအခါ လမ်းမပေါ်တွင် သွားလာနေကြသည့် အာရပ်များသည် ကြက်သေသေကုန်ကြ

သည်။ "သင်တို့နှင့်အတူ အလာဟူအရှင်မြတ် ရှိနေပါစေ" စသော ပင်ပန်း နွမ်းနယ်နေကြသည့် အီဂျစ်စစ်သားတို့၏ အော်ဟစ်သံများ ရေဒီယိုမှ ပေါ်ထွက်လာသည်။ ထိုအခါကျမှပင် ရေဒီယိုနှင့်အတူ အာရပ် အမျိုးသားများပါ ဝိုင်းဝန်း ဟစ်အော်ကြသည်။ ရေဒီယိုကလည်း လွှင့်နေကျ အသံလွှင့်အစီအစဉ်များကို လုံးဝရပ်ဆိုင်းလိုက်ကာ ဇာတိ သွေးဇာတိမာန် တက်ကြွစေမည့် စစ်သီချင်းများကိုသာ စစ်သတင်း ကြေညာချက်များပြီးတိုင်း အသံလွှင့်ပေးနေသည်။

အစ္စလမ်ဘာသာဝင်များအတွက် ရမ်ဇမ်လမြတ်ဖြစ်လေရာ၊ အာရပ်အမျိုးသားများ အားလုံးလည်း ဥပုသ်စောင့်နေကြချိန် ဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ပွဲသစ်တရပ် ရုတ်တရက် ပေါ်ပေါက်လာသည့်အတွက် ကုလသမဂ္ဂဌာနချုပ်တွင်လည်း လှုပ်လှုပ် ရှားရှား ဖြစ်သွားသည်။

အီဂျစ်နှင့် ဆီးရီးယားတပ်များသည် အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းများကို ဖြတ်ကျော်ကြကြောင်း၊ သို့သော်လည်း အစ္စရေးလ် တပ်များကမူ ဖြတ်ကျော်ခြင်း မပြုကြကြောင်းဖြင့် အရှေ့အလယ်ပိုင်း ဒေသရှိ ကုလသမဂ္ဂ အကဲခတ်အဖွဲ့က ဌာနချုပ်သို့ ယနေ့အစီရင်ခံစာ ပေးပို့သည်။ ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူက သတင်းစာဆရာများ နှင့် တွေ့ဆုံပြောကြားရာတွင် အီဂျစ်တပ်များသည် အနည်းဆုံး ငါးနေရာမှ စူးအက်တူးမြောင်းကို ဖြတ်ကျော်ကြကြောင်း၊ ဆီးရီးယား တပ်များက ဂိုလန်ကုန်းပြင်မြင့်တွင် နှစ်နေရာမှ ဖြတ်ကျော်ကြကြောင်း ထည့်သွင်း ပြောဆိုသွားသည်။

လုံခြုံရေးကောင်စီ သဘာပတိဖြစ်သော ဆာလော့ရင့်မက်အင် တာရီသည် လုံခြုံရေးကောင်စီဝင် ၁၄ နိုင်ငံအနက် နိုင်ငံအများစု၏ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ စစ်ဖြစ်နေသည့် နိုင်ငံများမှ ကုလသမဂ္ဂ ဆိုင်ရာ သံတမန်များနှင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်လျက်ရှိသည်။





## အာရပ်နိုင်ငံပေါင်းစုံတို့ စုပေါင်းထောက်ခံကြခြင်း

အစ္စရေးလ်နှင့် စစ်ခင်းနေသော အီဂျစ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံ တို့ကို အပြည့်အဝ ထောက်ခံ ကူညီမည်ဖြစ်ကြောင်းဖြင့် ရေနံသူဌေး ဆော်ဒီအာရေဗျနိုင်ငံနှင့် အခြားအာရပ်နိုင်ငံပေါင်း ၁၅ နိုင်ငံတို့က ယနေ့ကြေညာလိုက်ကြသည်။ စစ်ဖြစ်ပြီး နာရီ အနည်းငယ် အတွင်း မှာပင် ယင်းကြေညာချက် ထွက်ပေါ်လာသည်။

စစ်ပွဲတွင် အထောက်အကူ ဖြစ်စေရန်အတွက် မိမိ၏ စစ်တပ် များကို စေလွှတ်လိုက်ပြီဖြစ်ကြောင်း မော်ရိုကိုနိုင်ငံက ကြေညာသည်။ မြောက်ယီမင်နိုင်ငံကလည်း မိမိ၏တပ်များကို လိုသလို အသုံးချရန် ကမ်းလှမ်းသည်။

အီဂျစ်သမ္မတ အန်ဝါဆာဒတ်ထံသို့ ဆော်ဒီအာရေဗျဘုရင် ဖိဇယ် က ပေးပို့လိုက်သည့်စာကို အရှေ့အလယ်ပိုင်း သတင်းဌာနက ထုတ်ပြန် သည်။ ထိုစာတွင် မိမိတို့သည် မိမိတို့တွင်ရှိသမျှ စွမ်းရည်အားလုံးတို့ ကို ပုံလျက် အသင်တို့နှင့်အတူ ရပ်တည်လျက် ရှိပါသည်ဟု ပါရှိသည်။

မော်ရိုကိုစစ်သား ၁၆၀,၀ တို့သည် ဇူလိုင်လအတွင်းကပင် ဆီးရီး ယားနိုင်ငံသို့ သင်္ဘောဖြင့် ထွက်ခွာသွားခဲ့ကြကြောင်း အမေရိကန် ထောက်လှမ်းရေးဘက်မှ ပြောဆိုသည့် သတင်းများ ဝါရှင်တန်တွင် ယနေ့ ညံနေသည်။ စစ်ဖြစ်သည် ဆိုသည်နှင့်တပြိုင်တည်း ထိုသတင်း များ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ယင်းစစ်သားများကို ဆိုဗီယက် သင်္ဘော နှစ်စင်းဖြင့်တင်ကာ အယ်လ်ဂျီရီးယားနိုင်ငံ အိုရန်စခန်း မှတဆင့် ပေးပို့ခဲ့သည်ဟု ဆိုသည်။

လစ်ဗျားနိုင်ငံ၏ တန်ခိုးထက်လှသော သမ္မတ ဗိုလ်မှူးကြီး ကာဒါဖီ က ခွဲခြား၍ မရနိုင်သည့် အကူအညီကို ပေးမည်ဖြစ်ကြောင်း ဆာဒတ် အား ကတိပေးသည်။ သို့သော်လည်း စစ်မြေပြင်တွင် လစ်ဗျားစစ်သား များ ဝင်ရောက် တိုက်ခိုက်နေခြင်းကို ယခုထက်တိုင် လုံးဝ မမြင်တွေ့ ရသေးချေ။ ကာဒါဖီကိုယ်တိုင်ကလည်း ၎င်းတွင် ရှိနေသည့် ပြင်သစ်

ပြည်လုပ် မိုင်းရပ်ချ်တိုက်လေယာဉ်ပုံများ အကူအညီပေးမည် မပေးမည်ကို ထည့်သွင်း ပြောဆိုခြင်းမပြု။ အာရပ်နိုင်ငံအများစုက ကာဒါဖီ၏ အေးစက်စက်နိုင်လှသော တုန့်ပြန်မှုကို မကျေမနပ် ဖြစ်နေကြသည်။ အရေးကြီးတော့ သွေးနီးရာဆိုသည့် စကားကို အဓိပ္ပာယ် မပျက်ရုံကလေးမျှ ကာဒါဖီက အကောင်အထည် ဖော်နေပါသည်ဟု နှပ်ပစ်သူများက ပစ်နေကြသည်။

ဂျော်ဒန်နိုင်ငံနှင့် ဆူဒန်နိုင်ငံရှိ လက်နက်ကိုင်တပ်များ အားလုံးကို တပ်လှန့်ထားသည်။ လိုသည့်အကူအညီပေးမည်ဖြစ်ကြောင်း အယ်လ်ဂျီးရီးယားသမ္မတ ဘူမီဒီယင်း၊ လီဘာနွန် ဝန်ကြီးချုပ် တာကီဒ့င်ဆိုး၊ ကူဝိတ်သမ္မတ ရှိတ်ဆဘားတို့က ကြေညာချက်များ ထုတ်ပြန်ကာ အကြောင်းကြားကြသည်။

ကူဝိတ်နိုင်ငံအတွင်းမှာလည်း မြောက်မြားစွာသော ကူဝိတ်နိုင်ငံသားတို့သည် အီဂျစ်သံရုံးနှင့် ဆီးရီးယားသံရုံးများရှိရာသို့ ပြုံဆင်းသွားရောက် တန်းစီလျက်ရှိကြသည်။ လက်ရှိစစ်ပွဲတွင် အာရပ်နိုင်ငံဘက်မှ ပါဝင်ပြီး အစ္စရေးလ်ကို တိုက်ခိုက်မည်ဖြစ်ကြောင်း စာရင်းပေးသွင်း ကြသည်။ ယင်းသံရုံးများကို စစ်သားစုဆောင်းရေး ဌာနများအဖြစ် ကူဝိတ်နိုင်ငံတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း နှစ်နိုင်ငံ သံအမတ်နှစ်ဦးတို့က မနေ့က ကြေညာခဲ့ကြသောကြောင့် ယနေ့ ထိုကဲ့သို့ သွားရောက် စာရင်းပေးသွင်းကြခြင်း ဖြစ်သည်ဟု သိရသည်။

အီဂျစ်နှင့် လစ်ဗျားနိုင်ငံများတွင် စစ်သင်တန်း တက်ရောက်နေကြသည့် ယူဂန်ဒါ စစ်အရာရှိ အားလုံး စစ်သင်တန်း တက်ရောက်နေခြင်းကို ရပ်ဆိုင်းကာ အာရပ်–အစ္စရေးလ် စစ်ပွဲတွင် ဝင်ရောက်တိုက်ခိုက်ကြရန် ယူဂန်ဒါသမ္မတ အစ်ဒီအာမင်က အမိန့်ထုတ်လိုက်သည်။ ယခုစစ်ပွဲတွင် မိမိတို့ ပါဝင်တိုက်ခိုက်မည်ဟု အစ်ဒီအာမင်က အန်ဝါဆာဒတ်နှင့် လစ်ဗျား သမ္မတ ဗိုလ်မှူးကြီး ကာဒါဖီတို့ထံ အကြောင်းကြားလိုက်သည်။







လစ်ဗျားသမ္မတ ကာဒါဖီ

ပါလက်စတိုင်း ပြဿနာနှင့် ပတ်သက်ပြီး အငြင်းပွားနေကြခြင်းကို ရပ်ဆိုင်းကာ မိမိတို့ ညီအစ်ကိုတော်များနှင့် လက်တွဲ တိုက်ပွဲဝင်ကြရန်ကိုလည်း အစ်ဒီအာမင်က တိုက်တွန်း လိုက်သည်။

လီဘာနွန် အစိုးရအဖွဲ့ အစည်းအဝေးကို ညနေပိုင်းတွင် နှစ်နာရီခွဲကြာကျင်းပသည်။ စစ်ပွဲတွင် ဒဏ်ရာ ရရှိသည့် ဆီးရီးယား စစ်သားများ အတွက် ဆေးရုံအားလုံး၏ တံခါးများကို ဖွင့်ထားပေးရန် အစိုးရက ဆုံးဖြတ်သည်။ ဆေးဝါး အကူအညီများ လိုအပ်သလို ပေးရန်အတွက် စစ်ဖြစ်ပြီး မကြာမီ ဆီးရီးယားအစိုးရက လီဘာနွန်အစိုးရကို မေတ္တာရပ်ခံလိုက်သည်။

လီဘာနွန်နှင့် အစ္စရေးလ် နယ်စပ် တစ်လျှောက်တွင် ယနေ့တစ်နေ့လုံး ငြိမ်သက်အေးချမ်းလျက် ရှိသည်။ စောစောပိုင်းကမူ ပါလက်စတိုင်းတပ်များသည် ၎င်းတို့ သိမ်းပိုက်ထားကြသော လီဘာနွန်တောင်ပိုင်း နယ်စပ်အရှေ့ဖျားတွင် လီဘာနွန်နှင့် အစ္စရေးလ်တို့နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ယနေ့အချိန် ထိအောင်လည်း အမြောက်

များဖြင့် ပစ်ခတ် တိုက်ခိုက်လျက်ပင် ရှိသည်။

ဘင်္ဂလားဒက်ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်မူဂျီဘာရာမန်က လီဘာနွန်နှင့် အစ္စရေးလ်နိုင်ငံကို ပြင်းထန်စွာ ရှုတ်ချ ပစ်တင်လိုက်သည်။ တပြိုင်တည်းမှာပင် လိုအပ်သည်များကို မိမိတို့နိုင်ငံက ကူညီမည် ဖြစ်ကြောင်းဖြင့် အီဂျစ်သမ္မတ အနဝ်ဝါဆာဒတ်၊ ဆီးရီးယားသမ္မတ ဟာဖက်ဇ်အာဆတ်နှင့် လစ်ဗျားသမ္မတ ဗိုလ်မှူးကြီး ကာဒါဖီတို့ကို ကတိပေးလိုက်သည်။

ရှိတ်မူဂျီဘာရာမန်၏ အကြောင်းကြားစာတွင် မိမိတို့က အစ္စရေးလ်ကို ပြင်းထန်စွာ ရှုတ်ချကြောင်း မိမိတို့ပြည်သူ ၇၅ သန်းက အာရပ်ပြည်သူများနှင့် လက်တွဲမဖြုတ်စတမ်း ပူးပေါင်းပြီး တရားမျှတသော အာရပ်အမျိုးသားတို့၏ ရှန်းကန်မှု အောင်ပွဲခံသည်အထိ ထောက်ခံပါသည်ဟု ပါရှိသည်။

ဆီးရီးယားနိုင်ငံအတွင်း၌ရှိနေသော ဆိုဗီယက် အကြံပေးအရာရှိများကို စောစောပိုင်းကပင် ပြည်ပသို့ ထွက်ခွာစေလိုက်သည်ဟု သံတမန်ရပ်ကွက်က အဆိုရှိသည်။ မည်သည့်အကြောင်းကြောင့် ထွက်ခွာစေခြင်းဖြစ်ကြောင်း သတင်းပေးသူက ထုတ်ဖော်ပြောဆိုခြင်း မရှိချေ။ သို့သော်လည်း အစ္စရေးလ်တို့က အာရပ်ဘာသာဖြင့် အသံလွှင့်ရာတွင် စစ်ရေးစွန့်စားမှုများကို အာရပ်ပြည်သူတို့ လွတ်လပ်စွာ ပြုလုပ်နိုင်ရန်အတွက် ထွက်ခွာစေခြင်းမှတစ်ပါး အခြား ဘာမှ မဖြစ်နိုင်ဟု ပါရှိသည်။ ထိုသို့ ထွက်ခွာသွားခြင်းအားဖြင့် အစ္စရေးလ်ကို အာရပ်တို့က ရန်စတိုက်ခိုက်ရန် မြောက်ထိုးပင့်ကော် လုပ်လိုက်သည့်သဘောသာ ဖြစ်သည်ဟု ဆက်လက် ဝေဖန်သည်။

အစ္စရေးလ်တို့၏ အထက်ပါ စွပ်စွဲချက်သည် မမှန်။ ဆိုဗီယက် ပါရဂူများ၏ မိသားစုများသာလျှင် လွန်ခဲ့သည့် ၆ လကတည်းက ကိုယ့်တိုင်း ကိုယ့်ပြည်သို့ ပြန်ကြခြင်း ဖြစ်သည်ဟု အယ်လ်အိုရီယင့် လီဂျောသတင်းစာက ချက်ခြင်း ပြန်လည်ရေးသားကာ ငြင်းချက်ထုတ်သည်။





ကမ္ဘာတလွှားသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်နေကြသော ဂျူးလူမျိုးတို့သည် အစ္စရေးလ်နိုင်ငံ တည်ထောင်ပြီးသောအခါတွင် ရောက်လေရာအရပ်မှ အစ္စရေးလ်နိုင်ငံသို့ ပြန်လာကြသည်။ ဆိုဗီယက်နိုင်ငံအတွင်းမှာ ရှိနေသော ဂျူးလူမျိုးတို့သည်လည်း အစ္စရေးလ်နိုင်ငံသို့ ပြန်လာကြသည်။ ၎င်းတို့၏ဝင်ပေါက်မှာ ဩစထရီးယားနိုင်ငံရှိ ကူနော ရဲတိုက်ကလေးမှတဆင့် ဝင်လာကြခြင်း ဖြစ်သည်။ ဩစထရီးယား အစိုးရကလည်း ဆိုဗီယက်နိုင်ငံရှိ ဂျူးအမျိုးသားတို့ အစ္စရေးလ်နိုင်ငံသို့ ဝင်ရောက်လိုကြပါက ထိုဝင်ပေါက်မှ ဝင်နိုင်ကြောင်း ခွင့်ပေးခဲ့သည်။

သို့သော် လွန်ခဲ့သော ရက်သတ္တပတ်ကစပြီး ယင်းဝင်ပေါက်ကို လုံးဝ ပိတ်လိုက်ကြောင်းဖြင့် ဩစထရီးယားနိုင်ငံ အဓိပတိ ဂျူးလူမျိုး ဘရူနိုကရီစကီက အမိန့်ထုတ်လိုက်သည်။ သို့ဖြင့် ဆိုဗီယက်မှ ဂျူးများ အစ္စရေးလ်နိုင်ငံသို့ ဝင်ပေါက်ပိတ်သွားတော့သည်။

ယခု အရှေ့အလယ်ပိုင်းတွင် စစ်ဖြစ်လာသောအခါ ထိုကိစ္စကို စိတ်ဝင်စားသူများ ပေါ်ပေါက်လာသည်။ ကျူနီးရှား သမ္မတ ဟာဗစ်ဘော်ဂွိဘာက ဩစထရီးယားနိုင်ငံ အဓိပတိ ဘရူနိုကရီစကီ ထံသို့ သဝဏ်လွှာတစ်စောင် ယနေ့ ပေးပို့လိုက်သည်။ ယင်း သဝဏ်လွှာတွင် အဆွေတော်၏ ဆုံးဖြတ်ချက်သည် လတ်တလောဖြစ်ပေါ်နေသည့် အရှေ့အလယ်ပိုင်း ပဋိပက္ခကို ဖြေရှင်းနိုင်ရန်အတွက် များစွာ အထောက်အကူ ပြုသော ဆုံးဖြတ်ချက် ဖြစ်ပါသည်။ ထိုမျှမကသေးဘဲ လူသားတန်ဖိုးကိုလည်းကောင်း၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးအတွက်လည်းကောင်း သံယောဇဉ် ကြီးမားလှကြောင်းကိုလည်း ပြသလိုက်ခြင်းပင် ဖြစ်ပါသည်ဟု ဖော်ပြထားသည်။

ဂျော်ဒန်နိုင်ငံ လက်နက်ကိုင် တပ်ပေါင်းစုံ၏ စစ်ဦးစီးချုပ်လည်း ဖြစ်သော ဘုရင်ဟူစိန်သည် ထိပ်တန်းအစိုးရ အရာရှိကြီးများ၊ လက်နက်ကိုင် တပ်ပေါင်းစုံတို့မှ ပုဂ္ဂိုလ်များနှင့် ယနေ့အစည်းအဝေး ပြုလုပ်ကာ

အစ္စရေးလ်နှင့် ဆီးရီးယားနယ်စပ်ဒေသ တိုက်ပွဲများနှင့် ပတ်သက်ပြီး လေ့လာကြသည်။ အခြေအနေအရပ်ရပ်ကို မျက်ခြေမပြတ်စေရန် အတွက် ဆီးရီးယားနှင့်ရာထူးအဆင့်တိုင်းတွင် အဆက်အသွယ်မပြတ် ရယူထားကြရန် ဘုရင်ဟူစိန်က ညွှန်ကြားသည်။

အာရပ်နိုင်ငံများ၏ အတိတ်သမိုင်းကို ပြန်ကြည့်လျှင် အချင်းချင်း ညီညွတ်မှုသည် အလွန်နည်းပါးလှသည်။ တစ်ပြည်ထောင်နှင့်တစ်ပြည်ထောင် အပုပ်ချရင်းဖြင့်ပင် ပြဿနာများ ကြီးထွားလာကာ တစောင်းစေးနှင့်မျက်ချေးကဲ့သို့ ဖြစ်နေကြသည်။ မတဲ့အတူနေကြသည့် သဘောပင် ဖြစ်သည်။

ယခုလည်း လစ်ဗျားသမ္မတ ကာဒါဖီကို အီဂျစ် သတင်းစာတို့က ဝိုင်း၀န်းတိုက်ခိုက်ကြပြန်သည်။

ကိုင်ရိုမြို့တွင် ယနေ့ထုတ်ဝေသော အက္ကဘာအယ်လ်ယွန် သတင်းစာ အယ်ဒီတာချုပ် အာဆန် အဗ္ဗဒယ်ကာဒေါ်စ်က "အာရပ် ရှင်ဘုရင်များ ထီးပြုတ်နန်းပြုတ်ဖြစ်အောင် ကာဒါဖီ ရည်မှန်းနေခြင်းသည် အစ္စရေးလ်နိုင်ငံအား နောက်ထပ် နှစ်ပေါင်း နှစ်ဆယ် ငြိမ်းချမ်းခွင့်ပေးလိုက်ခြင်းနှင့် တူသည်။ ဆော်ဒီအာရေဗျဘုရင် ဖိဇယ်အား တိုက်ခိုက်နေခြင်းသည် နှိုင်းတုမရသော အာရပ်အမျိုးသား ခေါင်းဆောင်ကြီးကွယ်လွန်သူ အီဂျစ်သမ္မတ နတ်ဆာကို တိုက်ခိုက်ခြင်းနှင့် အတူတူပင် ဖြစ်သည်။

"နယ်နိမိတ် မျဉ်းကြောင်းများကို' ကျော်လွန်ပြီး တော်လှန်ရေးမလုပ်ရဟု ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်သည် အလွန်နားလည်ရခက်သော ဆုံးဖြတ်ချက်ပင် ဖြစ်ပါသည်။ ထိုနည်းတူစွာ ဖိဇယ်ဘုရင်အား ကာဒါဖီ တိုက်ခိုက်နေခြင်းကိုလည်း နားလည်ရခက်သည်။ ကာဒါဖီသည် ဖိဇယ်ဘုရင် တစ်ဦးတည်းကို သာမက မော်ရိုကို ဘုရင် ဟပ်ဆန်နှင့် ဂျော်ဒန်ဘုရင် ဟူစိန်တို့ကိုပါ နန်းချပစ်ရန် ကြိုးစား နေသူ ဖြစ်သည်။







ဂျော်ဒန်ဘုရင် ဟူစိန်

"အာရပ်ဘုရင်များကို နန်းချပစ်ရန်သည် လစ်ဗျားနိုင်ငံ တော်လှန်ရေး၏ အဓိက ရည်မှန်းချက် ဖြစ်လေသလော။ အဓိက ရည်မှန်းချက် ဖြစ်ပါသည် ဆိုလျှင် ကျွန်ုပ်တို့ အာရပ်နိုင်ငံများအားလုံး အစိုးရအဖွဲ့ ဖွဲ့စည်းပုံစနစ်များ ပြုပြင် ပြောင်းလဲပြီးသည် အထိ အစ္စရေးလ် တို့ကို နှစ်ပေါင်း နှစ်ဆယ် ကြာအောင် ငြိမ်းချမ်းစွာ နေခွင့်ပြုလိုက်သည့် သဘောပင် ဖြစ်သည်။

"နိုင်ငံရေး ရပ်တည်ချက်နှင့် စီမံကိန်းများချမှတ်ရာတွင် ညီညွတ်မှုရရှိရေးသည် အရေးအကြီးဆုံး ဖြစ်သည်။ ထိုညီညွတ်မှုကိုမှ ရအောင် မယူနိုင်လျှင် မိမိတို့၏ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိနိုင်တော့မည် မဟုတ်ချေ" ဟုဆိုသည်ဖြင့် အက္ကဘာအယ်လ်ယွန် သတင်းစာ အယ်ဒီတာ ချုပ်က ရေးသားသည်။

ဘုရင်ဖြင့် အုပ်စိုးသောစနစ်ကို ပယ်ဖျက်ပြီး ပြည်သူ့သမ္မတနိုင်ငံများ ထူထောင်ရန် လစ်ဗျားသမ္မတ ဗိုလ်မှူးကြီး ကာဒါဖီက ကြွေးကြော်ခဲ့ဖူးသည်။

အော်ဒီအာရေဗျနိုင်ငံသည်လည်း အီဂျစ်နိုင်ငံကို ငွေကြေး အ မြောက်အမြားပေးပြီး ကျားကန်ကာ အထောက်အကူ ပြုထားသည့် နိုင်ငံဖြစ်သည်။

မြေထဲပင်လယ်အတွင်း၌ အမေရိကန် အမှတ် ၆ ရေတပ်မတော် နှင့် ဆိုဗီယက်ရေတပ်မတော်တို့ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်း က တပ်စွဲ နေခဲ့ကြသည်။ ယခု အရှေ့အလယ်ပိုင်း စစ်မီးအသစ်နှင့် ပတ်သက်ပြီး ထိုရေတပ်မတော်များ၏ လှုပ်ရှားမှုကို ကမ္ဘာ့နိုင်ငံ အသီး သီးတို့က အာရုံစိုက်နေကြသည်။

လတ်တလော အရေးအခင်းကြောင့် အမေရိကန် အမှတ် ၆ ရေတပ်မတော်သည် ထူးထူးခြားခြား လှုပ်ရှားမှုများ မပြုလုပ်။ လုပ်ရိုး လုပ်စဉ် သာမန်လေ့ကျင့်မှုများကိုသာ လုပ်ကိုင်လျက်ရှိပါသည်ဟု အမေရိကန် ကာကွယ်ရေးဌာန အရာရှိများက ထုတ်ဖော်ပြောဆိုကြ သည်။

၁၉၇၀ ပြည့်နှစ်က အာရပ်နိုင်ငံများ အချင်းချင်း တင်းမာမှုများ ဖြစ်ပွား ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုစဉ်က အမှတ် ၆ ရေတပ်မတော်မှ လေယာဉ်တင် သင်္ဘောများနှင့် စစ်သင်္ဘောများကို အစ္စရေးလ်နှင့် လီဘာ နွန် ကမ်းခြေများသို့ ချဉ်းကပ်စေခဲ့ဖူးသည်။ ဂျော်ဒန်နိုင်ငံ အတွင်းသို့ ဆီးရီးယားနိုင်ငံက ထိုးဖောက် ဝင်ရောက်ကာ တိုက်ခိုက်မည့် အန္တရာယ် မှ ကာကွယ်လိုသည့် သဘောဖြစ်သည်။

ယခုစစ်ပွဲသည် ရှည်လျားသော စစ်ပွဲ ဖြစ်လင့်ကစား ထိုဒေသသို့ ချဉ်းကပ်စေမည် မဟုတ်ကြောင်းဖြင့် ကာကွယ်ရေးဌာန အရာရှိများက ပြောဆိုကြသည်။

အမှတ် ၆ ရေတပ်မတော်တွင် လေယာဉ်တင် သင်္ဘောနှင့် စစ် သင်္ဘောပေါင်း ၄၀ မှ ၅၀ အထိ ပါဝင်ပြီး လေယာဉ်ပျံပေါင်း ၂၀၀ ခန့် ရှိသည်။

မြေထဲပင်လယ်အတွင်းမှာပင်ရှိနေသည့် ဆိုဗီယက်ရေတပ်မ





တော်သည်လည်း လတ်တလော အရေးအခင်းနှင့် ပတ်သက်ပြီး လှုပ်ရှားမှု တစ်စုံတရာ ပြုလုပ်သည်ဟု လုံးဝ မကြားရချေ။ ယင်း ရေတပ်မတော်သည်လည်း လေယာဉ်တင်နှင့် စစ်သင်္ဘောပေါင်း ၅၀ မှ ၆၀ အထိ အင်အားရှိသောတပ်ပင်ဖြစ်လေသည်။

## ၁၉၇၃ ၊အောက်တိုဘာ ၇၊ တနင်္ဂနွေ

အစ္စရေးလ် အရန်တပ်သားအများစုတို့သည် သက်ဆိုင်ရာ တပ်ဖွဲ့များနှင့် ဆက်သွယ်မိကြပြီဖြစ်ရာ စစ်ပွဲ၏ ဒုတိယနေ့ နံနက် စောစောတွင် စစ်မျက်နှာနှစ်ခုစလုံး၌ စစ်ရှိန်ပိုမိုမြင့်တက်လာသည်။

အာရပ်တို့၏ အထွေထွေ ထိုးစစ်ကြီးကို မြေပြင်တွင်လည်းကောင်း၊ ဝေဟင်တွင်လည်းကောင်း၊ ရေပြင်တွင်လည်းကောင် တန်ပြန်ထိုးစစ်များ ဆင်နွှဲခြင်းဖြင့် ဒုတိယနေ့ စစ်ပွဲကို ဖွင့်လှစ်စတင်လိုက်ကြသည်။ အစ္စရေးလ် အရန်တပ်များသည် စစ်မျက်နှာများသို့ တသောသော ရောက်လာလျက်ရှိသည်။ စစ်သုံးယာဉ်များ၊ အရပ်သားများပိုင်ဆိုင်သည့် ယာဉ်ပေါင်းစုံများ၊ သမဝါယမက ပိုင်ဆိုင်သည့် ယာဉ်ပေါင်းစုံများဖြင့် ဒလစပ်ပို့ပေးနေခြင်း ဖြစ်သည်။ အခြေခံ ပင်မတပ်အင်အား သုံးသောင်းကို ၇၂ နာရီအတွင်း သုံးသိန်း ဖြစ်အောင် စစ်စုစည်းမှုကို ပြုလုပ်နိုင်သည်ဟု ကြွေးကြော်ထားသည့် အစ္စရေးလ်တို့၏ တပ်မတော် ဖွဲ့စည်းပုံအရ အောင်မြင်အောင်ဆောင်ရွက် နိုးဆော်နေသည်။

### အီဂျစ်စစ်မျက်နှာ

ဂိုလန်ကုန်းပြင်မြင့် စစ်မျက်နှာထက် ပိုမိုပြင်းထန်သော တိုက်ပွဲများသည် ယနေ့ တစ်နေ့လုံး စူးအက်တူးမြောင်းဒေသ စစ်မျက်နှာတွင် ဖြစ်ပွားလျက်ရှိသည်။

အီဂျစ်တို့၏ မြစ်ကူး ကုန်းဘောင်တံတား ၁၁ ခုအနက် ၉ ခုကို အစ္စရေးလ်လေတပ် မြေစိုက်ဗုံးကြဲ တိုက်လေယာဉ်ပျံများက ဖောက်ခွဲဖျက်ဆီး ပစ်လိုက်ကြသည်။ သို့သော်လည်း လှိုင်းလုံးကြီးများပမာ






ဘားလက်ဗ် ခံစစ်ကြောင်းကို တက်ရောက် သိမ်းပိုက်ရာ

ထိုးဖောက် ဝင်ရောက်ကာ တူးမြောင်း၏ အရှေ့ဘက်ခြမ်းသို့ ဖြတ်ကျော်နေသည့် အီဂျစ်တပ်များကား ထင်သလောက် ရပ်တန့်သွားခြင်း မရှိချေ။ တူးမြောင်း၏ အရှေ့ဘက်ကမ်းခြေဒေသ အတော်များများကို အီဂျစ်တို့က ထိန်းထားနိုင်သော အခြေအနေသို့ ရောက်နေသည်။ အစ္စရေးလ်တို့၏ ဖျက်ဆီးခြင်းကိုခံရသော မြစ်ကူးတံတားများကိုလည်း ပြန်လည်တည်ဆောက်ကြသည်။ ထိုတံတားများဖြင့်ပင် တင့်ကားတပ်များကို ဆီနိုင်းသဲကန္တာရအတွင်းသို့ အီဂျစ်တို့က ဆက်လက် ပို့ပေးနေသည်။

အစ္စရေးလ်တို့ကလည်း တင့်ကားတပ်များ၊ ခြေလျင်တပ်များ၊ လေတပ်တိုက်လေယာဉ်များဖြင့် တန်ပြန်ထိုးစစ်ဆင်ကာ အီဂျစ်စစ်ဦးကို ဟန့်တားနေသည်။ မနေ့ကနှင့်စာလျှင် အခြေအနေကို များစွာ ထိန်းသိမ်းနိုင်သည့် အဆင့်သို့ ရောက်လာသည်။

သဲကန္တာရအတွင်း၌ အပြင်းထန် အဆိုးဝါးဆုံးသော စစ်ပွဲများ ဖြစ်ပွားနေခိုက်မှာပင် အီဂျစ်တပ်များသည် အဆက်မပြတ် စူးအက်တူးမြောင်းကို ဖြတ်ကျော်နေကြပြီး၊ အစ္စရေးလ်တို့ အားအကိုးဆုံးဖြစ်သည့် နာမည်ကျော် ဘားလက်ဖ်ခံတပ်ကြီးကို ဖြိုဖျက်ရန် ကြိုးစားကြသည်။ ပထမနေ့က ဘားလက်ဖ် ခံစစ်ကြောင်းကြီး အခြေအနေမှာ အလွန်ဆိုးဝါးကာ အီဂျစ်တို့ လက်တွင်းသို့ သက်ဆင်းတော့မည့် အခြေအနေသို့ပင် ဆိုက်ရောက်ခဲ့သည်။ စခန်းပေါင်း အမြောက်အမြားကိုပင် လက်လွှတ်ဆုံးရှုံးသွားကြရသည်။ ယနေ့ နံနက်ပိုင်းကစပြီး စစ်ကူများ ရောက်လာသဖြင့် တန်ပြန်ထိုးစစ်ကို အစ္စရေးလ်တို့က အလုံးအရင်းဖြင့် ထိုးကြသည်။ သံချပ်ကာကားတပ်မှလည်း တပ်ကူများ ထပ်မံရောက်ရှိလာသည်။ ထိုစစ်ကူများဖြင့် မိမိတို့၏စခန်းများ မကျဆုံးစေရန် အစ္စရေးလ်တို့က ကြိုးစားနေကြသည်။

ယနေ့မှစပြီး အစ္စရေးလ်လေတပ်က ခွန်ကြီးအားကြီးဖြင့် တိုက်ပွဲတွင်းသို့ ဝင်လာသည်။ စူးအက်တူးမြောင်းကို တသောသောဖြတ်ကူးနေသည့် အီဂျစ်တပ်များကို လေကြောင်းက သဲသဲမဲမဲ တိုက်ခိုက်လာ





သည်။ ထိုမျှသာမက ဆီနိုင်းအတွင်းသို့ စစ်ကူများ ပေးပို့နေသည့် အီဂျစ်ပြည်အတွင်းရှိ စစ်စခန်းများကိုပါ လေကြောင်းမှ သွားရောက်တိုက်ခိုက်သည်။ စစ်ကူများ ထပ်မံပေးပို့ခြင်း လျော့ပါးသွားစေရန် ဖြစ်သည်။ အီဂျစ်လေတပ်ကလည်း တန်ပြန်တိုက်စစ်များ ဆင်နွှဲသည်။ စူးအက်တူးမြောင်း တစ်လျှောက်ကို တိုက်ခိုက်နေသော အစ္စရေးလ်လေယာဉ်ပျံများကို ခုခံတိုက်ခိုက်သည်။ လေတပ်စီးချင်းထိုး တိုက်ပွဲများ အကြိမ်ကြိမ်ဖြစ်ပွားသည်။

တူးမြောင်း၏ အရှေ့ဘက်ကမ်း တစ်လျှောက်လုံးလိုလိုကို မိမိတို့တပ်များက ကောင်းစွာ ထိန်းသိမ်းထားလိုက်ပြီဖြစ်ကြောင်း အီဂျစ်ရေဒီယိုက ကြေညာသည်။ အစ္စရေးလ်တို့ကမူ ကမ်းခြေတစ်လျှောက်တွင် နှစ်နေရာလောက်ကိုသာ အီဂျစ်တို့ သိမ်းပိုက်ထားနိုင်ပါသည်ဟု ပြန်လည် ကြေညာသည်။

စူးအက်ဒေသ စစ်မျက်နှာ၏ မြောက်ဖက်ဖျားနှင့် တောင်ဘက်ဖျားများကို အစ္စရေးလ်တို့က အားသွန် ဖိတိုက်နေသည်။ ခြေလျင်တပ်များ၊ သံချပ်ကာကားတပ်များကို လေကြောင်း အထောက်အကူဖြင့် တစ်ဟုန်ထိုး စစ်ထိုးနေသည်။

အီဂျစ်နိုင်ငံအတွင်းရှိ စစ်စခန်းများကို လေကြောင်းမှ သွားရောက်တိုက်ခိုက်ရာတွင် ဒုတိယ အဓိကထားတိုက်သော ပစ်မှတ်များမှာ အီဂျစ်လေယာဉ်ကွင်းများ ဖြစ်သည်။ အီဂျစ်တို့ကလည်း ကျူးကျော်ရောက်ရှိလာသမျှ အစ္စရေးလ် လေယာဉ်ပျံများကို တိုက်လေယာဉ်ပျံများဖြင့် ပြန်လည်တွန်းလှန်ခြင်း၊ မြေပြင်မှ ဝေဟင်ပစ် ဆမ် ဒုံးယဉ်များဖြင့် ခုခံခြင်းများကို ပြုလုပ်နေသည်။

လေကြောင်းတိုက်ပွဲများသည်လည်း မနေ့ကထက် ပိုမိုပြင်းထန်လာသည်။ အီဂျစ်ဗုံးကြဲ လေယာဉ်ပျံများက မြေပြင်တပ်များကို အကူအညီပေးရာတွင်လည်းကောင်း၊ အစ္စရေးလ် လေယာဉ်ပျံများ လာရောက်တိုက်ခိုက်သည်ကို တွန်းလှန်ရာတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်

ရေး လုပ်ငန်းများ ပြုလုပ်ရာတွင်လည်းကောင်း၊ လေကြောင်းတိုက်ပွဲများ နေရာအနှံ့အပြားတွင် တနေကုန် ဖြစ်ပွားနေသည်။ ဆီနိုင်းကျွန်းဆွယ် မြောက်ဘက်ကမ်းရိုးတန်းရှိ အစ္စရေးလ်စခန်းများကို အီဂျစ်ရေတပ်စစ်သင်္ဘောများက အမြောက်များဖြင့် ပစ်ခတ် တိုက်ခိုက်ကြသည်။ လေကြောင်းမှလည်း သွားရောက် တိုက်ခိုက်သည်။ ယင်းမြောက်ဘက်ကမ်းရိုးတန်းဒေသ၌လည်း ပြင်းထန်သော လေကြောင်းတိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

ယနေ့ တစ်နေ့လုံး ဖြစ်ပွားသည့် လေကြောင်း တိုက်ပွဲများတွင် အစ္စရေးလ်လေယာဉ် ၂၇ စင်းကို ပစ်ချလိုက်ပြီး တင့်ကား ၆၀ နှင့် အစ္စရေးလ်ခံတပ် ၁၅ ခုတို့ကို လုံးဝချေမှုန်း ဖျက်ဆီးလိုက်ကြောင်း၊ မိမိတို့ဘက်က တိုက်လေယာဉ်ပျံ ၁၅ စင်း ဆုံးရှုံးသွားကြောင်းဖြင့် အီဂျစ်ရေဒီယိုက ညပိုင်းတွင် ကြေညာသည်။ အစ္စရေးလ်ဘက်ကမူ လေကြောင်း တိုက်ပွဲတွင် ဆုံးရှုံးသည့် လေယာဉ်ပျံ အရေအတွက်ကို ထုတ်ပြန် ကြေညာခြင်း မပြုချေ။ ရန်သူလေယာဉ်ပျံများ၏ အကျအဆုံးကိုလည်း ကြေညာခြင်းမပြုဘဲ ဆိတ်ဆိတ်နေလျက် ရှိသည်။

သို့သော် စစ်ဖြစ်ပြီး ၃၅ နာရီ ကြာသောအခါတွင် မိမိတို့၏ လေတပ်မတော်က အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံး၏ ကောင်းကင်ပြင်ကြီးကို ကြီးစိုးမင်းမူလျက်ရှိနေပြီ ဖြစ်ကြောင်းဖြင့် အစ္စရေးလ်စစ်ဦးစီးချုပ်ဌာနက ညဘက်တွင် ကြေညာလိုက်သည်။

ဒုတိယနေ့ ညနေပိုင်းသို့ ရောက်လာသောအခါတွင် စူးအက်တူးမြောင်းဒေသ စစ်မျက်နှာတွင် အီဂျစ်နှင့်အစ္စရေးလ်တို့ မည်သူက အပေါ်စီးရနေသည် ဆိုခြင်းမှာ နားလည်ခန့်မှန်းရ ခက်လောက်အောင် တစ်ယောက်တမျိုးစီ ကြေညာချက်များ ထုတ်ပြန်နေကြသည်။ အီဂျစ်ကလည်း ရန်သူစခန်း အမြောက်အမြားကို မိမိတို့က သိမ်းပိုက်လိုက်ပြီး စစ်ဦးသည် ရှေ့သို့ ဆက်လက် ထိုးဖောက် ချီတက်လျက် ရှိပါသည်ဟု ကြေညာသည်။ အစ္စရေးလ်ကလည်း ရန်သူတို့၏ ထိုးစစ်ကို တန်ပြန်





ထိုးစစ်များနှင့် တုန့်ပြန်ကာ ရန်သူဘက်က အကျအဆုံး များပြားစေလျက် ရှိရုံသာမက တူးမြောင်း၏ တဘက်ကမ်းသို့ပင် ပြန်လည် တွန်းပို့စပြုနေပါပြီဟု ကြေညာလိုက်သည်။

တချိန်တည်းမှာပင် အစ္စရေးလ်ရေဒီယိုက အာရပ်ဘာသာဖြင့် အသံလွှင့်ရာတွင်–

"စူးအက်တူးမြောင်းကို ဖြတ်ကျော်တဲ့ တံတားတွေအားလုံး ရဲဘော်တို့အတွက် ဖွင့်လှစ်ထားပါတယ်။ ဆီနိုင်းသဲကန္တာရကြီးဟာလဲ အလွန်တရာ အပြောကျယ်လှပါတယ်။ ဒါတွေအားလုံးဟာ ငါတို့အစ္စရေးလ်တွေရဲ့ ထောက်ချောက်တွေပဲဖြစ်တယ်။ ဒီထောင်ချောက်များအတွင်းကို အမြန်ဆုံး ချီတက်ဝင်ရောက်ခဲ့ကြလော့ ရဲဘော်တို့" စသည်ဖြင့် ဖိတ်ခေါ် ကြိုဆိုလျက်ရှိသည်။

အီဂျစ် ရေတပ် သင်္ဘောတစ်စင်းကို ပို့ဆက်ဆိပ်ကမ်းမြို့ အနီး၌ အစ္စရေးလ် မြေစိုက်ဗုံးကြဲ တိုက်လေယာဉ်ပျံများက နှစ်မြှုပ်ပစ်လိုက်သည်။ ပင်လယ်နီထဲတွင်လည်း လက်နက်ကိုင်တပ်များကို တင်ဆောင်လာသည့် အီဂျစ်သင်္ဘော သုံးစင်းကို အစ္စရေးလ်ရေတပ် စစ်သင်္ဘောများက နှစ်မြှုပ်လိုက်သည်။

ဒုတိယနေ့ မွန်းလွဲပိုင်းသို့ ရောက်လာသောအခါ လက်တကမ်း တိုက်ပွဲ ဆင်နွှဲခြင်း နည်းပါးသွားပြီး အစ္စရေးလ် စစ်စခန်းများကို အီဂျစ်တို့က အဝေးမှ အမြောက်ဖြင့် ပစ်ခြင်းများကို ပြုလုပ်လာသည်။ အစ္စရေးလ်စစ်စခန်းများပေါ်တွင် အမြောက်ဆံများ တရုံမလပ် ကျရောက် ပေါက်ကွဲလျက် ရှိသည်။ သံချပ်ကာကားများ၊ တင့်ကားများဖြင့် စစ်ဆင်ခြင်းကို ပိုမိုအားပြုလာသည်။

အစ္စရေးလ်တို့ဘက်က တင့်ကားဖျက် လက်နက်များကို ကျွမ်းကျင်စွာ အသုံးပြုပြီး စနစ်တကျ တိုက်ခိုက်ကြသည်။ အီဂျစ် တင့်ကားတပ်များ၏ နောက်ပိုင်းမှ ထောက်ပံ့ရေးနှင့် အားဖြည့်လမ်းကြောင်းများကို ထိထိရောက်ရောက် ဖြတ်တောက်ပစ်နိုင်ရန် လေတပ်အားကိုးဖြင့် အစွမ်း

ကုန် ကြိုးစားနေသည်။

အီဂျစ်များက တင့်ကားတပ်များကို ပိုမိုအားကိုးသည်။ မြေပြင်ပစ် အမြောက်တပ်များကို အကျိုးရှိရှိ အသုံးပြုနေသည်။ လေယာဉ်ပစ် ဆမ်ဒုံးယာဉ်များကို အစွမ်းထက်ထက် အသုံးချနေသည်။

အစ္စရေးလ်ကမူ မြေပြင်တပ်များ၊ ရေတပ်များထက် လေတပ်ကို ပိုမိုအားပြုသည်။ အထူးသဖြင့် အက်ဖ် ၄ ဖင်တမ်အမျိုးအစား မြေစိုက်ဗုံးကြဲ တိုက်လေယာဉ်ပျံများကို အားထားသည်။ အစ္စရေးလ် လေတပ်က အချက်ကြီး လေးချက်ကို အဓိကထားပြီး တိုက်ပွဲဝင်လျက် ရှိသည်။ ယင်းတို့မှာ–

၁ ။ ။ အီဂျစ်ပြည် အတွင်းပိုင်းရှိ စစ်လေယာဉ်ကွင်းများကို တိုက်ခိုက်ဖျက်ဆီးပစ်ရန်။

၂ ။ ။ ဆီးရီးယား ပြည်တွင်းရှိ မြေပြင်မှ လေယာဉ်ပစ်ဒုံးယာဉ်စခန်းများကို တိုက်ခိုက် ဖျက်ဆီးပစ်ရန်။

၃ ။ ။ စူးအက်တူးမြောင်းကို ဖြတ်ကျော်ရန် ထိုးထားသည့် မြစ်ကူးကုန်းဘောင်တံတားများကို ဖျက်ဆီးပစ်ရန်။

၄ ။ ။ အစ္စရေးလ်တို့၏ သံချပ်ကာတပ်များကို အားဖြည့်ကူညီပေးရန် စသော အချက်လေးချက်ပင် ဖြစ်သည်။

၎င်းတို့၏ အဓိက အချက်လေးချက်ကိုလည်း ကောင်းစွာ အကောင်အထည်ဖော်နိုင်သည့် အခြေအနေသို့ ရောက်လာသည်။ တိုက်ပွဲစတင်ဖြစ်ပွားပြီး ၃၅ နာရီကြာသောအခါ အစ္စရေးလ် လေတပ်သည် အရှေ့အလယ်ပိုင်း ကောင်းကင်ယံကြီးတစ်ခုလုံးကို အပိုင်စီးထားလိုက်ပါပြီဟု ကြေညာသည့်အတိုင်းပင် လေကြောင်းတိုက်ပွဲများတွင် အစ္စရေးလ်တို့က အသာရသည်က များနေသည်။

စူးအက်တူးမြောင်းကို ဖြတ်ကျော်ပြီး ဆီနိုင်းသဲကန္တာရ အတွင်း





သို့ တသောသောဝင်နေသော အီဂျစ်တပ်များကိုလည်းကောင်း၊ သံချပ်ကာကားတပ်များ၏ နောက်ပိုင်းအားဖြည့် လမ်းကြောင်းများကိုလည်းကောင်း၊ အင်အား နည်းပါးသွားအောင် ပြုလုပ်ထားနိုင်သည်။ ထိုနည်းအားဖြင့် ဆီနိုင်း သဲကန္တာရ အတွင်းသို့ ဝင်ရောက်လာကြသည့် အီဂျစ်တပ်များကို ထောင်ချောက်သွင်းသကဲ့သို့ ပြုလုပ်ရန် ပြင်ဆင်ခြင်းဖြစ်သည်။ သို့သော်လည်း အီဂျစ်တို့၏ စစ်အင်အားသည် အစ္စရေးလ်တို့ ခန့်မှန်းသကဲ့သို့ သေးငယ် တန့်ရပ်သွားခြင်းမရှိဘဲ အရှိန်အဟုန် ကြီးမားစွာဖြင့် ဆက်လက် တိုက်ပွဲဝင်လျက် ရှိနေသည်။ တူးမြောင်းကိုလည်း ကြီးမားသည့် တပ်ကြီးများက ဖြတ်ကျော်ဆဲပင် ရှိသည်။ အီဂျစ်တွင်ရှိသမျှ မြေပြင်တပ်များနှင့် သံချပ်ကာကားတပ်များကို ထိုစစ်မျက်နှာအတွက် အိတ်သွန်ဖာမှောက် အသုံးပြုနေသည့် သဘောဖြစ်သည်။

၇၂ နာရီ ကြာမြင့်သောအခါ အစ္စရေးလ်တို့၏ စစ်အင်အားကို အပြည့်အဝ စုစည်းပြီးဖြစ်ပါလိမ့်မည်ဟု ဆိုထားလေရာ ယခုအချိန်အထိ စစ်စုစည်းမှုသည် ပြီးပြည့်စုံခြင်းသို့ မရောက်လာသေးချေ။ တစ်ဝက်တပျက်မျှသာ စုစည်းပြီးသေးသည်။ ထို့ကြောင့်လည်း ထိရောက်သော တန်ပြန် ထိုးစစ်ဆင်ခြင်းကို မြေပြင်တပ်များအနေဖြင့် ယခုအချိန်အထိ ထူးထူးခြားခြား ပြုလုပ်နိုင်ခြင်း မရှိသေးချေ။

မည်သို့ဆိုစေ၊ အီဂျစ်တို့သည် ပြင်းထန်စွာ တိုက်ပွဲဝင်နေကြလင့်ကစား နောက်ပိုင်းသို့ တပ်လန်ကာ ထိုးစစ် ပုံသဏ္ဌာန်မှ ခံစစ်ပုံသဏ္ဌာန်သို့ ပြောင်းလဲနေပြီဟု အစ္စရေးလ်တို့က တွင်တွင်ကြေညာလျက် ရှိသည်။ အရန်တပ်များ စုစည်းမှုသည်လည်း ပြီးစီးသလောက် ဖြစ်နေပါပြီဟု ကြေညာကာ စစ်မြေပြင်များ၌ တိုက်ပွဲဝင်နေသောတပ်များအား နှစ်သိမ့်လျက် ရှိသည်။

ယခုတစ်ကြိမ် တိုက်ပွဲဝင်သော အီဂျစ်တို့သည် ၁၉၆၇ ခုနှစ်၊ ၆ ရက် စစ်ပွဲနှင့်နှိုင်းစာလျှင် များစွာ သူရသတ္တိ ပြောင်မြောက်လာ



ဆီနိုင်းအတွင်းသို့ ထိုးဖောက်ခဲ့သည့် အီဂျစ်က ဖမ်းဆီးထားသော အစ္စရေးလ်စစ်သုံ့ပန်းများ



ကြကြောင်း၊ တည်တည်ငြိမ်ငြိမ်ဖြင့် စစ်တိုက်ဝံ့လာကြကြောင်း၊ ၎င်းတို့ လက်ဝယ်ကိုင်တွယ်အသုံးပြုနေသည့် စစ်လက်နက်ပစ္စည်းများကိုလည်း ကျွမ်းကျင်စွာ အသုံးချတတ်လာကြကြောင်းဖြင့် ရှေ့တန်းစစ်မျက်နှာတွင် တိုက်ပွဲဝင်လျက်ရှိသော အစ္စရေးလ်စစ်အရာရှိများက ဝန်ခံပြောဆိုကြသည်။

ခံတပ်စခန်းအချို့ကို အစ္စရေးလ်တပ်များက စွန့်ခွာ ထွက်ပြေးနေကြပြီး အချို့ကမူ လက်နက်ချကြောင်း၊ အစ္စရေးလ် စစ်သုံ့ပန်းအများအပြားကို ရရှိထားပြီဖြစ်ကြောင်း၊ တင့်ကားများ၊ သံချပ်ကာကားများ၊ လက်နက် ခဲယမ်း မီးကျောက်များတို့ကိုလည်း အကောင်းပကတိ သိမ်းယူရရှိနေကြောင်းဖြင့် ညဦးပိုင်းတွင် အီဂျစ်က ကြေညာသည်။

ဟိုဘက်ဒီဘက် အကျအဆုံးများနှင့် ပတ်သက်၍ အစ္စရေးလ်တို့က စာရင်း အတိအကျ ကြေညာခြင်း မရှိချေ။ စစ်မျက်နှာများတွင် နှစ်ဘက်အကျအဆုံး အထိအခိုက်များ ရှိပါသည်ဟု သာမန်ဝန်ခံပြောဆိုခြင်းကိုသာ ပြုသည်။

**ဆီးရီးယားစစ်မျက်နှာ**

အစ္စရေးလ်ဂျက်လေယာဉ်ပျံများသည် ဆီးရီးယားပြည်နယ် အတွင်းပိုင်းရှိ ပစ်မှတ် အတော်များများကို ယနေ့ နံနက်စောစော ၅ နာရီတွင် ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ဆီးရီးယားနိုင်ငံနှင့် ဒုတိယနေ့စစ်ပွဲကို စတင်ဖွင့်လှစ်လိုက်သည်။

ကျူးကျော် ဝင်ရောက် တိုက်ခိုက်လာသည့် အစ္စရေးလ် လေယာဉ်များကို မိမိတို့၏ လေကြောင်းရန် ကာကွယ်ရေးတပ်များက တွန်းလှန်လိုက်ကြောင်း၊ အရေအတွက် မသိရသေးသော လေယာဉ်ပျံအချို့ကို မိမိတို့ တပ်များက ပစ်ချလိုက်ကြောင်းဖြင့် ဆီးရီးယားဘက်က ကြေညာသည်။

ဂိုလန်ကုန်းပြင်မြင့်တွင် ဆီးရီးယားနှင့်အစ္စရေးလ်တို့ လေကြောင်းတိုက်ပွဲ နှစ်ကြိမ် ဖြစ်ပွားသည်။ လေယာဉ် စီးချင်းတိုက်ပွဲများတွင်

အစ္စရေးလ်လေယာဉ်အများအပြားကို ပစ်ချနိုင်ခဲ့သည်ဟု ဆိုသည်။

နံနက်စောစောပိုင်းမှ စတင်ပြီး ဂါလီလီ အထက်ပိုင်းဒေသနှင့် ဟူလာတောင်ကြားရှိ ဂါဒေါ့နှင့် ရှာမာမြို့ နှစ်မြို့သည် ဆီးရီးယားတို့၏ အမြောက်ဆံများ မိုးသီးမိုးပေါက်ပမာ ရွာချခြင်းကို ခံနေရသည်။ မကြာခဏလည်း ဆီးရီးယားလေတပ်က လာရောက် ဗုံးကြဲနေသည်။ ယင်းဒေသများသည် ၁၉၆၇ ခုနှစ် ၆ ရက် စစ်ပွဲကာလက ဆီးရီးယားတို့လက်မှ အစ္စရေးလ်တို့ သိမ်းပိုက်သွားသည့် နယ်မြေများ ဖြစ်သည်။

ဆီးရီးယား ခြေလျင်တပ်များ၊ တင့်ကားတပ်များသည် ဂိုလန်ကန်းပြင်မြင့်တွင် သုံးနေရာလောက်မှ ထိုးဖောက်ဝင်ရောက်ပြီး အစ္စရေးလ်တပ်များကို ဖြိုဖျက်နိုင်ရန် ကြိုးစားကြသည်။ အစ္စရေးလ်စခန်းအတော်များများကိုလည်း သိမ်းပိုက်နိုင်ရန် အားသွန် ဖိတိုက်နေသည်။ အစ္စရေးလ်ခံတပ်အချို့ကို တွန်းလှန်ပစ်လိုက်သည်။ ၆ ရက်စစ်ပွဲအတွင်းက ရန်သူလက်သို့ ကျရောက်ခဲ့သည့် မိမိတို့ပိုင် ကျေးရွာအများအပြားကို ပြန်လည်သိမ်းယူကာ လွတ်မြောက်စေလိုက်ပြီဟု ဆီးရီးယားက ကြေညာသည်။

အစ္စရေးလ်တို့ကမူ ဆီးရီးယားတို့သည် မူလ အစ္စရေးလ်ပိုင်နက်နယ်မြေစစ်စစ် တရွာတလေမျှကိုပင် ထိပါးခြိမ်းချောက်နိုင်ခြင်း မရှိသေးကြောင်း၊ သိမ်းပိုက်နိုင်ရန် ဆိုသည်မှာမူ စဉ်းစားဘို့အကြောင်းပင် မရှိကြောင်း၊ တပ်ဦးကျွံလာသည့် ရန်သူတင့်ကားများကို တစ်စင်းပြီး တစ်စင်း ဖျက်ဆီးလျက်ရှိကြောင်း၊ ရန်သူတို့သည် တဖြည်းဖြည်း တပ်လန့်စ ပြုနေပြီဖြစ်ကြောင်း၊ အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းကို ဖြတ်ကျော်လာသည့် ကျူးကျော်သူများသည် လေကြောင်းကာကွယ်မှု လုံးဝ မရနိုင်ဘဲ မိမိတို့ စိတ်ထင်တိုင်း ပြုသမျှကို ခံနေကြရကြောင်း ဖြင့် အစ္စရေးလ်ရေဒီယိုက ကြေညာသည်။

ဒုတိယနေ့ ညနေပိုင်း ရောက်သောအခါ ဆီးရီးယား ခြေလျင်နှင့် သံချပ်ကာ ကားတပ်များသည် အစ္စရေးလ် သိမ်းပိုက်ထားသော ဂိုလန်





ကုန်းပြင်မြင့်တွင်းသို့ အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းကို ကျော်ပြီး ၃ မိုင်ခန့် ထိုးဖောက်ဝင်ရောက်လာနိုင်သည်။ အစ္စရေးလ်တို့ကလည်း ဝန်ခံသည်။ သို့သော်လည်း ယင်းသို့ နယ်မြေသုံးမိုင်ခန့် သိမ်းပိုက်ရရှိနိုင်အောင် ဆီးရီးယားတို့သည် ကြီးစွာသော အရင်းအနှီးများကို စိုက်ထုတ်နေရကြောင်းဖြင့် ဆက်လက်ပြောဆိုသည်။

မျက်မြင်သက်သေတို့ အပြောအရ အစ္စရေးလ်တို့၏ ဖင်တမ်နှင့် မိုင်းရတ်ချ် တိုက်လေယာဉ်ပျံများသည် အနှောက်အယှက် ကင်းရှင်းစွာဖြင့် ဆီးရီးယားစစ်ကြောင်းများကို ဖြတ်ကျော် ပျံသန်းလျက် ရှိသည်ဟု ဆိုသည်။

ရှေ့တန်းစစ်မျက်နှာတွင် ရှိနေသော ဆီးရီးယားတို့၏ ဆိုဗီယက်လုပ် ဆမ် ၃ ဒုံးယာဉ်စခန်းများကို အစ္စရေးလ် လေတပ်က လုံးဝ ချေမှုန်းပစ်လိုက်သည်။ ထို့ကြောင့် ဒမတ်စကပ်မြို့တော်သည် အစ္စရေးလ်တို့၏ လက်ခုပ်ထဲကရေ ဖြစ်သွားပါပြီဟု အစ္စရေးလ်က ကြေညာသည်။

ဆီးရီးယားတို့ဘက်က တင့်ကားနှင့် သံချပ်ကာကားပေါင်း ၈၀၀ မှ ၁၀၀,၀ ခန့်အထိ ပါဝင်တိုက်ခိုက်နေသည်။ ယနေ့ ညနေပိုင်းတွင် တင့်ကားနှင့် သံချပ်ကာကား အမြောက်အမြားကို အစ္စရေးလ်တို့က ဖျက်ဆီးပစ်လိုက်နိုင်သည်ဟု ရှေ့တန်းရောက် သတင်းထောက်များက သတင်းပေးပို့သည်။

## အစ္စရေးလ်ပြောသမျှ

အရန်တပ်များကို အပြည့်အဝ ပြင်ဆင်ပြီးသည်နှင့် တပြိုင်တည်း တန်ပြန်ထိုးစစ်ကို အောင်မြင်စွာ ဆင်နွှဲနိုင်မည်ဖြစ်ကြောင်းဖြင့် အစ္စရေးလ် စစ်ထောက်လှမ်းရေး အကြီးအကဲဖြစ်သူ ယခု အရန်တပ် ဗိုလ်ချုပ်ကြီး ဟိမ်းဟာဇော့က ယနေ့ပြောသည်။

ဗိုလ်ချုပ်ကြီး ဟိမ်းဟာဇော့က တိုင်းပြည်သို့ အသံလွှင့် ပြောကြားရာတွင် "ရှုးအက်တူးမြောင်း တလျှောက်၌ ချထားသော အင်အားနည်းပါးလှသည့် မိမိတို့၏ စစ်တပ်နှင့် နိုင်းစာလျှင် အီဂျစ် စစ်တပ်က



မစ္စစ် ဂိုလ်ဒါမီယာ

အပေါ် စီး ရလျက်ရှိသည်။ ထို့ကြောင့်လည်း တူးမြောင်းကို တံတားထိုး ကျော်ဖြတ်ကာ အောင်ပွဲ အချို့ ရယူနိုင်သည့်အင်အား ရှိနေခြင်း ဖြစ်သည်။

"ဂိုလန် ကုန်းပြင်မြင့် စစ်မျက်နှာတွင် မိမိတို့တပ်များသည် ၁၉၆၇ ခုနှစ် ၆ ရက် စစ်ပွဲတုန်းက ရင်ဆိုင်ခဲ့ရသော ရန်သူထက် အင်အား ၅ ဆ ကြီးမားသည့် ရန်သူများကို ရင်ဆိုင်နေရသည်။ အရန်တပ်များ စုစည်းပြီးသည်နှင့်တပြိုင်တည်း တွန်းလှန်ချေမှုန်းမှုများကို စတင်ပြုလုပ်နိုင်တော့မည် ဖြစ်သည်။

"တူးမြောင်းကို ဖြတ်ကျော်ရန် ပြုလုပ်ထားသော မည်သည့်ကုန်းဘောင် တံတားမျိုးမဆို လေကြောင်းကာကွယ်မှု လုံလောက်အောင် မရဘဲနှင့် သက်ဖိုးရှည်နိုင်မည် မဟုတ်။ ယနေ့ အစ္စရေးလ်လေတပ်၏ စွမ်းအားသည် အလွန်တရာ ကြီးမား အစွမ်းထက်လျက် ရှိသည်။ လူတိုင်း စစ်ဆေး သိရှိနိုင်ကြပါသည်။ လေကြောင်း စွမ်းရည်သည် တန်ပြန် ထိုးစစ်အတွက် အကြီးမားဆုံးသော အင်အားပင် ဖြစ်သည်။

"၁၉၆၇ ခုနှစ်က ဆီနိုင်းကျွန်းဆွယ်နှင့် ဂိုလန် ကုန်းပြင်မြင့်ကို မိမိတို့ သိမ်းပိုက်ခဲ့ကြခြင်းအားဖြင့် မိမိတို့သည် ဆက်လက် တိုက်ခိုက်





ကြမည်လော၊ အာရပ်တို့ လာရောက် တိုက်ခိုက်ခြင်းကို စောင့်ကြို နေကြမည်လော ဟူသည့် လမ်းဆုံလမ်းခွတွင် ရောက်ရှိနေခဲ့သည်။ ထို လမ်းနှစ်သွယ်အနက် လာရောက်တိုက်ခိုက်ခြင်းကို စောင့်ကြိုနေမည် ဟူသော ဒုတိယလမ်းကို မိမိတို့ ရွေးချယ်ခဲ့ကြသည်။ ဤသို့ ရွေးချယ်ခြင်းမှာ နိုင်ငံရေး အပေါ်စီး ရယူလိုမှုအတွက် ဖြစ်သည်။

"ယခုစစ်ပွဲ ဖြစ်လာရခြင်းမှာ အီဂျစ်သမ္မတ အန်ဝါဆာဒတ်၊ ဆီးရီးယားသမ္မတ ဟာဖက်ဇ်အာဆတ်နှင့် ဂျော်ဒန်ဘုရင် ဟူစိန်တို့ ပြုလုပ်ခဲ့ကြသော အစည်းအဝေး၏ ရလာဒ်ဖြစ်သည်။ ဘုရင်ဟူစိန်သည် အကြပ်အတည်းနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ ယခုစွန့်စားမှုတွင် ၎င်းတို့နှင့် ပူးပေါင်းလာရန် ဘုရင်ဟူစိန်အား အကြပ်ကိုင်နေသည်မှာ ယုံမှားဖွယ် မရှိချေ။ သို့သော်လည်း သူ၏ပိုင်နက် နယ်မြေ တစ်ဝက်နှင့် ရင်းနှီးယူထားခဲ့ရသည့် လွန်ခဲ့သော ၆ နှစ်က အတွေ့အကြုံသည် သူ့အတွက် အလေးအနက် စဉ်းစားဖွယ်ရာ အကြောင်းကြီးတခု ဖြစ်နေသည်" ဟု ဗိုလ်ချုပ်ကြီး ဟိမ်းဟာဇော့က တိုင်းပြည်သို့ အသံလွှင့် ပြောကြားသွားသည်။

လက်ရှိစစ်ပွဲတွင် အာရပ်များဘက်မှ ဂျော်ဒန်ဘုရင်ဟူစိန် ပါဝင်တိုက်ခိုက်လာရန် ဝိုင်းဝန်း အကြပ်ကိုင်ခြင်းကို ခံနေရသည်ဆိုသော အချက်နှင့်ပတ်သက်ပြီး အစ္စရေးလ်နိုင်ငံရှိ အကြားအမြင်များသော ရပ်ကွက်ကလည်း အတည်ပြု ပြောဆိုသည်။

ဘုရင်ဟူစိန်သည် ၎င်း၏တပ်များကို မနေ့က တပ်လှန့် ထားခဲ့သော်လည်း ထိုတပ်များသည် စစ်မြေပြင်သို့ ယနေ့ဝင်ရောက်ရန် အလားအလာ မရှိသေးဟုလည်း အစ္စရေးလ်တို့က ခန့်မှန်း တွက်ဆ ထားကြသည်။

အစ္စရေးလ်တို့၏ အင်အားခိုင်မာသော လေကြောင်း စစ်ဆင်ရေးကြီးကို ယခုအချိန်မှစ၍ စတင်ဆင်နွှဲပြီ ဖြစ်ကြောင်းဖြင့် ဂိုလန်ကုန်းပြင်မြင့်သို့ ရောက်နေသည့် အစ္စရေးလ် အသံလွှင့်ဌာန သတင်းထောက်

က ယနေ့ညနေ ၅ နာရီတွင် သတင်းပေးသည်။

သူ့သတင်းအရ ဂိုလန်ကုန်းပြင်မြင့်တွင် ရှိသည့် ဆီးရီးယားတို့၏ လေယာဉ်ပစ် ဒုံးယာဉ်စခန်းများကို အစ္စရေးလ် လေတပ်က အနှောက်အယှက် ကင်းမဲ့စွာဖြင့် ချေမှုန်းနိုင်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်းနှင့် ဒမတ်စကပ်မြို့ကြားရှိ ဆမ် ၂၊ ဆမ် ၃၊ ဆမ် ၆ ဒုံးယာဉ်စခန်းပေါင်း တစ်ဒါဇင်ခန့်ကိုလည်း လှုပ်ရှားမှု လုံးဝ မပြုနိုင်တော့အောင် တိုက်ခိုက်နိုင်ခဲ့သည်။

အစ္စရေးလ်လေတပ်သည် စူးအက်တူးမြောင်း တစ်လျှောက်တွင်လည်းကောင်း၊ ဆီနိုင်းကျွန်းဆွယ်ထဲတွင်လည်းကောင်း ဗုံးကြဲခြင်းနှင့် လေကြောင်း တိုက်ပွဲများ ဆင်နွှဲကြရာတွင် အလွန်တက်ကြွပြီး အစွမ်းထက်ကြသည်။ အီဂျစ်လေယာဉ် အများအပြား၊ အထူးသဖြင့် မစ်တိုက်လေယာဉ်ပျံ များသည် အစ္စရေးလ်တိုက်လေယာဉ်ပျံများနှင့် စီးချင်းတိုက်ပွဲများတွင်လည်းကောင်း၊ လေယာဉ်ပစ် အမြောက်များ၏ လက်ချက်ဖြင့်လည်းကောင်း ပစ်ချခြင်းကို ခံနေကြရသည်။

အစ္စရေးလ်လေတပ်၏ လက်ချက်ဖြင့် မီးခိုးမဲများ တလူလူ တက်နေသည့် အီဂျစ်တင့်ကားများကို မနေ့ကနှင့် ယနေ့ နှစ်ရက်လုံးလုံး အဝေးမှပင် လှမ်းမြင်နေရသည်။ အီဂျစ်တို့သည် ၎င်းတို့ ပြုလုပ်ခဲ့ကြသော တံတားများမှ ဖြတ်ကျော်ကူးလာရန် များစွာ ခက်ခဲနေကြပြီ ဖြစ်သည်။ အစ္စရေးလ်လေတပ်သည် တူးမြောင်း၏ တောင်ဘက်ဖျားတွင် အလုပ်အများဆုံး ဖြစ်နေသည်။ ရာသီဥတုကလည်း မိမိတို့ကို အထောက်အကူပြုသည်။ သဲမုန်တိုင်းမရှိ၊ တိမ်ကင်းစင်ကာ နေရောင်ကလည်း မစူးရှချေ။ အပူချိန်မှာ ဖာရင်ဟိုက် ၆၀ မှ ၇၉ ဒီဂရီအထိသာ ရှိလေရာ၊ မြေပြင်တွင် ပြင်းထန်သည့်တိုက်ပွဲများ ဆင်နွှဲရန် အကောင်းဆုံး ဖြစ်နေသည်ဟု အစ္စရေးလ်သတင်းထောက်က သတင်းပို့သည်။

ယနေ့ညနေပိုင်းမှာပင် အရန်တပ် ဗိုလ်ချုပ်ကြီး ဟိမ်းဟာဇော့က



သ၊ [illegible]ာရာများနှင့် တွေ့ဆုံကာ အခြေအနေများကို ရှင်းပြသည်။

[illegible]မ်းဟာဇော့က "တူးမြောင်း၏ အနောက်ဘက်ကမ်းတွင် အီဂျစ်တပ်မတော် တစ်ခု၊ အရှေ့ဘက်ကမ်းတွင် တစ်ခု ရှိသည်။ ဆီနိုင်းကျွန်းဆွယ်ကို ထိုးစစ်ဆင်နေသည့်တပ်များအား နောက်ပိုင်းမှ လက်နက်ရိက္ခာ ဖြည့်ခြင်း၊ တပ်ကူးပို့ခြင်းများမှာ ယနေ့ လျော့နည်းသွားသည်။ အစ္စရေးလ်လေတပ်၏ ကြီးမားသော စွမ်းပကားဖြင့် အီဂျစ်နိုင်ငံအတွင်းရှိ လေယာဉ်ကွင်းများ၊ ဒုံးယာဉ်စခန်းများကို တိုက်ခိုက်နိုင်ခဲ့သည်။ ခုခံမှု အနည်းငယ်ကိုသာ ရင်ဆိုင်ရသည်။ သို့သော်လည်း အီဂျစ်လေတပ်၏ ဆုံးရှုံးမှုမှာ မကြီးမားလှသေးပါ။

"ဆီးရီးယား စစ်မျက်နှာတွင် နယ်စပ်ဒေသနှင့် ဒမတ်စကပ်ကြားရှိ ဒုံးယာဉ်စခန်းများကို ဖျက်ဆီးနိုင်ခဲ့သည်။ ဆီးရီးယား လေတပ်သည် မနေ့ကနှင့် နှိုင်းယှဉ်လျှင် တက်ကြွမှု များစွာနည်းပါးသွားသည်။ အစ္စရေးလ်လေယာဉ်မှူးများနှင့် ရင်ဆိုင်ရသောအခါ ကြောက်စိတ်များ ဝင်လာကာ ရဲရဲတင်းတင်း မတိုက်ဝံ့ဘဲ ရှိသည်။

"အစ္စရေးလ်၏ အဓိက ထိုးစစ်အတွက် အရန်တပ်များကို စုစည်းခဲ့ရာ ယခု အသင့်ဖြစ်ပြီ။ အရန်တပ်များသည် အုပ်စုကလေးများ အသွင်ဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်းထက် အင်ကြီးအားကြီး အလုံးအရင်းကြီးဖြင့် တိုက်ခိုက်နေကြပြီ ဖြစ်သည်။ ဂိုလန်ကုန်းပြင်မြင့်တွင် ကြီးမားသော အပြောင်းအလဲကြီးကို ဖြစ်စေတော့မည်။ ဆီးရီးယားတို့သည် အင်အား ကန့်သတ်ထားသည့် အစ္စရေးလ်တပ်များကို တိုက်ခိုက်ရာမှာပင် ဟုတ္တိပတ္တိ ထိုးဖောက်နိုင်ခြင်း မရှိခဲ့ပါ" ဟု သတင်းစာဆရာများကို ဟိမ်းဟာဇော့က ရှင်းပြသွားသည်။

ယနေ့ညပိုင်းတွင် အီဂျစ်နှင့်ဆီးရီးယား မြို့ကြီးများ၌ မှောင်ချထားသော်လည်း အစ္စရေးလ်နိုင်ငံတွင်မူ ခေါင်းဆောင်တို့၏ စေ့ဆော်မှုဖြင့် အကြောင်းအားလျော်စွာ မီးထွန်းခွင့်များကို ပြုသည်။ တိုင်းသူပြည်သားများ စိတ်ဓာတ်တက်ကြွစေရန် မီးထွန်းခွင့် ပေးလိုက်ခြင်း

ဖြစ်သည်။ ယခုစစ်ကြောင့် မိမိတို့အဖို့ ထူးခြားခြင်း တစ်စုံတစ်ရာ မဖြစ်လေဟန် ဖန်တီးခြင်း ဖြစ်သည်။

အစိုးရအဖွဲ့၏ လေးကြိမ်မြောက် အရေးပေါ် အစည်းအဝေးကို ယနေ့ကျင်းပသည်။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန်က စစ်ပွဲအခြေအနေကို အသေးစိတ် ရှင်းပြသည်။ ဘဏ္ဍာရေး ဝန်ကြီး ပင်ဟက်စ်ဆာပါက ၂၅ နှစ် သမိုင်းအတွင်း ၄ ကြိမ်မြောက် စစ်ပွဲကြောင့် စီးပွားရေး ထိခိုက်နိုင်သည့်အချက်များကို တင်ပြသည်။

## အာရပ်ပြောသမျှ

ဆီနိုင်းသဲကန္တာရအတွင်း ဒုတိယနေ့ အထိနာသော တိုက်ပွဲကြီးများ ဖြစ်ပွားပြီးနောက် ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင် ထွက်ပြေးသွားကြသော အစ္စရေးလ် သံချပ်ကာကားများ နောက်သို့ အီဂျစ်တို့က ထက်ချပ်မကွာလိုက်ကာ တိုက်ခိုက်လျက် ရှိသည်ဟု ကိုင်ရိုရေဒီယိုက ကျေညာသည်။

ရေဒီယိုက ဆက်လက် ကျေညာရာတွင် အစ္စရေးလ် လေယာဉ်ပေါင်း ၁၀၀ ကို ပစ်ချလိုက်ပြီး စူးအက်တူးမြောင်းအတွင်းမှ မိမိတို့၏ ဖြတ်ကျော်ရေးတံတားများ ချိုးဖျက်ရန် ရန်သူတို့က ကြိုးစားကြသည်။ သို့သော်လည်း မိမိတို့က နိုင်နင်းစွာ တွန်းလှန်လိုက်သည်။ ဆက်လက်၍လည်း မိမိတို့တပ်များက အလုံးအရင်းဖြင့် ဖြတ်ကျော်လျက်ပင် ရှိကြသည်။ ရန်သူလေကြောင်းက မိမိတို့ပြည်တွင်းရှိ ပစ်မှတ်များကို လာရောက် တိုက်ခိုက်သည်။ သို့သော်လည်း ထိရောက်မှုမရှိ။

မိမိတို့ဘက်က တိုက်လေယာဉ် ၂၆ စင်းနှင့် တင့်ကား ခါးပြတ်များ နှစ်ရက်အတွင်း ဖျက်ဆီးခြင်း ခံရသည်ဟု ရေဒီယိုက တစ်နေ့တာ စစ်သတင်းများကို ကြေညာသွားသည်။

ဆီးရီးယားနှင့် ဖြစ်ပွားနေသော ဂိုလန်ကုန်းပြင်မြင့် စစ်မျက်နှာမှာလည်း ဆီးရီးယားတို့က အပေါ်စီး ရနေကြောင်း၊ အစ္စရေးလ်တပ်များ၊ တင့်ကားများ၊ သံချပ်ကာကားများ၊ လေယာဉ်ပျံများကို အကျအဆုံး





များပြားစေလျက်ရှိကြောင်းဖြင့် ဆီးရီးယားက ကြေညာသည်။

ယနေ့ညဦးပိုင်းတွင် အီဂျစ်သမ္မတ အန်ဝါဆာဒတ်၏ သတင်းစာ အကြံပေးအရာရှိ ဒေါက်တာအက်ရှ်ရပ်ဖ် ဂေါ်ဘယ်လ်က ကြေညာချက် တစ်စောင်ကို ရုပ်မြင်သံကြားမှ ဖတ်ကြားအသံလွှင့်သည်။

ဒေါက်တာ ဂေါ်ဘယ်လ်က “အရှေ့ဘက် စစ်မျက်နှာတွင် အီဂျစ် အလံတော် တလူလူ ဝင့်ကြွားနေသည့် ရုပ်ရှင်ကို ရုပ်မြင်သံကြားမှ တဆင့် တိုင်းသူပြည်သားများအား မနေ့ညက ပြခဲ့ပါသည်။ နောက်ထပ်၍ ကျွန်ုပ်တို့၏ တပ်များက စူးအက်တူးမြောင်းကို အနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်းသို့ မည်သို့ ဖြတ်ကူးခဲ့ကြကြောင်း၊ အစ္စရေးလ်တို့၏ ဘားလက်ဗ် ခံစစ်ကြောင်းကြီးကို မည်သို့မည်ပုံ မုန်တိုင်းဆင်လိုက်ကြောင်းများ ရိုက်ကူးထားသည့် ရုပ်ရှင်ကိုလည်း ရုပ်မြင်သံကြားမှ တဆင့်ပင် ပြသပါဦးမည်။ နောက် ရုပ်ရှင်တစ်ခုမှာ ကျွန်ုပ်တို့ ဖမ်းဆီးရမိထားသော အစ္စရေးလ်စစ်သုံ့ပန်းများကို တိုင်းပြည်သို့ ပြသမည့် အစီအစဉ် ဖြစ်ပါသည်။

“ထိုရုပ်ရှင်များ၊ ထိုရုပ်ပုံလွှာများသည် ၁၉၆၇ ခုနှစ်က အခြေအနေနှင့် ယခုအခြေအနေကို နှိုင်းယှဉ်ကြည့်နိုင်ကြရန် ဖြစ်ပါသည်။ ၁၉၆၇ ခုနှစ်က ကျွန်ုပ်တို့သည် စကားသာ ပြောနိုင်ခဲ့ကြသည်။ အလုပ်, လုပ်မပြနိုင်ခဲ့ကြ။ သို့သော် ယခုအခါတွင် အခြေအနေတို့သည် လုံးလုံးလျားလျား ပြောင်းပြန် ပြောင်းလဲသွားပြီဖြစ်ပါသည်။ ၁၉၆၇ ခုနှစ်၏ သင်ခန်းစာများကို ကောင်းစွာ လေ့လာနိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။

“အစ္စရေးလ်တို့သည် မနေ့က မွန်းလွဲပိုင်းက ကျွန်ုပ်တို့၏ ဇာအာဖရန်နှင့် အိန်ဆော့ခ်နာတို့ကို လေကြောင်းမှ လာရောက် တိုက်ခိုက်ခဲ့သည်။ ယခုစစ်ပွဲကို သူတို့က စတင် တိုက်ခိုက်ခြင်းမဟုတ်၊ အီဂျစ်များကသာ စတင် တိုက်ခိုက်ခြင်း ဖြစ်ကြောင်းဖြင့်လည်း တစ်ကမ္ဘာလုံးသို့ လိမ်လည် ပြောဆိုနေသည်။ ထိုနည်းဖြင့်ပင် လစ်ဗျား အရပ်သား လေယာဉ်တစ်စင်းလည်း ဆုံးရှုံးခဲ့ရပြီ။ ဘီရွတ်မြို့တွင်လည်း ပါလက်

စတိုင်း တော်လှန်ရေးခေါင်းဆောင်တို့ အသက်ဆုံးခဲ့ရပြီ။ လီဘာနွန်ထဲရှိ ပါလက်စတိုင်း ဒုက္ခသည်များကိုလည်း လေကြောင်းမှ စက်သေနတ်ဖြင့် ပစ်ခဲ့ပြီ၊ လွန်ခဲ့သည့် စက်တင်ဘာ ၁၃ ရက်နေ့ကလည်း ဆီးရီးယားအတွင်းသို့ ကျူးကျော်ဝင်ရောက်ကာ ဆီးရီးယားလေယာဉ် အများအပြားကို ဖျက်ဆီးခဲ့ပြီ။ ထိုအဖြစ်အပျက်များကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို အစ္စရေးလ်က လာရောက် စော်ကားခဲ့သော်၊ ထိုစော်ကားမှုအပေါ်တွင် ပြန်လည် အောင်ပွဲခံနိုင်ရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရတော့မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ဆုံးဖြတ်ခဲ့ကြသည်။

''လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လုံလောက်သော အခြေခံတရားများလည်း ရှိပါသည်''

''အစ္စရေးလ်တို့သည် မကြာခင် အထွေထွေရွေးကောက်ပွဲ လုပ်တော့မည်။ လက်ရှိအစိုးရကို ခေါင်းဆောင်နေသူများမှာ လေဘာပါတီဝင်များနှင့် စစ်ခေါင်းဆောင်များ ဖြစ်သည်။ သူတို့သည် လာမည့်ရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအတွက် လိုအပ်သော မဲဆွယ်မှုများ ပြုလုပ်ရန် အရေးကြီးနေသည်။ ထိုမဲဆွယ်နည်းမှာ ၎င်းတို့သိမ်းပိုက်ထားသော အာရပ်နယ်မြေများကို ဆက်လက် ထိန်းသိမ်းထားရေး၊ ဖြစ်နိုင်မည်ဆိုလျှင် နောက်ထပ် နယ်မြေတိုးချဲ့ရေးများ ပြုလုပ်ရန်တို့ ဖြစ်သည်။

အရှေ့အလယ်ပိုင်းပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ အစ္စရေးလ်တို့ သိမ်းပိုက်ထားသည့် နယ်မြေများကို အာရပ်နိုင်ငံများအား ပြန်လည်ပေးအပ်ကာ ပဋိပက္ခကို ပြေငြိမ်းရေး၊ ပါလက်စတိုင်းပြည်သူတို့ကို တရားမျှတသည့် ပိုင်ခွင့်တရားများ ပေးရေး စသော ကမ္ဘာပြည်သူတို့၏ တောင်းဆိုမှုများကိုလည်း အစ္စရေးလ်တို့ ရင်ဆိုင်နေရသည်။

''ကမ္ဘာ့ပြည်သူတို့၏ အလိုဆန္ဒကို ဆန့်ကျင်နေခြင်းအားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့က အစ္စရေးလ်အား ဆန့်ကျင်လာမည်ကိုလည်း စိုးရိမ်နေကြသည်။ အာရပ်နိုင်ငံများ၏ တောင်းဆိုမှု၊ ဘက်မလိုက်နိုင်ငံများ





ညီလာခံ၏ တောင်းဆိုမှုများကို ကြည့်လျှင်လည်း အစ္စရေးလ်တို့ကို ပ,စားပေးသည့် အချက်များကို မမြင်တွေ့ရချေ။

''ဥရောပနိုင်ငံများက ကျွန်ုပ်တို့၏ ရပ်တည်ချက်ကို နားလည်သဘောပေါက်လာပြီး ကျွန်ုပ်တို့အား ထောက်ခံလာသည်နှင့် ပတ်သက်၍လည်း အစ္စရေးလ်တို့ စိုးရိမ်နေကြပြီ ဖြစ်သည်။ ကမ္ဘာ့ပြည်သူတို့၏ ကြီးမားသော ဒီရေသည် အစ္စရေးလ် လိုလားသော အမေရိကန်ကို ရိုက်ပုတ်ပြီး ယင်းအမေရိကန်ကိုပင် တရားမျှတသည့်ဘက်သို့ တွန်းပို့လိုက်မည်ကိုလည်း စိုးရိမ်နေကြသည်။''

''ဩစတေးရီးယားအစိုးရ၏ ရုရှပြည်မှ ဂျူးများ ဝင်ပေါက်ကို ပိတ်သော နောက်ဆုံး အရေးယူဆောင်ရွက်ချက်သည် အစ္စရေးလ်အုပ်ချုပ်သူတို့အား တုန်လှုပ်စေသည်။ ကမ္ဘာ့ပြည်သူတို့၏ ဆန္ဒကို ဆန့်ကျင်နေသည့် အစ္စရေးလ်တို့အား စိတ်ကုန်ခမ်းသွားသည့် သဘောကို ပြခြင်းပင်ဖြစ်သည်။ ဩစတေးရီးယား အဓိပတိ ကရိုစကီသည် ဂျူးလူမျိုးပင်ဖြစ်သည်။

''အစေ့စပ်အဆွေးနွေးမခံသည့် ၎င်းတို့၏ လက်ကိုင်ဝါဒကို ဂျူးပြည်သူများကိုယ်တိုင်က ဆန့်ကျင်လာကြမည်ကို စိုးရိမ်နေသည်။''

''ထိုသို့သော အကြောင်းများကြောင့် မိမိတို့သည် လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ထားရတော့မည်ဖြစ်ကြောင်း သဘောပေါက်နားလည်ခဲ့သည်။ ထို့ကြောင့်လည်း ပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်။

''မနေ့ကပင်လျှင် ဖအာဖရန်နှင့် အိန်ဆော့ခ်နာကို အလစ်ဝင်ရောက် တိုက်ခိုက်ခြင်း ခံလိုက်ရပြီ။ ကျွန်ုပ်တို့ဘက်မှာ များစွာ အထိနာသွားသည်။ ထို့ကြောင့် ၁၉၆၇ ခုနှစ်က သင်ခန်းစာများကို ကျွန်ုပ်တို့ယူကြရတော့မည် ဖြစ်ကြောင်း နားလည်ခဲ့ပါသည်။ ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင် စစ်စခန်းများမှာ အင်အား ကြီးမားလာသည့် အစ္စရေးလ်တို့၏ စစ်ပြင်ဆင်မှုများကို ကြည့်ပြီး အောက်တိုဘာ ၆ ရက်နေ့က ကျူးကျော်စော်ကားမှုများကို လက်တုန့်ပြန်လိုက်ခြင်း ဖြစ်ပါသည်'' ဟု သမ္မတ

အန်ဝါဆာဒတ်၏ သတင်းစာ အကြံပေးအရာရှိ ဒေါက်တာ ဂေါ်ဘယ်လ်က ရုပ်မြင်သံကြားမှ အသံလွှင့် ပြောသွားသည်။

**ကမ္ဘာ့နိုင်ငံအသီးသီး၏ဂယက်များ**

"အရှေ့အလယ်ပိုင်းပြဿနာကို အစေ့စပ်မခံသော အစ္စရေးလ်တို့၏ အပြုအမူသည် ယနေ့ ဖြစ်ပွားရသော စစ်ပွဲကို ဦးတည်စေခဲ့သည်" ဟု အိန္ဒိယအစိုးရ နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ ပြောသည်။

၎င်းက ဆက်လက်၍ "ယခုပေါက်ကွဲမှုသည် အာရပ် ပြည်ထောင်စုများအတွင်း နိုင်ငံသားတို့၏ တရားမျှတသော တောင်းဆိုမှုများကြောင့် ပေါက်ပေါက်လာခြင်း ဖြစ်သည်။ ယခုကဲ့သို့ ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာသည့်တိုင်အောင် ဒုက္ခပေါင်းစုံကို နှစ်ရှည်လများ ခါးစည်းခံခဲ့ကြသည့် အာရပ်လူမျိုးများကို အိန္ဒိယက ကြီးမားစွာ ကရုဏာ သက်မိသည်။ သူတို့၏ အမှုသည် တရားမျှတမှုပေါ် မူတည်သည်။ ယင်းဒေသ၏ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေရာမှ ကမ္ဘာ့ငြိမ်းချမ်းရေး အထိ ထိပါးလာမည့် အန္တရာယ်အား ကာကွယ်ရန် ၁၉၆၇ ခုနှစ် ကုလသမဂ္ဂ ဆုံးဖြတ်ချက် အမှတ် ၂၄၂ ကို အစ္စရေးလ်တို့က အမြန်ဆုံး အကောင်အထည်ဖော်ရမည်" စသည်ဖြင့် အိန္ဒိယနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့် ရှိသူက ပြောသည်။

အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများ ဖြစ်ပွားပေါ်ပေါက်နေရခြင်းမှာ အစ္စရေးလ်တို့၏ ကျူးကျော်မှုနှင့် လက်နက်ဖြင့် အကြမ်းဖက်တိုက်ယူသိမ်းပိုက်ထားသော နယ်မြေများမှ ပြန်လည် ဆုတ်ခွာမပေးဘဲ ငြင်းဆန်နေမှုတို့ကြောင့် ဖြစ်ကြောင်း အိန္ဒိယအစိုးရက ယခင်ကတည်းက အကြိမ်ကြိမ် ကြေညာခဲ့သည်။

"ဖြစ်ပေါ်လာသမျှ အရေးအခင်း အားလုံးတို့ကို အစ္စရေးလ်နိုင်ငံကသာလျှင် လုံးလုံးလျားလျား တာဝန်ယူရမည်ဖြစ်ပြီး အစ္စရေးလ်တို့ ကျူးကျော်စစ်ပွဲ ဆင်နွှဲချင်လာအောင် မြှောက်ထိုးပင့်ကော် လုပ်ပေး





နေကြသည့် နိုင်ငံခြားပယောဂများသည်လည်း ထပ်တူထပ်မျှ တာဝန်ရှိကြောင်း" ဖြင့် ဆိုဗီယက်အစိုးရက ကြေညာသည်။

**စစ်ဖြစ်ပြီး** ဒုတိယမြောက်နေ့ကျမှ ထုတ်ပြန်လိုက်သော ဆိုဗီယက်အစိုးရ၏ ကြေညာချက်တွင် "ဤပြဿနာနှင့် ပတ်သက်၍ အာရပ်ပြည်ထောင်စုများက နိုင်ငံရေးအရ ဖြေရှင်းရန် ကြိုးစွာဆန္ဒရှိခဲ့ပြီး ဆွေးနွေးရန်လည်း အသင့်ရှိကြောင်း အများအသိပင် ဖြစ်သည်။

"မည်သို့ဆိုစေ၊ အာရပ်နိုင်ငံများ၏ ကြိုးပမ်းမှုများ၊ ကုလသမဂ္ဂအပါအဝင် ငြိမ်းချမ်းရေးကို မြတ်နိုးကြသည့် နိုင်ငံအများတို့၏ ကြိုးပမ်းချက်များသည် နောက်ဆုံးတွင် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ကြမည်သာ ဖြစ်ပါသည်။ ယနေ့ ပြဿနာသည် အစ္စရေးလ်တို့က မရပ်မနား ကျူးကျော်နေကြသောကြောင့် ဖြစ်ပေါ်လာရသည့် ပြဿနာသာ ဖြစ်သည်။"

"ဆိုဗီယက်ပြည်ထောင်စုသည် လွတ်လပ်ရေးနှင့် အချုပ်အခြာကင်းမဲ့မှုအတွက် တိုက်ပွဲဝင်နေကြသော ပြည်သူများဘက်ကလည်းကောင်း၊ ယုံကြည်စိတ်ချရသော မိတ်ဆွေနိုင်ငံများဖြစ်သည့် အာရပ်နိုင်ငံများဘက်ကလည်းကောင်း ရပ်တည်သည်။ နယ်မြေချဲ့သူ အစ္စရေးလ်ကို ရှုတ်ချသည်။ ၁၉၆၇ ခုနှစ်က သိမ်းပိုက်ရယူသွားသော နယ်မြေများကို ပြန်ပေးရန် တရားသဖြင့် တောင်းဆိုနေကြသည့် အာရပ်ပြည်သူများ၏ တောင်းဆိုချက်ကို ထောက်ခံသည်။"

"မှန်ကန်သော အကြောင်းပြချက်များကို အစ္စရေးလ် အစိုးရက မကြားချင်ယောင် ဆောင်နေမည် ဆိုပါက နယ်မြေချဲ့သူပီပီ အာရပ်နယ်မြေများကို ဆက်လက် သိမ်းပိုက်ထားမည် ဆိုပါက၊ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များကို ဆက်လက်၍ မသိကျိုးကျင် ပြုနေမည်ဆိုပါက၊ ကမ္ဘာ့ပြည်သူတို့၏ စိတ်ဆန္ဒကို ဆန့်ကျင်ပြီး ဆက်လက် စိန်ခေါ်နေမည်ဆိုပါက ထိုတင်းမာမှုများ၏ အကျိုးဆက်မှ ရရှိလာမည့် ဘေးဒုက္ခများကို အစ္စရေးလ်ပြည်သူတို့သာ

အောင်ရတနာ စာပေ

လျှင် ခံစားကြရလိမ့်မည်။ ထိုဘေးဒုက္ခများကို တန်ဖိုးကြီးစွာပေးပြီး ခံစားရစေရန် ဖန်တီးသူမှာ အစ္စရေးလ်နိုင်ငံ၏ အုပ်စိုးသူ လူတန်းစားသာလျှင် ဖြစ်သည်'' ဟူသည်ဖြင့် ဆိုဗီယက်အစိုးရ၏ ယနေ့ ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးလ်နှင့် စစ်ဖြစ်နေသည့် အာရပ်နိုင်ငံများကို မိမိတို့တိုင်းပြည်က အခိုင်အမာ ထောက်ခံကြောင်းဖြင့် လီဘာနွန်ပြည်ဆိုင်ရာ တရုတ်သံအမတ်ကြီး ဆူမင်းက ယနေ့ကြေညာသည်။ သံအမတ်ကြီး ဆူမင်းနှင့် လီဘာနွန် ဝန်ကြီးချုပ် တာကီဒင်ဆိုးတို့ တွေ့ဆုံဆွေးနွေးကြပြီး ပြည်သူ့တရုတ်ပြည်နှင့် တရုတ်ပြည်သူများက အာရပ်သုံးပြည်ထောင်ဘက်က ရပ်တည်ကြောင်း ကြေညာခြင်းဖြစ်သည်။

လီဘာနွန်နိုင်ငံ ဝန်ကြီးချုပ်ဆိုးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတန်း အဖွဲ့ဝင်နိုင်ငံများအနက် လေးပြည်ထောင်တို့မှ သံအမတ်ကြီးများနှင့် စောစောပိုင်းက အဆက်အသွယ်ယူခဲ့သည်။

အာရပ်–အစ္စရေးလ် စစ်မျက်နှာသို့ ကျူးနီးရှား စစ်တပ်များကို စေလွှတ်မည် ဖြစ်ကြောင်း ကျူးနီးရှားသမ္မတ ဘော်ဂွီဘာက ယနေ့ အသံလွှင့် ကြေညာသည်။

''ရှေ့တန်း စစ်မျက်နှာသို့ ကျူးနီးရှားတပ်များ ရောက်ရှိသွားရန် ရက်ပေါင်းများစွာ အချိန် ကြာမြင့်မည်ဖြစ်သည်။ ထိုအကြောင်းကိုလည်း လစ်ဗျားသမ္မတ ဗိုလ်မှူးကြီးကာဒါဖီနှင့် မိမိတို့ တယ်လီဖုန်းပြောကြရာတွင် ထည့်သွင်း ပြောဆိုလိုက်သည်။ ယခု ဖြစ်ပွားနေသည့် စစ်ပွဲကြောင့် အာရပ်တို့ ရရှိလာမည့် အကျိုးအမြတ်ကို မိမိစိုးရိမ်မိသည်။ အဘယ်ကြောင့်ဆိုသော် အစ္စရေးလ်တို့၏ စစ်အင်အားကို မိမိသိသောကြောင့်ဖြစ်သည်။

''ဤအသိများ၊ တွေးထင်ချက်များသည် မိမိ၏ အမှားများသာဖြစ်ပါစေဟု မိမိမျှော်လင့်ပါသည်။ အောင်ပွဲသည် အာရပ်များလက်သို့ ရောက်စေလိုပါသည်။ သို့သော်လည်း ထိုဆန္ဒနှင့်ပတ်သက်ပြီး မိမိအပြည့်





အဝ အာမ,မခံရဲပါ။ မည်သည့်ကိစ္စတွင်မဆို မိမိတို့သည် မိမိတို့နှင့် ပတ်သက်သော အခြေအနေကို ပွင့်လင်းစွာ၊ သစ္စာရှိစွာ၊ လေးနက်စွာ ဖော်ပြလေ့ရှိသည်'' ဟူသည်ဖြင့် ကျူးနီးရှားသမ္မတ ဘော်ဂွီဘာက ယနေ့ အသံလွှင့်ပြောကြားသည်။

သမ္မတဘော်ဂွီဘာသည် ယနေ့ နံနက်ပိုင်းက ဆီးရီးယားသမ္မတ အယ်လ်အာဆတ်၊ အယ်ဂျီးရီးယား သမ္မတ ဘူမီဒီယင်း၊ လစ်ဗျားသမ္မတ ကာဒါဖီတို့နှင့် တယ်လီဖုန်းဖြင့် စကားပြောခဲ့သေးသည်။

ထိုသို့ စကားပြောပြီးနောက် ယခုကဲ့သို့ အသံလွှင့်ခြင်း ဖြစ်သည်။ အသံလွှင့်ရာတွင် ''အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သည့် အတိုင်း အစကောင်းပါစေဟု မိမိ မျှော်လင့်သည်။ မိမိ စိုးရိမ်ချက်များများယွင်းကြောင်း တကယ်ဖြစ်လာသည့် အဖြစ်အပျက် အမှန်များက သက်သေပြကြပါစေ'' ဟူသည်ဖြင့် သမ္မတက ဆက်လက်ပြောဆိုသွားသည်။

ကျူးနီးရှားနိုင်ငံအတွင်း၌ ယနေ့ နံနက်ကစပြီး လက်နက်ကိုင်တပ်များအားလုံးကို တပ်လှန့်ထားသည်။ ၁၉၆၇ ခုနှစ် ၆ ရက် စစ်ပွဲတုန်းက အာရပ်များဘက်က ပါဝင်တိုက်ခိုက်ရန် ကျူးနီးရှား စစ်တပ်များကို ပို့ခဲ့ဖူးသည်။ သို့သော်လည်း ထိုစစ်တပ်များ စစ်မြေပြင်သို့ မရောက်သေးမီမှာပင် စစ်ပွဲပြီးဆုံးသွားခဲ့သည်။

ကျူးနီးရှားနိုင်ငံအတွင်းရှိ ဂျူးလူမျိုးများ မည်သို့တပေါက် မစွန်းစေရ။ ဂျူးဆန့်ကျင်ရေး ဆန္ဒပြပွဲများ မပြုလုပ်ရန်လည်း အစိုးရက ပေါ်လစီချကာ ထိန်းသိမ်းပေးနေသည်။ ၆ ရက်စစ်ပွဲတုန်းက လူငယ်အများအပြားတို့သည် ဗြိတိသျှသံရုံးနှင့် အမေရိကန်သံရုံးများကို တိုက်ခိုက်ခြင်း၊ ဂျူးလူမျိုးများ ပိုင်ဆိုင်သည့်ဆိုင်များ၊ အဆောက်အဦများကို ဖျက်ဆီးခြင်း၊ လုယက်ယူငင်ခြင်းများ ပြုလုပ်ခဲ့ကြဖူးသည်။

ထိုအကြောင်းများကို ပြန်လည်သတိရရင်း သမ္မတဘော်ဂွီဘာက ''၁၉၆၇ ခုနှစ်က အဖြစ်အပျက်မျိုးကို မိမိမလိုချင်။ မိမိတို့၏ ရန်သူသည်

ကျူးနီးရှား ပြည်တွင်းမှာ မရှိ။ အစ္စရေးလ်နိုင်ငံတွင်းမှသာ ရှိသည်။ ထို့ကြောင့် ဂျူးလူမျိုးတစ်ယောက်ကို ထိပါး ပုတ်ခတ်ခြင်း၊ ပစ္စည်းကို လုခြင်း၊ ပိုင်ဆိုင်မှုကို လုခြင်း၊ ယုတ်စွအဆုံး ဂျူးလူမျိုးတစ်ယောက်၏ ဆံပင်တစ်ချောင်းကို ထိပါးခြင်းမျိုးအထိ မိမိသဘောမတူကြောင်း'' ဖြင့် ယနေ့ အသံလွှင့်သွားသည်။

မော်စကို၌ ထုတ်ဝေသော ကွန်မြူနစ်ပါတီ သတင်းစာ ဖြစ်သည့် ပရာဗဒါးသတင်းစာက အစ္စရေးလ်ကို အပြစ်တင်ရေးသားသည်။ ယခု ပြဿနာကို နိုင်ငံရေးအရသာလျှင် ဖြေရှင်းရမည်ဖြစ်ကြောင်း ဆိုရှယ်လစ်နိုင်ငံများက သက်ဝင် ယုံကြည်ကြသည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို အခြေခံပြီး ဖြေရှင်းရမည်ဟု သတင်းစာက ရေးသည်။

ယခု စစ်ကို အစ္စရေးလ်တို့က စတင် တိုက်ခိုက်ကြခြင်း ဖြစ်သည်။ အာရပ်နိုင်ငံများ၏ မိမိတို့ လုံခြုံရေးအတွက် ကာကွယ်ပိုင်ခွင့်တရားကို ကမ္ဘာ့ပြည်သူအားလုံးတို့နှင့် အစိုးရအားလုံးတို့က ထောက်ခံကြစေလိုပါသည်။ ၆ ရက်စစ်ပွဲမှ စတင်ပြီး အစ္စရေးလ်တို့ သိမ်းပိုက်သွားကြသည့် ဆီနိုင်းကျွန်းဆွယ်နှင့် ဂိုလန်ကုန်းပြင်မြင့်ဒေသများကို ပြန်လည်ရရှိရေးအတွက် အီဂျစ်နှင့်ဆီးရီးယားတို့၏ စစ်ရေးပြုမူချက်များကို နိုင်ငံတကာက ကူညီကြစေလိုပါသည် စသည်ဖြင့် လန်ဒန်ရှိ ဆီးရီးယားသံရုံးက ကြေညာချက်တစ်စောင် ယနေ့ ထုတ်လိုက်သည်။

လန်ဒန်မှာပင် ရောက်နေသည့် အနောက် ဂျာမနီ အဓိပတိ ဝီလီဘရန့်နှင့် ဗြိတိသျှဝန်ကြီးချုပ် အက်ဒွပ်ဟီသိတို့လည်း ၂၄ နာရီကြာအောင် ဤကိစ္စကိုပင် ဆွေးနွေးနေကြသည်။ ပြဿနာ ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး ခေါ်ဖြစ်အောင် မိမိတို့ အစွမ်းရှိသမျှ ကြိုးစားကြမည်ဖြစ်ကြောင်း ကြေညာသည်။

စစ်ရှိန် မြင့်တက်နေဆဲမှာပင်၊ ဂရိကမ်းခြေတွင် တပ်စွဲထားသော အမေရိကန် အမှတ် ၆ ရေတပ်မတော်ကို ထိုဒေသမှ ထွက်ခွာပြီး





ကရိတ်၏ အရှေ့တောင်ဘက်ပိုင်းသို့ သွားရောက် တာဝန်ယူထားရန် အမိန့်ပေးလိုက်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန အရာရှိများက ယနေ့ ထုတ်ဖော်ပြောဆိုလိုက်ကြသည်။ ယင်းဒေသသည် နေ့ဝက် ခရီးဖြင့် စူးအက်တူးမြောင်းဒေသသို့ ရောက်ရှိနိုင်သော အရပ်ဖြစ်သည်။ ယင်းရေတပ်ကို အချင်း ဖြစ်ပွားနေရာသို့ ချဉ်းကပ်ရမည် ဟူ၍လည်းကောင်း၊ နောက်ပိုင်းသို့ပြန်လှည့်လာရမည်ဟူ၍လည်းကောင်း၊ အမိန့်တစ်စုံတစ်ရာ ပေးထားခြင်း မရှိသေးကြောင်းဖြင့်လည်း ဆက်လက်ပြောဆိုကြသည်။

''အာရပ်နိုင်ငံများအပေါ် အစ္စရေးလ်နိုင်ငံက စစ်ရေးအရ ကျူးကျော် တိုက်ခိုက်နေသည့် ကိစ္စနှင့် ပတ်သက်ပြီး ပြင်သစ်နိုင်ငံက ငြိမ်ချက်သားကောင်းနေသည်ကို မိမိ အံ့ဩမိကြောင်း'' ဖြင့် လစ်ဗျားသမ္မတ ဗိုလ်မှူးကြီးကာဒါဖီက ကြေညာလိုက်သည်။ ထိုမျှသာမကဘဲ ကာဒါဖီက ပြင်သစ်သမ္မတ ပွန်ပီဒူထံသို့လည်း စာတစ်စောင် ရေးသားပေးပို့လိုက်သည်။ ''လူကြီးမင်းထံမှ ပထမဦးဆုံး ကျွန်ုပ်ရရှိမည့် စာတွင် မှန်ကန်သော ဦးတည်ချက်များ ဖော်ပြပါရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း'' ဖြင့်လည်း ထိုစာတွင် ဖော်ပြထားသည်။

ယနေ့ညပိုင်းက ထရီပိုလီမြို့ရှိ မြူနီစပယ် အားကစားရုံတွင် မြို့သူမြို့သားများနှင့် သမ္မတ ကာဒါဖီတို့ တွေ့ဆုံကြသည်။ ယင်းလူထု စည်းဝေးပွဲကြီး၌ ကာဒါဖီက မိန့်ခွန်းပြောကြားရာတွင်.....

''ယနေ့ အီဂျစ်တို့က အစ္စရေးလ်တို့ တိုက်ခိုက်နေသည့် သေနင်္ဂဗျူဟာနှင့် ပတ်သက်ပြီး မိမိ သဘောမတူညီနိုင်ကြောင်း၊ ယခုတိုက်ပွဲမှ ရရှိလာမည့်အဖြေသည် အာရပ်တို့အတွက် ကောင်းသောအဖြေဖြစ်လာလိမ့်မည်ဟု မိမိမယုံကြည် မမျှော်လင့်ကြောင်း၊ မည်သို့ဆိုစေ၊ မိမိတို့သည် ရေနံမှ ရရှိသည့် အခွန်အတုပ်များဖြင့် အာရပ် ပြည်သူများကို ထောက်ပံ့မည်သာဖြစ်ကြောင်း၊ အီဂျစ်နှင့် ဆီးရီးယားတပ်များကို မိမိတို့ ထောက်ခံကြောင်း၊ အီဂျစ်တို့ကို အနိုင်ရစေလိုကြောင်း၊

အလားတူပင် အီဂျစ်စစ်သားများအနေဖြင့် အတိတ်က ဆုံးရှုံးချက်များကို ချေဖျက်နိုင်ခြင်း မရှိပါက ၎င်းတို့ကိုပင် အပြစ်တင်ရမည် ဖြစ်ကြောင်း၊ ၎င်းတို့ကိုပင် ထောက်ခံကြောင်း ကြေးနန်းများကို ကိုင်ရိုနှင့် ဒမတ်စကပ်မြို့များသို့ ပေးပို့ပြီးဖြစ်ကြောင်း။

''ယခုအချိန်တွင် အာရပ်ပြည်သူများသည် အပြောထက် အလုပ်ဖြင့် ပြရန် စိတ်ဆန္ဒ ပြင်းပြနေကြကြောင်း၊ ယင်းသို့သော အခြေအနေမျိုးတွင် ကြီးမားသည့် စိတ်လှုပ်ရှားမှုမျိုး မဖြစ်ပေါ်ရန် သတိကြီးစွာ ထားရမည် ဖြစ်ကြောင်း''

''စူးအက်တူးမြောင်းကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခြင်း အတွက် မိမိတို့ များစွာ ဂုဏ်ယူကြောင်း၊ သို့သော်လည်း အဖြေသည် မိမိတို့အတွက် အကောင်းဖြစ်မလာဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲ သွားက အခြားသူများအတွက် အကောင်းဖြစ်သွားမည်ကို ကြီးစွာ သတိထားရမည် ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် လုံခြုံသည့်အရပ်တွင် ရောက်ရှိနေကြသောကြောင့် ကိုယ်ချင်းစာတရား၊ စဉ်းစားချင့်ချိန် နိုင်သည့်တရား မရှိဟု ပြောလိုက ပြောနိုင်ကြောင်း၊ သို့သော်လည်း ယခုစစ်ပွဲနှင့် ပတ်သက်ပြီး အာရပ်တို့၏ ရည်ရွယ်ချက်နှင့် သေနင်္ဂဗျူဟာများကို မိမိသဘောမတူနိုင်ကြောင်း၊ ထိုကိစ္စနှင့် ပက်သက်ပြီး သဘောချင်း မတိုက်ဆိုင်သော်လည်း အစ္စရေးလ်တို့ သိမ်းပိုက်ရယူသွားသည့် နယ်မြေများ ပြန်လည်လွတ်မြောက်အောင် ကြိုးပမ်းရာတွင် အာရပ်များ အနိုင်ရရှိကြမည်ဆိုပါက မိမိတို့က ဝမ်းမြောက်ဝမ်းသာ လက်ခံမည်သာ ဖြစ်ကြောင်း။''

''အီဂျစ်နှင့် မိမိတို့ သဘောထား ကွဲလွဲခြင်းမှာ အဓိကအားဖြင့် လက်နက်တပ်ဆင်မှုပေါ်မှာသာ တည်ကြောင်း၊ ထိုမှတစ်ပါး အခြား အကြောင်းကြီးငယ် ဘာမှရှိကြောင်း''

''လေထဲမိုးထဲ ရောက်နေသော အချိန်တွင် ဂျော်ဒန်ဘုရင်ဟူစိန်၏ သရဲဲဘောကြောင်သည့် အဖြစ်မျိုးကိုလည်း မြင်တွေ့နေရကြောင်း၊





ရှက်ဖွယ်လိလိဖြစ်သည့် ဘုရင်ဟူစိန်၏ သူရဲဘောကြောင်မှုကြီးကို သတ္တိပြောင်မြောက်သော ဂျော်ဒန်ပြည်သူများက ချေမှုန်းပစ်ကြရန် တိုက်တွန်းလိုကြောင်း၊ ၆ ရက် စစ်ပွဲကာလတုန်းက ဂျော်ဒန်ဘုရင် ဟူစိန် လုပ်ခဲ့သည့် အလုပ်မျိုးကို မိမိတို့ မလုပ်လိုကြောင်း၊ ထိုစဉ်က ဟူစိန်သည် အာရပ်များ အနိုင်ရရှိရေးအတွက် စောစောပိုင်းက အာဘောင်အာရင်းသန်သန် ကြွေးကြော်ခဲ့သော်လည်း နောက်ပိုင်းတွင် အသံတိတ်သွားကြောင်း။ ဟူစိန်၏မိုက်မဲသော အပြုအမူသာ ဖြစ်ကြောင်း''

''ယခု ဖြစ်ပွားနေသော စစ်ပွဲ၏ စစ်မျက်နှာများတွင် အယ်လ်ဂျီးရီးယားပြည်မှ လေတပ်များကလွဲပြီး အခြား အာရပ်နိုင်ငံများ၏ လက်နက်ကိုင်တပ်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်ကြမည် မဟုတ်ကြောင်း၊ ကျူးနီးရှားနိုင်ငံက ဆေးဝါးအကူအညီများ ပေးပြီး မိမိတို့က ငွေကြေးအကူအညီ ပေးမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ ပေးသည့် ငွေကြေးအကူအညီသည် အစ္စရေးလ်အား အမေရိကန်က ပေးနေသည့် ငွေကြေးအကူအညီနှင့် နှိုင်းစာလျှင် အလွန်သေးငယ်သည့် ရေစက်ကလေးမျှသာ ဖြစ်ကြောင်း'' ဖြင့် လစ်ဗျားသမ္မတ ဗိုလ်မှူးကြီး ကာဒါဖီက လူထုအစည်းအဝေးတွင် ရှည်လျားစွာ အကျယ်တဝင့် ပြောကြားသွားသည်။

ထိုသို့ ကာဒါဖီ မိန့်ခွန်းပြောကြားပြီးနောက် ညပိုင်းမှာပင် ဂျော်ဒန် ဘုရင်ဟူစိန်ကို နန်းချပြီး ဂျော်ဒန်ပြည်သူများ စစ်အတွင်းသို့ ဝင်ရောက်ကာ အစ္စရေးလ်အား ဆန့်ကျင်တိုက်ခိုက်ကြရန်အတွက် လစ်ဗျားအစိုးရ ရေဒီယိုက အသံလွှင့် ကြေညာကာ တိုက်တွန်းသွားသည်။

ယနေ့ နေ့လည် ၁၁ နာရီ ၄၅ မိနစ် အချိန်က အစ္စရေးလ် လေတပ် ဖင်တမ်လေယာဉ် ရှစ်စင်း ဂျော်ဒန်ပိုင်နက် နယ်မြေတွင်းသို့ ကျူးကျော် ဝင်ရောက်လာသည်ဟု အဆိုရှိသည်။ ယင်းကျူးကျော်သူ လေယာဉ်ပျံများကို ဂျော်ဒန် လေယာဉ်ပစ်အမြောက်တပ်များက ပစ်ခတ် မောင်းထုတ်လိုက်သည်။ ကျူးကျော် ဝင်ရောက်လာရာ အရပ်သည်

အမ္မန်မြို့တော်နှင့် ၁၂ မိုင် ကွာဝေးရာ အနောက်ဘက်ဒေသ ဖြစ်သည်ဟု ဆိုသည်။ အမ္မန်မြို့ရှိ နိုင်ငံတကာလေဆိပ်ကို လုံခြုံရေးအတွက် ယနေ့မှစပြီး ပိတ်ထားလိုက်သည်။

ထိုသို့ တိုက်ပွဲ ဖြစ်ပွားပြီးနောက် ဂျော်ဒန်ဘုရင်ဟူစိန်သည် အစ္စရေးလ်တို့ သိမ်းပိုက်ထားသော နယ်မြေနှင့် ဆက်စပ်ကာ မျက်နှာချင်းဆိုင် တည်ရှိနေသည့် အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်း တစ်လျှောက်ရှိ ဂျော်ဒန် စစ်စခန်းများကို သွားရောက်စစ်ဆေးသည်။ ထိုသို့ တစ်နေကုန် သွားရောက် စစ်ဆေးနေရာတွင် အထူးသဖြင့် ဂျော်ဒန်လေတပ်ဌာနချုပ်ကို ပိုမိုအလေးထားကာ စစ်ဆေးခြင်းများ ပြုလုပ်သွားသည်။

ဂျော်ဒန်အစိုးရအဖွဲ့ အစည်းအဝေးကိုလည်း ယနေ့ တစ်မနက်လုံး ကျင်းပကာ အခြေအနေအရပ်ရပ်တို့ကို ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ လက်ရှိဖြစ်ပွားနေသော စစ်နှင့်ပတ်သက်၍မူ ဘုရင်ဟူစိန်က တစ်စုံတစ်ရာ ထုတ်ဖော်ပြောဆိုခြင်း မရှိသေးချေ။

"ဆူးအက်တူးမြောင်းဒေသရှိ မြေပြင်စစ်ပွဲများကို မိမိတို့ အီဂျစ်တပ်များက စတင် ဆင်နွှဲလိုက်ခြင်းဖြစ်ကြောင်း" ဖြင့် အီဂျစ် နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဇေးယတ်က နယူးယောက်မြို့၌ အမေရိကန်ရုပ်မြင်သံကြား အစီအစဉ်က ယနေ့ တွေ့ဆုံ မေးမြန်းရာတွင် ပြန်လည်ဖြေကြားရင်း မြေပြင်စစ်ပွဲကို အီဂျစ်က စတင်ခြင်းဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံသွားသည်။

ဇေးယတ်က ဆက်လက်ပြောကြားရာတွင် "ရေကြောင်းမှ စစ်ခင်းမှုများ၊ လေကြောင်းမှ ကျူးကျော်မှုများ ပြုလုပ်ရန် အစ္စရေးလ်တို့က ပြင်ဆင်လာကြသည်။ ထို့ကြောင့် မြေပြင်မှစတင် တိုက်ခိုက်ရန် မိမိတို့ ဆုံးဖြတ်လိုက်ကြခြင်း ဖြစ်သည်။ မိမိတို့သည် ငြိမ်းချမ်းရေးကိုသာ အလိုရှိပါသည်။ နယ်မြေများ သိမ်းပိုက်ထားပြီး မငြိမ်းချမ်းရသော ဘဝမျိုးကို မလိုချင်ပါ။





"၁၉၆၇ ခုနှစ်၊ ၆ ရက် စစ်ပွဲတုန်းက အစ္စရေးလ်များ သိမ်းပိုက်သွားကြသည့် မိမိတို့နယ်မြေများကို ပြန်လည် အလိုရှိကြသည်။ သို့သော်လည်း အစ္စရေးလ်နိုင်ငံအတွင်းသို့ သွားရောက်ပြီး စစ်ခင်းခြင်းကိုမူ မိမိတို့ အလိုမရှိ။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို အစ္စရေးလ်တို့က မျက်နှာလွှဲခဲပစ် လုပ်နေကြသည်။ အကောင်အထည်ဖော်ရန် မသိဟန်ဆောင်နေကြသည်။ သို့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂကို ယုံကြည်မှု ရှိပါသည်" ဟု အီဂျစ် နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဇေးယတ်က ပြောဆိုသွားသည်။

ဇေးယတ်နှင့် တွေ့ဆုံမေးမြန်းခန်းကို အမေရိကန် ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်ပြီး တစ်ဆက်တည်းလိုမှာပင် အစ္စရေးလ်နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီဘန်နှင့် တွေ့ဆုံမေးမြန်းခန်းကို ရုပ်မြင်သံကြား အသံလွှင့်ပြန်သည်။ အက်ဘာအီဘန်နှင့် ဇေးယတ်တို့ကို အတူအသံလွှင့်ရန် ပန်ကြားသော်လည်း နှစ်ဦးစလုံးက ငြင်းဆန်ကြသောကြောင့် တစ်ဦးစီခွဲကာ အသံလွှင့်ရပါသည်ဟု ဆိုသည်။

"၆ ရက် စစ်ပွဲဖြစ်ပွားပြီး သတ်မှတ်ခဲ့သည့် အပစ်အခတ် ရပ်စဲရေး မျဉ်းကြောင်းများသို့ အာရပ်တပ်များ ပြန်လည် ဆုတ်ခွာသွားကြမည် ဆိုပါက မိမိတို့အနေဖြင့် အတိုက်အခိုက် ရပ်စဲမည်ဖြစ်ကြောင်း" အစ္စရေးလ်နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီတန်က ရုပ်မြင်သံကြား အစီအစဉ်နှင့် တွေ့ဆုံရာတွင် ပြောကြားသွားသည်။ "မိမိတို့နိုင်ငံအနေဖြင့် အဆိုပါ အပစ်အခတ် ရပ်စဲရေးမျဉ်းကြောင်းများကိုသာ အသိအမှတ်ပြု လက်ခံပြီး ဆွေးနွေးမှုများကို ပြုလုပ်နိုင်ပါမည်" ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

အီရတ်သမ္မတ အာမက်ဟာဆန် အယ်လ်ဘကာရ်သည် အီဂျစ်နှင့် ဆီးရီးယားသမ္မတများနှင့် အချိန်ကြာမြင့်စွာ တယ်လီဖုန်း စကားပြောသည်။ အပစ်အခတ်ရပ်စဲရေး မျဉ်းကြောင်းတစ်လျှောက်၏ အခြေအနေများကို မေးမြန်းသည်။ အီဂျစ်နှင့် ဆီးရီးယားတို့ကို လုံးဝ ထောက်

ခံကြောင်းဖြင့် ပြောကြားလိုက်သည်ဟုလည်း ဆိုသည်။

အီရတ် စစ်လေယာဉ်ပျံများသည် စူးအက်တူးမြောင်း အပ
အခတ် ရပ်စဲရေး မျဉ်းကြောင်းတွင် တပ်ခင်းနေကြသည်ဟုလည်
ကြားသိရသည်။ ထိုမျှမကဘဲ အစ္စရေးလ်များကို တိုက်ခိုက်ကာ ဘေ
မသိ ရန်မခဘဲ ပြန်လာကြသည်ဟုလည်း ဆိုသည်။ သို့သော်လည်
အီဂျစ်ပြည်တွင်း၌ အီရတ် စစ်လေယာဉ်ပျံများ ရှိနေခြင်းနှင့် ပါဝ
တိုက်ခိုက်နေခြင်းကို ယခုအချိန်အထိ မည်သည့်ဘက်ကမှ ကျေညာ
ခြင်း မပြုကြချေ။

အယ်ဂျီးရီးယားသမ္မတ ဘူမီဒီယင်းက ပေးပို့လိုက်သည့် လေတ
အုပ်စု ပထမအသုတ်သည်လည်း အီဂျစ်စစ်မျက်နှာသို့ ရောက်ရှိနေပြ
ဖြစ်ကြောင်း ကြေညာသည်။ သို့သော်လည်း လေယာဉ်အစင်းပေါင်
မည်မျှနှင့် လူပေါင်းမည်မျှ ပါဝင်ကြကြောင်းကိုမူ ဖော်ပြခြင်း မရှိချေ
ယင်းစစ်ကူများကို ပေးပို့ရန် တော်လှန်ရေးကောင်စီက စနေနေ့ညက
ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပေးပို့လိုက်သော စစ်ကူလေယာဉ်ပျံများသည်
ဆိုဗီယက်လုပ် မစ် ၂၂ တိုက်လေယာဉ်ပျံများ ဖြစ်သည်။ အယ်လ်ဂျီ
ရီးယား အမှတ် ၅ စစ်မစ်ရှင်မှ စစ်ဦးစီးမှူး ဗိုလ်မှူးကြီးသည် စစ်ရေ
ကိစ္စများကို သမ္မတ အန်ဝါဆာဒတ်နှင့် ဆွေးနွေးညှိနှိုင်းရန် ကိုင်
သို့ ရောက်နေသည်။

ယူဂိုဆလားဗီးယားနိုင်ငံကလည်း အစ္စရေးလ်ကို ကျူးကျော်သူ
အဖြစ် ယနေ့ ရှုတ်ချသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး အမြန်ဆုံးခေါ်
ဆိုနိုင်ရေးအတွက် အရေးတကြီး မေတ္တာရပ်ခံရန် အမေရိကန်သမ္မတ
နစ်ဆင်က နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားအား ညွှန်ကြား
လိုက်သည်။ သမ္မတနစ်ဆင်သည် မီယာမီရှိ နွေရာသီစံအိမ်တွင် အနား
ယူနေရာမှ အာရပ် အစ္စရေးလ် စစ်ပွဲအတွက် ဝါရှင်တန်သို့ အရေး
တကြီး ပြန်လာသည်။ အခြေအနေ အရပ်ရပ်တို့ကို ကိုယ်တိုင် ကိုင်





တွယ်ရန် ဖြစ်သည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဂျွန်စကာလီ
သည်လည်း အခြားသံအမတ်ကြီးများနှင့် တွေ့ဆုံကာ လုံခြုံရေးကောင်စီ
အစည်းအဝေး ရက်သတ်မှတ်ရန် ညှိနှိုင်းလျက်ရှိသည်။

ဥရောပ ဘုံဈေးအဖွဲ့ဝင် ၉ နိုင်ငံတို့ အမြန်ဆုံး အစည်းအဝေး
ခေါ်ယူကာ လတ်တလောဖြစ်ပေါ်နေသော အရှေ့အလယ်ပိုင်း ပြဿနာ
ကို ညှိနှိုင်းအဖြေရှာကြရန် အီတလီအစိုးရက တောင်းဆိုလိုက်ကြောင်း
ဖြင့်လည်း အီတလီအစိုးရ ပြောရေးဆိုခွင့်ရှိသူက ယနေ့ ထုတ်ဖော်
ကြေညာလိုက်သည်။

ဖြစ်ပေါ်လာသည့် စစ်ပွဲသစ်နှင့် ပတ်သတ်ပြီး နိုင်ငံအသီးသီးရှိ
နိုင်ငံရေး ခေါင်းဆောင်များသာ စိတ်မအေးဘဲ ဖြစ်နေကြရသည် မဟုတ်။
ငြိမ်းချမ်းရေးကို မြတ်နိုးသည့် ကမ္ဘာ့ပြည်သူများသာ ရတက်မအေးနိုင်
အောင် ဖြစ်နေကြရသည် မဟုတ်၊ ဘာသာရေး ခေါင်းဆောင်များသည်
လည်း ပူပင်သောက ရောက်နေကြရသည်။

ဗြုန်းကနဲ အသစ်တဖန် ဖြစ်ပေါ်လာသည့်စစ်မက် ဖက်ပြိုင်
တိုက်ခိုက်မှုများကို ရပ်ဆိုင်းပြီး ဂုဏ်ရှိသော ဆွေးနွေးမှုများ ပြုလုပ်
ကာ ငြိမ်းချမ်းရေးအတွက် အဖြေရှာကြရန် ပုပ်ရဟန်းမင်းကြီးကလည်း
စစ်ဖြစ်နေသော နိုင်ငံအားလုံးသို့ ယနေ့ မေတ္တာရပ်ခံလိုက်သည်။

## ၁၉၄၃ ၊ အောက်တိုဘာ ၈ ၊ တနင်းလာ

၄ ကြိမ်မြောက် အာရပ်–အစ္စရေးလ် စစ်ပွဲသည် တတိယမြောက် နေ့သို့ ချဉ်းနင်း ဝင်ရောက်လာပြီ။

အင်အားကြီးနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံ အသီးသီးတို့သည် မျက်ကလူးဆန်ပြာ ဖြစ်နေကြရုံမှတစ်ပါး၊ တစ်ဖက်က တစ်ဖက်ကို စွပ်စွဲပုတ်ခတ်နေကြရုံမှတစ်ပါး၊ သူကကျူးကျော်သည် ငါကကျူးကျော်သည်ဟု အပြန်အလှန် လက်ညှိုးထိုးနေကြရုံမှတစ်ပါး၊ သူက မြှောက်ပေးသည်– ငါက မြှောက်ပေးသည်ဟု ကဲကဲဆတ် နှပ်ပစ်နေကြရုံမှတစ်ပါး၊ အပစ်အခပ်ရပ်စဲပြီး ဂုဏ်ရှိစွာဖြင့် ဆွေးနွေးကြပါဟု တကျော်ကျော် အော်နေကြရုံမှတစ်ပါး တိကျသော အဖြေသည် တစ်စုံတစ်ရာ ပေါ်ထွက် မလာသေး။

စစ်ရှိန်တို့သည်လည်း မြင့်တက်ဆဲပင်ရှိသည်။ နှစ်ဘက် အကျ အဆုံးတို့သည်လည်း များပြားဆဲပင်ရှိသည်။ အိတ်သွန်ဖာမှောက် တိုက်ခိုက်နေကြသည့် အထွေထွေ စစ်ပွဲကြီးသည်လည်း မီးဟုန်းဟုန်း တောက်လောင်ဆဲပင် ရှိသည်။

ကုလသမဂ္ဂသည်လည်း လုံခြုံရေးကောင်စီ ခေါ်နိုင်အောင် ကြိုး စားနေကြတုန်းပင် ဖြစ်သည်။ ကမ္ဘာ့နိုင်ငံ အသီးသီးတို့ကလည်း အဖြေ ရှာနေကြတုန်းပင် ဖြစ်သည်။ နိုင်ငံရေး အမြွတ်ထုတ်သူတို့ကလည်း အမြွတ်ထုတ်နေကြတုန်းပင် ဖြစ်သည်။ နိုင်ငံရေး မီးရှူးမီးပန်း လွှတ် သူများကလည်း လွှတ်နေကြတုန်းပင် ဖြစ်သည်။



### အီဂျစ်စစ်မျက်နှာ

အရန်တပ်များ စုစည်းထားပြီးဖြစ်သော အစ္စရေးလ်တို့က အလုံး အရင်းဖြင့် တန်ပြန်ထိုးစစ်ကြီးကို ယနေ့ နံနက်စောစော ဆင်နွှဲကာ တတိယနေ့ စစ်ပွဲကို ဖွင့်လှစ်လိုက်ပြန်သည်။

ရှုံးအာက် ဘူးမြောင်းဒေသနှင့် ဆီးနိုင်းကျွန်းဆွယ်ထဲသို့ အစ္စရေးလ် စစ်ကူများက အသုတ်လိုက် ဆက်တိုက် ရောက်ရှိနေသည်။ လေတပ် အကူအညီ၊ အဝေးပစ်အမြောက်များ အကူအညီဖြင့် တင့်ကားတပ်များ၊ သံချပ်ကာကားတပ်များ၊ ခြေလျင်တပ်များကို ပေးပို့ကာ တန်ပြန် ထိုးစစ် ဆင်နွှဲသည်။

သို့သော်လည်း စစ်ဦးသာနေပြီ ဖြစ်သည့် အီဂျစ်တပ်များသည် ကန်ဘောင် ကျိုးကျဘိအလား ဆီနိုင်းကျွန်းဆွယ် အတွင်းသို့ ပြုဆင်း နေဆဲပင်ဖြစ်၏။ ထုထည်ကြီးမားလှရုံသာမက စိတ်ဓာတ်ပါ အလွန် တက်ကြွနေကြသော အီဂျစ်စစ်ဦးကို အစ္စရေးလ်တို့ ဟန့်တားနိုင်ရန် များစွာခက်ခဲနေသည်။ အီဂျစ်များ နောက်ပိုင်းသို့ တပ်လန်သွားဖို့ မဆိုထားနှင့် ရှေ့သို့ တိုးမလာအောင် တားဆီးရာမှာပင် အကြပ်အ တည်းမျိုးစုံနှင့် ကြုံတွေ့နေရ၏။ ၁၉၆၇ ခုနှစ်၊ ၆ ရက်စစ်ပွဲကာလနှင့် မတူဘဲ အီဂျစ်တို့၏ စစ်စွမ်းရည်သည် များစွာ မြင့်တက်လာသည်။ နည်းပရိယာယ်လည်း ကြွယ်ဝလာသည်။

အစ္စရေးလ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန် ကိုယ် တိုင်ရှေ့တန်းစစ်မျက်နှာသို့ ရောက်ရှိလာသည်။ တိုက်ပွဲဝင်နေသော တပ်မှူးကြီးများ၊ စစ်ကြောင်းမှူးကြီးများနှင့် တွေ့ဆုံကာ အခြေအနေ အရပ်ရပ်ကို မေးမြန်းသည်။ လိုအပ်သည်များကို ညွှန်ကြားသည်။ မိမိ တို့ လေတပ်ကို အားကိုးပြီး မြေပြင်နှင့် ဝေဟင် နှစ်ဘက်ညှပ်ကာ ရန်သူ၏ ထိုးစစ်ဦး ကျိုးသွားစေရန် နည်းပရိယာယ် ပြောင်းလိုက်သည်။ သို့သော်လည်း မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နေပြန်သည်

ရန်သူ၏ ထိုးစစ်ဦးမကျိုးသော် မိမိ၏စစ်ဦး အကျိုးမခံရဟူသော

စစ်ထုံးစံအတိုင်း အီဂျစ်တပ်များ ဆီနိုင်းသဲကန္တာရအတွင်းသို့ ဝင်ရောက်လာသည်ကို လျှော့ပေးရန် စဉ်းစားရ ပြန်သည်။ အလွယ်တကူ ဟန့်တားမရနိုင်သည့် ထိုးစစ်ကို အားသွန်ခွန်စိုက် ဟန့်တားနေခြင်းအားဖြင့် စစ်ပန်းရှုံးသွားရှိမည်။ ရန်သူကို ပိုင်လောက်သော အခြေအနေ ရောက်မှ လျှပ်တစ်ပြက် တန်ပြန်ထိုးစစ်ဆင်နွှဲရန် ပြင်ဆင်သည်။

အစ္စရေးလ်သည် ၎င်းတို့၏ လေတပ်စွမ်းအားကို အလွန် ယုံကြည်စိတ်ချသူများ ဖြစ်သည်။ သို့သော်လည်း ၆ ရက်စစ်ပွဲတုန်းကနှင့် မတူတော့ဘဲ အီဂျစ်တို့၏ ဆမ်ဒုံးယာဉ်များက အစွမ်းထက်လှသည်။ ကောင်းကင်ယံကို ထင်သလို ကြီးစိုးချယ်လှယ်နိုင်ခွင့် မရဘဲ ဖြစ်နေသည်။ မြေပြင်တပ်များကို အထောက်အကူ ထိထိရောက်ရောက် မပေးနိုင်ဘဲ ရှိနေသည်။

ထို့ကြောင့် မိုရှေဒါယန်နှင့် တပ်မှူးကြီးများသည်–

၁ ။ ။ မိမိစစ်ဦးကို အကျိုးမခံ၊

၂ ။ ။ ဖိအားကောင်းနေသော ရန်သူကို ကြံ့ကြံ့ခံရင်းဖြင့် မိမိတို့စစ် အပန်းမခံ၊

၃ ။ ။ ကောင်းကင်ယံတွင် မိမိတို့လေတပ် ထင်သလို ကြီးစိုးနိုင်ရေးအတွက် ရန်သူ၏ လေကြောင်းရန် ကာကွယ်ရေးတပ်များ၊ ဆမ်ဒုံးယာဉ်စခန်းများကို အဓိကပစ်မှတ်အဖြစ် အစွမ်းကုန် ချေမှုန်းရမည်။

၄ ။ ။ ရန်သူ၏ အတောင်ပံကို ရိုက်ချိုးပြီးသောအခါတွင် ဆီနိုင်းသဲကန္တာရတွင်းသို့ တပ်ဦးကျွံနေသည့် ရန်သူတပ်များကို ပြန်လမ်းမရှိအောင် မိမိတို့ လေတပ်ဖြင့် ပိတ်ဆို့မည်၊ နောက်ပိုင်းမှ ရန်သူ အားဖြည့် လမ်းကြောင်းများ၊ ထောက်ပံ့ရေး လမ်းကြောင်းများကို ဖြတ်တောက်မည်။





၅ ။ ။ ထိုအချိန်ကျမှ လက်တိုင်ါးရိုးမြက် ဖြစ်နေသော ရန်သူတပ်များကို သဲကန္တာရအတွင်းမှာ အပြီးတိုင် ချေမှုန်းပစ်မည်။

စသည်ဖြင့် နည်းဗျူဟာ အသစ်တစ်ရပ်ကို ချမှတ်ကြရသည်။ ထိုအချက်များကို ချက်ခြင်း အကောင်အထည်ဖော်သည်။

အီဂျစ်ပြည် အတွင်းပိုင်းရှိ အခြေခံစစ်စခန်းများ၊ လေယာဉ်ကွင်းများ၊ လေကြောင်းရန် ကာကွယ်ရေး တပ်ဖွဲ့စခန်းများ၊ ဆမ်ဒုံးယာဉ်စခန်းများကို အဓိကပစ်မှတ်များအဖြစ် သဲကြီးမဲကြီး သွားရောက်တိုက်ခိုက်တော့သည်။ ဆမ်ဒုံးယာဉ်တို့၏ လက်ချက်ဖြင့် လေယာဉ်ပျံ အမြောက်အမြားလည်း ဆုံးရှုံးရသည်။

သို့ဖြင့် ရှူးအက်တူးမြောင်း အရှေ့ဘက်ကမ်းခြေ တစ်လျှောက်လုံးကို အီဂျစ်တပ်များက လုံးဝ သိမ်းပိုက်မိကြတော့သည်။ ထို့ပြင်သာမက ဆီနိုင်းကျွန်းဆွယ် အတွင်းသို့လည်း ၉ မိုင်ခန့်အထိ ထိုးဖောက်ဝင်ရောက်လာနိုင်ခဲ့သည်။

ညနေပိုင်းသို့ ရောက်လာသောအခါ တူဖစ်အင့၊ အယ်လ်ရှတ်ဒေသ၊ ရေကန်တောင်ပိုင်း နယ်မြေများ၊ အစ္စမေလီယာ အရှေ့ခြမ်း၊ အယ်လ်ဘာလာနှင့် အခြားဒေသ အတော်များများတွင် အီဂျစ်တို့၏ အလံများ တလူလူလွင့်လျက်ရှိချေပြီ။

သဲကန္တာရအတွင်းပိုင်းရှိ မီလိုင်း၊ ဘာတမဒါ၊ ဘာလူဇာ၊ အယ်လ်ဂီဒီစသော အစ္စရေးလ် လေယာဉ်ကွင်းများ၊ ဒုံးပျံစခန်းများကို အီဂျစ်လေယာဉ်ပျံများက ဗုံးကြဲဖျက်ဆီးလိုက်သည်။ ထိုစခန်းများ အားလုံး သုံးမရတော့သည့် အခြေအနေသို့ ဆိုက်ရောက်သွားပြီဟု အီဂျစ်စစ်ဦးစီးဌာနချုပ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

တတိယနေ့ ညနေပိုင်းအထိ အစ္စရေးလ်လေယာဉ်ပျံပေါင်း ၁၀၀ ကျော်ကို အီဂျစ်နှင့် ဆီးရီးယားတို့က ပစ်ချခဲ့ပြီးပြီဟုလည်း ကြေညာ

ချက်တွင် ဖော်ပြထားသည်။ အထိအနိုက် အကျအဆုံးနှင့် ပတ်သက်၍ အစ္စရေးလ်တို့က ထုတ်ပြန်ကြေညာခြင်း လုံးဝမပြုဘဲ ရေငုံနှုတ်ပိတ် နေဆဲပင် ရှိသည်။ စစ်ပွဲတစ်လျှောက်လုံး မိမိတို့ဘက်က အထိအနိုက် နည်းပါးပြီး ရန်သူများဘက်တွင် ကြီးမားသော ဆုံးရှုံးမှုများဖြင့် အထိ နာနေကြောင်း၊ စူးအက်တူးမြောင်းအတွင်းရှိ အီဂျစ်စစ်သားအလောင်း များ မြင်မကောင်းအောင် မျောပါနေကြောင်းဖြင့် အစ္စရေးလ် ရှေ့တန်း စစ်မျက်နှာက သတင်းပြန်ပို့သည်။

ရန်သူ တင့်ကားပေါင်း ၄၀၀ ကျော် တို့သည် ယခုအခါတွင် ဆီနိုင်းကျွန်းဆွယ် မိမိတို့၏ ထောင်ချောက်အတွင်း၌ ပိတ်မိနေကြပြီ ဖြစ်ကြောင်း၊ ၎င်းတို့အား နောက်ပိုင်းမှ ပေးပို့သည့် အားဖြည့်လမ်း ကြောင်းများကို ဖြတ်တောက်နေပြီဖြစ်ကြောင်း၊ မိမိတို့ အရန်တပ်များ စုစည်းမှုမှာ လုံးဝပြီးဆုံးသွားပြီဖြစ်သောကြောင့် အထွေထွေ တန်ပြန် ထိုးစစ်ကြီးကို အောင်မြင်စွာ ဆင်နွှဲနေပြီဖြစ်ကြောင်း၊ တူးမြောင်းရှိ မြစ်ကူးကုန်းဘောင်တံတား အားလုံးလိုလိုကိုလည်း ဖောက်ခွဲဖျက်ဆီး လိုက်ပြီဖြစ်ကြောင်းဖြင့် အစ္စရေးလ်တို့က ဆက်လက်ကြေညာသည်။

မိမိတို့ဘက်က အခြေအနေကောင်းကြောင်း၊ အထူးသဖြင့် အာရပ်လေတပ်အဖို့ ကြေကွဲဖွယ်ရာ အဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း၊ ကောင်းကင်ယံ တစ်ပြင်လုံးကို မိမိတို့က ကြီးစိုး ချယ်လှယ် နေပြီဖြစ်ကြောင်းဖြင့် အစ္စရေးလ်အရန်တပ် ဗိုလ်ချုပ်ကြီး ဟိမ်းဟာဇော့ က ကြေညာသည်။

ဆီနိုင်းကျွန်းဆွယ်မြောက်ပိုင်း ကမ်းရိုးတန်း တစ်လျှောက်တွင် လည်းကောင်း၊ မြေထဲပင်လယ်ထဲတွင်လည်းကောင်း ရေတပ်ချင်း တိုက်ပွဲ များ ကြိုးကြားကြိုးကြား ဆက်လက် ဖြစ်ပွားနေသည်။

**ဆီးရီးယားစစ်မျက်နှာ**

အရုဏ်တက်အချိန်မှစပြီး တင့်ကားများ ပုံးကြဲတိုက်လေယာဉ် ပျံများကို ဂိုလန်ကုန်းပြင်မြင့်ဒေသ စစ်မျက်နှာသို့ ပေးပို့ တိုက်ခိုက်



စေခြင်းဖြင့် ဆီးရီးယားနှင့် တတိယနေ့စစ်ပွဲကို အစ္စရေးလ်တို့ကပင် စတင် ဖွင့်လှစ်သည်။ ဆီးရီးယား အခြေခိုက်စစ်စခန်း ၅ ခုကို ဖျက်ဆီး ပစ်လိုက်သည်။


လေယာဉ်ကွင်းများကို တိုက်ခိုက်ရာတွင်၊ အစ္စရေးလ်တို့သည် ၆ ရက် စစ်ပွဲတုန်းက နည်းပရိယာယ်များအတိုင်း လေယာဉ်ပြေးလမ်း များကို အဓိကထားပြီး ဖျက်ဆီးသည်။ ပြေးလမ်းများကို ဖျက်ဆီးရာတွင် အစ္စရေးလ်တို့ တီထွင်ထားသော မြေစိုက်ဗုံးများကို ပိုမိုအားထားသုံး သည်။ ယင်းဗုံးများသည် မြေကြီးထဲသို့ ပေအတော်များများ စူးဝင်သွား ကာ ပေါက်ကွဲလေ့ရှိသည်။ နက်ရှိုင်းကြီးမားသော တွင်းကြီးများကို ဖြစ်ပေါ်စေသည်။

ပြေးလမ်းများ ပျက်စီးသောကြောင့် ရန်သူ လေယာဉ်ပျံများ ကောင်းကင်သို့ ပျံမတက်နိုင်သောအခါကျမှ မြေပြင်ပေါ်၌ ရှိနေသည့် ရန်သူလေယာဉ်ပျံများကို မြေစိုက်ဗုံးကြဲတိုက်လေယာဉ်ပျံများဖြင့် စိတ် ရှည်လက်ရှည် တိုက်ခိုက်ဖျက်ဆီးခြင်း ဖြစ်သည်။

အလားတူပင် အဓိကထား တိုက်ခိုက်သည့် ပစ်မှတ်တစ်ခုမှာ အစွမ်းထက်လှသော ဆမ် ဒုံးယာဉ်စခန်းများ ဖြစ်သည်။ ဆီးရီးယားတို့ သည် ဆမ် ဒုံးယာဉ်များကို ထိထိရောက်ရောက် အသုံးပြုတတ်နေကြပြီ ဖြစ်သည်။ ထို့ကြောင့်လည်း ထိုဒုံးယာဉ်များကြောင့် အစ္စရေးလ်လေတပ် မှာ ထင်သလောက် လှုပ်ရှားနိုင်ခြင်း မရှိချေ။

ရှေ့တန်းစစ်မျက်နှာသို့ စစ်ကူပို့နေသည့် နောက်ပိုင်းမှ အားဖြည့် စခန်းများ၊ ထောက်ပံ့ရေးလမ်းကြောင်းများကို မျက်ခြည်ပြတ် မခံဘဲ တိုက်ခိုက်နေသည်။

ဆီးရီးယားပြည်အတွင်းပိုင်းရှိ စခန်းများကို သွားရောက်တိုက် ခိုက်မှုများလည်း ယနေ့ တစ်နေကုန် ပြုလုပ်နေသည်။ ဒမတ်စကပ် မြို့တော်နှင့် ကိုးမိုင်မျှသာ ကွာဝေးသော စခန်းတစ်ခုကိုလည်း သွား ရောက် ဗုံးကြဲတိုက်ခိုက်သည်။ ဗုံးသံ အမြောက်သံများကို ဒမတ်စကပ်




ဆီးရီးယား စစ်မျက်နှာ

မြို့တော်မှ ကောင်းစွာ ကြားနေရသည်။

ဂိုလန်ကုန်းမြင့်တွင် ဆီးရီးယားဘက်မှ တင့်ကားပေါင်း ၁၀၀,၀ ကျော်တို့ ပါဝင်တိုက်ခိုက်နေကြသည်။

ဂိုလန်ကုန်းမြင့်သို့ အစ္စရေးလ်က ယနေ့ ပေးပို့သည့် စစ်ကူသည် မယုံကြည်နိုင်လောက်အောင် များပြားနေသည်။ လေတပ် အကူအညီဖြင့် ခြေလျင်တပ်များ၊ တင့်ကားတပ်များ၊ တောင်ပေါ်ပစ် အမြောက်တပ်ဖွဲ့များ အလုံးအရင်းနှင့် ရောက်ရှိလာပြီး စစ်ပွဲအရှိန်ကို တဟုန်ထိုးမြှင့်တင်လိုက်သည်။





ဆီနိုင်းသဲ ကန္တာရနှင့် စူးအက်တူးမြောင်းဒေသမှာထက် ပိုမိုအားကြီးသော တန်ပြန်ထိုးစစ်ကို ဆင်နွှဲနေသည်။ အီဂျစ်နှင့် စစ်အပန်းမခံဘဲ ဆီးရီးယားကိုသာ ရှိသမျှ အားအများစုကို သုံးပြီး ဖိတိုက်ရန်ရည်ရွယ်သည့် သဘောမျိုးဖြစ်သည်။

ကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်လည်း အီဂျစ် စစ်မျက်နှာသို့သွားရောက် စစ်ဆေးအပြီးတွင် ဂိုလန်ကုန်းမြင့် ရှေ့တန်းစစ်မျက်နှာသို့ ယနေ့ ညနေပိုင်းတွင် ရောက်ရှိလာသည်ဟု ဆိုသည်။ တပ်မှူးကြီးများ၊ စစ်ကြောင်းမှူးကြီးများနှင့် တွေ့ဆုံကာ တိုက်ပွဲအခြေအနေများကို အသေးစိတ် လေ့လာသည်။ လိုအပ်သည်များ ညွှန်ကြားသွားသည်။

တပ်ကိုဖြန့်ပြီး တိုက်ခိုက်သည့် သဘောထက် ဆီးရီးယားတို့၏ အလယ်အူကြောင်းကို ရှိသမျှအားဖြင့် ထိုးဖောက်ကာ ရန်သူ ရှေ့တန်းစစ်ကြောင်း၏ နောက်ဘက်သို့ ဝင်ရောက်ရန် နည်းပရိယာယ် ပြောင်းလာသည်။ လေတပ်က နောက်ပိုင်းသို့ ထိုးဖောက်ပေးနေသလို မြေပြင်တပ်များ၊ တင့်ကားတပ်များကလည်း ရန်သူ၏ အလယ်အူတိုင်ကို ဖောက်နေသည်။

ဂိုလန်ကုန်းမြင့်ရှိ ဆီးရီးယားပိုင် နယ်မြေအများအပြားကို ဆီးရီးယားတို့ ပြန်လည် သိမ်းပိုက်ကြသည်မှာ မှန်သော်လည်း မြားဦးသဏ္ဌာန် ထိုးဖောက်လာသည့် အစ္စရေးလ်စစ်ဦးကို မတားနိုင်ဘဲဖြစ်နေသည်။ မြေပြင်တွင် တင့်ကားတိုက်ပွဲများကို အဓိက ထားပြီး အစ္စရေးလ်က ဆင်နွှဲနေသည်။ တောင်ပေါ်ပစ် အမြောက်ကြီးများဖြင့် ဆီးရီးယားတို့၏ ရှေ့တန်းစစ်ကြောင်းကို ကျော်ပြီး နောက်ပိုင်းသို့ အားသွန် ဖိပစ်ပေးနေသည်။

အစ္စရေးလ်တို့ ယနေ့ ထိုးဖောက်လာသည့်ပုံကို ကြည့်ရခြင်းအားဖြင့် ဆီးရီးယားပြည် အတွင်းပိုင်းသို့ရောက်အောင် ဝင်ရောက်တိုက်ခိုက်တော့မည့် သဘောမျိုး ဖြစ်နေသည်။ စစ်ပရိယာယ် ပြောင်းလာသော အစ္စရေးလ်၏ စစ်ဦးကို ရိုက်ချိုးနိုင်ရန် ဆီးရီးယားတို့ အပြင်း

အထန် ကြိုးစားကြသည်။ စစ်ဦးကို ကျွံဝင်စေပြီး လခြမ်းပုံသဏ္ဍာန် ဝိုင်း၍ ရန်သူကို ထောက်ချောက်သွင်းရန် ကြိုးစားသည်။ သို့သော်လည်း အားကောင်း တောင့်တင်းလှသော အစ္စရေးလ်တင့်ကားတပ်နှင့် သံချပ်ကာကားတပ်တို့၏ ကာကွယ်မှုက အုတ်တံတိုင်းကြီးကဲ့သို့ ခိုင်ခန့်လွန်းလှသည်။

အစ္စရေးလ်စစ်ဦးကို ချေမှုန်းရန် ကြိုးစားနေသည့် ဆီးရီးယား တင့်ကားပေါင်းများစွာနှင့် သံချပ်ကာကားပေါင်း များစွာတို့ကို ပြန်လည် ချေမှုန်းပစ်လိုက်ကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည်။

## အာရပ်ပြောသမျှ

မိမိတို့၏ထိုးစစ်ကို ရိုက်ချိုးရန် ကြိုးစားသည့် အစ္စရေးလ်တို့၏ သံချပ်ကာကားများ၊ အဝေးပစ်အမြောက်များ၊ တင့်ကားဖျက်လက်နက်များကို ဖျက်ဆီးလိုက်ကြောင်း၊ အစ္စရေးလ်လေယာဉ် ၅၇ စင်းကို ပစ်ချပြီး တင့်ကားပေါင်း ၉၂ စီးကို ဖျက်ဆီးခဲ့ပြီးပြီဖြစ်ကြောင်းဖြင့် ယနေ့ ထုတ်သော ကျေညာချက်တွင် အီဂျစ်တို့က ဖော်ပြသည်။

တိုက်ပွဲဝင်နေသော အာရပ်အမျိုးသားတို့၏ စိတ်ဓာတ်သည် အလွန် တက်ကြွနေကြောင်း၊ မိမိတို့လေတပ်၏ စွမ်းစွမ်းတမံ တိုက်ခိုက်မှုများကြောင့် အစ္စရေးလ်လေတပ်မှ လေသူရဲများမှာ လွန်စွာ စိတ်ဓာတ်ကျနေကြကြောင်း၊ သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသော အစ္စရေးလ်တို့က သူတို့ဘက်တွင် ကြီးစွာဆုံးရှုံးပြီး အထိနာနေပါသည်ဟု ဝန်ခံကြောင်းဖြင့် အီဂျစ်က ကြေညာသည်။

ကိုင်ရိုမြို့၏ အခြေအနေမှာ ၆ ရက်စစ်ပွဲ ကာလတုန်းကနှင့် မတူဘဲ အလွန် စိတ်ဓာတ် တက်ကြွနေကြကြောင်း၊ ယခုစစ်ပွဲ မည်သို့ အဆုံးသတ်မည်လဲဟု စိတ်စောနေကြကြောင်း၊ ၆ ရက်စစ်ပွဲတုန်းက အီဂျစ်သမ္မတ နတ်ဆာသည် ဂျူးလူမျိုးတို့ကို ခြိမ်းခြောက်သည့် စကားများ အကြိမ်ကြိမ် ပြောခဲ့ကြောင်း၊ ယခု လက်ရှိသမ္မတ အန်ဝါဆာဒတ်ကမူ စကား အနည်းဆုံးပြောပြီး အလုပ်အများဆုံး လုပ်နေသည်ကို





တွေ့ရကြောင်းဖြင့် ကိုင်ရိုရောက် ယူပီအိုင် သတင်းထောက်က သတင်း ပို့သည်။

သမ္မတ အန်ဝါဆာဒတ်သည် ဆိုဗီယက် သံအမတ်ကြီး ဗလာဒီ မာဗီနိုဂရာဒေါ့နှင့် ယနေ့ တွေ့ဆုံသည်။ မနေ့ကလည်း တစ်ကြိမ်တွေ့ ဆုံခဲ့ကြသေးသည်။ စစ်နှင့်ပတ်သက်ပြီး အရေးတကြီး ဆွေးနွေးကြသည် ဟု သိရသည်။ မော်စကိုမှာ ရှိနေသည့် အီဂျစ် သံအမတ်ကြီး အဗ္ဗဒယ် ကာဒါသည်လည်း ဆိုဗီယက်ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေး နေသည်ဟု သံတမန် ရပ်ကွက်မှ ကြားသိရသည်။

ရန်သူ၏ အသိမ်းခံနယ်မြေများကို ပြန်လည်ကယ်တင်ရန် ကြိုးပမ်းနေကြသော အီဂျစ်နှင့် ဆီးရီးယားတို့အား ကူညီရန် မိမိတို့ စစ်တပ်များကို စေလွှတ်လိုက်ပြီ ဖြစ်ကြောင်းဖြင့် အီရတ်စစ်ဘက် ပြောရေး ဆိုခွင့်ရှိသူက ယနေ့ ပြောသည်။ အီရတ် လေတပ်မတော်သည် အီဂျစ် နှင့် ဆီရီးယားတို့ဘက်မှ ဝင်ရောက်တိုက်ခိုက်လျက် ရှိသည်။ မိမိတို့ တွင် ရှိသမျှ လက်နက်ကိုင်တပ်များအားလုံးသည် လက်ရှိစစ်ပွဲတွင် လိုအပ်သလို ဝင်ရောက် ကူညီမည်ဖြစ်ကြောင်းဖြင့်လည်း အီရတ်က ဆက်လက် ကြေညာသည်။

မိမိနယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသော အစ္စရေးလ် ဂျက်လေယာဉ်ပျံများကို မိမိတို့၏ လေယာဉ်ပစ် အမြောက်တပ်က ပစ် ခတ်မောင်းထုတ်လိုက်ရကြောင်း၊ စစ်အတွင်းသို့ လီဘာနွန်နိုင်ငံ ဝင် မလာရန် အစ္စရေးလ်က ပြင်းထန်စွာ သတိပေးနေကြောင်းဖြင့် လီဘာ နွန်အစိုးရက ကြေညာသည်။

## အစ္စရေးလ်ပြောသမျှ

ယခုစစ်ပွဲတွင် စစ်ကို စတင်သော အာရပ်များ အထိနာပြီး ၆ ရက် စစ်ပွဲတုန်းက ရရှိခဲ့သော သင်ခန်းစာထက် ကြီးမားသည့် သင်ခန်း စာများကို ရကြလိမ့်မည်ဖြစ်သည်။ စစ်စတင်ဖြစ်ပွားစဉ်က မိမိတို့ အရန် တပ်များကို ကောင်းစွာ စုစည်းနိုင်ခြင်းမရှိ။ ယူလရှိပြီးသား အခြေခံ

တပ်များနှင့် ပြန်လည် ရင်ဆိုင်ခဲ့ရသည်။ ထိုမျှနည်းပါးသည့် အင်အားကလေးကိုမှ အာရပ်တို့ ချေမှုန်းနိုင်ခြင်းမရှိလျှင်၊ ယခု ကောင်းစွာ စုစည်းပြီးဖြစ်သော အရန်တပ်များနှင့် အင်အားဖြည့်ထားသည့် အစ္စရေးလ် တပ်မတော်ကြီးကို ရင်ဆိုင်နိုင်စရာ အကြောင်းမရှိတော့ဟု အစ္စရေးလ်က ယနေ့ ကြေညာသည်။

ယခုဆိုလျှင် မိမိတို့အရန်တပ်များ စုစည်းမှုမှာ လုံးဝပြီးပြည့်စုံသွားပြီ။ ယနေ့ နံနက်အရုဏ်တက်မှစပြီး အင်အားအပြည့်အဝဖြင့် အစ္စရေးလ်တပ်မတော်ကြီးက ရန်သူများကို တန်ပြန် ထိုးစစ်ကြီး ဆင်နွှဲနေပြီ။ အရန်တပ်သား အများအပြားတို့သည် အရပ်ဝတ် အရပ်စားများကိုပင် မလဲတော့ဘဲ အလွန်စိတ်ဓာတ်တက်ကြွစွာဖြင့် စစ်မြေပြင်များသို့ ဆင်းသွားကြပြီဖြစ်သည်။ စောစောကတည်းက ရန်သူ၏ ထိုးစစ်ကို ရင်ဆိုင်နေခဲ့ကြသော အခြေခံတပ်များမှ တပ်မတော်သားတို့သည်လည်း ညီအစ်ကိုတော် အရပ်တပ်သားများ ရောက်ရှိလာကြပြီဖြစ်သောကြောင့် စိတ်ဓာတ်များ အလွန်တက်ကြွနေကြသည်။

အလွန်ပြင်းထန်သော လျှပ်တစ်ပြက် တန်ပြန်ထိုးစစ်ကြီးကို အရှိန်အဟုန်ကြီးမားစွာဖြင့် ဆင်နွှဲနေပြီ စသည်ဖြင့် အစ္စရေးလ်တို့က ကြေညာသည်။

## ကမ္ဘာ့နိုင်ငံအသီးသီး၏ဂယက်များ

"အရှေ့အလယ်ပိုင်း ပြဿနာတွင် ဆိုဗီယက်နိုင်ငံက တာဝန်ရှိစွာဖြင့် ဝင်ရောက် ဆောင်ရွက်စေလိုပါသည်။ ထိုသို့ တာဝန်ရှိစွာ ဝင်ရောက် ဆောင်ရွက်ခြင်း မပြုလျှင် ကမ္ဘာ့တင်းမာမှု လျော့ပါးရေး ပျက်ပြားသွားမည်ဖြစ်ကြောင်း" ဖြင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီ ကစ်ဆင်းဂျားက ယနေ့ တိုက်တွန်းပြောဆိုလိုက်သည်။

"ကမ္ဘာတစ်ခုလုံးကိုသော်လည်းကောင်း၊ ဒေသတစ်ခုကိုသော်လည်းကောင်း၊ အာဏာလွှမ်းမိုးရန် ကြိုးပမ်းသော မည်သည့်နိုင်ငံကိုမဆို ကျွန်ုပ်တို့ ဆန့်ကျင်သည်။ ကျွန်ုပ်တို့ မဟာမိတ်နိုင်ငံများ





အင်အား လျော့ပါးသွားအောင် တင်းမာမှုများ ဖန်တီးသော မည်သည့်နိုင်ငံကိုမဆို ကျွန်ုပ်တို့ ဆန့်ကျင်သည်။ တင်းမာမှု လျော့ပါးရေး မျက်နှာဖုံးကိုစွပ်ပြီး ပဋိပက္ခမှုများ ဖြစ်ပွားအောင် ဖန်တီးသော မည်သူ့ကိုမဆို ကျွန်ုပ်တို့ ဆန့်ကျင်သည်" စသည်ဖြင့် ကစ်ဆင်းဂျားက ဆက်လက်ပြောဆိုသွားသည်။

"ငြိမ်းချမ်းရေး ရရှိမှုကို ကူညီရန် ရှေးယခင်များကအတိုင်း ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း" ဖြင့် ဆိုဗီယက် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ဘရက်ဇ်နက်က ယနေ့ ပြောဆိုသည်။ "အစ္စရေးလ် ကျူးကျော်ရေးသမားတို့၏ ကျူးကျော်မှုကို ခံစားနေကြရသည့် ပြည်သူများအပေါ် မိမိတို့ ကြီးစွာ ကရုဏာသက်ကြောင်း" ဖြင့် ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ် တာနာကာကို နေ့လည်စာ တည်ခင်း ဧည့်ခံရင်း မိန့်ခွန်း ပြောကြားရာတွင် ဘရက်ဇ်နက်က ထည့်သွင်း ပြောဆိုသွားခြင်း ဖြစ်သည်။

"နိုင်ငံတကာ တင်းမာမှု လျော့ပါးရေးသည် တစ်နေ့တခြား အခြေခိုင်လာသည်။ သို့သော်လည်း အချို့ဒေသများမှာ ပေါက်ကွဲမှုများ ဖြစ်ပွား ပေါ်ပေါက်နေသည်။ ယခုပင်လျှင် ကျူးကျော်သော အစ္စရေးလ်နှင့် အကျူးကျော်ခံ အီဂျစ်နှင့် ဆီးရီးယားတို့ စစ်ဖြစ်နေကြသည်။ ကျူးကျော်သူ သိမ်းပိုက်ထားသော နယ်မြေများကို ကယ်တင်ရန် ကြိုးစားကြရာမှ ပေါက်ကွဲလာခြင်း ဖြစ်သည်။ တရားမျှတမှုနှင့် ငြိမ်းချမ်းရေး ရရှိမှုများအတွက် မိမိတို့က ယုံယုံကြည်ကြည်ဖြင့် အထောက်အကူပြုပါမည်။ မိမိတို့နှင့် နယ်ချင်းဆက်စပ်နေသော နိုင်ငံများ၏ လုံခြုံရေးကိုလည်း အာမခံသည်။ ငြိမ်းချမ်းရေးကို အကာအကွယ်ပြုရန်အတွက် လိုအပ်သည့် အကူအညီများပေးရန် ရှေးယခင်အတိုင်း ပြင်ဆင်မှုများကို ပြုလုပ်ထားပါသည်" ဟု ဘရက်ဇ်နက်က ပြောကြားသွားသည်။

စောစောပိုင်းကလည်း အစိုးရက ကြေညာချက်တစ်စောင် ထုတ်ခဲ့သည်။ ယင်းကြေညာချက်တွင် ကျူးကျော်လိုသည့် အစ္စရေးလ်တို့၏

စိတ်ဆန္ဒကို ပြင်ပ အသိုင်းအဝိုင်းများက မြှောက်ထိုးပင့်ကော် လုပ်ပေးနေကြကြောင်းဖြင့် ဖော်ပြပါရှိသည်။

အကဲခတ်သမားများကမူ ယခု ထုတ်ပြန်သော ဆိုဗီယက်တို့၏ ကြေညာချက်သည် ၁၉၆၇ ခုနှစ် စစ်ပွဲတုန်းက ကြေညာခဲ့သလို အစ္စရေးလ်ကို ကုလသမဂ္ဂအနေဖြင့် ရှုတ်ချရမည်ဟု တောင်းဆိုခြင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီးကပါ ဝိုင်းဝန်းရှုတ်ချရမည်ဟု တောင်းဆိုခြင်း၊ ဤအရေးအခင်းကြီး ပြီးပြေသွားအောင် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ဆောင်ရွက်ကြရန် ပန်ကြားခြင်းများ မပါရှိဘဲ အေးတိအေးစက်နိုင်လှသော ကြေညာချက်ဖြစ်သည်ဟု ဝေဖန်ကြသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် လက်ရှိ အရေးအခင်းတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့အားလုံးက လက်ရှောင်နေကြလျှင် ပိုကောင်းသည်ဟူသော သဘောထားကို ခံယူထားသည့် လက္ခဏာပြသည်ဟုလည်း အကဲခတ်သမားများကပင် ဆက်လက်ပြောဆိုကြသည်။

အစ္စရေးလ်နိုင်ငံအတွင်း၌ သောင်တင်နေသော ဂျာမာန်အမျိုးသား ကမ္ဘာ့လှည့်ခရီးသည်များကို တင်ဆောင်သယ်ယူလာရန် မြေထဲပင်လယ်တွင်းရှိ အနောက်ဂျာမနီသင်္ဘောများကို အနောက်ဂျာမနီ သယ်ယူပို့ဆောင်ရေး ဝန်ကြီးဌာနက ညွှန်ကြားလိုက်သည်။ ထိုခရီးသည်များကို တင်ဆောင်ပြီး ကရိတ်နှင့် ဆိုက်ပရပ်စ်သို့ ထွက်ခွာရမည်ဖြစ်သည်။ ထွက်ခွာရန် ပေးမည့်အမိန့်ကို စောင့်ရန်လည်း ညွှန်ကြားချက်တွင် ပါရှိသည်။

တယ်လ်အဗစ်မြို့ရှိ အနောက်ဂျာမနီသံရုံးက ကောက်ယူသော စာရင်းများအရ သောင်တင်နေသည့် ကမ္ဘာ့လှည့်ခရီးသည် ဂျာမာန်လူမျိုး ၈၀၀ ရှိသည်။ အားလုံး ဘေးမသီ ရန်မခဘဲ ရှိကြသည်ဟု ဆိုသည်။

တယ်လ်အဗစ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကို အစ္စရေးလ် လေယာဉ်များမှတပါး အခြားလေယာဉ်များကို အသုံးပြုခွင့်





မပေးသောကြောင့် ယခုလို သောင်တင်နေကြခြင်း ဖြစ်သည်ဟု သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကို ယနေ့ ကုလသမဂ္ဂဌာနချုပ်တွင် ကျင်းပသည်။

အစည်းအဝေး၌ ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဂျွန်စကာလီက မိန့်ခွန်းပြောကြားရာတွင် "မိမိတို့သည် စစ်နှင့်ပတ်သက်သည့် စကားလုံးများကို မပြောလို၊ မကြားလိုကြောင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေး ရရှိစေရန်အတွက် လုံခြုံရေးကောင်စီ၏ ဩဇာအာဏာ အပြည့်အဝသုံးနိုင်ရေးကိုသာ လိုလားကြောင်း။ စစ်အဆုံးသတ်ရေးနှင့် ပတ်သက်ပြီး ဘာတွေ–ဘာတွေလုပ်ရမည်ဟုလည်း မိမိတို့ မပြောလိုကြောင်း။ တင်းမာမှုလျော့ပါးရေးအတွက် ကူညီရန်ကိုသာ ရည်ရွယ်ထားကြောင်း။"

"လက်ရှိ စစ်နှင့် ပတ်သက်၍ မိမိတို့၏ ခံယူချက် သဘောထားမှာ စစ်ဆင်မှုများ အားလုံးရပ်စဲရန်၊ ထိုဒေသအတွင်းရှိ နိုင်ငံသားအားလုံးတို့၏ အခွင့်အရေးနှင့် ရပ်တည်ချက်ကို လေးစားရန်၊ စေ့စပ်ဆွေးနွေးမှုကို အကောင်အထည်ဖော်ရန် ငြိမ်းချမ်းရေးကို စစ်ပွဲဖြင့် မဖျက်ဆီးရန်တို့သာလျှင် ဖြစ်ကြောင်း"

"ကုလသမဂ္ဂသို့ ရောက်ရှိလာသည့် သတင်းများကို ထောက်ရှုခြင်းအားဖြင့် ဂိုလန်ကုန်းပြင်မြင့်တွင် ဆီးရီးယားတို့ကလည်းကောင်း၊ စူးအက်တူးမြောင်းဒေသတွင် အီဂျစ်တို့ကလည်းကောင်း၊ ယခုစစ်ပွဲကို စတင်တိုက်ခိုက်ကြခြင်းဖြစ်သည်မှာ ထင်ရှားကြောင်း၊ မိမိတို့သည် လုံခြုံရေးကောင်စီဝင် နိုင်ငံတစ်ခုအနေဖြင့် မိမိတို့ပခုံးပေါ်သို့ ကျရောက်လာသည့် တာဝန်ကို ကျေပွန်စွာ ထမ်းရွက်လိုပါကြောင်း" ဖြင့် သံအမတ်ကြီး ဂျွန်စကာလီက မိန့်ခွန်း ပြောကြားသွားသည်။

စကာလီ၏ အထက်ပါ ပြောဆိုချက်များကို တရုတ်သံအမတ်ကြီး

ဟွမ်ဟွာက လျှောင်ပြောင် သရော်လိုက်သည်။ ''အချို့သော ပုဂ္ဂိုလ်တို့သည် အီဂျစ်နှင့်ဆီးရီးယားနိုင်ငံတို့အား မူလနေရာများသို့ ပြန်ဆုတ်သွားကြရန် တိုက်တွန်းကြသည်။ ဤတိုက်တွန်းချက်သည် ကျူးကျော်စော်ကားမှုကို မြှောက်ထိုးပင့်ကော် လုပ်ပေးခြင်းပင် မဟုတ်ပါလော။ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံတို့သည် ဇီယွန်ဝါဒသမားတို့၏ ကျူးကျော်စော်ကားလိုစိတ်ကို တစ်နေ့တခြား ကြီးထွားလာအောင် ပြုလုပ်နေကြသည်။ လုံခြုံရေးကောင်စီအနေဖြင့် အစ္စရေးလ်၏ ကျူးကျော်စော်ကားမှုကို ပြင်းထန်စွာ ရှုတ်ချသည်။ အစ္စရေးလ်တို့သည် ၎င်းတို့ မတရား သိမ်းပိုက်ထားသော အာရပ်နယ်မြေများမှ ချက်ခြင်း ဆုတ်ခွာသွားကြရမည်'' ဟု ဟွမ်ဟွာက ပြောသည်။

ဆိုဗီယက်သံအမတ်ကြီး ယာကွတ်မာလစ်က ''ဤအရေးအခင်းနှင့် ပတ်သက်ပြီး လုံခြုံရေးကောင်စီ အစည်းအဝေး ခေါ်ယူကျင်းပရန် လိုအပ်သည်ဟု မိမိမထင်။ သို့သော်လည်း ယခု အစည်းအဝေး ကျင်းပဖြစ်နေပါပြီ။ နယ်မြေသိမ်းထားသူများကို ထိုနယ်မြေများပေါ်မှ ဖယ်ရှားပစ်ရန်နှင့် သူတို့ တိုင်းပြည်သို့ သူတို့ ပြန်သွားကြရန်အတွက် မိမိတို့ဆိုဗီယက်အစိုးရက အာရပ်အမျိုးသားများကို ထောက်ခံကြောင်း ဤအစည်းအဝေးတွင် တင်ပြလိုပါသည်'' ဟု ပြောဆိုသည်။

ဗြိတိသျှသံအမတ်ကြီး ဆာဒေါ်နယ်မိတ်လန်က ''လုံခြုံရေးကောင်စီတွင် တာဝန်နှစ်ရပ်ရှိကြောင်း၊ ပထမတာဝန်မှာ အပစ်အခတ် ရပ်စဲရန် ချက်ခြင်း တောင်းဆိုရမည်ဖြစ်ပြီး ဒုတိယအချက်မှာ မှန်ကန်သည့် သံတမန်နည်းလမ်းများဖြင့် ငြိမ်းချမ်းရေးအတွက် ဖြေရှင်းပေးရမည်ဖြစ်ကြောင်း'' ဖြင့် တင်ပြသည်။

အစ္စရေးလ် နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီတန်က ပြောကြားရာတွင် ''မိမိတို့ကို အာရပ်တို့က စတင်တိုက်ခိုက်ခြင်း မပြုမီ ၆ နာရီအလိုတွင် အစ္စရေးလ်နိုင်ငံမှ ပေးပို့လိုက်သော ကြေးနန်းတစ်စောင်ကို မိမိရရှိကြောင်း။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပျက်စီးသွားအောင် အီဂျစ်နှင့်ဆီးရီးယားတို့က မည်မျှအထိ ထိုးနှက်လိုက်သည်





ကို ကောင်းစွာ သိရှိသူ တစ်စုံတစ်ယောက်မှ ဤခန်းမအတွင်းမှာ မရှိကြောင်း။

''အီဂျစ်နှင့် ဆီးရီးယားတို့၏ ယခုတိုက်ခိုက်မှုသည် အလွန်တရာ ရိုင်းစိုင်း ဆိုးယုတ်သည့် တိုက်ခိုက်မှုဖြစ်ကြောင်း၊ မိမိတို့၏ ဘာသာရေး အထွတ်အမြတ် နေ့ထူးနေ့မြတ်တွင် လာရောက် တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ သို့ကလို လာရောက် တိုက်ခိုက်သူများကို အနိုင်မပေးရန် ဆုံးဖြတ်ထားကြောင်း၊ အကယ်၍ သူတို့ကို အနိုင် ပေးလိုက်ပါက ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက် အားလုံးတို့သည် သဲထဲရေသွန် အဖြစ်သို့ ရောက်ရတော့မည်ဖြစ်ကြောင်း။

''မိမိတို့၏ ဘာသာရေး နေ့ထူးနေ့မြတ် အကြိုနေ့ညတွင် အမှောင်ထုကို အကာအကွယ်ယူပြီး စူးအက်တူးမြောင်းအား တိတ်တဆိတ် ဖြတ်ကျော်ခဲ့ကြကြောင်း၊ သူတို့ကသာလျှင် မိမိတို့ကို စတင်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း'' ဖြင့် အက်ဘာအီတန်က စွပ်စွဲပြောဆိုလိုက်သည်။

အီဂျစ် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဟက်ဆန်ဇေးယတ်က ''တစ်ဘက်ကစွပ်စွဲသလို မိမိတို့က စတင် တိုက်ခိုက်ခြင်း မဟုတ်၊ အစ္စရေးလ်တို့ကသာ စတင် တိုက်ခိုက်ခြင်း ဖြစ်သည်။''

''၁၉၆၇ ခုနှစ် ၆ ရက်စစ်ပွဲအတွင်းက အစ္စရေးလ်တို့ သိမ်းယူသွားသည့် နယ်မြေအားလုံးကို အာရပ်တို့အား ပြန်ပေးရန် အမေရိကန်မှအပ လုံခြုံရေးကောင်စီက တောင်းဆိုခဲ့သည်။ သို့သော်လည်း လုံခြုံရေးကောင်စီဝင် အများစုတို့၏ဆန္ဒမှာ ဇူလိုင် ၂၂ ရက်နေ့တွင် အမေရိကန်တို့က ဗီတိုအာဏာသုံးပြီး ပယ်ချလိုက်သောကြောင့် မလှုပ်မရှားနိုင်တော့သော ဘဝမျိုးသို့ ဆိုက်ရောက်သွားရပါသည်'' ဟု ဇေးယတ်က ပြောဆိုသွားသည်။

ဆီးရီးယား ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဇကာရီယာအစ္စမေ ကလည်း ''အစ္စရေးလ်တို့သည် ကြီးမားသော တိုက်ပွဲကြီးများကို စတင်

ဆင်နွဲကြောင်း၊ ကမ္ဘာ့ပြည်သူ တစ်ရပ်လုံးကို စော်ကားလိုက်ခြင်း ဖြစ်ကြောင်း၊ ယခုစစ်ပွဲတွင် အစ္စရေးလ်တို့သည်သာလျှင် တာဝန်အရှိဆုံးဖြစ်ကြောင်း'' ဖြင့် အပြင်းအထန် ဝေဖန်သည်။

လုံခြုံရေးကောင်စီ အစည်းအဝေးကို ဆုံးဖြတ်ချက် တစ်စုံတစ်ရာမချနိုင်ဘဲ၊ နောက်ထပ်ကျင်းပမည့် အစည်းအဝေးအတွက်လည်း ရက်သတ်မှတ်ခြင်းကိုပင် မပြုလုပ်ဘဲ ရွှေ့ဆိုင်းလိုက်ရသည်။။

၁၉၇၃၊ အောက်တိုဘာ ၉၊ အင်္ဂါ

**အီဂျစ်စစ်မျက်နှာ**

ညကတည်းက ရပ်နားခြင်း မရှိသောတိုက်ပွဲများသည် စတုတ္ထနေ့သို့ ကူးစက်လာခြင်းဖြင့် စစ်ရှိန် မြင့်တက်လာမြဲပင် ဖြစ်နေသည်။

အကျယ်ဆုံးနေရာတွင် ခြေလှမ်း ၂၀၀ မျှသာ ရှိသည့် စူးအက်တူးမြောင်းကို ဖြတ်ကျော်ပြီး အီဂျစ်တပ်များသည် ဆီနိုင်းကျွန်းဆွယ်ထဲမှာ တိုက်ပွဲများကို ဆင်နွဲမြဲ ဆင်နွဲနေသည်။

သဲကန္တာရအတွင်း၌ တိုက်ပွဲများ ပြင်းထန်နေဆဲ၊ အစ္စရေးလ်လေယာဉ်ပျံများက အီဂျစ်တို့၏ ပို့ဆက်မြို့ကို သွားရောက် ဗုံးကြဲတိုက်ခိုက်သည်။ ပို့ဆက်မြို့သည် တူးမြောင်းအဆုံး မြေထဲပင်လယ်အစပ်တွင်ရှိပြီး လူဦးရေ နှစ်သိန်းခွဲ နေထိုင်ရာမြို့ ဖြစ်သည်။ အရပ်သားများ ထိမှန်သေကြေကြသည်။ လူနေအိမ်ခြေ တိုက်တာအဆောက်အဦ အများအပြား ပျက်စီးသွားသည်။

ဆမ်ဒုံးယာဉ်စခန်းများကို ဖျက်ဆီးပြီး မြေထဲပင်လယ်ထဲ၌ အီဂျစ်စစ်သင်္ဘောတစ်စင်းကိုပါ နှစ်မြှုပ်လိုက်သည်။

ဆီနိုင်းသဲကန္တာရအတွင်း၌ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားရာ အစ္စရေးလ် သံချပ်ကာကား တပ်မဟာကြီး တစ်ခုလုံးကို အီဂျစ်တို့က ချေမှုန်းပစ်လိုက်သည်ဟု ဆိုသည်။ ထိုတပ်မဟာ၏တပ်မှူး ဒုဗိုလ်မှူးကြီး အာဆက်ယာဂူရီကို သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသွားကြောင်း သိရသည်။

ဆီနိုင်းကျွန်းဆွယ် အယ်လ်ဘီလယ်ယင်ရှိ ရေနံတွင်းများကို အီဂျစ်တပ်များက ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြသည်။ ယင်းရေနံတွင်း

အောင်ရတနာ စာပေ

သည် အီဂျစ်တို့ပိုင်ခဲ့သော ရေနံတွင်းပင် ဖြစ်သည်။ ၁၉၆၇ ခုနှစ် ၆ ရက် စစ်ပွဲ ဖြစ်စဉ်က အစ္စရေးလ်တို့ သိမ်းပိုက် ရယူသွားခဲ့ကြသည်။ ထိုရေနံတွင်းမှ ရေနံတို့ကို ရောင်းချခြင်းအားဖြင့် အစ္စရေးလ်တို့သည် နှစ်စဉ် ဒေါ်လာသန်းပေါင်း ၈၀ အမြတ်အစွန်း ရနေခဲ့သည်။ ယခု အဖောက်ခွဲခံရသည့် ရေနံတွင်းများအနက် အချို့ကို အီတလီ ကုမ္ပဏီများက ပိုင်ဆိုင်ကြသည်။

ရေနံတွင်းကို ဖောက်ခွဲ ဖျက်ဆီးလိုက်ကြောင်း အီဂျစ်တို့က ကြေညာသော်လည်း အစ္စရေးလ်တို့ကမူ တစ်စုံတစ်ရာ ဖော်ပြခြင်း မပြုဘဲ ရေငုံနှုတ်ပိတ် နေကြသည်။

အစ္စရေးလ်တို့သည် ပို့ဆက်မြို့ကို ဗုံးကြဲတိုက်ခိုက်ပြီးနောက် မွန်းလွဲပိုင်းတွင် အီဂျစ်တို့၏မြို့တော် ကိုင်ရိုမြို့ကိုပါ သွားရောက် ဗုံးကြဲပစ်လိုက်သည်။ အရပ်သူအရပ်သား အများအပြား သေသည်။ လူနေအဆောက်အဦ အများအပြား ပျက်စီး ပြိုပျက်ကုန်သည်။ တယ်လီဖုန်းကြိုးများလည်း ပြတ်တောက်ကုန်ကာ မြို့တွင်း၌ ဆက်သွယ်ရေးများ ခက်ခဲကုန်သည်။

အစ္စရေးလ်လေတပ်သည် ဆီနိုင်းကျွန်းဆွယ်အတွင်း၌ ပါဝင်တိုက်ခိုက်နေခြင်းထက် အီဂျစ်နိုင်ငံအတွင်းပိုင်းသို့ ဝင်ရောက်ပြီး အခြေခံစခန်းများကို ဗုံးကြဲတိုက်ခိုက်ခြင်းများ ပိုမိုပြုလုပ်လာသည်။ မြေပြင်တွင်မူ ရန်သူများ၏ ထိုးစစ်အရှိန် လျော့ပါးသွားအောင် ကြိုးပမ်းနေဆဲပင် ရှိသည်။ တန်ပြန်ထိုးစစ်ကို ကောင်းမွန်ပီပြင်စွာ ဆင်နွှဲနိုင်ခြင်း မရှိသေးချေ။ မနေ့ကနှင့် နှိုင်းစာလျှင်မူ တိုက်ခိုက်အား ပိုမိုကောင်းမွန်လာသည်မှာ မှန်သည်။

စိတ်ဓာတ် အလွန်တက်ကြွနေသည့် အီဂျစ်စစ်သားများသည် ဆီနိုင်းကျွန်းဆွယ်အတွင်း တင့်ကား တိုက်ပွဲများ ဖြစ်ပွားရာ၊ မိမိတို့ကိုယ်ကို ဗုံးများပတ်ပြီး အစ္စရေးလ် တင့်ကားများအောက်သို့ အသေခံ ဝင်ရောက် ဖျက်ဆီးသည်များအထိ ပြုလုပ်နေကြသည်။





## ဆီးရီးယားစစ်မျက်နှာ

ဂိုလန်ကုန်းပြင်မြင့်တွင်လည်း ညလုံးပေါက် ညတိုက်ပွဲများ ဆင်နွှဲပြီး မပြီးပြတ်နိုင်ဘဲ စတုတ္ထနေ့သို့ ပြင်းထန်စွာ တိုက်ကြရင်းဖြင့် ကူးဝင်လာသည်။

မြေပြင်၌ ပြင်းထန်စွာ ထိုးစစ်ဆင်နေသော အစ္စရေးလ်တပ်များသည် ဆီးရီးယားနယ်မြေတွင်းသို့ တပ်ဦးက ဝင်ရောက်သွားနိုင်ပြီ ဖြစ်သည်။ မြားဦးသဏ္ဌာန် ထိုးဖောက်လာသော အစ္စရေးလ်စစ်ဦးကို ဆီးရီးယားတပ်များ မတားနိုင်ဘဲ ရှိနေသည်။

အစ္စရေးလ်လေတပ်က ဒမတ်စကပ်မြို့တော်ကို သွားရောက် ဗုံးကြဲပစ်လိုက်သည်။ အပျက်အစီးအလွန်များပြီး အလွန် အထိနာလှပါသည်ဟု ဆီးရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဒဏ်ရာရသူများ၊ သေကြေသူများ၊ မြို့တော်တွင်းမှာ မြင်မကောင်းအောင် ဖြစ်နေသည်။

အစ္စရေးလ်လေတပ်သည် ဆီးရီးယား စစ်ဌာနချုပ်ကို အဓိကထားပြီး မြေစိုက်ဗုံးကြဲ တိုက်လေယာဉ်ပျံများဖြင့် တိုက်ခိုက်ခြင်း ဖြစ်သည်။ ရေနံချက်စက်ရုံများ၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများကို ဒုတိယ အဓိကပစ်မှတ်များအဖြစ် ဗုံးကြဲသည်။

ဒမတ်စကပ်မြို့တော်မှာ ရှိနေသော ပိုလန်သံရုံးနှင့် ဆိုဗီယက်ယဉ်ကျေးမှုဌာနများ တိုက်ရိုက်ဗုံးထိမှန်ကာ ပျက်စီးသွားသည်။ ဆိုဗီယက် ယဉ်ကျေးမှုများဌာန တစ်ခုတည်းတွင် လူ ၃၀ ခန့် သေဆုံးသည်။ ပိုလန် သံရုံးတွင်လည်း အသေအပျောက်ရှိသည်။ ထို့ကြောင့် ပိုလန်အစိုးရက သံရုံးအမှုထမ်းများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် စီစဉ်လိုက်သည်။

ကုလသမဂ္ဂ၏ စစ်ဘက်ဆိုင်ရာ အကဲခတ်အဖြစ် ဒမတ်စကပ်မြို့တွင် တာဝန်ထမ်းဆောင်နေသော နော်ဝေလေတပ်မှ ဗိုလ်မှူးကြီး ယော်ဆွာသည် သူ၏နေအိမ်တွင် ရှိနေခိုက် အစ္စရေးလ်တို့၏ ဗုံးဒဏ်

ကြောင့် ဖနီး၊ ၈ နှစ်ရွယ် သမီးငယ်တို့နှင့်အတူ သေဆုံးသွားသည်။

ဒမတ်စကပ်မြို့ကို ဗုံးကြဲတိုက်ခိုက်နေချိန်မှာပင် အစ္စရေးလ်လေတပ်က ဟွမ်းမြို့၊ လာတာကီယာနှင့် တားတပ်စ်မြို့ ဆင်ခြေဖုံးရပ်ကွက်များကိုပါ သွားရောက် ဗုံးကြဲသည်။ အပျက်အစီး အသေအပျောက်များ ရှိသည်။ ဂျပန်သင်္ဘောတစ်စင်း ဗုံးထိပြီး နစ်သည်။ ရုရှလေယာဉ်ပျံကြီး တစ်စင်းကိုပါ ပစ်ချခဲ့သည်။

ဒမတ်စကပ်မြို့တော်ရှိ ဆီးရီးယား အစိုးရအသံလွှင့်ရုံမှာလည်း ဗုံးတိုက်ရိုက်ထိမှန်ပြီး လုံးဝလောက်နီးနီး ပျက်စီးသွားသည်။

ဆီးရီးယားစစ်မျက်နှာကို အစ္စရေးလ်တို့က သဲကြီးမဲကြီး တိုက်ခိုက်လာကြောင်း သိသာထင်ရှားသည်။ အီဂျစ် စစ်မျက်နှာကို ထိန်းထားရုံသဘော တိုက်ခိုက်နေပြီး ဆီးရီးယားနိုင်ငံ အတွင်းပိုင်းသို့ ရောက်အောင် ဝင်ရောက် သိမ်းပိုက်ရန် ခြေလှမ်းနေခြင်း ဖြစ်သည်။ ဂိုလန်ကုန်းပြင်မြင့်နှင့် ဒမတ်စကပ်မြို့ကြားရှိ ဆမ်ဒုံးယာဉ်စခန်းများကို စိတ်တိုင်းကျ ချေဖျက်ခဲ့ပြီးပြီလည်း ဖြစ်သည်။

အစ္စရေးလ်လေယာဉ်အများစုတို့သည် ဆီးရီးယားဘက်ကို မဲတိုက်နေကြသည်။ ဆီးရီးယားတို့၏ လေကြောင်းရန် ကာကွယ်နိုင်သည့်အားမှာ သိသိသာသာကြီး လျော့နည်းသွားသည်။ မြေပြင်မှ ပစ် ဒုံးယာဉ်စခန်းများကို အစ္စရေးလ်တို့က အနာခံပြီး ဖြိုဖျက်ခဲ့ကြသည်။ ဒုံးယာဉ်စခန်းများကို အနည်းဆုံး လေယာဉ်ပျံအစင်း ၅၀ ခန့် အကုန်ခံပြီး ချေမှုန်းခဲ့ခြင်းဖြစ်သည်ဟု အကဲခတ်သမားများက ဆိုကြသည်။

### အာရပ်ပြောသမျှ

စစ်နှင့် မပတ်သက်သည့် အရပ်သူအရပ်သားများအား ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် ပတ်သက်ပြီး လက်တုန့်ပြန်ခြင်းကို အစ္စရေးလ်တို့ မကြာမီ ခံကြရတော့မည်ဟု အီဂျစ်က ပြောသည်။

စူးအက်တူးမြောင်းကို ဖြတ်ကျော်ရာတွင် ကြားဖြတ် တိုက်ခိုက်





ရန် ကြိုးစားသည့် အစ္စရေးလ်လေယာဉ် အများအပြားကို ပစ်ချနိုင်ခဲ့ကြောင်း။ ဆီနိုင်းကျွန်းဆွယ် အတွင်း၌ မိမိတို့တပ်များက အောင်ပွဲများအဆင့်ဆင့် ခံယူရရှိနေပြီး၊ ရန်သူသိမ်းပိုက်ခဲ့သော နယ်မြေအများအပြားကို ပြန်လည် လွတ်မြောက်စေလျက် ရှိကြောင်းဖြင့် အီဂျစ်စစ်ဦးစီးဌာနချုပ်က ထုတ်ပြန်သော ကြေညာချက်တွင် ပါရှိသည်။

ဆီနိုင်းစစ်မျက်နှာရှိ အီဂျစ်စစ်ခန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြန်ရောက်လာသည့် အီဂျစ်စစ်ဦးစီးချုပ် ဗိုလ်ချုပ် ရှာဇလီက ''အစ္စရေးလ်တို့၏ စစ်ရေးအရ လွှမ်းမိုးမှုသည် နိဂုံးချုပ်ချိန်သို့ မကြာမီ ရောက်တော့မည်။ ထိုအချိန်သည် အစ္စရေးလ်တို့၏ ဘားလက်ဗ်ခံစစ်ကြောင်းကြီးကို မိမိတို့က အပြီးတိုင် ချေမှုန်းလိုက်နိုင်သော အချိန်ဖြစ်သည်။ သူတို့၏ ခံစစ်ကြောင်းကို မည်မျှ ငွေကုန်ကြေးကျခံပြီး မည်မျှ ကြီးကျယ်အောင် ဆောက်လုပ်ထားကြောင်း ကမ္ဘာ့နိုင်ငံ အသီးသီးမှ စစ်ရေးခေါင်းဆောင်များ လေ့လာ ကြည့်စေချင်သည်။ ထိုအခါတွင် မိမိတို့ အီဂျစ်စစ်သားများ မည်မျှ ကြီးကျယ်ကြောင်းနှင့် မည်မျှအစွမ်းထက်ကြောင်း သဘောပေါက် နားလည်နိုင်ကြလိမ့်မည်'' ဟု ဗိုလ်ချုပ်ရှာဇလီက အသံလွှင့် ပြောကြားသွားသည်။

ဒမတ်စကပ်နှင့် ဟွမ်းမြို့များကို အစ္စရေးလ်တို့ ဗုံးလာကြဲသည့်အတွက် ဆီးရီးယားပြည်သူတို့၏ စိတ်ဓာတ်ကို မကျဆင်းစေနိုင်ကြောင်းဖြင့် ဆီးရီးယားက ကြေညာသည်။ ဂိုလန်ကုန်းပြင်မြင့်တွင် မိမိတို့တပ်များက အောင်ပွဲခံနေဆဲပင် ရှိသည်။ ထိုဒေသ၌ အကြီးဆုံး ဖြစ်သည့် ကူနီထရာမြို့ကို ရန်သူများလက်မှ မိမိတို့ ပြန်လည်သိမ်းပိုက်လိုက်ကြပြီဟု အသံလွှင့်သည်။

ရေနံဖြင့် ချမ်းသာကြွယ်ဝနေသော အာရပ်ဆယ်နိုင်ငံတို့ အမြန်ဆုံး အစည်းအဝေး ခေါ်ဆိုကာ လက်ရှိစစ်နှင့် ပတ်သက်ပြီး မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်သင့်သည်ကို ဆွေးနွေးသင့်ကြပြီ ဖြစ်ကြောင်းဖြင့် ကူဝိတ်ရေနံဝန်ကြီး အယ်အတီကီက ယနေ့ တိုက်တွန်းလိုက်သည်။

အီဂျစ်နှင့် ဆီးရီးယားကို ကူညီရန် ကူဝိတ်နိုင်ငံက စစ်စုစည်းမှုများကို ပြုလုပ်ပြီးပြီဟုလည်း အစိုးရက ကြေညာသည်။

လက်ရှိ အခြေအနေကို အလေးအနက်ထားပြီး အမြန်ဆုံးလေ့လာကြပါရန် မေတ္တာရပ်ခံပါကြောင်းဖြင့် အီဂျစ်သမ္မတ အန်ဝါဆာဒတ်က အာဖရိက ညီညွတ်ရေးအဖွဲ့ချုပ်သို့ ယနေ့ အကြောင်းကြားစာပို့သည်။ မိမိတို့ အီဂျစ်နိုင်ငံနှင့် ညီအစ်ကိုတော် အာရပ်နိုင်ငံများသည် ယခုစစ်ပွဲတွင် အောင်နိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြ... ဟု ဆက်လက်ပါရှိသည်။

တန်ဇန်နီယာအစိုးရ၊ ဂါနာအစိုးရ၊ အီရန်အစိုးရ၊ ယူဂန်ဒါအ... တူရကီအစိုးရ စသော နိုင်ငံပေါင်းများစွာတို့က အီဂျစ်နှင့်ဆီးရီးယားကို ထောက်ခံကြောင်း ကြေညာသည်။

ကြေကွဲဘွယ်ကောင်းသော သွေးချောင်းစီးစစ်ပွဲကြီးကို ငြိမ်းချမ်းရေး မြတ်နိုးသည့် ကမ္ဘာပြည်သူများက ဝိုင်းဝန်း တားဆီးကာ အီဂျစ်နှင့် ဂျော်ဒန်တို့၏ တရားမျှတသည့် တောင်းဆိုချက်များကို ထောက်ခံကြရန် ကုလသမဂ္ဂ ဆုံးဖြတ်ချက် ၂၄၂ ကို အကောင်အထည် ဖော်ပေးရန် ကြေညာချက်များက ဖော်ပြကြသည်။

**အစ္စရေးလ် ပြောသမျှ**

ကိုင်ရိုမြို့၊ ဒမတ်စကပ်မြို့နှင့် ဟွမ်းမြို့များကို မိမိတို့လေတပ်က သွားရောက် ဗုံးကြဲတိုက်ခိုက်ရာတွင် အရပ်သားပစ်မှတ်များကို တိုက်ခိုက်ခြင်း မပြုကြောင်း၊ စစ်ဌာနချုပ်များ၊ စစ်စခန်းများကိုသာ တိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ စစ်ပွဲအတွင်း၌ မတော်တဆ ထိခိုက်မှုများသာ ရှိမည်ဖြစ်ကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည်။

ဒမတ်စကပ်မြို့တွင် ဗုံးထိမှန်ပြီး သေဆုံးသွားသော ကုလသမဂ္ဂ အကဲခတ်အဖွဲ့ဝင် နော်ဝေးအမျိုးသား လေတပ်ဗိုလ်မှူးကြီး ယော်ခွာအတွက် ဝမ်းနည်းပါကြောင်းဖြင့် အစ္စရေးလ် နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီဘန်က နော်ဝေးအစိုးရထံ သဝဏ်လွှာ ပေးပို့သည်။





အီဂျစ်တို့သည် တိုက်ရည်ခိုက်ရည် ကောင်းလာသည်မှာ မှန်ကြောင်း၊ သို့သော်လည်း သူတို့အမြောက်များက သူတို့၏ ကတုတ်ကျင်းများကို တည့်တည့်ထိမှန်အောင် မကြာခဏ ပြန်ပစ်တတ်သည့် အကျင့်မှာမူ မပျောက်သေးကြောင်းဖြင့် ရှေ့တန်းစစ်မြေပြင်တွင် သတင်းထောက်များနှင့် တွေ့သော အစ္စရေးလ်စစ်အရာရှိများက ပြောပြကြသည်။



**အစ္စရေးလ်အမျိုးသမီးအဖွဲ့**

ပေါင်ရင်းပေါ်လုတမျှ ဂါဝန်တိုတိုလေးများ ဝတ်ထားကြသည့် အစ္စရေးလ်အမျိုးသမီးငယ်ကလေးများသည် ရှေ့တန်း စစ်မျက်နှာများတွင် ဂျစ်ကားများမောင်းလျက်၊ ဒဏ်ရာရသူများကို ပြုစုလျက်၊ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများကို လုပ်ကိုင်လျက်ဖြင့် ပျားပန်းခတ်မျှ လှုပ်ရှား သွားလာကာ တာဝန်ထမ်းဆောင်နေကြသည်။

ကြမ်းတမ်းသောစစ်ပွဲကြီးတွင် ပါဝင်တိုက်ခိုက်နေကြသည့် ပုရိသယောက်ျားသားများ မျက်စိအေးစရာ၊ စစ်ပွဲ၏ နွမ်းနယ်ပင်ပန်းမှုများကို မေ့ပျောက်စရာ အမောပြေဆေးကလေးများ ဖြစ်နေသည်။

အစ္စရေးလ် အမျိုးသမီးများသည် အသက် ၁၈ နှစ်ပြည့်သော အခါ လပေါင်း ၂၀ စစ်မှုထမ်းကြရသည်။ စစ်မက် ဖြစ်ပွားသော အခါတွင်လည်း ကလေးအမေများမှအပ အိမ်ထောင်မရှိသူများ အိမ်ထောင်ရှိသော်လည်း သားသမီးမရှိသေးသူများသည် စစ်မြေပြင်သို့ဆင်းကာ စစ်မှုထမ်းဆောင် ကြရသည်။

ယင်းအမျိုးသမီးစစ်မှုထမ်းများသည် လက်နက်ငယ်သင်တန်းများကို တက်ရောက်ပြီး စစ်ရေးစစ်ရာများ ကောင်းစွာ တတ်ကျွမ်းခဲ့ကြသော်လည်း ယခုစစ်၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်ခြင်းကို မပြုခိုင်းချေ။ ရုံးလုပ်ငန်းများ၊ သူနာပြုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းများနှင့် စစ်နှင့် ပတ်သက်သော အခြား ဗာဟီရလုပ်ငန်းများကိုသာ လုပ်ကိုင်ကြရသည်။

**ကမ္ဘာ့နိုင်ငံအသီးသီး၏ဂယက်များ**

အစ္စရေးလ် ကျူးကျော်ရေးသမားများကို ဆန့်ကျင်တိုက်ခိုက်နေသည့် အာရပ်တို့၏တိုက်ပွဲကို ထောက်ခံကြောင်းဖြင့် ပြည်သူ့တရုတ်ပြည်နိုင်ငံခြားရေးဝန်ကြီး ချီပင်ဖေက ပီကင်းတွင် ယနေ့ ပြောသည်။

ငြိမ်းချမ်းရေး ရရှိဖို့အတွက် အစ္စရေးလ်တပ်များအားလုံး ၆ ရက် စစ်ပွဲမတိုင်မီနေရာများသို့ ပြန်သွားရမည်။ အာဖရိက ပြည်သူများ ညီညွတ်ရန် အရေးကြီးသည်ဟု အာဖရိက ညီညွတ်ရေး အဖွဲ့ချုပ်





လက်ရှိ သဘာပတိလည်းဖြစ်၊ နိုက်ဂျီးရီးယား သမ္မတလည်းဖြစ်သော ဗိုလ်ချုပ်ကြီး ယာကူဘူဂိုဝမ်က ယနေ့ ပြောသည်။

အစ္စရေးလ်တို့၏ စစ်ထောင်လွှားမှုကြောင့် အစ္စရေးလ်နှင့် သံတမန် အဆက်အသွယ်ကို ဖြတ်လိုက်ပြီဖြစ်ကြောင်း အာဖရိက အလယ်ပိုင်းမှ ရဝမ်ဒါသမ္မတနိုင်ငံ အစိုးရက ကြေညာသည်။

အစ္စရေးလ်ကိုတိုက်ရန် အင်အား ၂၄၀၀ ရှိသော စစ်တပ်ကို စေလွှတ်လိုက်ပြီဟု ဆူဒန်သမ္မတ နီမေရီက ကြေညာသည်။

ဘုရင်ဟူစိန်ကို အာရပ်နိုင်ငံများက ဝိုင်းဝန်းအကြပ်ကိုင် နေကြသည်။ ထို့ကြောင့် ဂျော်ဒန်နိုင်ငံသည် စစ်ထဲသို့ ဝင်လာဖွယ်ရာ ရှိသည်ဟု အနောက်အုပ်စု သံတမန်များရပ်ကွက်က ခန့်မှန်းကြသည်။

ပဲရစ်မြို့တွင်ရှိသော ဆီးရီးယားသံရုံးက လက်ရှိစစ်တွင် ဒဏ်ရာရသူများအတွက် အသုံးပြုရန် သွေးအလှူခံသည်။

ပဲရစ်မြို့တွင်ပင် ရှိနေသော အစ္စရေးလ်သံရုံးသို့ ပြင်သစ်အမျိုးသား တစ်ယောက်ဝင်လာပြီး ရွှေချောင်းများကို လှူဒါန်းသည်။ ထိုသူက သူ၏အမည်ကို ထုတ်ဖော်ကြေညာခွင့် မပြုနိုင်ပါဟု ပြောဆိုသည်။ ထိုရွှေချောင်းများ၏ တန်ဖိုးမှာ ဒေါ်လာ ၃၅၀,၀ ရှိသည်။ ထိုရွှေများကို မည်သို့ အသုံးပြုရမည်ကို မဆုံးဖြတ်ရသေးပါဟု သံရုံးအရာရှိများက ပြောသည်။

အစ္စရေးလ်သံရုံးမှာလည်း ပြင်သစ်အမျိုးသားများ၊ ပြင်သစ်ရှိ ဂျူးအမျိုးသားများ၊ အခြားလူမျိုးများဖြင့် ပြည့်ကြပ်နေသည်။ လက်ရှိ စစ်တွင် လိုသလိုအသုံးပြုရန် အစ္စရေးလ်အား သွေးလှူနေကြခြင်း ဖြစ်သည်။

**ကမ္ဘာ့ကုလသမဂ္ဂ**

အရှေ့အလယ်ပိုင်းပြဿနာနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့ကျင်းပသည်။

"အမေရိကန်၏ အကြံပေးချက်ကို ကောက်ချက်ချကြည့်မည်ဆိုလျှင် စစ်ဖြစ်နေသည့် နိုင်ငံအားလုံးတို့သည် အောက်တိုဘာ ၆ ရက်နေ့မတိုင်မီက နေရာများသို့ ပြန်သွားကြရန် အလွန် ယုတ္တိမတန်စွာ၊ ကြောင်းကျိုး ဆီလျော်ခြင်း ကင်းမဲ့စွာ အကြံပေးခြင်းသာ ဖြစ်သည်။ နောက်တဖန် အစ္စရေးလ်က ဗုံးကြဲ တိုက်ခိုက်နေခြင်းများသည်လည်း အစ္စရေးလ်ကို ကျူးကျော်စော်ကား တိုက်ခိုက်နေကြသည့် နိုင်ငံများ၏ စစ်ဌာနချုပ်များကိုသာ တိုက်ခိုက်နေခြင်းဖြစ်ပါသည်ဟု အဓိပ္ပါယ်ထွက်ကြောင်း" ဖြင့် ဆိုးရီးယား ဒုနိုင်ငံခြားရေးဝန်ကြီး အစ္စမေဇကာရီယာက ယနေ့ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုသည်။

ဇကာရီယာက "အောက်တိုဘာ ၆ ရက်နေ့က တည်ရှိနေသည့် နေရာများကို အပစ်အခတ် ရပ်စဲရေးမျဉ်းကြောင်းအဖြစ် သတ်မှတ်ရမည်ဆိုလျှင် တရားမျှတခြင်းမရှိ၊ ကောင်းမြတ်သော စိတ်ထားမရှိသည့် တင်ပြချက်သာ ဖြစ်မည်။ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ပေးရန် တောင်းဆိုနေသော အာရပ်ပြည်သူများ၏ တောင်းဆိုမှုကို ကုလသမဂ္ဂက ထောက်ခံပါဟု တောင်းပန်လိုပါသည်" ဟု ဆက်လက်ပြောဆိုသည်။ ဆက်လက်ပြီး ဒမတ်စကပ်မြို့ရှိ ဆိုဗီယက်ရုံးများကို အစ္စရေးလ်တို့ ဗုံးကြဲတိုက်ခိုက်သည့် အေအက်ဖ်ပီသတင်းကို အသံကျယ်ကျယ်ဖြင့် ဖတ်ပြသည်။

"ဗုံးကြဲတိုက်ခိုက်ခြင်းသည် ကျူးကျော်စစ်ဆင်နွှဲသူများက သူတို့အတွက် အခက်အခဲများ တွေ့လာရသောအခါတွင် ဂမူးရှူးထိုး ဆင်ကန်းတောတိုး ပြုလုပ်ခြင်းသာလျှင် ဖြစ်ကြောင်း" ဖြင့် ဆိုဗီယက်သံအမတ်ကြီး ယာကော့မာလစ်က ပြောဆိုသည်။

"ဒမတ်စကပ်မြို့ပေါ်မှာ သေကြေ ထိခိုက်ဒဏ်ရာရကြသည့် အရပ်သားများအတွက် ဝမ်းနည်း ကြေကွဲပါကြောင်း" ဖြင့် အစ္စရေးလ်ကိုယ်စားလှယ် တီကိုအာက ပြောကြားလိုက်သောအခါ ယာကော့မာလစ်သည် သပိတ်မှောက် ဆန္ဒပြသည့်အနေဖြင့် စည်းဝေးခန်းမကြီးအတွင်းမှ





ထွက်ခွာသွားတော့သည်။

မာလစ်က "လူသတ်သမားတွေ၊ လူဆိုးဂိုဏ်းဝင်တွေက ဝမ်းနည်းတဲ့အကြောင်း ပြောဆိုနေကြတာတွေကို နားထောင်ဖို့ ကျွန်တော် ဒီအခန်းထဲမှာ မနေတော့ပါဘူး"ဟု ပြောဆိုကာ ထွက်ခွာသွားခြင်း ဖြစ်သည်။ ခန်းမအတွင်းမှ မာလစ် ထွက်ခွာသွားစဉ် ကျန်ရစ်သူများက သောသောအုတ်အုတ် လက်ခုပ်တီးကာ ဩဘာပေးကြသည်။

အစ္စရေးလ်ကိုယ်စားလှယ် တီကိုအာက "လက်ရှိစစ်ပွဲနှင့် ပတ်သတ်ပြီး အကြီးမားဆုံး တာဝန်ရှိသူမှာ ဆိုဗီယက်နိုင်ငံပင် ဖြစ်ကြောင်း၊ အစ္စရေးလ်နိုင်ငံသည် မိမိကို ကျူးကျော်စော်ကား တိုက်ခိုက်လာသူများအား ပြန်လည် တွန်းလှန်ခွင့်လည်း ရှိကြောင်း" ဖြင့် ပြောဆိုသည်။

အစ္စရေးလ်တို့က အီဂျစ်နှင့် ဆီးရီးယားကို တိုက်ခိုက်လာခြင်းသည် "မင်းတို့ကြိုက်တာလုပ်၊ မင်းတို့ အလိုဆန္ဒကို ဆန့်ကျင်ပြီး လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်မချစေရ" ဟူသော အမေရိကန်တို့၏ အာမခံချက်၏ ရလာဒ်သာလျှင် ဖြစ်သည်ဟု ဆီးရီးယား ဒုနိုင်ငံခြားရေးဝန်ကြီး ဇကာရီယာက ပြောသည်။

"အစ္စရေးလ်လေတပ်နှင့်အတူ ပါဝင် တိုက်ခိုက်ကြရန် အမေရိကန် နိုင်ငံသားများကို ခေါ်ဆိုလိုက်သည်ဟု သိရပါသည်။ ယနေ့ ကိုင်ရိုမြို့ကို ဗုံးကြဲတိုက်ခိုက်သည့် ဖင်တမ် တိုက်လေယာဉ်အမျိုးအစား အစင်း ၃၀ ကိုလည်း၊ အမေရိကန်တို့က အစ္စရေးလ်သို့ ပေးပို့ရန် ရှိသည်ဟုလည်း ကြားရပါသည်။ ကျွန်တော် ကြားသိရသောသတင်းများ မမှန်ကန်ပါစေနှင့်ဟု မျှော်လင့်ပါသည်။ ထိုသို့မဟုတ်လျှင် အီဂျစ် နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် အယ်လ်ဇေးယတ်က ပြောဆိုသွားသည်။

"၁၉၆၇ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့က ဆုံးဖြတ်ချက်ကို တဆက်တည်း အကောင်အထည်ဖော်သွားနိုင်မည့် အပစ်အခတ် ရပ်စဲရေးကို ကုလသမဂ္ဂက ချက်ခြင်းတောင်းဆိုပါ" ဟု ဩစထရီးယား

ကိုယ်စားလှယ် ပီတာဂျင်ကိုဝစ်က တိုက်တွန်းသည်။

"အစ္စရေးလ်တို့သိမ်းပိုက်ထားသည့် နယ်မြေများပေါ်တွင် လက်ရှိ စစ်ပွဲဖြစ်ပွားနေသည်။ ထိုဒေသများမှ အစ္စရေးလ်တို့ လုံးဝ ပြန်လည် ဆုတ်ခွာ ရုတ်သိမ်းသွားကြမှသာလျှင် ငြိမ်းချမ်းရေးအတွက် တောင်း ဆိုနိုင်မည်။ ထိုသို့မှလက်မခံနိုင်လျှင် အစ္စရေးလ်တို့သည် ကျူးကျော် ရေးသမားများဖြစ်ကြောင်း ဤလုံခြုံရေးကောင်စီက ဆုံးဖြတ်ပါရန် တောင်းဆိုပါသည်" ဟု ယူဂိုဆလားဗီးယား ဒုဝန်ကြီးချုပ် မီလော့စ် မီးနစ်က အကြံပေးသွားသည်။

"အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီက အကောင်အထည် မဖော်နိုင်လျှင် ကျွန်ုပ်တို့၏အမြင်များ မပြောင်းလဲ ခဲ့သည့်အတွက် အပြစ်ကင်းရှင်းကြောင်း ယူဆပါမည်။ ငြိမ်းချမ်းရေး ရရှိမှုအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်ရမည်ဟု ကျွန်ုပ်တို့ ထင်မြင် ယူဆ ခဲ့ကြပါသည်" ဟု ပြင်သစ်ကိုယ်စားလှယ် လူဝီဒီဂူရင်ဂန်းက ပြောသည်။

ဆူဒန် နိုင်ငံခြားရေး ဝန်ကြီးခါလစ်မန်ဆော်ကလည်း "အောက် တိုဘာ ၆ ရက်နေ့ မတိုင်မီက နေရာများသို့ ပြန်ဆုတ်ပေးကြရန် အမေရိကန်၏ တောင်းဆိုချက်ကို ကြားရသောအခါ အခြားဂြိုဟ်တခု မှ သတ္တဝါတဦးက လာရောက်တောင်းဆိုနေလေရော့သလားဟု ထင် မှတ်ရကြောင်း" ဝေဖန်သွားသည်။

"အစ္စရေးလ်နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီဘန်၏ ပြောဆို ချက်များသည် အရူးချေးပန်း ဖြစ်နေသည်။ အစ္စရေးလ်တို့က နယ်မြေချဲ့ ထွင်လိုမှုကို အဆုံးမသတ်သေးသမျှ စေ့စပ် ဆွေးနွေးမှုများဖြင့် ငြိမ်းချမ်း ရေးကို အကောင်အထည်ဖော်၍ မရနိုင်ကြောင်း မိမိတို့နိုင်ငံက ယုံကြည် ထားပါသည်" ဟု သီရိလင်္ကာ သံအမတ်ကြီးက ပြောသည်။

"၁၉၆၇ ခုနှစ် စစ်ပွဲတုန်းက သိမ်းပိုက်ထားခဲ့သည့် နယ်မြေများ အားလုံးမှ အစ္စရေးလ်များ ပြန်လည်ဆုတ်ခွာ သွားရမည်။ ယခုဖြစ်ပေါ်





လာသည့် ပေါက်ကွဲမှုသည် အစ္စရေးလ်အပေါ်မှာသာ တာဝန်ရှိသည်" ဟု မလေးရှားကိုယ်စားလှယ်က တင်ပြသည်။

လုံခြုံရေးကောင်စီ အဖွဲ့ဝင်တို့သည် တစ်ဖက်နှင့်တစ်ဖက် အပြစ် တင်ကြရင်းဖြင့် ဒုတိယအကြိမ်မြောက် လုံခြုံရေးကောင်စီ အစည်းအဝေး ပြီးဆုံးသွားပြန်သည်။ လက်ရှိစစ်နှင့် ပတ်သက်၍ တိကျခိုင်မာသော ဆုံးဖြတ်ချက် တစ်စုံတစ်ရာကို ချမှတ်နိုင်ခြင်း မရှိချေ။

၁၉၇၃၊ အောက်တိုဘာ ၁၀၊ ဗုဒ္ဓဟူး

အီဂျစ်စစ်မျက်နှာ

ဝတ်ကျေတန်းကျေ စစ်တိုက်ရသည့်သဘောမျိုးဖြင့် ပဉ္စမမြောက်နေ့ စစ်ပွဲကို စတင်ကြသည်။

အစ္စရေးလ်က လေတပ်ဖြင့် တိုက်ပွဲများ အရှိန်မြင့်လာရန် ကြိုးစားသည်။ အီဂျစ်တို့ကလည်း ရှိသမျှစွမ်းအားများဖြင့် အစ္စရေးလ်၏ လေကြောင်းတိုက်ခိုက်မှုများကို တုန့်ပြန်သည်။ မြေပြင်မှာလည်း တင့်ကားတိုက်ပွဲများ၊ ခြေလျင်တပ်တိုက်ပွဲများ ဖြစ်ပွားသည်။ သူနိုင်သည်၊ ငါနိုင်သည်ဟု ကြေညာနေသည်မှတပါး အခြေအနေသည် ထူးထူးခြားခြား ပြောင်းလဲလာခြင်း မရှိချေ။

စစ်ရှိန်လျော့ကျသွားပြီး စစ်ပြိုင်ဘက်နိုင်ငံများ စစ်နားနေလေ ရော့သလားဟု ထင်မှတ်ရသည်။ ဆီနိုင်းကျွန်းဆွယ်ထဲတွင် တင့်ကားတိုက်ပွဲများ အတန်အသင့်ဖြစ်ပွားသည်။ ထင်ထင်ရှားရှား နယ်မြေများ သိမ်းပိုက်နိုင်ခြင်း မရှိကြချေ။ အီဂျစ်တို့က တူးမြောင်းကို ဖြတ်ကျော်ကာ တပ်ကူများ ပို့မြဲပို့သည်။ အစ္စရေးလ်တို့ကလည်း အီဂျစ် တပ်ကူများကို လေကြောင်းမှ တိုက်ခိုက်မြဲ တိုက်ခိုက်သည်။

ပင်လယ်များအတွင်း၌လည်း သာမန်တိုက်ပွဲများသာ ဖြစ်ပွားသည်။ ရင်ဆိုင်တိုက်ပွဲများ ဖြစ်ပွားခြင်း မရှိ။ ရေတပ်တို့သည် တစ်ဘက်နှင့် တစ်ဘက် အဝေးမှ အမြောက်ဖြင့် လှမ်းပစ်နေကြရုံမှတစ်ပါး ကြီးမားသော တိုက်ခိုက်မှု မဖြစ်ပွားချေ။





ဂိုလန်ကုန်းပြင်မြင့်ရှိ ဆီးရီးယားအမြောက်ဆံများအောက်မှ အစ္စရေးလ်တပ်

### ဆီးရီးယားစစ်မျက်နှာ

ကြီးမားသော လေကြောင်းတိုက်ပွဲကြီးများ ဆင်နွှဲရင်းဖြင့် ဂိုလန်ကုန်းပြင်မြင့် စစ်မျက်နှာတွင် အစ္စရေးလ်တို့က ပဉ္စမမြောက် စစ်ပွဲကို စတင်သည်။ မြေပြင်တိုက်ပွဲများထက် လေကြောင်းမှ ဗုံးကြဲခြင်း၊ စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဆီးရီးယားပြည်တွင်းသို့ ဒလစပ် ထိုးဖောက်ချီတက်နေသည့် အစ္စရေးလ်တပ်များကို လေတပ်ဖြင့် အကာအကွယ်ပေးခြင်းများကို အစ္စရေးလ်တို့က အားကြိုးမာန်တက် ဆောင်ရွက်ကြသည်။

ထိုသို့ ဆီးရီးယားပြည်တွင်းသို့ စစ်ဦးထိုးဖောက်နေခိုက် အစ္စရေးလ် လေတပ်က အကာအကွယ်ပေးနေစဉ် ဆီးရီးယားလေတပ်က အစ္စရေးလ် လေတပ်ကို ကြားဖြတ် တိုက်ခိုက်မှုပြုသောကြောင့် လေတပ်တိုက်ပွဲဖြစ်ပွားသည်။ ထိုတိုက်ပွဲတွင် ဆီးရီးယားတို့၏ မစ်တိုက်လေယာဉ်ပျံ ၁၇ စင်းကို ပစ်ချလိုက်သည်ဟု အစ္စရေးလ်တို့က ကြေညာသည်။

စစ်စတင်ဖြစ်ပွားသည့်မှစပြီး လေယာဉ်အကျအဆုံးကို အစ္စရေးလ်တို့ လုံးဝမကြေညာဘဲ နှုတ်ပိတ်နေခဲ့ကြရာ ယခု ပထမဦးဆုံးအကြိမ် လေယာဉ်အရေအတွက်ကို ကြေညာလိုက်ခြင်းဖြစ်သည်။ သို့သော်လည်း မိမိတို့ဘက်မှ မည်မျှ ဆုံးရှုံးထိခိုက်သွားသည်ကိုမူ ကြေညာခြင်း လုံးဝ မပြုချေ။

ဂိုလန်စစ်မျက်နှာမှာ လေကြောင်းတိုက်ပွဲများ ဖြစ်ပွားကြောင်း၊ စီးချင်းထိုးတိုက်ပွဲများ ဖြစ်ပွားကြောင်း၊ လေကြောင်းတိုက်ပွဲများသည် ပြင်းထန်လှကြောင်း၊ နှစ်ဘက်စလုံးက ကြေညာကြသည်။ သို့သော်လည်း အချက်အလက် အသေးစိတ်များကိုမူ နှစ်ဦးစလုံးက ကြေညာခြင်းမရှိကြချေ။ ရန်သူများကို ကြီးစွာထိခိုက်နစ်နာ ဆုံးရှုံးစေလိုက်သည်ဆိုသော မရေမရာ အချက်များကိုသာ ကြေညာကြသည်။





### အာရပ်ပြောသမျှ

ရုရှားသမျှ လူအင်အားအကုန်နှင့် စစ်လက်နက်ပစ္စည်း အင်အားအင်အားကို သွန်ပြီးသုံးသည့် ဆိုဗီယက်တို့၏ နည်းဗျူဟာကို အီဂျစ်တို့လက်တွေ့ကျင့်သုံးကာ တိုက်ကြသည်ဟု ဆိုသည်။

"တရားမျှတမှုကို တည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် အီဂျစ်နှင့်ဆီးရီးယားတို့သည် လွတ်မြောက်ရေးစစ်ပွဲများကို ဆင်နွှဲလျက် ရှိကြကြောင်း" ဖြင့် ဖော်ပြထားသည့် အီဂျစ်သမ္မတ အန်ဝါဆာဒတ်၏ ကြေညာချက်ကို မော်စကိုရှိ ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ သဘာပတိအဖွဲ့ရှေ့မှောက်တွင် ဆိုဗီယက်ပြည်ဆိုင်ရာ အီဂျစ်သံအမတ်ကြီးက ဖတ်ကြားသည်။

ဆာဒတ်၏ ကြေညာချက်တွင် "အစ္စရေးလ်တို့သည် ၁၉၆၇ ခုနှစ်က သိမ်းပိုက်သွားသည့် နယ်မြေများအားလုံးမှ လုံးဝ ပြန်လည်ရုပ်သိမ်းပေးရမည်။ ပါလက်စတိုင်းပြည်သူများ၏ ရပိုင်ခွင့်များအားလုံးကို ပေးရမည်။ အီဂျစ်ပြည်သူတို့သည် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ကျူးကျော်သူများအပေါ် အောင်ပွဲခံနိုင်ရန် တိုက်ပွဲဝင်နေကြခြင်း ဖြစ်သည်။

"အစ္စရေးလ်တို့သည် သူတို့ သိမ်းပိုက်ထားသည့် နယ်မြေများမှ နောက်ထပ် ခြောက်နှစ်ကြာအောင် ထွက်ခွာသွားကြဦးမည် မဟုတ်။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အကာအကွယ်ပေးရန်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေကို လေးစားလိုက်နာရန်၊ မိမိကိုယ်မိမိ ကာကွယ်ခွင့်တရားများကို ကာကွယ်နေသည့် အာရပ်ပြည်သူများအား ထောက်ခံရန် ကမ္ဘာ့ပြည်သူ တရပ်လုံးအား ပန်ကြားပါကြောင်း" ဖြင့် ဆာဒတ်၏ ကြေညာချက်တွင် ပါရှိသည်။

၁၉၇၁ ခုနှစ်က ဖြတ်တောက်ခဲ့သော သံတမန် အဆက်အသွယ်ကို ပြန်လည်ဆက်သွယ်ရန် အီရတ်နိုင်ငံ၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်ကြောင်းဖြင့် အီရန်က ကြေညာသည်။

ဂျော်ဒန်နိုင်ငံ၏ အရန်တပ်သားများအားလုံး သက်ဆိုင်ရာတပ်များသို့ သွားရောက် တာဝန်ထမ်းဆောင်ကြရန်နှင့် အငြိမ်းစား တပ်မတော် အရာရှိအရာခံ အကြပ်တပ်သားအားလုံး စစ်ဦးစီးဌာနသို့ အကြောင်းကြားကြရန် ဘုရင်ဟူစိန်က အမိန့်ထုတ်လိုက်သည်။ လက်ရှိအခြေအနေကြောင့် စစ်စုစည်းမှုကို ပြုလုပ်ခြင်း ဖြစ်သည်။

**အစ္စရေးလ်ပြောသမျှ**

''လက်ရှိစစ်ကို ခက်ခက်ခဲခဲ တိုက်ရမည်။ မိမိခန့်မှန်းထားသည်ထက်လည်း စစ်ကြော ပိုရှည်လိမ့်မည်'' ဟု အစ္စရေးလ် ဒုကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်အေဟာရွန်ယာရစ်က ပြောသည်။

''အောင်ပွဲကို လွယ်လွယ်ရမည်မဟုတ်။ သို့သော်လည်း အစ္စရေးလ်တပ်များသည် တူးမြောင်းမှ နှစ်မိုင်နှင့်သုံးမိုင်အကွာ နေရာများတွင် တည်ငြိမ်မှုရနေကြပြီ။ ခြေကုတ်ကောင်းကောင်း ရနေကြပြီ။

''ဆီးရီးယားကို လေကြောင်းမှ သွားရောက်ပုံးကြခြင်းမှာ မိမိတို့နာဇရက်အနီးရှိ ပြန်လည်ထူထောင်ရေး ကျေးရွာများကို အမြောက်ဖြင့် ပစ်ခတ်နှိပ်စက်နေခြင်းအား လက်စားချေခြင်းဖြစ်သည်။ အပြင်းထန်နိုင်သမျှ အပြင်းထန်ဆုံး လက်စားချေ တိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်'' စသည်ဖြင့် ဗိုလ်ချုပ်ယာရစ်က ပြောသည်။

ဒုတိယအကြိမ်မြောက် အစိုးရအဖွဲ့ အစည်းအဝေးကို ညနေပိုင်းက ကျင်းပသည်။ စစ်ပွဲ အခြေအနေနှင့် ပတ်သက်သည့် ဗိုလ်ချုပ်ယာရစ်၏ အစီရင်ခံချက်များကို အစိုးရအဖွဲ့ဝင်များ ကြားနာကြသည်။

**ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂယက်များ**

ဆိုဗီယက်နိုင်ငံသည် ယခုစစ်တွင် အလွန် သတိထားနေကြောင်း၊ အမေရိကန်နှင့် ပြဿနာ ထိပ်တိုက် မတိုးစေဘဲ အာရပ်နိုင်ငံများကို အကူအညီပေးပြီး မဲတင်းထားရန် ပြုလုပ်နေကြောင်းဖြင့် အနောက်အုပ်စု သံတမန်များရပ်ကွက်က ယနေ့ပြောသည်။





စစ်မြေပြင်တွင် အဆုံးအဖြတ် ပေးနိုင်လောက်သည့် အခြေအနေမျိုးကို ရောက်မလာသေးသမျှ ဆိုဗီယက်သည် ဤပြဿနာကြီးကို တက်တက်ကြွကြွ ဖြေရှင်းလိမ့်ဦးမည်မဟုတ်။ အာရပ်များ နောက်ဆုတ်ရပြီဆိုသောအခါတွင် အပစ်အခတ် အမြန်ဆုံးရပ်စဲရန် ရုရှတို့ အသံအကျယ်ဆုံး အော်ကြလိမ့်မည်။ သို့တည်းမဟုတ် အာရပ်တို့ အနေဖြင့် ရှေ့ဆက်တိုးနိုင်စရာ မရှိတော့သောအခါတွင် အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုလိမ့်မည် စသည်ဖြင့် သံတမန်များက ပြောဆိုကြသည်။

စစ်ပွဲရပ်စဲရန် ကြိုးပမ်းမှုများကို အမေရိကန် သမ္မတ နစ်ဆင်က လွှတ်တော်သို့ ယနေ့ တင်ပြသည်။ လွှတ်တော်အမတ်များ အားလုံးက နစ်ဆင်ကို အကြွင်းမဲ့ ထောက်ခံကြသည်။

နစ်ဆင်နှင့် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်းဂျားတို့က မိနစ် ၉၀ ကြာအောင် စစ်ပွဲနှင့်ပတ်သက်သည်များ ၎င်းတို့၏ ကြိုးပမ်းချက်များကို အသေးစိတ် ရှင်းပြကြသည်။

''အစ္စရေးလ်သို့ လက်နက်များ ပို့ပေးရေးကိစ္စသည် အမြဲတမ်းအကြံပေး ဆွေးနွေးချက်များဖြင့်သာ ပြုလုပ်ခဲ့ရသည်။ ယခု အစည်းအဝေးတွင်မူ ဘာပြဿနာမှ ပေါ်မလာပါ'' ဟု ဆီးနိတ် လွှတ်တော် ဒီမိုကရက်တစ် အမတ်အများစု ခေါင်းဆောင် မိုက်မင်းစဖီးက ပြောသည်။

ယူဂိုဆလားဗီးယား ပေါ်လီတီကာသတင်းစာက ''ကုလသမဂ္ဂသည် တာဝန်အရှိဆုံးဖြစ်သည်။ သိမ်းထားသည့်နယ်မြေများမှ အစ္စရေးလ်တို့ ဆုတ်ခွာမပေးသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေး မရနိုင်။ ငြိမ်းချမ်းရေးမရှိလျှင် စစ်သာလျှင် ရှိမည်ဖြစ်သည်။ ထို့ကြောင့် မိမိ၏ဆုံးဖြတ်ချက် အကောင်အထည်ပေါ်အောင် ကုလသမဂ္ဂအနေဖြင့် ကြိုးစားရမည်သာ ဖြစ်သည်'' ဟု ရေးသားသည်။

ရုရှက စစ်လက်နက် ပစ္စည်းများကို အီဂျစ်နှင့်ဆီးရီးယားတို့အား လေယာဉ်ကြီးများဖြင့် အဆက်မပြတ် တင်ပို့ပေးနေသည်ဟု အမေရိကန်

အစိုးရပိုင်းက ပြောကြားသည်။ သို့သော်လည်း စစ်လက်နက်ပစ္စည်း အမျိုးအစားနှင့် အရေအတွက်ကိုမူ ထုတ်ဖော်ပြောဆိုခြင်း မရှိချေ။ ရုရှမှ လေယာဉ်ပျံများသည် မြေထဲပင်လယ်ကို ဖြတ်ပြီး အီဂျစ်နှင့် ဆီးရီးယားနိုင်ငံများရှိ လေယာဉ်ကွင်းများသို့ တိုက်ရိုက် ပို့ပေးနေခြင်း ဖြစ်သည်ဟု ဆိုသည်။

အစ္စရေးလ်ကို စစ်လက်နက်ပစ္စည်းများ အမြန်ဆုံးပို့ပြီး အားဖြည့်ပေးရန်အတွက် အမေရိကန် ကွန်ဂရက် လွှတ်တော်တွင်လည်း တောင်းဆိုနေကြသည်။ အစ္စရေးလ်သို့ ပေးရန်ရှိသော လေယာဉ်ပျံများကို အချိန်မီ အမြန်ဆုံးပေးပို့ရန် တောင်းဆိုသည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီအတွင်းရေးမှူး ဘရက်ဇ်ညက်က အယ်လ်ဂျီးရီးယားသမ္မတ ဘူမီဒီယင်းထံ ပေးပို့သော သဝဏ်လွှာကြောင့် ဆိုဗီယက် အမေရိကန်ဆက်ဆံရေးကို ထိခိုက်စေလိမ့်မည်ဟု မော်စကိုမှာ ရှိနေသော အကဲခတ်သမားများက ဝေဖန်ကြသည်။

ဘရက်ဇ်ညက်၏ သဝဏ်လွှာတွင် "အီဂျစ်နှင့် ဆီးရီးယားတို့၏ ခုခံစစ်ပွဲ အဆုံးအဖြတ်သည် အာရပ်နိုင်ငံ ညီညွတ်ရေးပေါ်တွင် တည်ကြောင်း၊ ထို့ကြောင့် အာရပ်နိုင်ငံများအားလုံး အီဂျစ် ဆီးရီးယားတို့နှင့်အတူ လက်တွဲ ရပ်တည်ကြရန်လိုကြောင်း" ဖော်ပြထားသည်။

ဆိုဗီယက်တို့ လေ့ကျင့်ပေးထားသော ဆီးရီးယားနှင့်အီဂျစ်စစ်တပ်တို့ ရှုံးနိမ့်လျှင် ၎င်းတို့ရှုံးခြင်းမဟုတ်၊ ဆိုဗီယက်တို့ ရှုံးခြင်းသာ ဖြစ်သည်။ ဆိုဗီယက်၏ ဂုဏ်သိက္ခာကို ကျဆင်းစေလိမ့်မည်ဟု ဝေဖန်ပြောဆိုကြသည်။ ဘရက်ဇ်ညက်၏ သဝဏ်လွှာကိုမူ အစိုးရကရော၊ အယ်လ်ဂျီးရီးယားသံရုံးကပါ ထုတ်ဖော်ကြေညာခြင်း မပြုချေ။

## ကုလသမဂ္ဂ

ကျင်းပဆဲ ၂၈ ကြိမ်မြောက် အထွေထွေညီလာခံတွင်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ၏ အမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးလွင်က ယနေ့ညနေ မိန့်ခွန်းပြောသည်။





သံအမတ်ကြီး ဦးလွင်က "လက်ရှိနိုင်ငံတကာ အခြေအနေတွင် ပို၍ ငြိမ်းချမ်းသော ကမ္ဘာ့စနစ်တစ်ရပ်အတွက် မျှော်လင့်ချက် ကောင်းသော အလားအလာများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့သော်လည်း အချို့ဒေသများ၌ တင်းမာမှုများနှင့် လက်နက်ကိုင် ပဋိပက္ခများ ဆက်လက် ဖြစ်ပေါ်နေရာ ယင်းတို့ကို ဖျက်သိမ်းရေးအတွက် ထပ်မံကြိုးပမ်းအားထုတ်ရန် လိုအပ်လျက်ရှိကြောင်း၊ အာရှနောက်ပိုင်းအခြေအနေ ယိုယွင်းပျက်စီးလာခြင်းအတွက် အလွန်အမင်း စိတ်မချမ်းမြေ့ ဖြစ်ပါကြောင်း၊ ၁၉၆၇ ခုနှစ် နိုဝင်ဘာလ ၂၂ ရက် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အပေါ် အခြေခံပြီး ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် ဖြစ်နိုင်သော အခြေအနေတွင် ရှိသေးသည်ဟု ကျွန်ုပ်တို့ မျှော်လင့်ကြောင်း" ဖြင့် ပြောကြားသွားသည်။

## ၁၉၇၃၊ အောက်တိုဘာ ၁၁၊ ကြာသပတေး

**အီဂျစ်စစ်မျက်နှာ**

ဆဋ္ဌမနေ့မြောက်စစ်ပွဲကို နေမထွက်မီကတည်းက စတင်တိုက်ခိုက်ကြသည်။

အီဂျစ်မြေပြင်တပ်များက လေတပ်နှင့်တာဝေးပစ် အမြောက်ကြီးများကို အကာအကွယ်ယူပြီး ဆီနိုင်းကျွန်းဆွယ်ထဲမှာ ထိုးဖောက်တိုက်ခိုက်နေသည်။ ဘားလက်ဗ် ခံစစ်ကြောင်းကြီးမှာ လုံးဝလောက်နီးနီး ပြိုပျက်သွားပြီဖြစ်သည်။ အာရပ်တို့သည် အောင်ပွဲများ ရနေသောကြောင့် စိတ်ဓာတ်တက်ကြွနေဆဲပင် ဖြစ်သည်။

အစ္စရေးလ်က စစ်ပရိယာယ် တမျိုးပြောင်းလာသည်။ အသေခံတပ်များကို အီဂျစ် ရှေ့တန်းစစ်ကြောင်း၏ အနောက်ပိုင်းသို့ ပို့ကာ၊ အားဖြည့်တပ်များ၊ ထောက်ပံ့ရေးလမ်းကြောင်းများ၊ စစ်လက်နက်ပစ္စည်းရုံများကို ဖျက်ဆီးပစ်ရန် ဖြစ်သည်။ ထိုအစီအစဉ်အတိုင်း အသေခံတပ်များကို စူးအက်တူးမြောင်း၏ အနောက်ဘက် အီဂျစ်နိုင်ငံအတွင်းသို့ ညဘက်တွင် တိတ်တဆိတ် သွင်းလိုက်သည်။ ထို့ကြောင့် တိုက်ပွဲများသည် ဆီနိုင်းကျွန်းဆွယ် အတွင်းမှာသာ မဟုတ်တော့ဘဲ စူးအက်တူးမြောင်း၏ အနောက်ဘက် အီဂျစ်နိုင်ငံအတွင်းမှာပါ ပြင်းထန်စွာ ဖြစ်ပွားလာသည်။

ယနေ့စစ်ပွဲကို နှစ်ဘက်စလုံးက သဲကြီးမဲကြီး တိုက်ကြခြင်း ဖြစ်သည်။ မော်ရိုကိုမှ အင်အား ၃၀၀,၀ ကျော် ပါသော တပ်ကူများ ဆီနိုင်းစစ်မျက်နှာသို့ ရောက်ရှိလာကာ တိုက်ပွဲများ ဆင်နွှဲနေသည်။



အစ္စရေးလ်လေယာဉ်ပျံများက တူးမြောင်း၏ အနောက်ဘက်ကမ်းသို့ သွားရောက်ကာ အီဂျစ်တို့၏ စစ်ကူ မော်တော်ကားတန်းကြီးကို တိုက်ခိုက်သည်။

ဆီနိုင်းအတွင်း၌ တင့်ကားတိုက်ပွဲများမှာ အပြင်းထန်ဆုံး ဖြစ်ပွားနေသည်။ အစ္စရေးလ် တင့်ကား အများအပြားနှင့် သံချပ်ကာကား အများအပြားတို့ကို ဖျက်ဆီးကာ စခန်းအများအပြားကို သိမ်းပိုက်ရရှိနေကြောင်း အီဂျစ်က ကြေညာသည်။

ယနေ့ တစ်နေ့တည်းမှာပင် အစ္စရေးလ် လေယာဉ်ပေါင်း ၂၃ စင်းကို ပစ်ချလိုက်ကြောင်းဖြင့် အီဂျစ်စစ်ဦးစီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

**ဆီးရီးယားစစ်မျက်နှာ**

အီဂျစ်စစ်မျက်နှာမှာထက် တိုက်ပွဲများ ပိုမို ပြင်းထန်သည်။

အစ္စရေးလ် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန်ကိုယ်တိုင် ဂိုလန်ကုန်းပြင်မြင့်သို့ လာရောက်ကာ တိုက်ပွဲများကို ဦးစီးကွပ်ကဲနေသည်။

ထိုးဖောက်လာသည့် အစ္စရေးလ်စစ်ဦးကို ဆီးရီးယားတို့က ကြံ့ကြံ့ခံသည်။ သို့သော်လည်း အစ္စရေးလ်လေတပ် ဗုံးကြဲလေယာဉ်ပျံများက ဆီးရီးယားခံစစ်ကြောင်းများကို သဲကြီးမဲကြီး ဗုံးကြဲချိုးဖောက်ပစ်သည်။ ဂိုလန်တောင်ကုန်း မြေပြင်စခန်းမှနေပြီး မိုရှေဒါယန် ကိုယ်တိုင်ကြည့်ကာ လေတပ်အား အမိန့်ပေးနေသည်။ ဗုံးဒဏ်ကို မခံနိုင်ဘဲ ဆီးရီးယား ခံစစ်ကြောင်းတို့ ကျိုးပေါက်သွားသည်။

အစ္စရေးလ် တင့်ကားတပ်များသည် မြားဦးသဏ္ဍာန် ထိုးဖောက်ဝင်ရောက်ရင်း နောက်ချန်တပ်များက ကာစင့်ကလျား ဖြစ်ပွားသည့် ရန်သူ တင့်ကားတပ်များကို လိုက်လံချေမှုန်းသည်။ စစ်ပန်းနေသည့် ဆီးရီးယားစစ်ဗိုလ် အများအပြားနှင့် စစ်သားတစ်ရာကျော်တို့ကို သုံ့ပန်းများအဖြစ် ဖမ်းဆီးရမိသည်။

လေယာဉ်စီးချင်းတိုက်ပွဲများတွင် ဆီးရီးယားလေယာဉ် ၁၁ စင်းကို အစ္စရေးလ်လေတပ်က ပစ်ချလိုက်သည်။ ရန်သူရှေ့တန်း ခံစစ်စခန်းများကို ဖျက်ဆီးပစ်သည်။ ရေနံချက်စက်ရုံများကို ဗုံးကြဲပစ်သည်။ ဆီးရီးယားပြည်တွင်းရှိ စစ်လေယာဉ်ကွင်း ၁၀ ခုအနက် ၈ ခုကို လေတပ်က သွားရောက်တိုက်ခိုက်သည်။

ဂိုလန်ကုန်းပြင်မြင့်မှ ဆီးရီးယားထိုးစစ်များကို ယနေ့ နံနက် ၁၀ နာရီက စပြီး တပ်လန်သွားစေခြင်း ဖြစ်သည်။ မွန်းလွဲပိုင်းသို့ ရောက်သောအခါ ဆီးရီးယားတို့သည် ထိုးစစ်မဟုတ်တော့ဘဲ ခံစစ်သို့ ပြောင်းသွားကာ အစ္စရေးလ်က ထိုးစစ်အဖြစ် အပေါ်စီးရသွားသည်။

ဂိုလန်ကုန်းပြင်မြင့်ကြီး တစ်ခုလုံးကို ပြန်လည်သိမ်းပိုက်ကာ ဆီးရီးယားပြည်တွင်းသို့ ၆ မိုင်အထိ အစ္စရေးလ်စစ်ဦးက ထိုးဖောက်ဝင်ရောက်သွားနိုင်သည်။ နောက်ချန်တပ်များက ဘေးနှစ်ဘက်သို့ ဖြန့်ထွက်ကာ အစည်းပြေနေသည့် ဆီးရီးယားတပ်များကို တိုက်သည်။ စစ်ဦးသည် ဒမတ်စကပ်မြို့တော်သို့ ရောက်အောင် ချီတက်ရန် ဆုံးဖြတ်လိုက်ကြပြီဖြစ်သည်။

ရှေ့တန်းမှ တဟုန်ထိုး ချီတက်နေသော တင့်ကားများတွင် "ဒမတ်စကပ်မြို့တော်သို့" ဟု မြေဖြူများဖြင့် ရေးထားကြသည်။ စိတ်ဓာတ်တက်ကြွနေသည့် အစ္စရေးလ် ရဲဘော်များ၏ ထိုအပြုအမူကို မြင်ရသော မိုရှေဒါယန်က–

"ဒမတ်စကပ်ကနေ တယ်လ်အဗစ်မြို့တော်ကို ချီတက်မယ်လို့ ဆီးရီးယားက ကြေညာခဲ့သည်။ အခု တယ်လ်အဗစ် မြို့တော်ကနေ ဒမတ်စကပ်မြို့တော်ကို ဒိုးယိုပေါက် ချီတက်နေပါပြီဆိုတာ သူတို့ သိအောင် ပြလိုက်ပါ၊ မင်းတို့တင့်ကားပေါ်က စာတန်းကိုလည်း တယ်လ်အဗစ်မြို့တော်မှ ဒမတ်စကပ်မြို့တော်သို့လို့ ပြင်ရေးလိုက်စမ်း" ဟု ပြောဆိုသည်။ ဂိုလန်ကုန်းပြင်မြင့်မှ ဒမတ်စကပ်မြို့တော်သို့ ၃၈ မိုင်မျှသာ ဝေးသည်။







ရှေ့တန်း စစ်မျက်နှာရောက် အစ္စရေးလ် ကာကွယ်ရေး ဝန်ကြီး မိုရှေဒါယန်

ဘာနီယာမြို့ရှိ ဆီးရီးယား ရေနံလှောင်ကန်ကြီး ၁၂ ခုကို အစ္စရေးလ် ရေတပ် စစ်သင်္ဘောများက အမြောက်ဖြင့် ပစ်ခတ် ဖျက်ဆီးသည်။ ရေနံလှောင်ကန် ၁၂ ခုစလုံး မီးလောင် ပျက်စီးသွားသည်။ ဆီးရီးယား မီးသတ်အဖွဲ့များသည် ၁၀ နာရီကြာအောင် ခက်ခက်ခဲခဲ မီးငြိမ်းသတ်ကြရသည်။ သို့သော်လည်း မီးကိုမနိုင်ဘဲ အားလုံးဆုံးရှုံးသွားသည်။

အစ္စရေးလ်ရေတပ်က ဆီးရီးယားဒုံးပျံတင် သင်္ဘောနှစ်စင်းကို မြေထဲပင်လယ်ထဲသို့ နှစ်မြှုပ်ပစ်လိုက်သည်။ အစ္စရေးလ်လက်ချက်ဖြင့် ဂရိသင်္ဘောတစင်းလည်း မီးလောင်သွားသည်။

မိုရှေဒါယန်သည် ဆီးရီးယား ရှေ့တန်းစစ်မျက်နှာမှာ တစ်နေကုန်နေသည်။ ဒမတ်စကပ်သို့ စစ်ချီရာလမ်းတစ်လျှောက်၌ တွေ့သမျှသော ရန်သူစခန်းအားလုံးတို့ကို လုံးဝဖျက်ဆီးသွားရန် ညွှန်ကြားသည်။

**အာရပ်ပြောသမျှ**

''အစ္စရေးလ်တို့သည် စစ်ရှုံးနေပြီဖြစ်သောကြောင့် စစ်ခေါင်းဆောင်များ တုန်လှုပ်ခြောက်ခြားနေကြပြီ ဖြစ်ကြောင်း၊ ယခင် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဟိမ်းဘားလက်ဗ်အပါအဝင် ဗိုလ်ချုပ်ကြီး ၆ ဦး တို့ကို အရန်တပ်များမှ ပြန်ခေါ်ကာ ကိုယ်တိုင်ကိုယ်ကျ ဦးစီးခိုင်းနေရကြောင်း၊'' ဖြင့် ကိုင်ရိုမှ အယ်လ်အာရမ် သတင်းစာက ရေးသည်။

အီဂျစ်စစ်စခန်းများကို ဗုံးကြဲတိုက်ခိုက်ရာတွင် အမေရိကန်ရေတပ်မတော် လေယာဉ်တင် သင်္ဘောမှ လေယာဉ်ပျံများပါ ပါဝင်ပြီး အစ္စရေးလ်တို့နှင့် လက်တွဲကာ တိုက်ခိုက်နေကြောင်းဖြင့် အီဂျစ်အစိုးရ၏ အရှေ့အလယ်ပိုင်း သတင်းဌာနက သတင်းထုတ်ပြန်သည်။ သို့သော်လည်း မည်သည့်စခန်းများကို မည်သည့်ရက်က တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြထားခြင်း မရှိချေ။

ထိုကိစ္စနှင့်ပတ်သက်ပြီး အမေရိကန် နိုင်ငံခြားရေးဌာနက ငြင်းဆိုသည်။







ီးရီးယားစစ်မျက်နှာ၌ တိုက်ပွဲဝင်နေသည့် အစ္စရေးလ်အမြောက်

သံချပ်ကာကား သင်္ချိုင်းကြီး ဖြစ်သည်ဟု ဆိုနိုင်သည်။

အစ္စရေးလ်စစ်ဦးသည် ဒမတ်စကပ်မြို့တော်သို့ တဖြည်းဖြည်း ချဉ်းကပ်လာလျက်ရှိသည်။ ဆီးရီးယားများကလည်း ရှိသမျှ အင်အားဖြင့် အသေအလဲ ခုခံကာကွယ်လျက်ရှိသည်။

ဂျော်ဒန်တပ်များသည် ဆီးရီးယားနှင့်ပူးပေါင်းကာ ဂိုလန် ကုန်းပြင်မြင့်တွင် ဝင်ရောက် တိုက်ခိုက်နေကြပြီ ဖြစ်ကြောင်းဖြင့် ဂျော်ဒန်စစ်ဘက်ကြေညာချက်က ဖော်ပြလိုက်သည်။

ယနေ့ ဖြစ်ပွားသော စစ်ပွဲများကို မိုရှေဒါယန်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲသည်။ အီဂျစ်စစ်မျက်နှာသို့လည်း သွားရောက်သည်။ သို့သော် ဆီးရီးယားစစ်မျက်နှာ ကွပ်ကဲသည့်အချိန်က ပိုများသည်။

## အာရပ်ပြောသမျှ

အစ္စရေးလ်တို့သည် အရပ်ဝတ် အရပ်စားများဖြင့် လေယာဉ်ပျံပေါ်မှ ခုန်ချပြီး အီဂျစ်ပြည်တွင်းသို့ ဆင်းလာလေ့ရှိသည်။ ၎င်းတို့



ကိုင်ရိုဆေးရုံရှိ ဒဏ်ရာရ စစ်သားများကို သွားရောက် အားပေးနေသည့် သမ္မတ ဆာဒတ်၏ဇနီး



ကို တိုင်းသူပြည်သားများက သတိထားကြည့်ပြီး ဖမ်းဆီး ပေးကြရန် အစိုးရက ကြေညာသည်။

စစ်အတွက်ကာမိရန် ဈေးနှုန်းနှင့်အခွန်အတုပ်များကို တိုးမြှင့်မည်ဖြစ်ကြောင်း အီဂျစ်အစိုးရက ကြေညာသည်။ အမြတ်တော်ကြေးကို ၉ ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ခစရိတ်များကို ၁၀ ရာခိုင်နှုန်း၊ စစ်စရိတ်အဖြစ် စက်ရုံကြီးများနှင့် စီးပွားရေးလုပ်ငန်းများမှ ၂-ဒသမ ၅ ရာခိုင်နှုန်း ကောက်မည်ဖြစ်ကြောင်း ကြေညာခြင်း ဖြစ်သည်။

အမေရိကန် အမှတ် ၆ ရေတပ်မတော်မှ တိုက်လေယာဉ်ပျံ တစ်စင်းကို ပစ်ချလိုက်ကြောင်း လီဘာနွန်သတင်းစာက ဓာတ်ပုံနှင့်တကွ ယနေ့ ရေးသားဖော်ပြသည်။ အမေရိကန်ရေတပ်မတော်ဟူသော စာတန်းပါသည့် လေယာဉ်ပျံပျက်ပုံနှင့် ထိုလေယာဉ်ပျံ၏ လေယာဉ်မှူးပုံတို့ကိုပါ ဖော်ပြထားသည်။

အစ္စရေးလ်ကို စစ်လက်နက်ပစ္စည်းများ ဆက်လက်ပေးပို့နေဦးမည် ဆိုပါက အမေရိကန်သို့ ရေနံတင်ပို့ရောင်းချခြင်းကို ရပ်ဆိုင်းပစ်မည်၊ နှစ်ပြည်ထောင် သံတမန်ဆက်သွယ်ခြင်းနှင့် စီးပွားရေးဆက်သွယ်မှုအားလုံးကိုလည်း ရပ်ဆိုင်းပစ်မည် ဖြစ်ကြောင်းဖြင့် ဆော်ဒီအာရေဗျက ယနေ့ ကြေညာလိုက်သည်။

## အစ္စရေးလ်ပြောသမျှ

စစ်အတွင်းသို့ ဂျော်ဒန်နိုင်ငံ ဝင်ရောက်လာမည့် အရေးအတွက် အစ္စရေးလ်တို့သည် ဂျော်ဒန်နှင့် နယ်စပ်တစ်လျှောက်တွင် ကြီးစွာသော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိသည်။ ဂျော်ဒန်ဘက်သို့ ကူးရာ ဂျော်ဒန် မြစ်ကူးတံတားများကို ဖွင့်လှစ်ထားလျက်ပင် ရှိသည်။ သို့သော်လည်း ဂျော်ဒန်နိုင်ငံကမူ အစ္စရေးလ်နိုင်ငံဘက်မှ ဝင်လာသူများကို လက်မခံဘဲ ပိတ်ပင်ထားသည်။

ဝန်ကြီးချုပ်မစ္စစ်ဂိုလ်ဒါမီယာက "နောက်ဆုံးတွင် မိမိတို့ အောင်ပွဲ မုချခံရသည်။ မိမိတို့ အခြေအနေ အလွန်ကောင်းမွန်လာပြီ

ဖြစ်ရာ ပူပင်သောကရောက်စရာ အကြောင်းတစ်ခုမှ မရှိတော့။ မိမိတို့သည် အီဂျစ်နှင့် ဆီးရီးယားအပေါ်မှသာ အောင်ပွဲခံခြင်းမဟုတ်။ အာရပ်နိုင်ငံအားလုံးနှင့် ၎င်းတို့ကို စစ်လက်နက်ပစ္စည်းများ ထောက်ပံ့နေသော ဆိုဗီယက်နိုင်ငံကိုပါ အောင်ပွဲခံလိုက်ခြင်းဖြစ်သည်'' စသည်ဖြင့် ယနေ့ကျင်းပသော သတင်းစာကွန်ဖရင့်၌ ပြောသည်။

''စောစောပိုင်းက မိမိတို့သည် အလွန်ခက်ခဲပင်ပန်းစွာ စစ်ကို ရင်ဆိုင်ခဲ့ကြရသည်။ ယခုအခါတွင် အခြေအနေအရပ်ရပ်တို့သည် ကောင်းမွန်လာပြီဖြစ်သည်။ မိမိတို့ နောက်ဆုံး အောင်ပွဲရသည်အထိ စစ်ရေးနှင့် ပတ်သက်သော ပစ္စည်းပစ္စယ အကုန်လုံးလည်း အလုံအလောက်ရှိသည်။ ဂျော်ဒန်ဘုရင်ဟူစိန်က ဆီးရီးယားနှင့်ပေါင်းပြီး မိမိတို့ကို တိုက်ရန် ဆုံးဖြတ်လိုက်ခြင်းအတွက် ဝမ်းနည်းသည်။ စစ်ပွဲသည် မြန်မြန်ပြီးဆုံးသွားမည်လား။ ချက်ခြင်း ပြီးဆုံးသွားမည်လားကို မိမိမပြောနိုင်။ အလားတူပင် အမေရိကန်က မိမိတို့ကို စစ်လက်နက်ပစ္စည်းများ ပေးသည်၊ မပေးသည်၊ မည်မျှပေးသည်၊ မည်သည့်အမျိုးအစားများ ပေးသည်ကို မိမိ မဖြေဆိုနိုင်ပါ။ စစ်ပွဲ ပြီးဆုံးသွားသော အခါတွင် ထိုအချက်များကို ဖြေဆိုပါမည်'' စသည်ဖြင့် ဝန်ကြီးချုပ်ဂိုလ်ဒါမီယာက ပြောကြားသွားသည်။

ဆီးရီးယားနှင့် ဖြစ်ပွားနေသည့် စစ်ပွဲသည် မကြာမီ ပြီးဆုံးသွားမည်ဟု မိမိတို့ မျှော်လင့်ကြောင်း၊ ထိုစစ်ပြီးဆုံးမှုကြီးသည်လည်း အီဂျစ်များ အံ့အားသင့်သွားလောက်အောင် အခြေအနေများ ပြောင်းလဲသွားမည် ဖြစ်ကြောင်း၊ မိမိတို့ ပထမဆုံးလုပ်ရမည့်အလုပ်မှာ ဆီးရီးယားစစ်တပ်ကို ချေမှုန်းပစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့သော အခြေအနေမျိုးကို ရောက်ရန်မှာလည်း မဝေးကွာတော့ကြောင်းဖြင့် အစ္စရေးလ် စစ်ဘက်မှ လေ့လာသူများက ယနေ့ ပြောဆိုကြသည်။

အီဂျစ်နှင့်ဆီးရီးယား စစ်မျက်နှာနှစ်ခုအနက် အီဂျစ်စစ်မျက်နှာနှင့် ရင်ဆိုင်ရမည့် တိုက်ပွဲသည် ပိုမိုခက်ခဲမည်ဖြစ်ကြောင်း၊ အဘယ်





ကြောင့် ဆိုသော် မိမိတို့၏ ဘားလက်ဖ်ခံစစ်ကြောင်းကြီးကို ပြန်လည်တည်ဆောက်ရမည် ဖြစ်သောကြောင့် ဖြစ်ကြောင်းဖြင့် အစ္စရေးလ် စစ်ဘက်က ပြောဆိုသည်။

အစ္စရေးလ်ပါလီမန် လက်ျာအုပ်စုခေါင်းဆောင် မီနာဟင်ဘီဂင်က ''အစ္စရေးလ်အစိုးရသည် မိမိက စတင် တိုက်ခိုက်သင့်ပါလျက်နှင့် မတိုက်ဘဲ အာရပ်တို့၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်'' ဟု စွပ်စွဲကာ အစိုးရကို ရှုတ်ချသွားသည်။

၎င်းက ဆက်လက်ပြောဆိုသည်မှာ ''အီဂျစ်တို့အား စူးအက်တူးမြောင်းကို ဖြတ်ကျော်ခွင့်ပေးလိုက်ခြင်းသည် ခွင့်မလွှတ်နိုင်သော အချက်ဖြစ်သည်။ ထိုသို့ ဖြတ်ကျော်ခွင့် ပေးလိုက်ကြသောကြောင့် အစ္စရေးလ် စစ်သားများ မကျဆုံးသင့်ဘဲနှင့် ကျဆုံးကြရသည်။ အစိုးရသည် ခံစစ်ကြောင်းများကို ကောင်းစွာ ပြင်ဆင်အားဖြည့်ထားခြင်း မရှိ'' စသည်ဖြင့် ပြင်းထန်စွာ ဝေဖန်သွားသည်။

**ကမ္ဘာ့နိုင်ငံအသီးသီး၏ဂယက်များ**

အစ္စရေးလ် ကျူးကျော်သူများကို ဆန့်ကျင် တိုက်ခိုက်နေသည့် အာရပ် နိုင်ငံများအား ထောက်ခံကြောင်း ဖော်ပြထားသည့် ဂျာမန်ဒီမိုကရက်တစ်နိုင်ငံ၏ ကြေညာချက်ကို ဆိုင်ရာသံအမတ်ကြီးက အီဂျစ်အစိုးရအား ယနေ့ ပေးအပ်သည်။

စူးအက်တူးမြောင်းကို ပြန်လည်ဖွင့်လှစ်ရေးအတွက် အီဂျစ်နှင့် ရုရှတို့ ဆွေးနွေး ညှိနှိုင်းနေကြကြောင်း လန်ဒန်ရောက် ဆိုဗီယက် သတင်းစာဆရာက ပြောသည်။

''အမေရိကန် စစ်လေယာဉ်ပျံများက အစ္စရေးလ်နှင့် ပူးပေါင်းပြီး တိုက်ခိုက်နေကြောင်း၊ အမေရိကန် ဖင်တမ် လေယာဉ်ပျံတစ်စင်းကို ပစ်ချလိုက်ကြောင်းဖြင့် အာရပ်တို့ ကြေညာနေခြင်းသည် လုံးဝ မဟုတ်မှန်ကြောင်း'' ဖြင့် နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မက္ကလော့စကီးက ယနေ့ပြောသည်။

"အမေရိကန် အမျိုးသားပေါင်းများစွာတို့သည် အစ္စရေးလ်ဘက်က အပျော်တမ်း ဝင်တိုက်ရန် ဆန္ဒပြင်းပြနေကြသည်။ သို့သော်လည်း အစိုးရက ၎င်းတို့ကို အားမပေးဘဲ ထိန်းချုပ်နေရသည်။ ဂျော်ဒန်က စစ်တပ်များပို့ပြီး စစ်ထဲဝင်လာခြင်းအတွက် စိတ်မကောင်း ဖြစ်ရသည်" ဟု ၎င်းကပင် ဆက်လက်ပြောဆိုသွားသည်။

ရုရှတို့က ၎င်းတို့၏ လက်နက်သစ် ဖြစ်သော ဒုံးယာဉ်ကြီးများကို တင့်ကားပေါ်မှ ပစ်ခတ်ဖြိုခွင်းနိုင်သည့် လက်နက်ကို စမ်းသပ်သည့်နယ်မြေသည် အရှေ့အလယ်ပိုင်းဒေသ စစ်မြေပြင် ဖြစ်နေပါပြီ ဟု အနောက်နိုင်ငံများရှိ စစ်ရေးပါရဂူများက ပြောဆိုကြသည်။ ယခု စစ်ပွဲသည် ရုရှတို့၏ စစ်ပွဲဖြစ်ကြောင်းဖြင့် အချို့ပါရဂူများက ပြောဆိုကြသည်။

ရုရှတို့သည် ၁၉၆၇ ခုနှစ် စစ်ပွဲတုန်းက လက်နက်ဆန်းများကို ဟုတ္တိပတ္တိ စမ်းသပ်ခွင့် မရလိုက်ကြ။ ယခုစစ်ပွဲမှာ သူတို့ တီထွင်ထားသည့် လက်နက်များကို စမ်းသပ်ခွင့် ရနေကြသည်။ မြေပြင်မှ ဝေဟင်ပစ် ဒုံးယာဉ်များဖြစ်သော ဆမ်ဒုံးယာဉ်များကို မည်မျှ ထိရောက်မှု ရှိမရှိ စမ်းသပ်နေကြသည်။ ဆမ် ၆ နှင့် ဆမ် ၇ ဒုံးယာဉ်များသည် အလွန် အစွမ်းထက်ကြသည်။ အလွန်နိမ့်ရှိုင်းစွာ ပျံသန်းလေ့ရှိသော အစ္စရေးလ် လေယာဉ်ပျံများကိုပင် ထိအောင် ပစ်ခတ်နိုင်ကြသည်။ မစ် ၂၁ နှင့် ပြင်သစ်လုပ် မိုင်းရတ်ချ်တိုက်လေယာဉ်ပျံများသည် အမေရိကန် ဖင်းတမ်တိုက်လေယာဉ်ပျံများကို မမီနိုင်ကြပါ။ သို့သော်လည်း လေယာဉ်ပစ် ဆမ် ၆ နှင့် အခြားဒုံးယာဉ်များ၏ အန္တရာယ်ကို ရှောင်နိုင်ရန် အလွန်ခက်ခဲနေသည်။ တင့်ကားဖျက်သော ဆမ် ၇ ဒုံးယာဉ်များကို တင့်ကားမှ ပစ်ခတ်ဖျက်ဆီးနိုင်သည့် "ဒုံးဖျက်ဒုံး" များမှာ ထိရောက်စွာ အောင်မြင်နေကြောင်းဖြင့် အင်္ဂလိပ်ခတ်သူ စစ်ပါရဂူများက ပြောဆိုကြသည်။

လစ်ဗျားနိုင်ငံက အသုံးပြုနေသည့် ပြင်သစ်လုပ် မိုင်းရတ်ချ်





တိုက်လေယာဉ်ပျံများအတွက် အပိုပစ္စည်းများကို ပြင်သစ်အစိုးရ က သိသိသာသာကြီး လျှော့ချနေကြောင်း၊ လစ်ဗျားနိုင်ငံက မိုင်းရတ်ချ် လေယာဉ်ပျံ ၁၁၀ ခန့်ကို ပြင်သစ်နိုင်ငံသို့ မှာကြားထားရာ၊ ယခု စစ်ဖြစ်နေသည့်အချိန်တွင် ပေးပို့ရန် အချိန်ကျရောက်နေသော်လည်း ပေးပို့ခြင်း လုံးဝမရှိကြောင်းဖြင့် သိရသည်။

ပါရှန်းပင်လယ်ကွေ့ရှိ ရေနံသူဌေးနိုင်ငံများသို့၊ စစ်ကာလ အတောအတွင်း ဗြိတိသျှအစိုးရက တင့်ကားအငယ်စားများ တင်ထားသည့် သင်္ဘောများ စေလွှတ်နေကြောင်းဖြင့် ဗြိတိသျှပါလီမန်တွင် အမတ်များက အစိုးရကို စွပ်စွဲကြသည်။

လတ်တလော ဖြစ်ပွားနေသော စစ်ပွဲတွင် မိမိတို့သည် မည်သည့်ဘက်ကမှ မပါဝင်၊ မိမိတို့၏ နယ်မြေများကိုလည်း မည်သည့်နိုင်ငံ၏ စစ်ရေးအသုံးချခွင့်ကိုမှ ပေးအပ်မည် မဟုတ်ကြောင်း ဂရိ နိုင်ငံခြားရေးဝန်ကြီးက ယနေ့ ကြေညာသည်။ အမေရိကန် အမှတ် ၆ ရေတပ်မတော်ကို ဂရိဆိပ်ကမ်းများအား သုံးစွဲခွင့်ပြုထားသည်ဟု စွပ်စွဲကြခြင်းနှင့် ပတ်သက်၍လည်း ငြင်းဆိုသည်။

တချိန်တည်းမှာပင် အမေရိကန်မှ စစ်လက်နက်ပစ္စည်းများကို ဂရိနိုင်ငံမှတဆင့် အစ္စရေးလ်နိုင်ငံသို့ ပေးပို့မှုကို ဂရိဝန်ကြီးချုပ်က လက်မခံဆိုသော သတင်းများသည် မမှန်ကန်ကြောင်းဖြင့် အမေရိကန်က ငြင်းဆိုပြန်သည်။

အရှေ့အလယ်ပိုင်း စစ်ပြီးဆုံးရေးအတွက် ပါဝင်ပတ်သက်နေသည့် နိုင်ငံများနှင့် ကုလသမဂ္ဂက အူလှိုက်သဲလှိုက် ဆောင်ရွက်စေလိုကြောင်းဖြင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်က ယနေ့ ပန်ကြားသည်။

အမေရိကန်နှင့် ရုရှတို့သည် ၎င်းတို့၏ မဟာမိတ်နိုင်ငံများကို အကူအညီပေးနေကြသော်လည်း သူတို့ချင်း ထိပ်တိုက်တိုးမည့် အရေးအခင်းမျိုးကိုမူ ရှောင်တိမ်းလျက် ရှိကြသည်ဟု နယူးယောက်မှ ပြန်ရောက်လာသော စင်္ကာပူ နိုင်ငံခြားရေးဝန်ကြီးက ယနေ့ပြောသည်။

ရုရှနိုင်ငံ၏ စစ်အင်အား ၇၂၀,၀၀၀ အနက် ၂၀ ရာခိုင်နှုန်း တို့သည် ပြည်ပ ၇ နိုင်ငံ၏ စစ်စခန်း ၈၉ ခုတို့တွင် တာဝန်ယူနေကြကြောင်း၊ ပြည်ပနိုင်ငံများတွင် ဩဇာကြီးစိုးရေးနှင့် ကျူးကျော်စစ်ဆင်နွဲရေးများကို ပြုလုပ်နေကြောင်းဖြင့် တရုတ်–ဂျပန် ချစ်ကြည်ရေးအသင်း ဒုဥက္ကဋ္ဌ ချန်ဆင်ရှန်းက ပီကင်းမြို့တွင် ဂျပန်ဧည့်သည်များကို တွေ့ဆုံဧည့်ခံရင်း မိန့်ကြားသွားသည်။



၁၉၇၃၊ အောက်တိုဘာ ၁၄၊ တနင်္ဂနွေ

အီဂျစ်စာမျက်နှာ

ယနေ့နံနက် ဖနာရီ ထိုးပြီးသည်မှ စပြီး အီဂျစ်တပ်များက ပြင်းထန်သော အထွေထွေ ထိုးစစ်ကြီးကို စတင် ဆင်နွဲသည်။ ဆိနိုင်း သဲကန္တာရ စစ်မျက်နှာတွင် တင့်ကားတပ်ချင်း တိုက်ပွဲများ အပြင်းထန်ဆုံး ဖြစ်ပွားသည်။

ရှေ့သို့တိုးရန် အားသွန် တိုက်နေသည့် အီဂျစ်တပ်များကို အစ္စရေးလ်တို့က ပိတ်ဆို့ထားနိုင်ကြောင်း၊ အီဂျစ်တို့ဘက်မှ မိုင်းရတ်ချ် လေယာဉ်ပျံများ ပါဝင် တိုက်ခိုက်လာသည်ကို တွေ့ရကြောင်း၊ မိမိတို့က နှစ်စင်းကို ပစ်ချလိုက်နိုင်ကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည် အီဂျစ်တင့်ကားပေါင်း ၃၀ ကျော်ကိုလည်း ဖျက်ဆီးပစ်လိုက်သည်။

လစ်ဗျားနိုင်ငံမှ ပေးပို့သည့် လေတပ်သည် အီဂျစ်ဘက်သို့ ရောက်ရှိပြီဖြစ်ရာ ယနေ့မှစ၍ လစ်ဗျားလေတပ်မှ မိုင်းရတ်ချ် လေယာဉ်ပျံများနှင့် ဝင်ရောက် တိုက်ခိုက်ကြခြင်း ဖြစ်သည်။

အီဂျစ်တို့ အပြောအရ ဆိနိုင်း သဲကန္တာရအတွင်း၌ အင်အားကောင်းသော ထိုးစစ်ကြီး တစ်ခုကို မိမိတို့က ယနေ့နံနက် ဖနာရီမှ စပြီး ဆင်နွဲရာ ရန်သူစခန်း အများအပြားကို သိမ်းပိုက်ရမိကြောင်း၊ ရန်သူကို နောက်ပိုင်းသို့ တွန်းပို့နေပြီး နယ်မြေ အများအပြားကို သိမ်းပိုက်ရမိနေပြီ ဖြစ်ကြောင်း၊ ရန်သူ တင့်ကားပေါင်း ၁၅၀ နှင့် လေယာဉ်ပျံ ၂၄ စင်းတို့ကို မိမိတို့၏ တင့်ကား ၂၂၀ နှင့် ဖျက်ဆီးမည် ဖြစ်ကြောင်း၊ မိမိတို့၏ အဓိက ရည်ရွယ်ချက်သည် ရန်သူတင့်ကားများ သံချပ်ကာ

ကားတပ်များ လုံးဝ ပျက်သုဉ်းသွားရေး ဖြစ်ကြောင်းဖြင့် အီဂျစ် စစ်ဌာနချုပ်က ထုတ်ပြန်သော ကြေငြာချက်၌ ဖော်ပြထားသည်။

အီဂျစ်တို့က ယနေ့ အထွေထွေထိုးစစ်ကြီးတစ်ခုကို အားဖြည့်ပြုလုပ်မည့်အကြောင်းနှင့် ယမန်နေ့ကတည်းက ခန့်မှန်းမိခဲ့ကြောင်းဖြင့် ဆီနိုင်းစစ်မျက်နှာ စစ်ဆင်ရေးမှူး ဗိုလ်ချုပ် ရှမြူယယ်ဂိုနင်က ပြောသည်။ စောစောပိုင်း ရက်များတည်းက လှုပ်ရှားမှုများ၊ တပ်ဖြည့်မှုများကို ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။ သို့သော်လည်း နယ်မြေသိမ်းရန် ကြိုးပမ်းသော ရန်သူများကို အစ္စရေးလ်က ကောင်းစွာ ထိန်းထားနိုင်သည်ဟု ဆိုသည်။

## ဆီးရီးယားစစ်မျက်နှာ

ဒမတ်စကတ်မြို့တော်သို့ ဦးတည်ချီတက်နေသော အစ္စရေးတပ်များကို ဆီးရီးယားတို့က အသေအလဲ ခုခံကာကွယ်နေရသည်။ ဆီးရီးယားဘက်က ဂျော်ဒန်တပ်များ၊ အီရတ်တပ်များ ပါဝင် တိုက်ခိုက်နေကြပြီ ဖြစ်သည်။ မိမိတွင်ရှိသော တပ်သား ၉၀၀,၀၀ နှင့် လေယာဉ် ၂၄၀ တို့ကို ဆီးရီးယားဘက်မှ ပါဝင် တိုက်ခိုက်စေမည်ဟုလည်း အီရတ်က ကြေညာသည်။

ဆော်ဒီအာရေဗျ ကလည်း စစ်ကူများကို ဆီးရီးယား စစ်မျက်နှာသို့ ပို့လိုက်သည်။ ထို့ကြောင့် ယနေ့ ဆင်နွှဲနေရသော တိုက်ပွဲများတွင် အစ္စရေးလ် တို့သည် ဆီးရီးယား၊ ဂျော်ဒန်၊ အီရတ်နှင့် ဆော်ဒီအာရေဗျ လေးနိုင်ငံ တပ်ပေါင်းစုများနှင့် ရင်ဆိုင် တိုက်ရခြင်း ဖြစ်သည်။


ထို့ကြောင့် ဒမတ်စကတ်သို့ တစ်ဟုန်ထိုး ချီတက်သိမ်းပိုက်ရန် ကြိုးပမ်းသော်လည်း ထင်သလောက် ခရီးမပေါက်ပဲ ရှိနေသည်။ အင်အားကောင်းလှသော ခုခံမှုများကို ကြုံနေရသည်။ မြေ တစ်လက်မ ရရန် မိနစ်ပေါင်းများစွာ တိုက်ယူနေရသည်။ ညနေပိုင်း ရောက်သော အခါ အစ္စရေးလ် စစ်ဦးသည် ဒမတ်စကတ် မြို့တော်နှင့် ၂၁ မိုင်မျှ အကွာသို့ ရောက်ရှိလာသည်။ ထိုနေရာတွင် တာဝေးပစ် အမြောက်ကြီး





များ တပ်ဆင်လိုက်သည်။ ဒမတ်စကတ် မြို့တော်ဘက်သို့ ချိန်ရွယ်ကာ ရန်သူစခန်းများကို ဒလစပ် ပစ်ခတ်နေသည်။

ဟာမွန်တောင်ကုန်းကို သိမ်းပိုက်ရန် ထိုးစစ် ဆင်ခဲ့စဉ်က၊ ကိုယ်တိုင် ကိုယ်ကျ တိုက်ပွဲကို ဦးစီးခဲ့သည့် မိုရှေဒါယန်သည် ပြင်းထန်စွာ ဒဏ်ရာ ရသွားကြောင်း ယနေ့ထုတ် ဆီးရီးယား သတင်းစာက ဖော်ပြသည်။ သို့သော်လည်း ဒါယန်သည် ဆီးရီးယား စစ်မျက်နှာတွင်




ဒမတ်စကပ်သို့ ဦးတည်စစ်ထိုးနေသော အစ္စရေးလ် စစ်ဦး

ယနေ့ပင် ကွပ်ကဲလျှက် ရှိသည်။ ဒဏ်ရာ အနာတရဖြစ်ခြင်း လုံးဝ မတွေ့ရဟု ဒါယန်အနီးတွင် ရှိကြသည့် သတင်းထောက်များက ပြောသည်။

**အာရပ်ပြောသမျှ**

ဆီးရီးယားနိုင်ငံကို လေကြောင်းမှ လာရောက် တိုက်ခိုက်သည့် အထဲတွင် ဗီယက်နန် တိုက်ပွဲပြန် အမေရိကန် လေသူရဲတို့ ကိုယ်တိုင် မောင်းနှင်သော အမေရိကန် လေတပ်ကာပါ, ပါဝင် တိုက်ခိုက်နေကြောင်း ဖြင့် လန်ဒန်ရှိ ဆီးရီးယား သံရုံးမှ ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြော သည်။ ထိုလေယာဉ်ပျံများတွင် အစ္စရေးလ် လေတပ်မှ အမှတ်အသားကို ပင် လုံးဝ မတပ်ဆင်ပဲ ပြောင်ကျကျပင် တိုက်ခိုက်နေသည်။ သူတို့၏ အဓိက ရည်ရွယ်ချက်သည် ရေနံချက်စက်ရုံများကို ဖျက်ဆီးရန် ဖြစ် သည်။ ထိုအကျိုးဆက်ကို အမေရိကန်နှင့် အစ္စရေးလ်တို့ ခံကြရလိမ့်မည် ဟု ၎င်းက ဆက်ပြောသည်။

အစ္စရေးလ်လေတပ် လေသူရဲများကို ဖမ်းဆီးရမိထားသည့် အနက် ဗြိတိသျှ–ဂျူး အမျိုးသားတစ်ယောက် ပါဝင်နေသည်ဟု ဆီးရီး ယားက ဆိုသည်။ ယင်းလေသူရဲသည် လန်ဒန်မှ ထွက်ခွာလာအပြီး လေး ရက်မြောက်နေ့တွင် ဖမ်းမိခြင်းဖြစ်သည်ဟု ဆိုသည်။

စနေနေ့က အမေရိကန် ကင်းထောက်လေယာဉ်ပျံ နှစ်စင်း အီဂျစ် ပြည်ပေါ်သို့ ဖြတ်သန်းပျံကာ ကင်းထောက်သည့် အလုပ်များ လုပ်ကိုင် သွားကြောင်းဖြင့် ဖော်ပြပြီး အီဂျစ်က အမေရိကန်ကို ယနေ့ ကန့်ကွက် လိုက်သည်။

ဆော်ဒီအာရေဗျ၊ ဂျော်ဒန်နှင့် အီရတ်နိုင်ငံများသည် ဆီးရီးယား နှင့် ပူးပေါင်းကာ ဂိုလန် ကုန်းပြင်မြင့် စစ်မျက်နှာတွင် တိုက်ပွဲဝင်နေ ကြပြီ ဖြစ်ကြောင်း ထိုနိုင်ငံ အသီးသီးတို့က ထုတ်ဖော် ကျေညာသည်။





**အစ္စရေးလ် ပြောသမျှ**

''ရောက်ရာအရပ်တွင် စစ်တပ်များ ရပ်တန့်ပြီး အပစ်အခတ် ရပ်စဲရမည်ဆိုသော စည်းကမ်းချက်များကို မိမိ လုံးဝ လက်မခံ နိုင်ကြောင်း''ဖြင့် မိုရှေဒါယန်က ရေဒီယိုမှ အသံလွှင့်သည်။

''အခြေအနေ လွန်စွာ ကောင်းနေကြောင်း၊ ဆီးရီးယားတို့ကို အနိုင် တိုက်ပြီးသောအခါ အီဂျစ်ကို ဆက်လက် ချေမှုန်းမည် ဖြစ် ကြောင်း၊ တောင်ပိုင်းစစ်မျက်နှာ၌ အဆုံးအဖြတ် ပေးတော့မည့် အချိန်သည် အလွန် နီးကပ်လာပြီ ဖြစ်ကြောင်း၊ ရန်သူများ အရှုံးနှင့် ရင်ဆိုင်ကြ ရမည်မှာ အလွန်သေချာကြောင်း၊ ဆီနိုင်းသည် အစ္စရေးလ် နှင့် ဝေးကွာရာ အရပ်ဖြစ်သောကြောင့် မိမိတို့အဖို့ စစ်ချီ တက်ရန် နေရာကောင်း ဖြစ်နေကြောင်း ယခုဆိုလျှင် ဆီးရီးယားတို့ကို တွန်းလှန် ပြီးရုံမက ဒမတ်စကတ် မြို့တော်သို့ပင် ချီတက်လျှက် ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် အီဂျစ်များနှင့် ရင်ဆိုင်ရန် အချိန်လည်း ကောင်းစွာ ရရှိ နေပြီဖြစ်ကြောင်း ရန်သူတို့သည် မိမိတို့ကို တိုက်ခိုက်မိသောကြောင့် အချည်းနှီး ဖြစ်ရသည့် အကြောင်းကို လည်းကောင်း၊ မိမိတို့နှင့် ငြိမ်း ချမ်းစွာ အတူနေသင့်ကြောင်းကို လည်းကောင်း၊ သဘောပေါက် ကြတော့မည် ဖြစ်ကြောင်း''ဖြင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန်က ယနေ့ ပြောသည်။

ပြင်သစ်လုပ် မိုင်းရတ်ချ် လေယာဉ်ပျံနှစ်စင်းကို မိမိတို့က ပစ်ချ လိုက်ကြောင်းဖြင့် အစ္စရေးက ယနေ့ ကြေညာသည်။ ယင်းလေယာဉ် များသည် လစ်ဗျားလေတပ်မှ လေယာဉ်ပျံများ ဖြစ်ကြောင်းဖြင့် ပြော သည်။

**ကမ္ဘာ့နိုင်ငံ အသီးသီး၏ ဂယက်များ**

ပြင်သစ်လုပ် မိုင်းရတ်ချ် လေယာဉ်ပျံများ ဆီနိုင်းကျွန်းဆွယ် တိုက်ပွဲတွင် ပါဝင် တိုက်ခိုက်နေသည် ဆိုသော သတင်းနှင့်ပက်သက် ပြီး မှန်၊မမှန် အကျိုးအကြောင်း ဖြေရှင်းရန် ပြင်သစ်အစိုးရက လစ်ဗျား

အစိုးရကို ယနေ့ တောင်းဆိုလိုက်သည်။

မိုင်းရတ်ချ် ၃ အမျိုးအစား ဖုံးကြဲတိုက်လေယာဉ်ပျံ အစင်း ၁၁၀ ရောင်းချရန် ပြင်သစ်နှင့် လစ်ဗျားအစိုးရတို့ ၁၉၆၉ ခုနှစ်က သဘောတူခဲ့ကြသည်။ သို့သော်လည်း ယင်းလေယာဉ်ပျံကို မိမိနိုင်ငံကာကွယ်ရေးအတွက်သာ အသုံးပြုရမည်။ အစ္စရေးလ်ကို စစ်ပြုရာတွင် လုံးဝအသုံးမပြုရဟူသော စည်းကမ်းချက်နှင့် ရောင်းချခဲ့ခြင်း ဖြစ်သည်။ ယခု အချိန်အထိ အနည်းဆုံး လေယာဉ်ပျံ ၇၀ ကျော် ပို့ပြီးပြီဟု သိရသည်။

ရောက်ရာအရပ်တွင် အပစ်အခတ် ရပ်စဲရန် အမေရိကန်က တောင်းဆိုရန် အသင့်ဖြစ်နေပြီဟု ယနေ့ သတင်းများအရ သိရသည်။

လွန်ခဲ့သည့် တနင်းလာနေ့ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် နှစ်ဘက်တပ်များအားလုံး ၁၉၆၇ ခုနှစ် အပစ်အခတ် ရပ်စဲရေးမျဉ်းကြောင်းသို့ ပြန်ဆုတ်သွားကြရန် အမေရိကန်က တင်ပြခဲ့သည်။ ယခု သဘောထားပြောင်းလာခြင်း ဖြစ်သည်။ ရုရှနှင့် ထိပ်တိုက် တိုးမည့် အခြေအနေမျိုးကို အလွန် သတိကြီးစွာထားပြီး ဆောင်ရွက်နေသည်ဟု အကဲခတ်သမားများက ပြောကြသည်။

စစ်လက်နက် ပစ္စည်းများ၊ လေယာဉ်ပျံများ၊ တင့်ကားများကို အစ္စရေးလ်နိုင်ငံသို့ အမေရိကန်က အသုတ်လိုက် ပို့ပေးနေသည်ဟု သိရသည်။

၄ ကြိမ်မြောက် အာရပ်–အစ္စရေးလ် စစ်ပွဲနှင့် ပတ်သက်ပြီး ဆိုဗီယက်ကစောင့်ကြည့်သည့် ပေါ်လစီကို ကိုင်စွဲနေကြောင်း၊ အနောက်အုပ်စုနှင့် ဆက်ဆံရေး မပျက်ပြားဘဲ စစ်ဖြစ်နေသည့် မိတ်ဆွေနိုင်ငံများသို့ စစ်လက်နက်ပစ္စည်း အကူအညီများ ပေးပို့နိုင်ရေးကို ကြိုးစားနေကြောင်းဖြင့် အကဲခတ်သမားများက ပြောကြသည်။

အရှေ့အလယ်ပိုင်းဒေသတွင် စစ်လည်းမရှိ၊ ငြိမ်းချမ်းရေးလည်း မရှိသည့် အခြေအနေမျိုးဖြစ်အောင် အင်အားကြီးနိုင်ငံများက ပြုလုပ်





နေကြောင်း၊ ထို့ကြောင့် အာရပ်အမျိုးသားများအနေဖြင့် ယခုဖြစ်နေသော စစ်ပွဲကို ဆုံးခန်းတိုင် အောင်ပွဲခံနိုင်သည်အထိ ဆက်လက်တိုက်ခိုက်ကြရန် တိုက်တွန်းကြောင်း၊ ယခုကိစ္စတွင် ရုရှနှင့် အမေရိကန်တို့ တာဝန်ရှိကြောင်း၊ သူတို့နှစ်နိုင်ငံသည် တင်းမာမှု မဖြစ်ပွားရေးအတွက် အလိမ္မာ သုံးနေကြကြောင်းဖြင့် ပြည်သူ့တရုတ်ပြည်၊ ပြည်သူ့နေ့စဉ်သတင်းစာ ခေါင်းကြီးပိုင်းက ယနေ့ရေးသည်။

## ၁၉၇၃ ၊ အောက်တိုဘာ ၁၅ ၊ တနင်္လာ

**အီဂျစ်စစ်မျက်နှာ**

ပိုမိုပြင်းထန်သော အထွေထွေထိုးစစ်ကြီးကို ဆင်နွှဲရင်းဖြင့် ဒသသမ မြောက်နေ့စစ်ပွဲကို အီဂျစ်ကပင် စတင်၍ ဖွင့်လှစ်လိုက်သည်။

မိမိတို့ဘက်က ထိုးစစ်ရှိန်ကို မြှင့်တင်ခြင်းဖြင့် ဆီးရီးယား စစ်မျက်နှာတွင် အကြပ်အတည်း တွေ့နေသော ဆီးရီးယားစစ်တပ်များ သက်သာရာ ရစေမည်လည်း ဖြစ်သည်။

တူးမြောင်း အရှေ့ဘက်ကမ်းတွင် အီဂျစ်တို့က ခံတပ်များကို အခိုင်အမာ ပြုလုပ်ပြီး ဖြစ်သည်။ နောက်ပိုင်း အားဖြည့်တပ်များကို ရန်သူက ဝင်ရောက်တိုက်ခိုက်မှု အရှိန်လည်း လျော့သွားပြီ ဖြစ်သော ကြောင့် စစ်ကူများ၊ လက်နက်ဖြည့်ခြင်းများကို အလွယ်တကူ ပြုလုပ် နိုင်လျက်ရှိသည်။

ဆီနိုင်းတွင် တင့်ကားတိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေခိုက် အစ္စရေးလ် ရေတပ်က တူးမြောင်းကွေ့ ရပ်စ်ဂါဗစ်ရှိ အီဂျစ်တို့၏ရေတပ် စခန်းကို သွားရောက် တိုက်ခိုက်သည်။ အီဂျစ်ရေတပ်မှ သင်္ဘောပေါင်း ၂၅ စင်းကို ဖျက်ဆီး၊ နှစ်မြှုပ် ပစ်လိုက်နိုင်သည်ဟု ဆိုသည်။ စစ် စ ဖြစ်ကတည်းက အကြီးဆုံးသော ရေကြောင်းတိုက်ပွဲ ဖြစ်ပြီး အပျက် အစီး အများဆုံးသော တိုက်ပွဲလည်း ဖြစ်သည်။ ထိုဒေသရှိ အီဂျစ် ရေနံပိုက်များကိုလည်း ဖောက်ခွဲ ဖျက်ဆီးလိုက်သည်။ မီးဟုန်းဟုန်း တောက်နေသည့် သင်္ဘောများ၊ ရေနံပိုက်များကို မိုင်ပေါင်းများစွာမှ လှမ်းမြင်နေရသည်။



ထိုတိုက်ပွဲ၌ အဖျက်ခံရသည့် သင်္ဘော အများစုတို့သည်၊ စစ်သား နှင့် စစ်လက်နက် ပစ္စည်းများ၊ ရိက္ခာများကို အရှေ့ဘက်ကမ်းသို့ ပို့ ပေးနေသော သင်္ဘောများ ဖြစ်သည်ဟု ဆိုသည်။

မြေထဲပင်လယ်ကမ်းရိုးတမ်းမှာ ရှိနေသော အစ္စရေးလ် စစ် ကြောင်းများ၏ နောက်ပိုင်းသို့ အီဂျစ်စစ်တပ်များက ပို့ပေးနေသည်။ ရဟတ်ယာဉ်များဖြင့် ပို့ခြင်း ဖြစ်သည်။ သို့သော်လည်း အရေအတွက် မည်မျှကို ပို့ပေးနေခြင်းဖြစ်ကြောင်း မသိရသေးချေ။ သို့သော်လည်း ထိုတပ်များကို ရန်သူ၏ နောက်ကျောဘက်တွင် တပ်မစွဲစေပဲ၊ ကျော ပိုင်းမှ တိုက်ခိုက်ပြီး ရဟတ်ယာဉ်များဖြင့်ပင် မိမိတို့ စခန်းများသို့ ပြန်သယ်ခဲ့သည်ဟု ဆိုသည်။

ယနေ့အထိ ရန်သူတင့်ကားပေါင်း ၁၅၀ နှင့် လေယာဉ်ပျံပေါင်း ၁၉၄ စင်းတို့ကို အီဂျစ်တို့က ပစ်ချပြီးပြီဟု ကြေညာသည်။

**ဆီးရီးယားစစ်မျက်နှာ**

ဆီးရီးယား၊ ဂျော်ဒန်၊ အီရတ်နှင့် ဆော်ဒီအာရေဗျ လေးနိုင်ငံ ပူးပေါင်းတပ်များကို ထိုးဖောက်ရင်း ဒမတ်စကတ်မြို့သို့ ချီရန် အစ္စရေးလ် တို့သည် ဖွဲမလျှော့ပဲ သဲကြီးမဲကြီး တိုက်နေကြသည်။

ဆီးရီးယားတို့က အစ္စရေးလ်စစ်ဦး တန့်သွားစေရန် အမြောက်များ ဖြင့် မနားတမ်း ပစ်ခတ်နေသည်။ အစ္စရေးလ်တို့ကလည်း ဒမတ်စကတ် ဆီသို့ တာဝေးပစ် အမြောက်ကြီးများဖြင့် တရစပ် ပစ်ခတ်နေသည်။ မြေပြင်တိုက်ပွဲများမှာ တင့်ကားတိုက်ပွဲသာလျှင် အများဆုံး ပြင်းပြင်း ထန်ထန် ဖြစ်နေသည်။ အထူးသဖြင့် ဒမတ်စကတ်သို့ ချီရာ လမ်း ကြောင်းကို ထိန်းသိမ်းနိုင်ရန်အတွက် ရှိသမျှအင်အားများ သွန်သုံးပြီး ဖိတိုက်နေသည်။

အလားတူပင် ပြင်းထန်သောတိုက်ပွဲများ ဂိုလန်ကုန်းပြင်မြင့် မြောက်ပိုင်းတွင်လည်း ဖြစ်ပွားသည်။

ဒမတ်စကတ်သို့ချီရန် ထိုးနေသည့် အစ္စရေးလ်စစ်ဦးမှာ ယမန်နေ့

များကလောက် မမြန်တော့ပဲ အရှိန်လျော့သွားသည်။ သို့သော်လည်း ယခုအချိန်တိုင်အောင် အစ္စရေးလ်တို့အဖို့ ခံစစ် မဖြစ်သေးပဲ၊ တိုက်စစ်ဘဝမှာသာ ရှိနေသေးသည်။

ဆီးရီးယား၏ အကြီးမားဆုံး ဆိပ်ကမ်းမြို့များဖြစ်သော လာတာကာနှင့် တားတပ်စ် မြို့နှစ်မြို့ကို အစ္စရေးလ် လေယာဉ်ပျံများက သွားတိုက်သည်။ ဗုံးကြဲခြင်း၊ စက်သေနတ်များဖြင့် ပစ်ခြင်းများ ပြုလုပ်သည်။ အပျက်အစီး များပြားသည်ဟု ဆိုသည်။ ဆီးရီးယားတို့ကမူ အစ္စရေးလ် လေယာဉ်များသည် စစ်နှင့် မပတ်သက်သော အရပ်သူ၊ အရပ်သားများပေါ်သို့ ဗုံးကြဲခြင်း၊ စက်သေနတ်ဖြင့် ပစ်ခြင်းများ ပြုလုပ်သည်ဟုစွပ်စွဲသည်။

## အာရပ်ပြောသမျှ

"မိမိတို့တပ်များက အစ္စရေးလ်တပ်များကို ဖနောင့်နှင့် တင်ပါးတသားတည်းကျအောင် ပြေးလွှားစေလျှက် ရှိပြီဖြစ်ကြောင်း" ဖြင့် ဆီးရီးယားသမ္မတ ဟာဖက်ဇ်အာဆတ်က ယနေ့ည တိုင်းပြည်သို့ အသံလွှင့်ရာတွင် ထည့်သွင်းပြောသည်။ သို့သော်လည်း မည်သည့်နေရာတွင် ပြေးလွှားစေသည် ဆိုခြင်းကိုမူ ဖော်ပြခြင်း မရှိချေ။

"ဂျော်ဒန်နှင့် ဆော်ဒီအာရေဗျ စစ်တပ်များသည် တိုက်ပွဲတွင် မိမိတို့နှင့် လက်တွဲတိုက်ခိုက်ခြင်း မရှိသေးကြောင်း၊ အမြန်ဆုံး လက်တွဲတိုက်ခိုက်လာကြမည်ဟု မျှော်လင့်ကြောင်း၊ ယခုစစ်ပွဲသည် အာရပ်တစ်မျိုးသားလုံး၊ အာရပ်နိုင်ငံ အားလုံးနှင့်ဆိုင်သော စစ်ဖြစ်ကြောင်း" ဖြင့် ထည့်သွင်း ပြောဆိုသည်။

လာမည့်ရက် အနည်းငယ်အတွင်း၌ ဆီးရီးယားတို့သည် ခေတ်မီသော လက်နက် အသစ်အဆန်းများဖြင့် ရန်သူကို တွန်းလှန်ကာ ခံစစ်ဘဝမှ ထိုးစစ်ဘဝသို့ ကူးပြောင်းတော့မည် ဖြစ်ကြောင်းဖြင့် သက်ဆိုင်ရာက ပြောသည်။

အစ္စရေးလ် စစ်သုံ့ပန်း ၃၀ ကို သတင်းစာဆရာများနှင့် ဒမတ်





စကတ်မြို့တွင် ယနေ့ တွေ့ဆုံခွင့် ပေးသည်။ ထိုသုံ့ပန်းများ အားလုံးကို ယနေ့ပင် ဖမ်းဆီးမိခြင်း ဖြစ်သည်ဟု အာဏာပိုင်များက ပြောပြသည်။ သတင်းစာဆရာများနှင့် သုံ့ပန်းများ စကားပြောဆိုခွင့်ကိုမူ မပေးချေ။

ဂျေရုဆလင်ရှိ အစ္စရေးလ်တို့၏ လက်နက်ရုံများကို ပါလက်စတိုင်းပြောက်ကျားများက ဒုံးပျံဖြင့် ပစ်ပြီး ဖျက်ဆီးလိုက်သည်ဟု ယနေ့ ကြေညာသည်။



ဆီးရီးယား သမ္မတ အာဆတ်

စက်တက်ဘာ ၂၈ ရက်နေ့က ပါလက်စတိုင်း ပြောက်ကျားတို့သည် ဩစထရီးယားရှိ ဆိုဗီယက်နိုင်ငံမှ ဂျူးများ ဝင်ပေါက်ကို တိုက်ခိုက် ကြသည်။ ၄င်းတို့ကို လစ်ဗျားနိုင်ငံမှ ဖမ်းဆီးထားသည်။ ယခုအခါတွင် အစ္စရေးလ်နှင့် ဖြစ်နေသည့် စစ်၌ ပါဝင် တိုက်ခိုက်နိုင်ရန် လစ်ဗျား အစိုးရက ပြောက်ကျားနှစ်ယောက်ကို လွှတ်ပေးလိုက်သည်ဟု ကြေညာသည်။

"ယူဂန်ဒါ ခေါင်းဆောင် အစ်ဒီအာမင်၏ သတ္တိရှိသော ရပ်တည်ချက်ကို လေးစားဂုဏ်ပြုပါကြောင်း" ဖြင့် လစ်ဗျား သမ္မတ ကာဒါဖီက ယနေ့ ကြေးနန်းဖြင့် အကြောင်းကြားသည်။

ယူဂန်ဒါ သမ္မတ ဗိုလ်ချုပ်ကြီး အစ်ဒီအာမင်သည်၊ လက်ရှိအခြေအနေများကို ဘုရင် ဟူစိန်နှင့် ဆွေးနွေးရန် ယနေ့ ဂျော်ဒန်သို့ ရောက်

ရှိလာသည်။ ဂျော်ဒန်သို့ မလာမီက ဆော်ဒီအာရေဗျ နိုင်ငံသို့ သွားရောက်ခဲ့သေးသည်ဟု သိရသည်။

မော်စကိုရှိ အယ်လ်ဂျီးရီးယား သံအမတ်ကြီး ရီဒါးမာလက် သည် သူ့နိုင်ငံသို့ ရေးကြီးသုတ်ပြာ ပြန်သွားသည်။

အီရတ်နိုင်ငံက ၄င်း၏ အရန်တပ်များ စုစည်းရန် အမိန့်ထုတ်လိုက်ကြောင်း ယနေ့ ကြေညာသည်။

အာရပ်နိုင်ငံများကို နှောင့်ယှက်မည့် နေတိုး အဖွဲ့ဝင် အမေရိကန် လေယာဉ်ပျံများ၏ လှုပ်ရှားမှုကို လက်မခံရန် ဂရိ၊ တူရကီနှင့် စပိန်နိုင်ငံ သံအမတ်ကြီးများအား အီဂျစ်အစိုးရက ခေါ်ပြောသည်။

အာရပ်နိုင်ငံ အသီးသီးတို့သည်၊ ၄င်းတို့၏ ကာကွယ်ရေး အသုံးစရိတ်များထဲမှ ၁၅ ရာခိုင်နှုန်းစီကို အီဂျစ်နှင့် ဆီးရီးယား နိုင်ငံများအား ပေးရန် အာရပ်စီးပွားရေး ညီညွတ်ရေးကောင်စီက အာရပ်နိုင်ငံ အားလုံးရှိ ဘုရင်များနှင့် နိုင်ငံအကြီးအကဲတို့အား ယနေ့ ပန်ကြားလိုက်သည်။ ဆက်လက်၍ ၄င်းတို့တွင် ရှိသမျှ နိုင်ငံခြားသုံးငွေ ၁၀ ရာခိုင်နှုန်းစီကို အီဂျစ်နှင့် ဆီးရီးယား ဗဟိုဘဏ်များတွင် ထည့်ပေးရန်ပါ ရန် ပန်ကြားသည်။

၁၉၇၁ ခုနှစ်ကတည်းက သံတမန် အဆက်အသွယ် ဖြတ်တောက်ထားခဲ့သော အီရန်နှင့် အီရတ်နိုင်ငံတို့သည် သံတမန် အဆက်အသွယ်များ ပြန်လည် ပြုလုပ်ကြသည်။

အီဂျစ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး အာမက်အစ္စမေ က မိမိတို့သည် ရန်သူလက်ထဲတွင် ကျန်နေသေးသော အသိမ်းပိုက်ခံ နယ်မြေများကို ပြန်လည် ကယ်တင်မည်ဖြစ်ကြောင်း ယနေ့ ပြောသည်။

အယ်ဂျီးရီးယား သမ္မတ ဘူမီဒီယင်းသည် ကြေညာခြင်း လုံးဝ မပြုပဲ ပါကစ္စတန်သို့ ... 





"သေသည်အထိ တိုက်ပွဲဝင်မည့် အနက်အဓိပ္ပါယ်ကို အစ္စရေးလ်များ တတ်သိ နားလည်သွားအောင် ဆီးရီးယား စစ်မျက်နှာ၌ တိုက်ပွဲဝင်နေသော မိမိ၏တပ်များက သင်ကြားပေးလိမ့်မည် ဖြစ်ကြောင်း" ဖြင့် ဂျော်ဒန်ဘုရင် ဟူစိန် က ယနေ့ ပြောသည်။

ဘုရင်ဟူစိန်သည် တနင်္ဂနွေနှင့် တနင်္လာ နှစ်ရက်လုံး ရှေ့တန်းစစ်မျက်နှာများသို့ သွားရောက်ပြီး တိုက်ပွဲဝင်နေသော ၎င်း၏တပ်များကို ကြည့်ရှု စစ်ဆေး အားပေးသည်။ "မိမိတို့၏ တိုက်အားကြောင့် ရန်သူတို့သည် ၎င်းတို့ သိမ်းပိုက်ထားသော အာရပ် နယ်မြေများပေါ်မှ ပြန်လည် ထွက်ခွာသွားကြရန် ဆုံးဖြတ်ပြီး ဖြစ်နေပါပြီ" ဟု ဟူစိန် က ပြောသည်။

### အစ္စရေး ပြောသမျှ

"အစ္စရေးနိုင်ငံအတွင်းရှိ အာရပ်လူမျိုးများ နေထိုင်ရာ ဒေသများတွင် ရုံး (၅) ရုံး ဖွင့်လှစ်ပြီး၊ ယခုစစ်ပွဲ၌ အာရပ်အမျိုးသားများ ပါဝင် ကူညီလာအောင် ဆောင်ရွက်မည် ဖြစ်ကြောင်း" ဖြင့် ဝန်ကြီးချုပ်၏ အကြံပေးအရာရှိဖြစ်သော မစ္စတာတိုလီဒါနို က ပြောသည်။

"စစ်ဖြစ်သည့်အတွက် အာရပ်အမျိုးသားများသည် ၎င်းတို့၏ နေအိမ်များနှင့် အလုပ်ဌာနများကို စွန့်ခွာပြီး စစ်ပြေးဘဝသို့ ရောက်နေကြသည်။ ၎င်းတို့ကို ပြန်လည်စုစည်းရာ ယခု အများအပြား ပြန်လည် ရောက်ရှိနေကြပြီ။ အလုပ်များကိုလည်း ပြန်လည် လုပ်ကိုင်နေကြပြီ။ မိမိတို့ စစ်ရေးကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်နေကြကြောင်း" ဖြင့် ၎င်းက ဆက်ပြောသည်။

အနားယူနေကြသည့် ဗိုလ်ချုပ်ကြီး ၁၂ ဦးတို့သည် ယခုစစ်တွင် ပါဝင် တိုက်ခိုက်ကြရန် ပြန်ခေါ်လိုက်ပြီ ဖြစ်ကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည်။ ၎င်းတို့အထဲတွင် ၆ ရက် စစ်ပွဲများကာလက စွမ်းစွမ်းတမံ တိုက်ပြီး အောင်ပွဲများ အလီလီရကာ နာမည်ကြီးခဲ့သည့် လေတပ်ဦးစီးချုပ်ဟောင်း ဝိန်းဇ်မင်းလည်း ပါဝင်သည်ဟု သိရသည်။

အစ္စရေးလ်လေတပ်မှ ဗုံးကြဲ တိုက်လေယာဉ်ပျံများသည် ကိုင်ရို မြို့၏ မြောက်ဘက်နှင့် အရှေ့ဘက်များရှိ စစ်အခြေခံစခန်းများကို သွားရောက် ဗုံးကြဲ တိုက်ခိုက်ခဲ့ကြောင်းဖြင့် စစ်ဦးစီးဌာနက ကြေညာသည်။ အလားတူပင် ဆီးရီးယားနိုင်ငံအတွင်းရှိ ရေနံစက်ရုံများကိုပါ တိုက်ခိုက် ဖျက်ဆီးခဲ့ကြောင်း ပြောသည်။

## ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂရက်များ

''အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအသီးသီး၏ လွတ်လပ်ရေးနှင့် လုံခြုံမှုအတွက် အခွင့်အရေးများ ရှိသည့်ဘက်က အမေရိကန်အစိုးရက ရပ်တည်ကြောင်း'' ဖြင့် သမ္မတ နစ်ဆင်က ပြောသည်။

နစ်ဆင် က ဆက်လက်ပြောကြားရာတွင်''အမေရိကန်ပြည်ထောင်စုသည် ငြိမ်းချမ်းရေးကို တည်ဆောက်သည့် နိုင်ငံဖြစ်သည်။ စစ်ကို ရပ်စေလိုပြီ။ ငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲမည့် အခြေခံတရားများကို ရှာဖွေသင့်ပြီ'' စသည်ဖြင့် ပါရှိသည်။

စစ်ဖြစ်နေသည့် နိုင်ငံများ အင်အားချိန်ခွင်လျှာချင်း ညီမျှစေရန်အတွက် စစ်လက်နက်ပစ္စည်းများကို အစ္စရေးလ်နိုင်ငံသို့ အမေရိကန်က စတင် ပေးပို့နေပြီဟု ကြေညာသည်။ ပေးပို့သော ပစ္စည်းများ၏ အမျိုးအမည်ကို ဖော်ပြခြင်း မပြုသော်လည်း အစ္စရေးလ်တို့ ဆုံးရှုံးသွားသည့်နေရာတွင် အရေးတကြီး အစားထိုးရန် လိုအပ်နေသော အက်ဖ် ၄ ဖင်တမ် အမျိုးအစား ဂျက်လေယာဉ်ပျံများနှင့် တင့်ကားများဖြစ်သည်ဟု သိရသည်။

နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မက္ကလော့စကီးက ''စစ်လက်နက်ပစ္စည်း အမြောက်အမြားကို ရုရှတို့က အာရပ်နိုင်ငံများသို့ အရေးတကြီး ပေးပို့နေသည်။ စစ်ပွဲတွင် အာရပ်တို့ ဆုံးရှုံးသွားသော လေယာဉ်ပျံများ၊ တင့်ကားများနှင့် အခြား စစ်လက်နက်ပစ္စည်းများကို အစားပြန်ထိုးနိုင်ရန် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့က နိုင်ငံအချင်းချင်း အင်အားညီစေရန် မိမိတို့ကလည်း စစ်ပစ္စည်းများကို အစ္စရေးလ်သို့





ပေးပို့ရခြင်း ဖြစ်သည်။ မိမိတို့၏ဝါဒသည် ထိုဒေသရှိ နိုင်ငံများအားလုံး လွတ်လပ်ရေး ခိုင်မြဲမှုနှင့် လုံခြုံရေး ရှိမှုများအတွက်ပင် ဖြစ်ပါသည်'' ဟု မက္ကလော့စကီးက ပြောသည်။

''ဗီယက်နမ် လူငယ်အများတို့သည် အာရပ်များနှင့် လက်တွဲပြီး အစ္စရေးကို တိုက်ခိုက်လိုကြကြောင်း'' ဖြင့် ဟောင်ဗီယက်နမ် ယာယီတော်လှန်ရေးအစိုးရ သံအမတ်ကြီး ထရန်ဗန်ဟွာ က ယနေ့ပြောသည်။

မလေးရှားပြည်သူများက အီဂျစ်နှင့် လက်တွဲပြီး တိုက်ပွဲဝင်လိုသည်။ သို့သော်လည်း ပြည်သူတို့၏ တောင်းဆိုချက်ကို အကောင်အထည်ဖော်ရန် အချိန်မကျရောက်သေးကြောင်း၊ အာရပ်ပြည်သူများနှင့် ညီရင်းအစ်ကို စိတ်ထားကာ ယခုကဲ့သို့ ဆန္ဒပြုနေကြသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် မလေးရှားနိုင်ငံရှိ အီဂျစ်သံရုံးမှ ပြန်ကြားရေး အရာရှိက ပြောသည်။

အစ္စရေးလ် သိမ်းပိုက်ထားသည့် နယ်မြေများကို ပြန်ရရေး ကြိုးပမ်းကြရာတွင် အာရပ်ပြည်သူများကို ဘက်ပေါင်းစုံမှ အကူအညီ ပေးမည်ဖြစ်ကြောင်းဖြင့် အယ်လ်ဂျီးရီးယားနှင့် ဆိုဗီယက်တို့၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အယ်လ်ဂျီးရီးယားသမ္မတ ဘူမီဒီယင်းသည် မနေ့က မော်စကိုသို့ ရောက်လာသည်။ ရုရှ ခေါင်းဆောင်များနှင့် ဆွေးနွေးသည်။ ထိုသို့ ဆွေးနွေးအပြီး ကြေညာချက် ထွက်လာခြင်း ဖြစ်သည်။ ဘူမီဒီယင်းနှင့်အတူ စစ်အရာရှိကြီးများအပါအဝင် အဖွဲ့ဝင်တော်တော်များများ လိုက်ပါလာသည်။ ယခုကိစ္စနှင့်ပက်သက်ပြီး လွန်ခဲ့သည့်အပတ်က ဘူမီဒီယင်းထံ ဘရက်ဇ်ညက်က စာရေးပေးပို့ခဲ့သည်ဟု သိရသည်။

အစ္စရေးလ် ကွန်မြူနစ်ပါတီ (မာကီ)က ပေးပို့သည့် ကြေညာချက်ကို အီတလီကွန်မြူနစ် နိုင်ငံက ယနေ့ကြေညာသည်။ အစ္စရေးလ်ကွန်မြူနစ်ပါတီက ကျူးကျော်သူ အီဂျစ်နှင့် ဆီးရီးယားတို့ကို ရှုတ်ချလိုက်ပြီး အပစ်အခတ် ရပ်စဲရန် တောင်းဆိုလိုက်သည်။

မြောက်ဗီယက်နမ်နိုင်ငံနှင့် တောင်ဗီယက်နမ် ယာယီတော်လှန်ရေး အစိုးရများက အစ္စရေးလ် ကျူးကျော်သူတို့အား တိုက်ခိုက်နေသည့် အီဂျစ်နှင့် ဆီးရီးယားကို လုံးဝ ထောက်ခံပါကြောင်းဖြင့် မြောက်ဗီယက်နမ် သမ္မတနှင့် တောင်ဗီယက်နမ် ယာယီတော်လှန်ရေး အစိုးရ ... တို့က ဆိုင်ရာနိုင်ငံများသို့ ကြေးနန်းဖြင့် အကြောင်းကြား...



၁၉၇၃၊ အောက်တိုဘာ ၁၆၊ အင်္ဂါ

**အီဂျစ် စစ်မျက်နှာ**

၁၁ ရက်နေ့မြောက် စစ်ပွဲတွင် တင့်ကားနှင့် အမြောက် တပ်များ တိုက်ပွဲ ဖြစ်ပွားခြင်းဖြင့် နံနက် အရုဏ်တက်ကတည်းက စတင်သည်။

ဆီနိုင်းသဲကန္တာရ အတွင်း၌ ဖြစ်ပွားနေသော တင့်ကားတိုက်ပွဲများတွင် ရန်သူတင့်ကား ၂၁ စင်းကို ဖျက်ဆီးပစ်ပြီး နိုင်းမြစ်ဝကျွန်းပေါ် ကမ်းလွန်မြေထဲပင်လယ်ထဲ၌လည်း ရန်သူ၏ တိုက်သင်္ဘော ၄ စင်းကို မိမိတို့ရေတပ်က နှစ်မြှုပ်ပစ်လိုက်ကြောင်းဖြင့် အီဂျစ်က ကြေညာသည်။

အီဂျစ် အသေခံတပ်များသည် အစ္စရေးလ် စစ်ကြောင်း၏ နောက်ကျောဘက်သို့ ဝင်ကာ စခန်းများကို ရုတ်တရက် ဝင်တိုက်ခြင်းဖြင့် အောင်ပွဲများကို ရရှိကြောင်း၊ စူးအက်တူးမြောင်းကွေ့ အရှေ့ဘက်ကမ်းရိုးတမ်းတလျှောက်တွင်ရှိသည့် ရန်သူစခန်းများကိုလည်း အောင်မြင်စွာ တိုက်လိုက်နိုင်ကြောင်း ရန်သူ သိမ်းပိုက်ထားသော နယ်မြေများကိုလည်း တစတစ ပြန်လည်ရယူနေပြီဖြစ်ကြောင်း၊ ရန်သူ၏ ရှေ့တန်း ခံစစ်ကြောင်းများသည်လည်း ပြိုဆင်းစ ပြုနေပြီ ဖြစ်ကြောင်းဖြင့် အီဂျစ် စစ်ဦးစီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးလ်ဘက်ကလည်း စူးအက်တူးမြောင်း၏ အနောက်ဘက်ကမ်း၊ အီဂျစ် နယ်မြေတွင်းသို့ အသေခံတပ်များ ပေးပို့ကာ နောက်ပိုင်းတွင် ရှိနေသော စခန်းများနှင့် အားဖြည့်လမ်းကြောင်းများ၊ ထောက်ပံ့

ရေးလမ်းကြောင်းများကို ဖြိုခွဲလျက်ရှိသည်။ အသေခံတပ်များကို လေကြောင်းအကူအညီဖြင့် ရန်သူ၏ နောက်ကျောဘက်သို့ ပို့ပေးခြင်းဖြစ်သည်။ ဆမ် ဒုံးယာဉ်စခန်းများကို အဓိကထားပြီး ဖျက်ဆီးရန် ကြိုးစားလျက်ရှိသည်။ အရှေ့ဘက်ကမ်းတွင် အီဂျစ် စစ်အင်အားမှာ တစ်သိန်းခန့် ရှိနေသည်။ ဆမ် ဒုံးယာဉ်စခန်းများကို အစ္စရေးလ် အသေခံတပ်များက အနောက်ဘက်ကမ်းတွင် အောင်မြင်စွာ ဖျက်ဆီးပစ် နိုင်သည်ဟု စစ်ဘက်က ပြောသည်။

အစ္စရေးလ်တို့သည် ဆီနိုင်းသဲကန္တာရအတွင်း၌ အီဂျစ်များနှင့် ရင်ဆိုင် တိုက်ခိုက်မှုကို အဓိကမထားတော့ပဲ စူးအက် တူးမြောင်း၏ အနောက်ဘက်ကမ်း အီဂျစ်ပြည် အတွင်းပိုင်းသို့ အင်ကြီးအားကြီးဖြင့် တပ်များကို ပေးပို့ရန် စစ်ပရိယာယ် ပြောင်းလိုက်ကြောင်း ခန့်မှန်းရသည်။

မြေထဲပင်လယ်ကမ်းခြေ အလက်ဇန္ဒရီးယား မြို့တဝိုက်ရှိ ရေတပ်စခန်းများ၊ ရေဒါစခန်းများ၊ စစ်စခန်းများကို အစ္စရေးလ် ရေတပ်က သွားရောက် တိုက်ခိုက်သည်။ ပစ်မှတ်များကို ကောင်းစွာ ထိသည် အပျက်အစီး များပြားသည်ဟု သိရသည်။

**ဆီးရီးယားစစ်မျက်နှာ**

ဆီးရီးယားတို့လက်မှ ၆ ရက် စစ်ပွဲအတွင်းက အစ္စရေးလ်တို့ သိမ်းပိုက်ခဲ့သော ဟာမွန်တောင်ကုန်းကို ယခု စစ်ပွဲစတင်ဖြစ်သည့် ပထမနေ့ကပင် ဆီးရီးယားတို့က ပြန်လည်သိမ်းပိုက်သွားသည်။ ထိုတောင်ကုန်းကို ယနေ့ထက်တိုင်အောင် ဆီးရီးယားတို့လက်မှ ပြန်လည် သိမ်းပိုက် ရယူနိုင်ခြင်းမရှိသေးကြောင်း အစ္စရေးလ်က ယနေ့ ဝန်ခံသည်။

အစ္စရေးလ်တို့သည် ဟာမွန်တောင်ကုန်းကို ပြန်လည်ရယူရေးထက် ဒမတ်စကတ်မြို့တော်ကို သိမ်းပိုက်နိုင်ရေးသာ အာရုံစိုက်နေကြသည်။ ဆီးရီးယားစစ်မျက်နှာတွင် ရှိသမျှသော အင်အားဖြင့် အလယ်အူကြောင်းကို ထိုးဖောက်ကာ ဒမတ်စကတ်သို့ ချီရန် ကြိုးစားနေသည်။





ဂိုလန်ကုန်းပြင်မြင့်ရောက် အစ္စရေးလ်တင့်ကားတပ်

ယနေ့မှစပြီး ၁၇၅ မမ စက်အမြောက်ကြီးများဖြင့် ဒမတ်စကတ်မြို့တော် ဆင်ခြေဖုံးရပ်ကွက်များကို အဆက်မပြတ် စတင် ပစ်ခတ်လျှက်ရှိသည်။ ဒမတ်စကတ်သို့ ချီတက်ရာလမ်းကြောင်းရှိ ကာကွယ်ရေး အခြေခံစခန်း များကိုလည်း အမြောက်များဖြင့် ပစ်ခတ်သည်။

ယနေ့ တစ်နေ့တည်းမှာပင် ဆီးရီးယား တင့်ကားပေါင်း ၅၀ ကို အစ္စရေးလ်က ဖျက်လိုက်နိုင်ပြီး လေယာဉ်ပျံ ၆ စင်းကိုပါ ပစ်ချ လိုက်နိုင်သည်ဟု ဆိုသည်။

အလားတူပင် တိုက်ပွဲဝင်နေသော ဂျော်ဒန်၏ အမှတ် ၄၀ သံချပ် ကာ တပ်ရင်းမှာလည်း အကျအဆုံးများနှင့် စတင် ရင်ဆိုင်နေရပြီဟု ဆိုသည်။

ဆီးရီးယားတို့က အင်အားကောင်းကောင်းဖြင့် ခုခံနေကြသော ကြောင့် ဒမတ်စကတ်မြို့တော်သို့ ချီတက်ရေးဆိုသော အစ္စရေးလ်တို့၏ ရည်မှန်းချက်မှာ အဲလွန် နှေးကွေးနေသည်။

အာရပ်ပြောသမျှ

တာဝေးပစ်ဒုံးပျံများဖြင့် အစ္စရေးလ်ကို ပစ်ခတ် တိုက်ခိုက်မည် ဖြစ်ကြောင်း အီဂျစ်သမ္မတ အန်ဝါဆာဒတ်က ယနေ့ ခြိမ်းခြောက်လိုက် ရင်း သိမ်းပိုက်ထားသော နယ်မြေများအားလုံးမှ အစ္စရေးလ်တို့ ပြန် ဆုတ်သွားလျှင် အပစ်အခတ် ရပ်စဲမှုကို မိမိတို့ လက်ခံမည်ဖြစ်ကြောင်း ဆက်လက် ပြောဆိုသည်။

ဆာဒတ်က ''ကုလသမဂ္ဂ၏ ကြီးကြပ်မှု ဘောင်အတွင်းမှာ ငြိမ်း ချမ်းရေးကွန်ဖရင့် လုပ်လိုသည်။ ထိုကွန်ဖရင့်သို့ အာရပ်နိုင်ငံများ အား လုံးမှ ခေါင်းဆောင်များနှင့် ပါလက်စတိုင်း ခေါင်းဆောင်များပါ တက် ရောက်စေလိုသည်။ မိမိတို့သည် စစ်ဖြစ်လိုသူမဟုတ်၊ ငြိမ်းချမ်းရေး ကိုသာ တည်ဆောက်လိုသည်။''

''အီဂျစ်ပြည် အတွင်းပိုင်းသို့ရောက်အောင် အစ္စရေးလ်တို့က လေ ကြောင်းဖြင့် ဝင်ရောက် တိုက်ခိုက်နေသည်။ မိမိတို့ အနေဖြင့် မလွဲရှောင်





သာနိုင်တော့လျှင် တာဝေးပစ် ဒုံးပျံကြီးများဖြင့် အစ္စရေးလ်ကို ချေမှုန်း ရတော့မည် ဖြစ်သည်။ အာရပ်တို့သည် သူနာကိုက်လျှင်၊ ကိုယ် ပါးကိုက်မည် ဆိုသော လူစားမျိုးဖြစ်ကြောင်း အစ္စရေးလ်တို့ သိစေ ချင်သည်။ ရန်သူများက ငြိမ်းချမ်းရေးကို တည်ဆောက်မည်ဆိုလျှင် မိမိတို့ကလည်း ငြိမ်းချမ်းရေးကို အရ တည်ဆောက်မည်။ မိမိတို့အပေါ် မှာ တဖက်သားက မည်သို့ ဆက်ဆံသနည်း။ ဆိုးလျှင် ဆိုးသလို တုန့်ပြန်မည်။ ကောင်းလျှင် ကောင်းသလို တုန့်ပြန်မည်။''

''သမ္မတ နစ်ဆင်ထံသို့ စာရေးပြီး အကြောင်းကြားရန် မိမိ စိတ် ကူးခဲ့သေးသည်။ သို့သော်လည်း လွှဲမှားစွာ အဓိပ္ပါယ် ကောက်ယူသွား မည်ကို စိုးရိမ်သောကြောင့် မရေးပဲ နေခဲ့သည်။''

အီဂျစ်သည် ငြိမ်းချမ်းရေးအတွက် စစ်တိုက်နေသည်။ တရားမျှတ မှုနှင့် တန်းတူညီမျှ အခြေခံသဘောထားများအပေါ်မှာ အခြေခံသော ငြိမ်းချမ်းရေး မှန်သမျှကို လက်ခံမည်။ နာဇီဝါဒနှင့် ဖက်ဆစ်ဝါဒကို မိမိတို့ ဆန့်ကျင်သလို နာဇီဝါဒ၊ ဖက်ဆစ်ဝါဒတို့နှင့် ထပ်တူညီမျှ သော ဇီယွန်ဝါဒကိုလည်း ဆန့်ကျင်သည်။

''အမေရိကန်နှင့် ဆိုဗီယက်တို့ တင်းမာမှုကင်းမဲ့စွာဖြင့် ကောင်းမွန် သော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရင်း ဆက်ဆံနေနိုင်ကြသည်ကို လျော့ပါးမသွားစေလိုသည့်ဆန္ဒ မိမိတွင် ရှိပါသည်'' စသည်ဖြင့် သမ္မတ ဆာဒတ်က ပြောသွားသည်။

နယူးယောက်မြို့တွင် ရှိနေသော အမေရိကန် အာရပ်အမျိုးသား များက ယနေ့ အစည်းအဝေးလုပ်သည်။ အာရပ်နိုင်ငံများအား အစွမ်း ကုန် အကူအညီများ ပေးကြရန် ဆုံးဖြတ်သည်။ စစ်ဖြစ်သည်မှစ၍ ပထမဆုံးအကြိမ် ပြုလုပ်သော အစည်းအဝေး ဖြစ်သည်။ ၇၀၀ ခန့် တက်သည်။

အစ္စရေးလ်ပြောသမျှ

''မိမိတို့စစ်တပ်များသည် ရူးအက်တူးမြောင်း၏ အနောက်ဘက်

ကမ်းသို့ ရောက်သွားကြပြီ ဖြစ်ကြောင်း၊ စစ်သုံ့ပန်းချင်း အထွေထွေ လဲလှယ်မှုကြီး မပြုသမျှ ကာလပတ်လုံး အပစ်အခတ် ရပ်စဲရေးကို လက်ခံမည် မဟုတ်ကြောင်း'' ဖြင့် အစ္စရေးလ်ဝန်ကြီးချုပ် ဂိုလ်ဒါမီယာက ပါလီမန် အစည်းအဝေးတွင် ယနေ့ ပြောသည်။ ၎င်းက ဆက်လက်၍

''အစ္စရေးသည် တိုင်းပြည်တစ်ပြည် ဖြစ်ကြောင်း၊ လူမျိုးတစ်မျိုးလည်း ဖြစ်ကြောင်း၊ ရပ်တည်ခွင့် ရရန်နှင့် အသိအမှတ်ပြုရန် အတွက် မိမိတို့ စစ်တိုက်နေခြင်း ဖြစ်ကြောင်း၊ အီဂျစ်နှင့် ဆီးရီးယားတို့ကသာ ကျူးကျော်မှု မပြုခဲ့ကြပါက မိမိတို့၏ နယ်နိမိတ် မျဉ်းကြောင်းများသည် ၁၉၆၇ ခုနှစ်၊ ဇွန်လ ၅ရက် နေ့က အခြေအနေအတိုင်း ရှိနေမည် ဖြစ်ကြောင်း။''

''ယခုစစ်ပွဲ မစမီတည်းက ဆိုဗီယက်နိုင်ငံက အာရပ်စစ်တပ်များကို လက်နက်များ အားဖြည့်၊ တပ်ဆင်ပေးခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် အာရပ်နိုင်ငံများက မိမိတို့ကို တိုက်ခိုက်လာအောင် အားပေးရာ ရောက်ကြောင်း''

''ဂျော်ဒန်နိုင်ငံက တင့်ကား ၈၀ နှင့် ဆီးရီးယားဘက်က ကူတိုက်နေကြောင်း၊ ဤသို့တိုက်ခြင်းသည် ဂျော်ဒန်၏ အလိုဆန္ဒအရ ဖြစ်သည်ဟု မိမိ မယုံကြည်ကြောင်း''

''ယခုအချိန်ထိ အပစ်အခတ် ရပ်စဲရေးအဆိုပြုချက် မည်သူ့ထံကမှ မရသေးကြောင်း၊ အီဂျစ်နှင့် ဆီးရီးယားစစ်တပ်များ လုံးဝ ကြေပြုန်း၊ ရှုံးနိမ့်သွားမှသာ အပစ်အခတ်ရပ်စဲရေး ဖြစ်မည်ဖြစ်ကြောင်း၊ စိတ်ထား၊ နှလုံးထား ကောင်းမွန်သည့် ကုလသမဂ္ဂဝင် နိုင်ငံတို့သည် အမြန်ဆုံး အပစ်အခတ် ရပ်စဲရေးကို တောင်းဆိုကြလိမ့်မည်ဟု မိမိ ယုံကြည်ကြောင်း''

''အီဂျစ်စစ်မျက်နှာတွင် အီဂျစ်ဘက်က စစ်သား ၆၅၀,၀၀၀၊ လေယာဉ်ပျံ ၆၅၀၊ တင့်ကား ၂၅၀,၀၊ အမြောက် ၂၀၀,၀နှင့် ဒုံးယာဉ်စခန်း ၁၅၀ တို့ဖြင့် စစ်ဆင်နေကြောင်း၊ ဆီးရီးယားတို့က စစ်သား





၁၅၀,၀၀၀၊ လေယာဉ်ပျံ ၃၅၀၊ တင့်ကား ၂၀၀,၀၊ အမြောက် ၁၃၀,၀၊ ဒုံးယာဉ်စခန်း ၃၅ တို့ဖြင့် ပါဝင် တိုက်ခိုက်နေကြကြောင်း''ဖြင့် ပါလီမန်တွင် မစ္စစ်ဂိုဒါမီယာက မိန့်ခွန်းပြောကြားသွားသည်။

လက်ရှိစစ်ပွဲအတွက် စစ်စရိတ်များအဖြစ် ဒေါ်လာသန်းပေါင်း ၃၈၉ ထပ်မံ ခွဲဝေသုံးစွဲရန်အတွက် အစ္စရေးလ်ပါလီမန်က ယနေ့ ခွင့်ပြုလိုက်သည်။

ယင်းပါလီမန်ကပင် လိုအပ်သော အကူအညီများပေးသည့် အမေရိကန်ပြည်ထောင်စုအား ကျေးဇူးတင်ကြောင်း၊ လက်နက်ပေးပို့မှု ရပ်ဆိုင်းပစ်လိုက်သည့် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများအား ရှုတ်ချကြောင်း ဆုံးဖြတ်ကြသည်။

## ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂယက်များ

စစ်ဖြစ်နေသည့် နိုင်ငံများကို စစ်လက်နက်ပစ္စည်းများ ပေးပို့ထောက်ပံ့နေသည့် နိုင်ငံများ၏ အပြုအမူသည် အလွန်တရာ ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှကြောင်းဖြင့် ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

အစ္စရေးလ် သိမ်းပိုက်ထားသည့် နယ်မြေများ ပြန်လည်ရရှိရေး အတွက် တိုက်ပွဲဝင်နေကြသော အာရပ်များကို ကြိုဆိုထောက်ခံကြောင်း၊ တရားသည့်စစ်ပွဲကို ဆင်နွှဲနေသူများအား လိုအပ်သည့်အကူအညီများ ပေးမည်ဖြစ်ကြောင်းဖြင့် ဖော်ပြပါရှိသည့် ယူဂိုဆလားဗီးယား သမ္မတ တီတိုးနှင့် အယ်လ်ဂျီးရီးယား သမ္မတဘူမီဒီ ယင်းတို့နှစ်ဦး၏ ပူးတွဲကြေညာချက်ကို ယနေ့ ထုတ်ပြန်သည်။

''မည်သည့် အကြောင်းကြောင့်မဆို မိမိတို့ပိုင်နက် နယ်မြေကို အစ္စရေးလ်က ကျူးကျော်မှုပြုခဲ့လျှင်၊ သို့တည်းမဟုတ် ဆီးရီးယားကို တိုက်ခိုက်ရန်အတွက် မိမိတို့နယ်ကို ဖြတ်သန်းသွားလာလျှင် လီဘာနွန် အနေဖြင့် စစ်ထဲဝင်ကာ အစ္စရေးလ်အား တိုက်ခိုက်မည်ဖြစ်ကြောင်း'' ဖြင့် လီဘာနွန်ဝန်ကြီးချုပ် တာကီဒင်ဆိုးက ဘီဘီစီ သတင်းထောက်ကို

ယနေ့ ပြောသည်။

ဆိုမာလီယာနိုင်ငံက အီဂျစ်နှင့် ဆီးရီးယားတို့ဘက်မှ ကူတိုက်ပေးရန်အတွက် အပျော်တမ်းတပ်များ ပေးပို့ပေးမည်ဟု ကြေညာသည်။

လက်နက်များ တင်ဆောင်ထားသည့် ရုရှမှ သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံကြီးပေါင်း ၁၂၅ စင်း တို့သည် အောက်တိုဘာ ၁၀ ရက်နေ့မှစပြီး ဆီးရီးယားပြည်တွင်းသို့လည်းကောင်း၊ ၆၄စင်းတို့သည် အီဂျစ်ပြည်တွင်းသို့လည်းကောင်း၊ ၁၇ စင်းတို့သည် အီရတ်ပြည်တွင်းသို့လည်းကောင်း ဆင်းသက်ခဲ့ပြီးပြီဟု သိရသည်။

ယာယီအားဖြင့် အာရပ်နိုင်ငံများမှ ရေနံဆီ ရောက်မလာသော်လည်း အမေရိကန်ပြည်ထောင်စုအဖို့ ထိခိုက်စရာ အကြောင်းမရှိကြောင်းဖြင့် ဘဏ္ဍာရေးဌာနက ပြောပြသည်။

အရှေ့အလယ်ပိုင်းဒေသမှ ရေနံဆီ စည်ပေါင်း တစ်သန်းနှင့်တစ်သိန်း (သဘောဖြင့် သယ်ယူရန်အတွက် ရေနံဆီထည့်သော ထိုစည်တစ်လုံးလျှင် ၃၁ ဂါလံခွဲ ဆန့်သည်) ကို နေ့စဉ် တင်သွင်းကြောင်း၊ ထိုအရေအတွက်သည် အမေရိကန်ပြည်ထောင်စုက အသုံးပြုနေသည့် ရေနံဆီ၏ ၆ ရာခိုင်နှုန်းမျှသာဖြစ်ကြောင်း၊ ရေနံဆီ ချွေတာရန်နှင့် အဝေးပြေး လမ်းမကြီးများပေါ်တွင် မော်တော်ကားများ စနစ်တကျ မောင်းရန် အစိုးရက မေတ္တာရပ်ခံထားသည့်အတိုင်း လိုက်နာကြမည်ဆိုလျှင် တစ်နေ့လျှင် စည်ပေါင်းသုံးသန်း သက်သာသွားမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသို့ ရေနံတင်ပို့နေသည့် နိုင်ငံများအနက် ကနေဒါနိုင်ငံက ၂၃ ဒသမ ၇ ရာခိုင်နှုန်းတင်ပို့ရာ အများဆုံးဖြစ်ပြီး ကူဝိတ်က တစ်ရာခိုင်နှုန်း၊ အီဂျစ်က သုညဒသမ ၄ ရာခိုင်နှုန်း၊ အီရတ်က သုညဒသမ တစ်ရာခိုင်နှုန်းသာ တင်သွင်းခြင်းဖြစ်ကြောင်းဖြင့် ကြေညာချက်တွင် ဖော်ပြထားသည်။

မိမိတို့၏ ရေနံဈေးနှုန်းများကို ၁၇ ရာခိုင်နှုန်း တိုးမြှင့်မည်ဖြစ်ကြောင်းဖြင့် ပါရှန်းပင်လယ်ကွေ့ရှိ ရေနံသူဌေး ၆ နိုင်ငံတို့က ယနေ့





ကြေညာချက် ထုတ်ကြသည်။

စစ်ဖြစ်နေသည့် အရေးအခင်းများနှင့်ပတ်သက်ပြီး ရှားမိုဟာမက်ရီဇာနှင့် ဆွေးနွေးရန် ပါကစ္စတန်ဝန်ကြီးချုပ် အလီဘူတိုသည် တီဟီရန်သို့ ယနေ့ ရောက်လာသည်။

## ၁၉၃၇ ၊ အောက်တိုဘာ ၁၇ ၊ ဗုဒ္ဓဟူး

### အီဂျစ်စစ်မျက်နှာ

၄ ကြိမ်မြောက် အာရပ်–အစ္စရေးလ်စစ်ပွဲသည် ၁၂ ရက်မြောက် နေ့သို့ ကျရောက်လာပြီ ဖြစ်သည်။

ဆီနိုင်းသဲကန္တာရအတွင်းမှာ တင့်ကားတိုက်ပွဲကြီးများ ကြီးမားစွာ ဆက်လက် ဖြစ်ပွားသည်။ သို့သော်လည်း အီဂျစ်တို့က ရှေ့သို့ ထိုးတက်ရန် ခက်နေသလို၊ ဆီနိုင်းအတွင်း ရောက်ပြီးသား အီဂျစ်တပ် များကို တွန်းလှန်ပစ်ရန်လည်း အစ္စရေးလ်တို့အတွက် ခက်ခဲနေသည်။

တင့်ကားတိုက်ပွဲများသည် တနေကုန် ဖြစ်ပွားနေရုံမျှမက ညဘက် သို့ပါ ကူးစက်သွားသည်။ အစ္စရေးလ်တို့က အီဂျစ်တင့်ကား ၆၀ ကို ဖျက်ဆီးပစ်လိုက်သည်ဟု ကြေညာသည်။ အီဂျစ်ကလည်း အစ္စရေးလ် လေယာဉ်ပျံ ၂၁ စင်းကို ပစ်ချလိုက်သည်ဟု ကြေညာသည်။ မြေပြင် တိုက်ပွဲများတွင် အစ္စရေးလ်တို့ဘက်က အဆုံးအရှုံး ကြီးမားသည်ဟု ကြေညာရုံမှတပါး၊ အပျက်အစီးစာရင်းကိုမူ အီဂျစ်တို့က ကြေညာခြင်း မပြုပဲ နေသည်။

ညပိုင်းတွင် အစ္စရေးလ်က ကြေညာချက်တစ်စောင် ထပ်မံ ထုတ် ဝေသည်။ ယင်းကြေညာချက်၌ မိမိတို့က ရန်သူဘက်မှ တင့်ကား ပေါင်း ၉၀ ကို ဖျက်ဆီးလိုက်သည်။ တင့်ကားတိုက်ပွဲများ ပြင်းထန်စွာဖြစ် ပွားရာ တူးမြောင်းဒေသ အလယ်ပိုင်းနှင့် ဆီနိုင်းတောင်ပိုင်းတွင် ပိုမို ပြင်းထန်စွာ ဖြစ်ပွားသည်ဟု ဖော်ပြထားသည်။

ကြေညာချက်ကို အပြန်အလှန် ထုတ်နေကြသော်လည်း ဆီနိုင်း



သဲကန္တာရအတွင်း၌ တဖက်နှင့်တဖက် အဆုံးအဖြတ် ပေးနိုင်လောက် သော အခြေအနေသို့ ရောက်ရှိမလာသေးချေ။

အစ္စရေးလ်တို့၏ ကွန်မင်ဒို (အသေခံတပ်) များမှာမူ စူးအက်တူး မြောင်း အနောက်ဘက်ကမ်းသို့ ကူးကာ ရန်သူတို့၏ ဒုံးယာဉ်တပ်ခွဲများ နှင့် ထောက်ပံ့ရေးလမ်းကြောင်းများ၊ အားဖြည့်လမ်းကြောင်းများကို တိုက်ခိုက် ဖျက်ဆီးလျက်ရှိသည်။ စူးအက်တူးမြောင်း အနောက်ဘက် ကမ်း အီဂျစ်နယ်မြေအတွင်း၌ အစ္စရေးလ် အသေခံတပ်များ သောင်းနှင့် ချီ၍ ရောက်နေပြီ ဖြစ်သည်။ စူးအက်မြို့ကို ဝိုင်းထားနိုင်သည်။

စူးအက်မြို့နှင့် မလှမ်းမကမ်းရှိ အမှတ် ၃ တပ်တော်ကိုလည်း ဝိုင်းရန် ကြိုးစားနေသည်။ တူးမြောင်းအရှေ့ဘက်ကမ်း ဆီနိုင်းသဲကန္တာရ အတွင်း ရောက်နေသည့် အီဂျစ်တပ်များကို နောက်ပိုင်းနှင့် အဆက် အသွယ်ဖြတ်ရန် ကြိုးစားသည်။

ယနေ့ နံနက်ပိုင်းက ကိုင်ရိုမြို့တွင် လေကြောင်းရန် အချက်ပေး ဥသြများ မှုတ်သေးသည်။ သို့သော်လည်း လေကြောင်းရန် လုံးဝ မရှိခဲ့ ချေ။ စစ်စဖြစ်ကတည်းက ယနေ့အထိ အစ္စရေးလ်လေယာဉ်ပျံပေါင်း ၃၁၈ စင်းကို အီဂျစ်တို့ကလည်းကောင်း၊ ၂၃၄ စင်းကို ဆီးရီးယားတို့က လည်းကောင်း၊ ၂ စင်းကို ဂျော်ဒန်ကလည်းကောင်း၊ အီရတ်နှင့်လီဘာ နွန် တို့က ၁ စင်းစီကိုလည်းကောင်း စုစုပေါင်း ၅၅၆ စင်း ပစ်ချခဲ့ပြီး ဖြစ်ကြောင်းဖြင့် ကြေညာသည်။ (စစ် စတင်ဖြစ်ပွားစဉ်က မိမိတို့တွင် လေ ယာဉ်ပျံ ၄၈၀ စင်းသာရှိကြောင်း အစ္စရေးလ်က ကြေညာခဲ့သည်။)

### ဆီးရီးယားစစ်မျက်နှာ

တိုက်ပွဲများမှာ အရဏ်တက်ကတည်းက စတင် ဖြစ်ပွားကြောင်း၊ တင့်ကားတိုက်ပွဲများသည် မွန်းလွဲပိုင်း တိုင်အောင် ဖြစ်ပွားလျက်ရှိ ကြောင်း ရန်သူ့စစ်ဦးကို နေရာအတော်များများတွင် ရိုက်ချိုးလိုက် နိုင်ကြောင်း၊ ဒမတ်စကတ်သို့ချီမည်ဟု ကြွေးကျော်နေသော ရန်သူ တပ်များကို မြေပြင်ပစ်အမြောက်များဖြင့် ဟန့်တားထားကြောင်း

ဆီးရီးယားတို့က ကြေညာသော်လည်း စာရင်းအတိအကျ၊ တိုက်ပွဲအခြေအနေ အတိအကျတို့ကို ထုတ်ပြန်ကြေညာခြင်း မပြုချေ။ သို့သော်လည်း လာတာကီယာမြို့ရှိ အရပ်သားများနေထိုင်ရာ ရပ်ကွက်များကို အစ္စရေးလ် လေယာဉ်ပျံများက လာရောက် ဗုံးကြဲ တိုက်ခိုက်ကြောင်း၊ အစ္စရေးလ်လေယာဉ်ပျံ ၃ စင်း ကို ပစ်ချလိုက်ကြောင်းကိုမူ ကြေညာသည်။

အစ္စရေးလ်က ကြေညာရာတွင် မိမိတို့တပ်များသည် တစ်လကျော်ပြီး၊ တစ်လကျော် ရန်သူ့နယ်မြေများကို တိုးချဲ့ သိမ်းပိုက်လျှက် ရှိကြောင်း၊ ခံစစ်ပြုနေသော ဆီးရီးယားတပ်များကို ဆာဆာမြို့အထိ တွန်းပို့လိုက်ကြောင်း။ ယင်းမြို့သည် ဒမတ်စကတ်မြို့တော်၏ အနောက်တောင်ဘက် ၂၀ မိုင်အကွာ၊ အပစ်အခတ် ရပ်စဲရေးမျဉ်းကြောင်း၏ အတွင်းဘက် ၁၉ မိုင် အကွာအဝေးတွင်ရှိကြောင်းဖြင့် ကြေညာသည်။

ဆီးရီးယားစစ်မျက်နှာတွင် သတင်းယူနေသော လန်ဒန်မြို့မှ ဆန်းဒေးတိုင်းမ် သတင်းစာ၏ သတင်းထောက် နီကိုလပ်စ်တိုမာလင်မှာ သူ၏ မော်တော်ကားကို ဒုံးပျံထိပြီး သေဆုံးသွားသည်။ ၎င်းနှင့်အတူ ပါလာကြသော အနောက်ဂျာမနီ မဂ္ဂဇင်းတစ်စောင်မှ ဓါတ်ပုံသတင်းထောက်နှင့် လုံခြုံရေးအရာရှိ တစ်ယောက်တို့သည်လည်း ဒါဏ်ရာများ ရကြသည်။ သို့သော်လည်း၊ ၎င်းတို့သည် မည်သူမည်ဝါ ဖြစ်ကြောင်း အတည်ပြုချက် မရရှိသေးချေ။

**အာရပ်ပြောသမျှ**

ဂျော်ဒန်ဘုရင် ဟူစိန်၏ အကောင်းဆုံးသော အမှတ်၄၀ သံချပ်ကာကား တပ်ရင်းသည် စစ်မြေပြင်တွင် အကောင်းဆုံး တိုက်ခိုက်လျှက် ရှိကြောင်းဖြင့် ဆီးရီးယားက ပြောသည်။

''အရှေ့အလယ်ပိုင်းဒေသ၏ အနာဂတ်အခြေအနေသည် ချိန်ခွင်လျှာပေါ်တွင် မဲတင်းနေကြမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးနှင့် အလွန်ဝေးကွာနေဦးမည် ဖြစ်ကြောင်း၊ အလားတူပင် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရန်အတွက်လည်း လက်လှမ်းဝေးနေဦးမည်ဖြစ်ကြောင်း'' ဖြင့် ဂျော်ဒန်ဘုရင်ဟူစိန်က ၎င်း၏ နန်းတော်သို့ သတင်းစာဆရာများကို ဖိတ်ခေါ်ပြီး ပြောကြားသည်။





စစ်ဖြစ်ကတည်းက လုံး၀ နှုတ်ဆိတ်နေသော ဟူစိန်သည် ယခု ပထမဦးဆုံးအကြိမ် လူသိရှင်ကြား ပြောဆိုခြင်းဖြစ်သည်။

''မည်သို့ဆိုစေ ယခုအချိန်သည် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် အလွန်နီးကပ်သည့် အချိန်ပင်ဖြစ်ကြောင်း၊ အစ္စရေးလ်တို့အဖို့လည်း ၎င်း၏ သဘောထားကို ပြောင်းလဲရန် အကောင်းဆုံးသော အချိန် ဖြစ်ကြောင်း၊

ဂျော်ဒန်နိုင်ငံအနေဖြင့် မိမိတို့ရသင့်သည့် အခွင့်အရေးများ၊ မိမိတို့၏ နယ်မြေများ၊ ဂျေရုဆလင်မြို့နှင့် ပတ်သက်သည့် မိမိတို့၏ ရပိုင်ခွင့်များကို ဘယ်သောကာလတွင်မှ အလျှော့ပေးလိမ့်မည် မဟုတ်ကြောင်း၊ ဂျော်ဒန်စစ်မျက်နှာ၌ မိမိတို့တပ်များ အထိအခိုက်ရှိသည်မှာ မှန်ကြောင်း၊ သို့သော်လည်း သူတို့သည် သူတို့ဆောင်ရွက် ရမည့် တာ၀န်၊ ၀တ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြလိမ့်မည် ဖြစ်ကြောင်း၊ အတိတ်ဖြစ်ရပ်နှင့် ပစ္စုပ္ပန်ဖြစ်ရပ်များသည် အရှေ့ အလယ်ပိုင်းဒေသကိုသာ မဟုတ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ ခြိမ်းခြောက် လျက်ရှိကြောင်း'' ဖြင့် ဂျော်ဒန်ဘုရင်ဟူစိန်က သတင်းစာ ဆရာများကို သူ၏ နန်းတော်တွင် ပြောကြားသွားသည်။

စစ်ဖြစ်ကတည်းက နှုတ်ပိတ်ထားသော အသက် ၃၇ နှစ်ရှိ ဂျော်ဒန် ဘုရင်ဟူစိန်သည် ထိုနေ့က အစိမ်းရောင် စစ်ယူနီဖောင်းကို ၀တ်ဆင်ပြီး ခါးတွင် ပစ္စတိုကို ချိတ်ထားသည်။ ၎င်း၏ညီ အိမ်ရှေ့မင်းသား ဟာဆန်လည်း ၎င်းနှင့်အတူ ပါလာရာ ၎င်းကဲ့သို့ပင် ၀တ်ဆင်ထားသည်။

ရုရှတို့ထံမှ ရထားသည့် စစ်လေယာဉ်ပျံများကို အယ်လ်ဂျီးရီးယားနိုင်ငံက စစ်အတွင်းသို့ ပေးပို့လိုက်ကြောင်းဖြင့် ကြားရသည်။

သို့သော်လည်း လေယာဉ်ပျံအရေအတွက် မည်မျှကို ပို့ပေးကြောင်း ဖော်ပြခြင်း မရှိချေ။

သိမ်းပိုက်ထားသော အာရပ်ပိုင် နယ်မြေများမှ အစ္စရေးလ်တို့ ဆုတ်ခွာသွားသည့် အချိန်အထိ ရေနံထုတ်လုပ်မှုကို တစ်လလျှင် ၅ ရာခိုင်နှုန်း လျှော့ထုတ်သွားမည် ဖြစ်ကြောင်းဖြင့် ကူဝိတ်နိုင်ငံရှိ ရေနံထုတ်လုပ်ရေး အာရပ်နိုင်ငံများ အဖွဲ့ချုပ်က ယနေ့ ကြေညာလိုက်သည်။

### အစ္စရေးလ်ပြောသမျှ

"ခိုင်မာသော ငြိမ်းချမ်းရေးနှင့် ထိုငြိမ်းချမ်းရေးအတွက် ခိုင်လုံစွာ အာမခံချက်ရှိသော အပစ်အခတ်ရပ်စဲရေးကို အစ္စရေးလ်က လက်ခံမည် ဖြစ်ကြောင်း၊ မည်သို့သော အပစ်အခတ်ရပ်စဲရေး အကြံပေးချက်ကို မဆို လေ့လာရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း"ဖြင့် အစ္စရေးလ်နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီဘန်က နယူးယောက်မြို့တွင် သတင်းစာဆရာများနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

"သို့သော်လည်း အီဂျစ်သမ္မတဆာဒတ် ပြောကြားသွားသကဲ့သို့ အစ္စရေးလ်တို့အားလုံး ၁၉၆၇ ခု၊ ၆ ရက်စစ်ပွဲမတိုင်မီ နေရာများသို့ ပြန်သွားရေး ဆိုသည်မှာ မဖြစ်နိုင်ကြောင်း၊ အာရပ်တို့သည် အောက်တိုဘာ ၃၀ရက်နေ့၌ ကျင်းပမည့် အစ္စရေးလ် ရွေးကောက်ပွဲကို လည်းကောင်း၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီ ကစ်ဆင်းဂျား၏ အစီအစဉ်အရ လာမည့်နိုဝင်ဘာလအတွင်း နယူးယောက်မြို့၌ တွေ့ဆုံ ဆွေးနွေးကြရန် အစီအစဉ်ကိုလည်းကောင်း ချိန်ရွယ်ပြီး စစ်ကို စတင်လိုက်ခြင်း ဖြစ်ကြောင်း။

"အစ္စရေးလ်နှင့် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးတို့သည် ပြဿနာပြေလည်ဖို့ နည်းလမ်းရှာကြရာတွင် အဆက်အသွယ်ပြုလုပ်ပြီး ရှာဖွေကြရမည့်အစား၊ ရန်လိုသော စကားများဖြင့် မိန်းမကောင်းရန်တွေ့လုပ်နေကြရကြောင်း"

"အီဂျစ်နှင့် ဆီးရီးယားတို့က ကြီးမားသောထိုးစစ်ကြီးများကို





ဆင်နွှဲနေကြပါသည် ဆိုသော်လည်း ၁၉၆၇ ခုနှစ်က ၎င်းတို့ ဆုံးရှုံးသွားသည့် နယ်မြေများကို ပြန်လည် သိမ်းပိုက်နိုင်ခြင်း မရှိသေးကြောင်း။

သူတို့ပြောသကဲ့သို့ မြေပုံပေါ်တွင် မြင်တွေ့ရသော လမ်းကြောင်းများ ပွင့်နေပြီဆိုပါက၊ ၎င်းတို့၏ တင့်ကားများ အဟန့်အတားခံနေရခြင်းကို မည်သူက ယုံကြည်နိုင်ပါမည်နည်း။ အစ္စရေးလ်ကို ဖြိုခွဲပစ်မည်ဟု လေလုံးထွားနေသော အာရပ်၏ ပြောစကားများကို မယုံကြည်ကြောင်း၊ အစ္စရေးလ်နှင့် စေ့စပ် ဆွေးနွေးလိုပါသည်ဟု တကြော်ကြော် အော်ခေါ်နေခြင်းကိုလည်း မယုံကြည်နိုင်ကြောင်း၊ အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ယခု စစ်ပွဲ မတိုင်မီကရှိနေသည့် နေရာသို့ လက်နက်ကိုင်တပ်များအားလုံး ပြန်သွားကြရန် တင်ပြသော အမေရိကန်၏ သဘောထားကို မိမိတို့ ထောက်ခံကြောင်း၊ ဆာဒတ်၏ အပစ်အခတ် ရပ်စဲရေး အကြံပြုချက်ကို လက်မခံနိုင်ကြောင်း"ဖြင့် အစ္စရေးလ်နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီဘန်က ပြောဆိုသွားသည်။

နိုင်ငံခြားတိုင်းပြည်အသီးသီးမှ အပျော်ထမ်းတပ်များသည် အစ္စရေးလ်တို့ဘက်မှ ကူညီတိုက်ပေးရန်အတွက် အစ္စရေးလ်နိုင်ငံတွင်းသို့ လေကြောင်းခရီးဖြင့် စတင်ရောက်ရှိနေပြီဖြစ်ကြောင်း၊ အပျော်ထမ်းတပ် ၁၅၀,၀၀တို့ ယခုအပတ်အတွင်း၌ ဆက်လက် ရောက်ရှိလာဦးမည်ဟု ခန့်မှန်းထားကြောင်း၊ နိုင်ငံခြားတိုင်းပြည်များရှိ ဂျူးအေဂျင်စီများတွင် စာရင်းပေးထားသည့် အပျော်ထမ်း တပ်ဖွဲ့ဝင်ပေါင်းမှာ ၅၀၀,၀၀ခန့်ရှိကြောင်း၊ ၎င်းတို့အနက် ၃၀၀,၀၀ကို လက်ခံထားပြီ ဖြစ်ကြောင်း၊ ၎င်းတို့သည် အစ္စရေးလ်နိုင်ငံတွင် ၆လ အမှုထမ်းကြမည် ဖြစ်ကြောင်း၊ ၎င်းတို့၏အသက်မှာ ၁၈နှစ် မှ ၂၅နှစ်အတွင်း ဖြစ်ကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည်။

### ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂယက်များ

အယ်လ်ဂျီးရီးယား၊ ကူဝိတ်၊ မော်ရိုကိုနှင့် ဆော်ဒီအာရေဗျ နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သမ္မတနစ်ဆင်တို့ တစ်နာရီကျော်

ကြာအောင် တွေ့ဆုံဆွေးနွေးကြသည်။

လေးနိုင်ငံ ဝန်ကြီးများကိုယ်စား ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး ဆာကွပ်က "မိမိတို့သည် အာရပ် ၁၈ နိုင်ငံကိုယ်စား သမ္မတနစ်ဆင်နှင့် ဆွေးနွေးခဲ့ကြောင်း၊ သမ္မတနှင့် အလွန်ကောင်းသည့် အမြင်များကို ဖလှယ်နိုင်ခဲ့ကြောင်း၊ ဆွေးနွေးမှုများကို နိုင်ငံခြားရေးဌာနနှင့် ဆက်လက်ပြုလုပ်မည်ဟု နစ်ဆင်က ပြောကြောင်း၊ သမ္မတနှင့် ဆွေးနွေးမှုများမလုပ်မီ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်းဂျားနှင့် အကြို ညှိနှိုင်းခဲ့ကြောင်း၊ ဆွေးနွေးပွဲကိုလည်း ကစ်ဆင်းဂျား တက်ရောက်ကြောင်း၊ ဗီယက်နမ်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးများကို တည်ဆောက်ပေးနိုင်သူ ကစ်ဆင်းဂျားသည် အရှေ့အလယ်ပိုင်းဒေသ၏ ငြိမ်းချမ်းရေးကိုလည်း တည်ဆောက်ပေးနိုင်လိမ့်မည်ဟု မိမိတို့ ထင်မှတ်ကြောင်း" စသည်ဖြင့် ဝန်ကြီးဆာကွပ်က ပြောသည်။

သမ္မသနစ်ဆင်ကလည်း "မှန်ကန်ပြီး တရားမျှသော ငြိမ်းချမ်းရေးကို မိမိတို့ ဖော်ဆောင်လိုကြောင်း၊ ယင်းအချက်သည် မိမိတို့ အမြန်ဆုံး ဆောင်ရွက်လိုသည့် လုပ်ငန်းဖြစ်ကြောင်း"ဖြင့် ပြောကြားသည်။

ဝန်ကြီးများသည် နယူးယောက်မြို့တွင် ကျင်းပနေသည့် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ လာရောက် တက်နေကြသူများ ဖြစ်သည်။ ငြိမ်းချမ်းရေး တည်ဆောက်သူ၏ တာဝန်ဝတ္တရားများကို ယူရန် ဝန်ကြီးများက နစ်ဆင်ကို ပန်ကြား တိုက်တွန်းခဲ့သည်ဟု ဆိုသည်။

ဆိုဗီယက် ဝန်ကြီးချုပ် ကိုဆီဂင်သည် အဖွဲ့တစ်ခုကို ခေါင်းဆောင်ပြီး စစ်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ရန် ကိုင်ရိုသို့သွားကြောင်း အတည်မပြုသည့် သတင်းများ ကိုင်ရိုနှင့် မော်စကို၌ ထွက်ပေါ်နေသည်။

မော်စကိုသို့ အလည်ရောက်နေသည့် ဒိန်းမတ်ဝန်ကြီးချုပ်က ကိုဆီဂင်အား ဂုဏ်ပြုသည့် ညစာစားပွဲ တည်ခင်းသည်။ သို့သော်လည်း





ထိုညစာစားပွဲသို့ ကိုဆီဂင် တက်ရောက်ခြင်းမရှိ။ အကြောင်းတစ်စုံတစ်ရာ ပြခြင်းလည်းမရှိ။ တက်ရောက်နိုင်တော့မည် မဟုတ်ကြောင်း လောက်သာ သာမန် အကြောင်းကြားသည်ဟု ဆိုသည်။

ကိုင်ရိုမြို့ရှိ ဆိုဗီယက်သံရုံးတဝိုက်တွင် မော်တော်ကားများ ခြေချင်း လိမ်နေကြသည်။ ကိုင်ရိုမြို့တွင် ကိုဆီဂင် တစ်နေကုန် ရောက်နေသည် ဟူသော ကောလဟာလ သတင်းများလည်း ပြန့်နေသည်။

ညှသည်တော် ဒိန်းမတ်ဝန်ကြီးချုပ် ယိုအာကျင်ဆင်က "ဆိုဗီယက် ခေါင်းဆောင်တို့သည် ယခုစစ်ကို မြန်မြန် ပြီးဆုံးစေလိုကြသည်ဟု မိမိ ထင်ကြောင်း၊ စစ်ကြော မရှည်ရေးအတွက် ရုရှနှင့် အမေရိကန်တို့ သဘောချင်း ကိုက်ညီကြသည်ဟု ခန့်မှန်းရကြောင်း၊ မိမိနှင့် စကားပြောသည့်အခါတွင်လည်း စစ်ကို အမြန်ဆုံးရပ်စဲရန် ထုတ်ဖော် ပြောဆိုကြကြောင်း၊ ဤအရေးအခင်းတွင် တိုင်းပြည်အားလုံး တာဝန်ယူကြရမည်ဖြစ်ရာ အမေရိကန်နှင့် ဆိုဗီယက်နိုင်ငံတို့က ပိုမို တာဝန်ကြီးကြောင်း အမြင်ချင်း တူညီကြသည်"ဟု ဝန်ကြီးချုပ် ယိုအာကျင်ဆင်က ပြောသည်။

စစ်ရပ်စဲရေးအတွက် မည်သို့ ဆုံးဖြတ်သင့်သည်ဆိုသော အဆိုတစ်ရပ် ကုလသမဂ္ဂသို့ တင်သွင်းရန် ရုရှနှင့် အမေရိကန်တို့ သဘောထားချင်း ညှိနှိုင်းနေကြသည်ဟု အမေရိကန် နိုင်ငံခြားရေးဌာနက ယနေ့ ပြောသည်။

လွန်ခဲ့သည့် ရက်သတ္တတစ်ပတ်လုံး အမေရိကန်နှင့် ရုရှတို့သည် စစ်ရပ်စဲရေးကိစ္စနှင့် ပက်သက်ပြီး အကြိမ်ပေါင်းများစွာ ညှိနှိုင်း၊ ဆွေးနွေးနေခဲ့ကြသည်။ နိုင်ငံခြားရေးဝန်ကြီး ကိုဆီဂင်သည် ရုရှသံအမတ်ကြီး ဒိုဘရီနင်နှင့် နေ့တိုင်းလိုလို ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ပထမအဆင့်အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ စစ်ရပ်စဲရေးနှင့် ပက်သက်ပြီး နှစ်ဦးကျေနပ်သော အဆိုတစ်ရပ် တင်သွင်းရန်ကို အဓိကထားပြီး ကြိုးစားနေကြသည်။

သို့သော်လည်း သူတို့သည် နီးစပ်မှုကို မရကြသေး။ လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ဆိုရေးနှင့် ပက်သက်၍လည်း ရက်မသတ်မှတ်နိုင်ကြသေးဟု သိရသည်။

ထိုသို့ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြသော်လည်း နှစ်နိုင်ငံစလုံးက စစ်ဖြစ်နေသော နိုင်ငံများသို့ စစ်လက်နက်ပစ္စည်းများ ပို့ပေးနေကြဆဲပင်ရှိသည်။

တင့်ကားများ၊ တိုက်လေယာဉ်များအပါအဝင် စစ်လက်နက်ပစ္စည်းများကို ရုရှက အာရပ်နိုင်ငံများသို့ မရပ်မနား ပို့ပေးနေသည်။ အမေရိကန်ကလည်း ရုရှတို့ပို့သည့် အရေအတွက်ကိုကြည့်ပြီး ချိန်ခွင်လျှာညီစေရန် ထိုအတိုင်းပင် ပို့ပေးနေသည်ဟု ဆိုသည်။ အမေရိကန် သယ်ယူပို့ဆောင်ရေး ယာဉ်ကြီးများသည် တစ်နေ့လျှင် အကြိမ် ၂၀ ထက်မနည်း အစ္စရေးလ်နိုင်ငံ လေယာဉ်ကွင်းများသို့ ဆင်းသက်ကာ စစ်လက်နက်ပစ္စည်းများကို ချပေးလျက်ရှိသည်။ နှစ်နိုင်ငံစလုံး ပေးပို့သည့် တန်ချိန်သည် နေ့စဉ် ၇၀၀ မှ ၈၀၀ အထိရှိမည်ဟု ခန့်မှန်းကြသည်။



၁၉၇၃၊ အောက်တိုဘာ ၁၈၊ ကြာသပတေး

### အီဂျစ်စစ်မျက်နှာ

အစ္စရေးလ်ရေတပ်မှ ကွန်မင်ဒို (အသေခံတပ်) များက ပို့ဆက်မြို့ဆိပ်ကမ်းတွင် ကျောက်ချထားသော ရန်သူသင်္ဘောများနှင့် စူးအက်တူးမြောင်းကွေ့ရှိ ရပ်စ်ဂါဒါကာမြို့မှ သင်္ဘောများကို တိတ်တဆိတ်ဝင်ရောက် ဖောက်ခွဲ၊နှစ်မြှုပ်လိုက်ခြင်းဖြင့် ၁၃ ရက်နေ့မြောက် စစ်ပွဲအတွင်းသို့ ဝင်ရောက်လာသည်။

ကွန်မန့်ဒိုတပ်များက သင်္ဘောများကို ဖောက်ခွဲ နှစ်မြှုပ်ပြီးသောအခါ ရေတပ်သင်္ဘောများက အမြောက်များဖြင့် ပစ်ခတ်သည်။

ဆီနိုင်းကျွန်းဆွယ်အတွင်း၌ တင့်ကားတိုက်ပွဲများ ဆက်လက်ဖြစ်ပွားသည်။ အစ္စရေးလ်တို့က ယမန်နေ့များကတည်းက ခြေကုပ်ယူထားသည့် စခန်းများမှ နောက်သို့ တစ်လက်မမျှ ဆုတ်ပေးရခြင်းမရှိသေး ကြောင်း၊ ယင်းစခန်းများသည် တူးမြောင်းနှင့် ၃ မိုင်မှ ၆ မိုင်အထိ ကွာဝေးကြောင်း ကြေညာသည်။

တပြိုင်တည်းမှာပင် မိမိတို့ ဖောက်ခွဲဖျက်ဆီးရေး တပ်ဖွဲ့များသည် တူးမြောင်း၏ အနောက်ဘက်ကမ်း အီဂျစ်နယ်မြေအတွင်း၌ ရန်သူ့ဒုံးယာဉ်တပ်ဖွဲ့များ၊ လက်နက်သိုလှောင်ရာ ဌာနများနှင့် စစ်စခန်းများကို အောင်မြင်စွာ တိုက်ခိုက်ဖျက်ဆီးလျက် ရှိကြောင်း နောက်ထပ်တပ်ကူများ ပို့ပေးရာတွင် တင့်ကားများနှင့် အမြောက်ကြီးများ ပါဝင်ကြောင်း၊ ရန်သူက တန်ပြန်တိုက်ရန် ကြိုးစားသမျှ အားလုံးကို အောင်



ဒမတ်စကတ်သို့ ဦးတည်ပြီး အစ္စရေးလ်စစ်ကြောင်းက စစ်ထိုးရင်း ဖျက်ဆီးခဲ့သော ဆီးရီးယား သံချပ်ကားများ



မြင်စွာ ချေမှုန်းလိုက်နိုင်ကြောင်း၊ ယင်းတပ်ဖွဲ့များသည် ရည်ရွယ်ချက်အတိုင်း အောင်မြင်စွာ ဆောင်ရွက်နိုင်နေကြောင်း၊ ဆီနိုင်းအတွင်း ရောက်နေသည့်ရန်သူသည် နောက်ကျောမလုံသည့် အခြေအနေသို့ ရောက်နေကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည်။ သို့သော်လည်း ရန်သူစစ်မျက်နှာ၏ နောက်ကျောဘက်သို့ တပ်အင်အားမည်မျှ၊ တင့်ကား အရေအတွက်၊ အမြောက်အရေအတွက် မည်မျှ ပို့ထားပြီးဖြစ်ကြောင်းကိုမူ ထုတ်ဖော်ကြေညာခြင်း မပြုချေ။

အီဂျစ်ဘက်ကလည်း စူးအက်တူးမြောင်းကိုကူးပြီး မိမိတို့နယ်မြေထဲသို့ ရောက်လာသည့် ရန်သူ့အသေခံတပ်များကို ဝိုင်းထားပြီးဖြစ်ကြောင်း၊ အားလုံးလက်နက်ချကြရန် ရာဇသံပေးထားကြောင်း၊ လက်နက်မချလျှင် လုံးဝ ချေမှုန်းပစ်မည်ဖြစ်ကြောင်း၊ ရန်သူတို့သည် ထွက်ပေါက် မရှိတော့ကြောင်း၊ ရှေ့တန်းစစ်မျက်နှာတွင် လေကြောင်းတိုက်ပွဲဖြစ်ပွားရာ မိမိတို့တပ်များက ရန်သူ လေသူရဲ ၄ ဦးကို ဖမ်းဆီးမိပြီး လေယာဉ် ၁၂ စင်းကို ပစ်ချလိုက်ကြောင်းဖြင့် အီဂျစ်က ကြေညာသည်။

အစ္စရေးလ်တို့ကမူ ရန်သူ့တင့်ကား ၁၁၀ နှင့် လေယာဉ်ပျံ ၁၉ စင်းကို ပစ်ချလိုက်ကြောင်းဖြင့် ကြေညာသည်။

## ဆီးရီးယားစစ်မျက်နှာ

အစ္စရေးလ်တို့က ထိုးစစ်ဖြင့်ပင် ယနေ့စသည်။ ဆီးရီးယားတပ်များက ရန်သူတပ်များ ရှေ့မတိုးနိုင်ရန် ကြံ့ကြံ့ခံရင်း တပ်စွဲမြဲနေရာများမှာပင် တပ်စွဲနေနိုင်သည်။ ဂိုလန်ကုန်းပြင်မြင့် တောင်ပိုင်းနှင့် မြောက်ပိုင်းများတွင် တိုက်ပွဲများ ပိုမိုပြင်းထန်သည်ဟု ဆီးရီးယားဘက်က ပြောသည်။

အစ္စရေးလ်တို့ဘက်ကမူ ဆီးရီးယား၊ ဂျော်ဒန်၊ အီရတ်နှင့် ဆော်ဒီအာရေဗျ တပ်ပေါင်းစုများက ခုခံနေကြသော်လည်း ဒမတ်စကတ်သို့ ဦးတည်နေသည့် မိမိတပ်များသည် ရပ်တန့်ခြင်းမရှိကြောင်း၊ တစ်လက်မပြီး တစ်လက်မ ရှေ့တိုးလျက်ရှိကြောင်း၊ ဒမတ်စကတ်မြို့တော်၏

ဆင်ခြေဖုံးရပ်ကွက်များနှင့် ကြားမှာရှိနေသော ရန်သူ့ခံတပ်စခန်းများကို အမြောက်များဖြင့် မရပ်မနား ပစ်ခတ်၊တိုက်ခိုက်နေကြောင်းကြေညာသည်။

တနေကုန် တိုက်နေကြသော်လည်း တဖက်နှင့်တဖက် ထူးခြားသော အောင်ပွဲများ မရရှိချေ။ တဖက်တမျိုး ကြေညာချက်များကိုသာ ထုတ်နေသည်။

အာရပ်ပြောသမျှ

"ဘားလက်ဗ် ခံစစ်ကြောင်းကြီးကို အီဂျစ်တို့က သိမ်းပိုက်လိုက်နိုင်ခြင်းမှာ ကမ္ဘာ့စစ်သမိုင်းတွင် ထူးခြားသော အောင်ပွဲကြီးဖြစ်ကြောင်း၊ ထိုခံစစ်ကြောင်းကြီးကို သိမ်းပိုက်နိုင်ရေးအတွက် ၆ နှစ်အတွင်း၌ မိမိတို့သည် စမ်းသပ်လေ့ကျင့်မှုများ အကြိမ် ၃၀၀ ကျော် ပြုလုပ်ခဲ့ရကြောင်း"ဖြင့် အီဂျစ် အင်ဂျင်နီယာတပ် ဗိုလ်ချုပ် မိုဟာမက်အလီက ယနေ့ ပြောသည်။

ဗိုလ်ချုပ်အလီက ဆက်လက်ပြောသည်မှာ "ယင်းခံစစ်ကြောင်းတွင် အခိုင်အမာ စခန်းပေါင်း ၃၀ ရှိကြောင်း၊ စခန်းတစ်ခုလျှင် တပ်ခွဲတစ်ခုမှ တပ်ရင်းတစ်ခုအထိ လူအင်အားရှိသောတပ်များ နေနိုင်ကြောင်း၊ စခန်း တစ်ခုနှင့်တစ်ခုကို ကတုတ်ကျင်းများဖြင့် ဆက်သွယ်ထားကြောင်း၊ သဲအိတ်ပေါင်း မြောက်မြားစွာကိုလည်း အကာအကွယ်လုပ်ထားကြောင်း၊ စခန်းတိုင်းကို သံဆူးကြိုးများ ကာရံထားပြီး ကိုက် ၂၀၀ ပတ်လည်တွင် မိုင်းများ မြှုပ်ထားကြောင်း၊ ယင်း ခံတပ်ကြီးအတွက် ဒေါ်လာသန်းပေါင်း ၂၃၈ အကုန်အကျခံကာ အစ္စရေးလ်တို့ ဆောက်လုပ်ခဲ့ကြကြောင်း၊ ထိုခံစစ်ကြောင်းကြီးကို သိမ်းပိုက်နိုင်ရေးအတွက် မိမိတို့သည် ပုံစံတုများပြုလုပ်ကာ လေ့ကျင့်ခဲ့ကြောင်း"ဖြင့် ပြောပြသည်။

၆ နှစ်ကျော် ပိတ်ထားခဲ့ရသည့် စူးအက်တူးမြောင်းကို ပြန်လည်ဖွင့်လှစ်ရန် လိုအပ်သည့် အစီအစဉ်များ ပြုလုပ်နေပြီဟု သိရသည်။

စူးအက်တူးမြောင်း ကုမ္ပဏီ ဘုတ်အဖွဲ့ ဥက္ကဋ္ဌက "တူးမြောင်းကို





ပြန်လည် ဖွင့်လှစ် လုပ်ကိုင်ရန်အတွက် သမ္မတ အန်ဝါဆာဒတ်ထံမှ မီးစိမ်းကို စောင့်နေခဲ့ပါသည်။ ယခုအခါ မီးစိမ်းပြပြီဖြစ်သောကြောင့် လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်နေပါပြီ"ဟု ပြောဆိုသည်။

ပါလက်စတိုင်း ပြောက်ကျားများက အစ္စရေးလ်နိုင်ငံ အတွင်းပိုင်းနှင့် မိမိတို့ သိမ်းပိုက်ထားသည့် နယ်မြေများတွင် လျှပ်တပြက်စစ်ဆင်ရေးပေါင်း မြောက်မြားစွာကို ဆင်နွှဲခဲ့ကြောင်း၊ ရန်သူ၏ အမြောက်စခန်းပေါင်းများစွာကို ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ရှိတ်တောင်ကုန်းပေါ်ရှိ ရန်သူစခန်းများကို အောက်တိုဘာ ၁၇ ရက်နေ့က ဒုံးပျံများဖြင့် ပစ်ခတ်၊တိုက်ခိုက်ခဲ့ကြောင်းဖြင့် အယ်လ်ဂျီးရီးယားရှိ ပါလက်စတိုင်း တော်လှန်ရေး စစ်ဦးစီးဌာနက ကြေညာချက်ထုတ်သည်။ ဆီနိုင်းနှင့် ဂါဇာ ဒေသကြား ပါလက်စတိုင်း သိမ်းထားသည့် နယ်မြေအနီးမှ မီးရထားလမ်းများကိုပါ တိုက်ခိုက်၊ ဖျက်ဆီးခဲ့သည်ဟု နောက်ထပ် ကြေညာချက် တစ်စောင်က ဖော်ပြထားသည်။

အစ္စရေးလ်ပြောသမျှ

"ယခုစစ်ပွဲသည် နှစ်ချီဖို့ မဆိုထားနှင့်၊ လချီကြာရန်ပင် အကြောင်းမရှိ၊ ရက်ပိုင်းနှင့် ပြီးဆုံးသွားမည့် စစ်ပွဲဖြစ်သည်"ဟု ဆီနိုင်းစစ်မျက်နှာသို့ သွားရောက်ကြည့်ရှုရင်း သတင်းထောက်များနှင့် တွေ့ဆုံရာတွင် မိုရှေဒါယန်က ပြောသည်။

မိုရှေဒါယန်က ဆက်ပြောရာတွင် "ရက်အနည်းငယ် မဟုတ်လင့်ကစား ရက်ပိုင်းမျှသာ ကြာပါလိမ့်မည်၊ အီဂျစ်စစ်မျက်နှာ၌ မိမိတို့ စွန့်စားတိုက်ခိုက်မှု ပြုခြင်းသည် အကောင်းဆုံးဖြစ်ဖို့အတွက် ဦးတည်သည်။ မကြာမီမှာပင် အီဂျစ်များ မျှော်လင့်မထားသည့် အခြေအနေများဖြင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။ အီဂျစ်တို့သည် သူတို့၏ ကာကွယ်ရေး အစီအစဉ်များနှင့် ဆိုဗီယက် ပစ္စည်းများအပေါ်တွင် အလွန်အမင်း အားကိုးနေကြသည်။ ထို့ကြောင့် မိမိတို့အပေါ် အနိုင်ရမည်ဟု ပိုတွက်နေကြခြင်းဖြစ်သည်"ဟု မိုရှေဒါယန်က ပြောပြသွားသည်။

''လုံခြုံရေး အာမခံချက်ရှိပြီး နယ်နမိတ်မျဉ်းကြောင်းများကို အသိအမှတ်ပြုကြမည်ဆိုလျှင် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီးသောအခါ အစ္စရေးလ်နိုင်ငံက သိမ်းပိုက်ထားသည့် နယ်မြေများအားလုံးမှ ရုပ်သိမ်းသွားမည်ဟု မိမိထံ အစ္စရေးလ် ဝန်ကြီးချုပ်မစ္စစ်ဂိုလ်ဒါမီယာက စာရေးကြောင်း''ဖြင့် ဆီနီဂေါသမ္မတ လီယိုပိုဆီဒါဆင်ဂါ က ယနေ့ ထုတ်ဖော်ပြောဆိုသည်။

''အစ္စရေးလ်တို့ကို ရူးအက်တူးမြောင်း အရှေ့ဘက်ခြမ်းသို့ မောင်းထုတ်ပြီး စီးပွားရေးအရ အီဂျစ်၏ ခြေထောက်အောက်တွင် ပြားပြားဝပ်နေစေရန် အီဂျစ်တို့ ရည်ရွယ်ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း အရှေ့ဘက်ကမ်းကို သိမ်းပိုက်ရန် ကြိုးစားခြင်းသည် စစ်ရေးအရထက် နိုင်ငံရေးနှင့် စီးပွားရေးအရ ဖြစ်သည်။ ထို့ကြောင့် မိမိတို့သည် ရူးအက်တူးမြောင်းကို မဖြစ်မနေ ပြန်သိမ်းရမည်''ဟု အရန်တပ် ဗိုလ်ချုပ်ကြီးဟိမ်းဟာဇော့က အမေရိကန် အင်န်ဘီစီ ရုပ်မြင်သံကြား သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

### ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂယက်များ

ဆိုဗီယက်ဝန်ကြီးချုပ် ကိုဆီဂင်နှင့် အီဂျစ်သမ္မတ အန်ဝါဆာဒတ်တို့နှစ်ဦး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြောင်းဖြင့် အရှေ့အလယ်ပိုင်းသတင်းဌာနက ယနေ့ ကြေညာသည်။

ကိုင်ရိုမြို့သို့ ကိုဆီဂင် ရောက်နေခိုက် သုံးကြိမ်တိတိ အချိန်ကြာမြင့်စွာ သမ္မတ ဆာဒတ်နှင့် ဆွေးနွေးသည်ဟု တိုတိုတုတ်တုတ်သာ ဖော်ပြထားသည်။

ကိုဆီဂင် မည်သည့်နေ့က ရောက်လာကြောင်း၊ မည်သည့်နေ့က ဆွေးနွေးကြောင်း၊ ဘယ်နှစ်ရက်ကြာအောင် နေထိုင်သွားကြောင်းများကိုမူ ဖော်ပြခြင်း လုံးဝမရှိချေ။

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဆာဒေါက်ကလပ်စ်ဟုမ်း ကလည်း ကိုင်ရိုမြို့သို့ ကိုဆီဂင် ရောက်လာပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည်





များကို ဆွေးနွေးနေသည်ဟု ယုံကြည်ရကြောင်းဖြင့် လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးတွင် မိန့်ကြားသည်။

အစ္စရေးလ်က ၎င်းတို့ ဖမ်းမိထားသည့် အာရပ် စစ်သုံ့ပန်း ၇၀၇ ဦးတို့၏ အမည်စာရင်းကို လွှဲအပ်ကြောင်း၊ ထို့ပြင် ပျောက်ဆုံးနေသော ၎င်းတို့၏ စစ်သား ၃၀၀ ခန့်၏ အမည် စာရင်းများကိုပါ



ကိုဆီဂင်နှင့် ဆာဒတ်တို့ ကိုင်ရိုတွင် တွေ့ကြစဉ်

ပေးကြောင်း၊ ၎င်းစစ်သားများသည် အာရပ်တို့ လက်တွင် သုံ့ပန်းအဖြစ် အဖမ်းခံနေရလိမ့်မည်ဟု ထင်ကြေး ပေးကြောင်းဖြင့် ကမ္ဘာ့ကြက်ခြေနီ အဖွဲ့က ကြေညာသည်။

အီဂျစ်က အစ္စရေးလ် စစ်သုံ့ပန်း ၄၃ယောက်တို့၏ အမည်များကို ကြေညာကြောင်းဖြင့်လည်း ကြက်ခြေနီအဖွဲ့က ပြောဆိုသည်။

''အစ္စရေးလ်သို့ စစ်ကူပို့ရေး ဆုံးဖြတ်ချက်ကို အစိုးရက လုံးဝ ချမှတ်လိမ့်မည် အဟုတ်ကြောင်း၊ သို့သော်လည်း ဆိုဗီယက်နိုင်ငံက ၎င်းတို့၏ တပ်များကို အာရပ်ဘက်မှ ကူတိုက်ပေးရန် စေလွှတ်ခဲ့သော် အမေရိကန် အနေဖြင့်လည်း တပ်စေလွှတ်ရေးကိစ္စမှာ ဖြစ်နိုင်စရာ ရှိလာမည်ဖြစ်ကြောင်း''ဖြင့် အမေရိကန် ကာကွယ်ရေးဝန်ကြီး ရှလီဆင်က ပြောသည်။

အစ္စရေးလ်ကို စစ်ရေးထောက်ပံ့မှုများ ဆက်လက်ပြုလုပ်နေမည်ဟုဆိုပါက အမေရိကန်နိုင်ငံသို့ ရေနံတင်ပို့မှုကို ရပ်ဆိုင်းရတော့မည်ဟု ဆော်ဒီအာရေဗျနိုင်ငံက ခြိမ်းချောက်သည်။ အစိုးရအဖွဲ့ အစည်းအဝေး လုပ်အပြီးတွင် ကြေညာချက်ထုတ်ခြင်း ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ရေနံထုတ်လုပ်မှုကို ၁၀ ရာခိုင်နှုန်း လျှော့ချပစ်ရန် ဆုံးဖြတ်လိုက်သည်။ ကူဝိတ်နိုင်ငံကလည်း ၅ ရာခိုင်နှုန်း လျှော့ချရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ရေနံသူဌေးနိုင်ငံများက ၎င်းတို့၏ ရေနံထုတ်လုပ်မှုကို လျှော့ချရန် ဆုံးဖြတ်နေကြသည့်အနက် ဆော်ဒီ အာရေဗျနိုင်ငံက အများဆုံးဖြစ်သည်။

ရေနံသူဌေး အာရပ်နိုင်ငံ အားလုံးတို့သည် လက်ရှိစစ်ပွဲနှင့် ပတ်သက်ပြီး ရေနံကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြု တိုက်ခိုက်ရန် ဆုံးဖြတ်ကြပြီ၊ ဖြစ်သည်။ အစ္စရေးလ်ကို ကူညီနေသည့် နိုင်ငံများ၊ စစ်ပွဲသက်တမ်း ရှည်အောင် ပြုလုပ်နေသည့် နိုင်ငံများ၊ အစ္စရေးလ် သိမ်းပိုက်ထားသော နယ်မြေများအပေါ်မှ အစ္စရေးလ်တို့ ဆုတ်ခွာသွားခြင်းမပြုအောင် နည်းမျိုးစုံဖြင့် ကြံဆောင်နေသည့် နိုင်ငံများကို ရေနံ





တင်ပို့မှု ရပ်ဆိုင်းမည် ဖြစ်ကြောင်းဖြင့် ခြိမ်းခြောက်နေကြသည်။ လိုအပ်သည့် အစီအစဉ်များကိုလည်း ဆွေးနွေးပွဲများ ပြုလုပ်ကာ ညှိနှိုင်းနေကြသည်။

## ၁၉၇၃ ၊ အောက်တိုဘာ ၁၉ ၊ သောကြာ

### အီဂျစ်စစ်မျက်နှာ

စူးအက်တူးမြောင်း အနောက်ဘက်ကမ်းတွင် ကွန်မင်ဒိုတပ်များဖြင့် ကြီးမားသော ထိုးစစ်များကို ဆင်နွှဲကာ ၁၄ ရက်မြောက် စစ်ပွဲကို အစ္စရေးလ်တို့က စတင်လိုက်သည်။

ဆီနိုင်းသဲကန္တာရ အတွင်း၌ တင့်ကားတိုက်ပွဲများသည် ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။ အီဂျစ်တို့က နယ်မြေများ ချဲ့ထွင်သိမ်းပိုက်နိုင်ရန် အားသွန် တိုက်နေသော်လည်း အစ္စရေးလ်၏ ခံစစ်က အင်အားတောင့်တင်းနေသောကြောင့် ရှေ့ဆက်တက်ရန် အကြပ်အတည်းနှင့် ဆုံတွေ့နေရသည်။

အစ္စရေးလ်တို့သည် ဆီနိုင်းသဲကန္တာရအတွင်း၌ တန်ပြန်ထိုးစစ်ကို ပြုလုပ်နေရာမှ စစ်ပရိယာယ်ပြောင်းပြီး အီဂျစ်၏ ရှေ့တန်းစစ်မျက်နှာနောက်ပိုင်းသို့ ကွန်မင်ဒိုတပ်များ ပို့ကာ ရန်သူ့နယ်မြေအတွင်း ပြောင်းဆန်စေသော စစ်ဆင်ရေးကို ပြုလုပ်လာသည်။ လေတပ်၏ အကူအညီဖြင့် တင့်ကားများ၊ အမြောက်များပို့ကာ ကြီးမားသော ထိုးစစ်ကို ဆင်နွှဲနေသည်။ ဆီရီးယား စစ်မျက်နှာတွင် ဒမတ်စကတ်မြို့တော်ကို ဦးတည် တိုက်ခိုက်သကဲ့သို့ အီဂျစ် စစ်မျက်နှာတွင်လည်း ကိုင်ရိုမြို့တော်ကို ဦးတည် တိုက်ခိုက်နေသည်။ အစ္စရေးလ်၏ ကွန်မင်ဒိုတပ်များသည် ကိုင်ရိုမြို့နှင့် ၄၃ မိုင်မှ၊ ၄၆ မိုင် အကွာသို့ ရောက်ရှိနေပြီဖြစ်ကြောင်းဖြင့် အစ္စရေးလ် ဗိုလ်ချုပ် ရှလိုမိုဂါဇစ်က ပြောသည်။ အီဂျစ် နယ်မြေအတွင်းရှိ မြေပြင်မှ ဝေဟင်ပစ် ဒုံးယာဉ်စခန်း ၁၀



ကို တိုက်ခိုက် ဖျက်ဆီးလိုက်ကြောင်းဖြင့်လည်း ဆက်လက်ပြောဆိုသည်။

စူးအက်တူးမြောင်း အနောက်ဖက်ကမ်း အီဂျစ်နယ်မြေအတွင်း၌ အစ္စရေးလ်တပ်သားပေါင်း ၁၂၀,၀၀နှင့် တင့်ကားပေါင်း ၃၀၀ကျော် ရောက်ရှိနေပြီဖြစ်သည်။ မိမိ၏ နောက်ကျောဘက်သို့ အင်အားကြီးမားလှသော ရန်သူများ မည်သည့် ရည်ရွယ်ချက်ဖြင့် မည်သို့မည်ပုံ ရောက်ရှိလာကြောင်းကို အီဂျစ်တို့ အတွေးရခက်ပြီး စစ်ပရိယာယ်များ ရှုပ်ထွေးကုန်သည်။ ထိုတပ်များကို ချေမှုန်းနိုင်ရေးအတွက် အီဂျစ်တို့ ကြိုးစားကြရင်းဖြင့် ဆီနိုင်း သဲကန္တာရအတွင်းမှာ တိုက်အားများ လျော့ပါးလာသည်။ မိမိနယ်မြေအတွင်း ရောက်ရှိနေသော ရန်သူတပ်များကို ထွက်ပေါက်မရှိအောင် ဝိုင်းထားပြီး ဖြစ်ကြောင်း၊ တပ်အချို့ကိုလည်း ချေမှုန်းလိုက်ကြောင်းဖြင့် အီဂျစ်ဘက်က ကြေညာသည်။

### ဆီးရီးယားစစ်မျက်နှာ

ဆီးရီးယား၊ ဂျော်ဒန်၊ အီရတ်နှင့် ဆော်ဒီအာရေဗျ တပ်များသည် အစ္စရေးလ်စစ်ဦးကို ထိုးဖောက်တိုက်ခိုက်ရင်း ဆီးရီးယားစစ်မျက်နှာ၌ ၁၄ ရက်မြောက် စစ်ပွဲသည် နံနက်စောစောက စတင် ဖြစ်ပွားသည်။

အစ္စရေးလ်တို့ကလည်း လေကြောင်းအကူအညီဖြင့် အာရပ် စုပေါင်းတပ်များကို ချေမှုန်းကာ ဒမတ်စကတ်သို့ ချီရန် ကြိုးစားမြဲ ကြိုးစားလျက်ရှိသည်။ ဂိုလန်ကုန်းပြင်မြင့်၏ မြောက်ဖျားဒေသတွင် ပြင်းထန်သော တင့်ကားတိုက်ပွဲများ တနေကုန် ဖြစ်ပွားသည်။ မြောက်ဘက်ဖျားစစ်ကြောင်းကို အစ္စရေးလ်တို့က ပိုမို အားဖြည့်လာသည်။ အလယ်အူကြောင်းမှ ထိုးစစ်သည် ထင်သလောက် မှန်းခြေ မကိုက်သောကြောင့် မြောက်ပိုင်းမှ လှည့်ပြီး စစ်ထိုးခြင်း ဖြစ်သည်။ ထိုစစ်မြေပြင်တွင် အစ္စရေးလ်၏ တင့်ကား ၅၂စင်းနှင့် တင့်ကားခါးပြတ် ၁၇ စင်းတို့ကိုလည်းကောင်း၊ အမြောက်တပ်ခွဲ ၃ ခု ကိုလည်းကောင်း၊ ကွပ်ကဲမှုဌာန ၁ ခု ကိုလည်းကောင်း၊ တင့်ကားဖျက် ဒုံးပျံစခန်း ၁ ခု ကိုလည်း

ကောင်း၊ မော်တော်ယာဉ် အမြောက်အမြားတို့ကိုလည်းကောင်း ဖျက်ဆီးလိုက်ကြောင်းဖြင့် ဆီးရီးယားက ကြေညာသည်။

အစ္စရေးလ်တို့ကမူ မိမိတို့၏ စစ်ဦးသည် ဒမတ်စကတ်မြို့သို့ တစ်လက်မပြီး တစ်လက်မ ဦးတည် ချီတက်လျက်ရှိကြောင်းဖြင့် ကြေညာသည်။

**အာရပ်ပြောသမျှ**

အီဂျစ်နှင့် ဆီးရီးယားစစ်မျက်နှာ နှစ်ခုစလုံးတွင် အစ္စရေးလ် စစ်သားပေါင်း ၁၀၀,၀၀ကျော်ကို ချေမှုန်းခဲ့ပြီ ဖြစ်ကြောင်းဖြင့် အယ်လ်အာရမ် သတင်းစာက ယနေ့ ကြေညာသည်။

စစ်ပွဲအတွင်း၌ ဖမ်းဆီးရမိသော အစ္စရေးလ် မဟုတ်သူများကို ဂျီနီဗာ ညီလာခံ၏ စစ်သုံ့ပန်းများအပေါ် ထားရှိရမည့် သဘောထားအတိုင်း အခွင့်အရေး ပေးမည်မဟုတ်ကြောင်းဖြင့် အီဂျစ်က ကြေညာသည်။ ထိုသူများကို စစ်သုံ့ပန်းများ ရသင့်ရထိုက်သော အခွင့်အရေးများကို ပေးမည်မဟုတ်ပဲ ရာဇဝတ်ကောင်များအဖြစ် သဘောထားမည်ဟု ဆိုသည်။

ယခုစစ်ပွဲ အပစ်အခတ် ရပ်စဲရေးသည် အလွန် စောနေသေးကြောင်း၊ လာမည့်အပတ်တွင် ဆင်နွှဲရမည့် ပြင်းထန်သော တိုက်ပွဲကြီးများသည် မိမိတို့အတွက် အခွင့်အလမ်းသာလာပြီ ဖြစ်ကြောင်း၊ အောင်ပွဲများကို မိမိတို့ ခံယူပြီးသောအခါတွင် အစ္စရေးလ်နိုင်ငံအား လုံခြုံမှုကို မိမိတို့ ပေးမည်ဖြစ်ကြောင်းဖြင့် အီဂျစ်သမ္မတ ဆာဒတ်က ယနေ့ ပြောသည်။

**အစ္စရေးလ်ပြောသမျှ**

ယခုစစ်ပွဲတွင် တစ်နာရီလျှင် ဒေါ်လာ ၁၀ သန်း အစ္စရေးလ်တို့ ကုန်ကျနေသည်ဟု သက်ဆိုင်ရာက ကြေညာသည်။

ရက်အနည်းငယ်အတွင်းမှာပင် စစ်ပွဲပြီးဆုံးတော့မည် ဖြစ်ကြောင်း၊





ထိုသို့ ပြီးဆုံးသောအခါ မိမိတို့အတွက် အောင်ပန်းများ ဝေဝေဆာဆာ ရရှိမည်ဖြစ်ကြောင်းဖြင့် အစ္စရေးလ်က ပြောသည်။

**ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂယက်များ**

ဆိုဗီယက်ဝန်ကြီးချုပ် ကိုဆီဂင်သည် အီဂျစ်သမ္မတ ဆာဒတ်နှင့် လွန်ခဲ့သော ၃ရက်အတွင်း အစည်းအဝေး ၅ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲများသည် အချိန် အလွန်ကြာမြင့်ကြောင်း၊ အီဂျစ်သို့ ကိုဆီဂင် ရောက်နေခိုက် ဆိုဗီယက်သံရုံးသို့ ၂ ကြိမ်မျှသာ သွားရောက်လည်ပတ်ကြောင်း။ အပစ်အခတ် ရပ်စဲရေးနှင့်ပတ်သက်ပြီး ဆိုဗီယက်၏ သဘောထားများကို အီဂျစ်များအား တင်ပြကြောင်းဖြင့် အကြားအမြင်များသော ရပ်ကွက်က ပြောသည်။

မြောက်ကိုရီးယား လေသူရဲ ၃၀ တို့သည် မစ် ၂၁ ဂျက်လေယာဉ်ပျံများကို မောင်းနှင်ကာ စူးအက်တူးမြောင်းအနီး၌ အီဂျစ်များဘက်မှ ပါဝင် တိုက်ခိုက်နေကြောင်းဖြင့် အမေရိကန် ကာကွယ်ရေးဌာနမှ ထုတ်ဖော် ပြောဆိုချက်များအရ သိရသည်။

အစ္စရေးလ်နိုင်ငံသို့ စစ်လက်နက်ပစ္စည်းများ ပေးပို့ရာတွင် တာဝန်ယူ ဆောင်ရွက်ရန်အတွက် အမေရိကန်လေတပ်မှ အရန်တပ်များကို ဆင့်ခေါ်ထားသည်။ အစ္စရေးလ်နိုင်ငံသို့ အမေရိကန်က ပေးပို့သော စစ်ပစ္စည်းများမှာ ယခုအချိန်ထိ တန်ချိန် ၃၅၀,၀ ကျော် ရှိသွားပြီဟု ဆိုသည်။

ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် အီဂျစ်ခေါင်းဆောင်များနှင့် ရုရှဝန်ကြီးချုပ် ကိုဆီဂင်တို့ ဆွေးနွေးခဲ့ကြသော်လည်း ငြိမ်းချမ်းရေး . တည်ဆောက်နိုင်ရန်မှာ အခက်အခဲပေါင်းစုံဖြင့် ရင်ဆိုင်နေရကြောင်းဖြင့် ကိုင်ရိုမြို့ရှိ အကဲခတ်သူများက. ထုတ်ဖော် ပြောဆိုကြသည်။

စစ်ပွဲ ပြီးဆုံးသွားရန် ရုရှခေါင်းဆောင်တို့ အပူတပြင်း ကြိုးစားနေကြကြောင်း၊ အလားတူပင် အမေရိကန်နိုင်ငံကလည်း ကြိုးစားနေ

ကြောင်း၊ သို့သော်လည်း အမေရိကန်နှင့် ရုရှတို့ သဘောထားချင်း ကွဲပြားလျက်ပင် ရှိနေသေးကြောင်း၊ ထိုကိစ္စကို ညှိနှိုင်းရန်အတွက် နှစ်ပြည်ထောင် ခေါင်းဆောင်တို့ တွေ့ဆုံနိုင်ရန် အစီအစဉ်များ ပြုလုပ်လျက်ရှိကြောင်းဖြင့် မော်စကိုနှင့် ဝါရှင်တန်ရှိ သံတမန်ရပ်ကွက်မှ သတင်းများအရ သိရှိရသည်။

အစ္စရေးလ်နိုင်ငံသို့ အမေရိကန်က ပေးပို့နေသော စစ်ပစ္စည်းများ ထဲတွင် ပစ်မလွဲဗုံးများ ပါရှိသည်ဟု သိရသည်။ ထိုဗုံးများသည် ပစ်မှတ်ဆီသို့ ရေဒါနှင့်ထိန်းပြီး အလိုအလျောက်သွားရောက်ကာ တိုက်ရိုက်ထိမှန်စေနိုင်သည်။ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန်တို့ စမ်းသပ်သုံးစွဲခဲ့ရာ အလွန်အောင်မြင်ခဲ့သည်။ ထိုဗုံးများ ရရှိခြင်းအားဖြင့် အစ္စရေးလ်တို့သည် စစ်ပွဲအရှိန်ကို တစ်ဆ တိုးမြှင့်လိမ့်မည်။ အီဂျစ်ဘက်ကလည်း တူညီသော လက်နက်ဆန်းဖြင့် တုန့်ပြန်ရင်ဆိုင်ရန် များစွာ အလားအလာရှိနေသည်ဟု စစ်ရေးကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

ယခုစစ်ပွဲတွင် မည်သည့်ဘက်ကမှ လုံးဝ အောင်ပွဲခံနိုင်သည့် အခြေ အနေမျိုးသို့ ရောက်မည်မဟုတ်ကြောင်း၊ စစ်ဖြစ်နေသည့် နိုင်ငံတို့သည် တစ်ဦးက တစ်ဦးကို အပြီးတိုင် အလဲထိုးနိုင်သည့် အခြေအနေမျိုး မရှိကြကြောင်း၊ အင်အားကြီးနိုင်ငံများက စစ်လက်နက်ပစ္စည်းများ ထပ်မံ ပေးပို့ အားဖြည့်နေခြင်းအားဖြင့် မြေဇာပင်များ သာလျှင် အထိနာကြမည်ဖြစ်ကြောင်း၊ အဆုံးအဖြတ်ပေးမည့် အချိန်သည် ယခုတိုင် ရောက်ရှိမလာသေးကြောင်းဖြင့် နယူးရောက် တိုင်းမ် သတင်းစာက ခေါင်းကြီးပိုင်းတွင် ယနေ့ ရေးသားဝေဖန်သည်။



၁၉၇၃၊ အောက်တိုဘာ ၂၀၊ စနေ

**အီဂျစ်စစ်မျက်နှာ**

စစ်ပွဲသည် ၁၅ ရက်မြောက်နေ့သို့ ချဉ်းနင်း ဝင်ရောက်လာသည်။ စစ်မျက်နှာ နှစ်ခုစလုံးတွင် အလုံးအရင်းဖြင့် တိုက်ခိုက်နေကြသော်လည်း နှစ်ဘက်တပ်များအားလုံး ရှေ့မတိုးသာကြပဲ ရပ်တန့်မြဲ ရပ်တန့်နေသည်။

အစ္စရေးလ်က ဆီနိုင်းသဲကန္တာရအတွင်း ကြီးမားသော တိုက်ပွဲကြီးများကို မဆင်နွှဲတော့ပဲ အီဂျစ် ရှေ့တန်းစစ်ကြောင်း၏ နောက်ဘက်သို့ အလုံးအရင်းဖြင့် ထိုးစစ်ဆင်နေသည်။ ကိုင်ရိုသို့ သွားရာလမ်းကြောင်းကြီးသည် လုံးဝ ပွင့်နေပြီ ဖြစ်ကြောင်း၊ မိမိတို့ တပ်များအား ဟန့်တားနေသည့် ရန်သူတပ်များကို မလှုပ်ရှားနိုင်အောင် ချုပ်နှောင်ထားပြီ ဖြစ်ကြောင်း၊ လေကြောင်း အကူအညီနှင့် အမြောက်တပ်များ၏ အကူအညီများကိုလည်း မိမိတို့ လိုသလောက် ရရှိနေပြီ ဖြစ်ကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည်။

ဆီနိုင်းသဲကန္တာရအတွင်း၌ အီဂျစ်တို့က တပ်သား တစ်သိန်းနှင့် တင့်ကားတစ်ထောင်တို့ကို တပ်ဖြန့်ကာ ထိုးစစ်ဆင်နေသည်။ ဘားလက်ဖ်ခံစစ်ကြောင်းကြီးကို အီဂျစ်တို့က လုံးဝ သိမ်းပိုက်ထားပြီး ဖြစ်သော်လည်း အစ္စရေးလ်က ထိုခံစစ်ကြောင်းကို ပြန်လည် သိမ်းပိုက်နိုင်ရန် မကြိုးစားတော့ချေ။ သို့သော်လည်း အီဂျစ်တပ်များ ရှေ့သို့ တိုးဝင်လာခြင်း မပြုနိုင်ရန် ဟန့်တားထားသည်။ နှစ်ဘက်နိုင်ငံတို့က သူ့ အကျများသည်၊ ငါ အကျ နည်းသည်ဟု အပြန်အလှန် ကြေညာနေရုံမှတပါး ဆီနိုင်းစစ်မျက်နှာသည် ထူးခြားသည့် အခြေအနေသို့ ရောက်မလာပေ။

## ဆီးရီးယားစစ်မျက်နှာ

တင့်ကားတိုက်ပွဲများ၊ လေကြောင်းတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ မိမိပြည်တွင်း ကျူးဝင်နေသည့် ရန်သူတပ်များကို ဆီးရီးယားတို့က ချေမှုန်းနိုင်ရန် ကြိုးစားသည်။ သို့သော်လည်း တဘက်နှင့်တဘက် အပြတ်အသတ် တိုက်ခိုက်ခြင်းမရှိပဲ ရရှိပြီးနယ်မြေများ မဆုံးရှုံးရေးနှင့် ဆုံးရှုံးသွားသည့် နယ်မြေများ ပြန်လည် ရရှိရေးကိုသာ အာရုံထား တိုက်ခိုက်နေကြသည်။

မြေထဲပင်လယ်ထဲတွင် ရေကြောင်းတိုက်ပွဲများ ဖြစ်ပွားသည်။ အစ္စရေးလ်သင်္ဘော ရှစ်စင်းကို နှစ်မြှုပ်ပစ်လိုက်သည်ဟု ဆီးရီးယားက ကြေညာသည်။

အစ္စရေးလ်လေတပ်နှင့် ရေတပ်သင်္ဘောများက ဆီးရီးယား ဆိပ်ကမ်းမြို့များကိုလည်းကောင်း၊ ရေနံတွင်းများကိုလည်းကောင်း အဓိက ပစ်မှတ်များအဖြစ် ပစ်ခတ် တိုက်ခိုက်သည်။

ဂိုလန်ကုန်းပြင်မြင့် ဟာမွန်တောင်ကုန်းတွင်လည်း ယနေ့ တိုက်ပွဲများ ပြန်လည် ဖြစ်ပွားသည်။ ဆီးရီးယားအတွင်းသို့ ထိုးဝင်နေသည့် အစ္စရေးလ်တပ်များကို ဆီးရီးယားတပ်တို့က ဆင်းတိုက်ရာမှအစ ထိုဒေသတွင် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားခြင်း ဖြစ်သည်။

## အာရပ်ပြောသမျှ

အစ္စရေးလ်လေတပ်နှင့် ရေတပ်တို့၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားရေနံတွင်းများ၊ ရေနံလုပ်ငန်းနှင့် ပတ်သက်သည့် အဆောက်အဦများ ပျက်စီးခဲ့ရာ စုစုပေါင်း ဒေါ်လာသန်းပေါင်း ၅၀၀ ရှိကြောင်းဖြင့် ဆီးရီးယား ဒုဝန်ကြီးချုပ် မိုဟာမက်ဟိုက်ဒါက ပြောသည်။

အာရပ်ပြည်သူများဘက်က အခိုင်အမာ ရပ်တည်ကာ ထောက်ခံသည့် ပြည်သူ့တရုတ်ပြည်အား ကျေးဇူးတင်ပါကြောင်းဖြင့် အီဂျစ်သမ္မတက အကြောင်းကြားသည်။





ဆီနိုင်းကျွန်းဆွယ်အတွင်း၌ တင့်ကားစစ်ပွဲများသာလျှင် အကြီးမားဆုံးဖြစ်မည်။ အစ္စရေးလ်တို့က ၎င်းတို့ ဆုံးရှုံးသွားသည့် တင့်ကားများကို အားပြန်ဖြည့်နေသည်။ အရံသင့် သိမ်းထားသည့် တင့်ကားများကို အစ္စရေးလ်တို့က ဆီနိုင်းကျွန်းဆွယ် အတွင်းသို့ အမြောက်အမြား ပို့နေသည်။ သို့သော်လည်း ယင်းတိုက်ပွဲများတွင် မိမိတို့သာလျှင် အောင်ပွဲများ မုချရမည်ဟု အီဂျစ်အယ်လ်အာရမ် သတင်းစာက ရေးသည်။

အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့ရှိ အစ္စရေးလ်တို့၏ ရေနံချက်စက်ရုံများ၊ ရေနံနှင့်ပတ်သက်သည့် အဆောက်အဦများကို တုန့်ပြန် လက်စားချေသည့်အနေဖြင့် ဆီးရီးယားလေတပ်က သွားရောက် တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း၊ ယင်းရေနံတွင်းများသည် အစ္စရေးလ်တို့၏ အကြီးမားဆုံး ရေနံတွင်းများ ဖြစ်ကြောင်းဖြင့် ယနေ့ ကြေညာသည်။

## အစ္စရေးလ်ပြောသမျှ

"အမေရိကန် နိုင်ငံခြား[illegible]န်ကြီး ဟင်နရီ ကစ်ဆင်းဂျား မော်စကို သွားနေသော်လည်း ဝေ[illegible]လာဆယ်အားဖြင့် အပစ်အခတ် ရပ်စဲရေး ဖြစ်နိုင်လိမ့်ဦးမည် မဟုတ်ကြောင်း"ဖြင့် အစ္စရေးလ် နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီဘန်က ကုလသမဂ္ဂဌာနချုပ်မှ ၎င်း၏ နိုင်ငံသို့ ပြန်ရောက်လာအပြီးတွင် ထုတ်ဖော်ပြောဆိုသည်။

"စစ်ရပ်စဲရေးနှင့် ပတ်သက်ပြီး မော်စကိုသို့သွားသော ကစ်ဆင်းဂျားသည် သံတမန်ရေးရာ ကြိုးပမ်းမှုများကို ပြုလုပ်လိမ့်မည် ဖြစ်သည်။ သို့သော်လည်း အာရပ်များက ၎င်းတို့၏ ဆောင်ရွက်ချက်များကို လက်ခံကြလိမ့်မည် မထင်။ သူတို့ရည်ရွယ်ချက်ကို ဆုံးခန်းတိုင်အောင် ဆက်လက် တိုက်နေကြလိမ့်မည်။ အီဂျစ်နှင့် ဆီးရီးယားနိုင်ငံများ လုံးဝရှုံးနိမ့်သွားသည့် အချိန်တိုင်အောင် ကျွန်ုပ်တို့ စောင့်ဆိုင်းကြရမည်။ ထိုအခါကျမှပင် နိုင်ငံရေးစကားကို ပြောနိုင်ကြလိမ့်မည်။

"ယခုစစ်ပွဲတွင် အာရပ်တို့သည် တစ်ကြိမ်မျှ မလုပ်ဖူးသည့် အပြင်းထန်ဆုံးသော ထိုးစစ်ကြီးကို ပြုလုပ်ပြီး အစ္စရေးလ်နိုင်ငံကို ချေ

မှုန်းရန် ကြိုးစားကြခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းတို့မျှော်မှန်းချက်များယွင်းကြောင်းကို မကြာမီ သိကြလိမ့် ဖြစ်ကြောင်း'' ဖြင့် အက်ဘာအီဘန်က ဆက်လက် ပြောဆိုသည်။

''ယခုစစ်ပွဲ၌ အီဂျစ်တို့ကို မည်သည့်နယ်မြေမှ သိမ်းပိုက်ခွင့်ပြုမည် မဟုတ်ကြောင်း၊ ယခု ၎င်းတို့ရရှိသွားသည့် နယ်မြေ အနည်းအကျဉ်းကလေးကိုလည်း ရအောင်ပြန်ယူမည်ဖြစ်ကြောင်း၊ ယခု စစ်သည်အလွန် ကြီးမားပြင်းထန်သည်မှာ မှန်သော်လည်း လတွေ၊ နှစ်တွေချီပြီး ကြာမြင့်နိုင်မည် မဟုတ်ကြောင်း''ဖြင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မိုရှေဒါယန်က ယနေ့ ပြောသည်။

ဒါယန်က ''အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်ပြီး အစ္စရေးလ်၏ မူဝါဒမှာ မည်သူ့ကိုမှ ချဉ်းကပ် မေတ္တာရပ်ခံရေးမဟုတ်၊ သို့သော်လည်း စစ်ပြီးဆုံးရေးအတွက် အာရပ်များနှင့် ဆွေးနွေးရေးကိုမူ ပြင်ဆင်ရမည်။ ဒမတ်စကတ်မြို့တော်နှင့် ကိုင်ရိုမြို့[illegible]တ်မှာ မိမိတို့ ထိုင်နေသည့်တိုင်အောင် အာရပ်တို့သည် ငြိမ်းချမ်း[illegible]ကားကို ပြောဆိုကြလိမ့်မည်မဟုတ်၊ သူတို့၏ ရန်လိုသော ဝသီအတို[illegible]ိုက်ခိုက်နေကြမည် ဖြစ်သည်။ ပထမနေ့က အီဂျစ်တို့ စူးအက်တူးမြောင်း အရှေ့ဘက်ကမ်းသို့ ထိုးဖောက် ဝင်ရောက်ကာ နယ်မြေအချို့ကို သိမ်းထားသည်မှာ မှန်သည်။ သို့သော်လည်း ထိုမြေပေါ်တွင် သူတို့ကို တာရှည် နေခွင့်ပြုမည် မဟုတ်။

''အီဂျစ်တို့သည် လွန်ခဲ့သည့် ၃–နှစ်ကတည်းက သူတို့ဆောက်လုပ်ထားခဲ့သော ကာကွယ်ရေးစခန်းများကို မည်သူမှ မဖြိုဖျက် မတိုက်ခိုက်နိုင်ဟု ထင်မှတ်နေကြသည်။ ၃ နှစ်လုံးလုံး အချိန်ယူပြီး ဆောက်ထားခဲ့သော စခန်းကြီးသည် သုံးရက်အတွင်း ဘာဖြစ်သွားသည်ကို သူတို့သိစေရမည်။ ယခုပင်လျှင် သူတို့၏ ရှေ့တန်းစစ်မျက်နှာကို ကျော်ပြီး မိမိတို့တပ်များက သူတို့နယ်မြေအတွင်းမှာ အခြေစိုက် လှုပ်ရှားနေပြီ။ သူတို့အတွက် လုံခြုံရေးသည် လုံးဝ မခိုင်မာကြောင်း သဘောပေါက်နေကြပြီဖြစ်သည်။ သူတို့ နယ်မြေအတွင်း ရောက်ရှိနေသည့် မိမိတို့ တပ်များကလည်း ရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်





ပြုလုပ်လျက်ရှိသည်''စသည်ဖြင့် မိုရှေဒါယန်က ရုပ်မြင်သံကြားမှ ယနေ့ ထုတ်ဖော်ပြောသည်။

## ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂယက်များ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဟင်နရီကစ်ဆင်းဂျားသည် ယနေ့ညဦးပိုင်းက မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ဆိုက်ရောက်လာသည်။ ၎င်းအား ရုရှနိုင်ငံခြားရေးဝန်ကြီး အင်ဒရေဂရိုမီကိုက လေဆိပ်သို့ သွားရောက်ကြိုဆိုသည်။ ကစ်ဆင်းဂျားနှင့်အတူ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးအပြင် ထိပ်တန်းအရာရှိကြီးများ လိုက်ပါလာကြသည်။

နှစ်နိုင်ငံ ခေါင်းဆောင်တို့သည် ယနေ့ပင် ဆွေးနွေးပွဲများ ပြုလုပ်ကြလိမ့်မည်ဟု ခန့်မှန်းရသည်။ စစ်ကို မြန်နိုင်သမျှ အမြန်ဆုံး ရပ်စဲရန် နှစ်နိုင်ငံစလုံးက လိုလားနေကြသည်။ ကစ်ဆင်းဂျားသည် မော်စကိုမှာ ဆွေးနွေးပြီးလျှင်ပြီးခြင်း အစ္စရေးလ်နိုင်ငံသို့ သွားရောက်လိမ့်ဦးမည်ဟု ခန့်မှန်းနေကြသည်။

မော်စကိုသို့ ကစ်ဆင်းဂျား အမြန်လာရန် မော်စကို ခေါင်းဆောင်များက လိုလားကြသောကြောင့် ချက်ခြင်း ထသွားခြင်း ဖြစ်ကြောင်းဖြင့်လည်း ဆီးနိတ်လွှတ်တော်ခေါင်းဆောင် မင်းစဖီးက ပြောသည်။

## ၁၉၇၃၊ အောက်တိုဘာ ၂၁၊ တနင်္ဂနွေ

**အီဂျစ် စစ်မျက်နှာ**

ဆီနိုင်း ကျွန်းဆွယ်အတွင်း၌ တင့်ကားတိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်။ ညကတည်းက ညလုံးပေါက်လောက်နီးနီး ဖြစ်ပွားခဲ့ရာမှ ယနေ့ ပွဲဆက်နေခြင်း ဖြစ်သည်။

အစ္စရေးလ်တို့၏ အသေခံအထူးတပ်များသည် တူးမြောင်း အနောက်ဘက်ကမ်းတွင် ပိုမို များပြားလာသည်။ ထိုတပ်များကို ဝိုင်းနိုင်ရန် အီဂျစ်တို့က ကြိုးစားနေကြသည်။ ထောက်ပံ့ရေး လမ်းကြောင်းများနှင့် အမြောက်တပ်ဖွဲ့များ၊ ဒုံးယာဉ်တပ်ဖွဲ့များကို အစ္စရေးလ်တို့က ဖျက်ဆီးနိုင်ရန် ဖိတိုက်နေသည်။

ပင်လယ်အတွင်း၌ ရေကြောင်းတိုက်ပွဲများ၊ အီဂျစ်နယ်မြေနှင့် ဆီနိုင်းကျွန်းဆွယ်ပေါ်တွင် လေကြောင်းတိုက်ပွဲများ ဖြစ်ပွားကြသည်။

ထူးခြားစွာ နယ်မြေ သိမ်းပိုက်နိုင်ခြင်းများ မရှိ။

**ဆီးရီးယား စစ်မျက်နှာ**

အရှေ့ဘက်ချိန်က စပြီး ဂိုလန်ကုန်းပြင်မြင့်ရှိ အရေးကြီးသော စခန်းများကို ပြန်လည် ရယူနိုင်ရန် ဆီးရီးယားတို့က တိုက်သည်။

ဟာမွန်တောင်ကုန်းတွင်လည်း ညနေ ၃နာရီခွဲမှ စပြီး တိုက်ပွဲများ ပြန်လည် ဖြစ်ပွားသည်။

ညနေပိုင်းတွင် ဒမတ်စကတ်မြို့တော်ကို အစ္စရေးလ်လေကြောင်း



မှ သွားရောက် တိုက်ခိုက်သည်။ ဒမတ်စကတ်မြို့တော်ကို လေတပ်မှ မတိုက်ပဲနေသည်မှာ ၅ရက် ကြာပြီဖြစ်ရာ ယနေ့မှ ပြန်လည်တိုက်ခိုက်ခြင်း ဖြစ်သည်။

မြို့ပေါ်တွင် ရှိနေသူများကိုယ်တိုင် လေကြောင်းတိုက်ပွဲကို မြင်နေရသည်။ အစ္စရေးလ် လေယာဉ်ပျံများကို အမျိုးအစား ခွဲခြား၍ မရချေ။ အလင်းရောင် စူးရှလှသော ကောင်းကင်တွင် အရောင်တောက်နေသောကြောင့် အမှန်းရ ခက်နေသည်။ ဆီးရီးယားလေတပ်ကလည်း တက်တိုက်သည်။ ကာရူအင် တောင်ဘက်သို့ လေယာဉ်ပျံများ ပျံသန်းသွားကြသည်။ တောင်ကုန်းပေါ်တွင် လေကြောင်းတိုက်ပွဲ ဆက်လက်ဖြစ်ပွားရာ အစ္စရေးလ် လေယာဉ်ပျံ ၁၁ စင်းကို ပစ်ချလိုက်ကြောင်း၊ လေယာဉ်မှူးနှစ်ဦးကို ဖမ်းမိရာ တစ်ဦး သေဆုံးသွားကြောင်းဖြင့် ဆီးရီးယား အာဏာပိုင်များက ပြောသည်။ မသေသော အစ္စရေးလ်လေယာဉ်မှူးကို ဒမတ်စကတ်ဆေးရုံတွင် တင်ထားပြီး သတင်းထောက်များကို ခေါ်ပြသည်။ လေယာဉ်မှူးမှာ သတိမရပဲ သွေးသွင်းထားရသောကြောင့် စကားပြောခွင့် မရချေ။ ခြေထောက်တစ်ဘက် လုံးဝ ကျိုးသွားသည်။ ကျောရိုးတွင် ဒဏ်ရာရပြီး၊ ဝမ်းဗိုက်တွင်လည်း ဒဏ်ရာ ပြင်းထန်စွာရသည်ဟု ဆိုသည်။ လေထီးဖြင့် ခုန်ချရာတွင် ရရှိသော ဒဏ်ရာများဖြစ်သည်ဟု အာဏာပိုင်များက ပြောပြကြသည်။

**အာရပ်ပြောသမျှ**

အစ္စရေးလ်တို့သည် ၁၉၆၇ ခုနှစ်က ဖမ်းမိသွားသည့် အီဂျစ်တင့်ကားများကို အသုံးပြုကာ အီဂျစ်တပ်များ အယောင်ဆောင်ပြီး စူးအက်တူးမြောင်းကို ကျော်၍ မိမိတို့ နယ်မြေများအတွင်းသို့ ဝင်ရောက်လာကြကြောင်း၊ ထိုတင့်ကားများကို အီဂျစ်စကားပြောတတ်သည့် အစ္စရေးလ်များက မောင်းနှင်ကြကြောင်း။ အီဂျစ်စစ်တပ် ယူနီဖောင်းများကို ဝတ်ဆင်ကာ အီဂျစ်စစ်တပ်ယောင်ဆောင်ပြီး မိမိတို့ ရွာသုံးရွာကို သိမ်းလိုက်ကြကြောင်း၊ ရွာသားများကို ခါးစာခံသဘောမျိုး ပြု

လုပ်ထားသောကြောင့် မိမိတို့က ပစ်ခတ် တိုက်ခိုက်ရန် ခက်ခဲကြောင်းဖြင့် အီဂျစ်က ပြောသည်။

တူးမြောင်း အနောက်ဘက်သို့ ရောက်ရှိနေသော အစ္စရေးလ်စစ်တပ်များ မိမိတို့နယ်မြေအတွင်း ဖြိုင်မျှသာ ဝင်ရောက်နေနိုင်ကြောင်း၊ ထိုတပ်များအားလုံးကိုလည်း မိမိတို့တပ်များက ဝိုင်းရံ ပိတ်ဆို့ထားပြီး ဖြစ်ကြောင်းဖြင့် ကိုင်ရိုမြို့ရှိ စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ထို ပြောရေးဆိုခွင့်ရှိသူကပင် ဆက်လက်၍ စစ် စဖြစ်ကတည်းက ယနေ့အထိ အစ္စရေးလ် လေယာဉ်ပျံပေါင်း ၆၀၀ ကျော်ကို မိမိတို့နှင့် ဆီးရီးယားတို့က ပစ်ချခဲ့ပြီ ဖြစ်ကြောင်းဖြင့် ပြောဆိုသည်။

### အစ္စရေးလ်ပြောသမျှ

အစ္စရေးလ် ခေါင်းဆောင်တို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်နေကြသည်။ အမေရိကန်နှင့် ဆိုဗီယက်တို့၏ တင်ပြချက်များနှင့် ပတ်သက်၍ တစုံတရာ ဝေဖန်ခြင်း မပြုပဲ နေကြသည်။

မိုရှေဒါယန်ကမူ ယခုတပ်များ ရောက်သည့်နေရာတွင် တပ်စွဲထားခွင့် ပြုမည်ဆိုလျှင် အပစ်အခတ် ရပ်စဲရေးကို လက်ခံမည်ဟု ပြောဆိုသည်။

အစ္စရေးလ်တို့ အပြောအရ ယခုစစ်ပွဲတွင် ဆီးရီးယား နယ်မြေအတွင်း၌ စတုရန်းမိုင် ၃၀၀ ကျော်ကိုလည်းကောင်း၊ စူးအက်တူးမြောင်း အနောက်ဘက်ကမ်း အီဂျစ်နယ်မြေအတွင်း၌ စတုရန်းမိုင်ပေါင်း ၅၀၀ ကိုလည်းကောင်း သိမ်းပိုက်ထားသည်ဟု ဆိုသည်။

အစ္စရေးလ်ဘက်က ပြောရေးဆိုခွင့်ရှိသူက "မိမိတို့တပ်များသည် အီဂျစ်နယ်မြေအတွင်း၌ စတုရန်းမိုင်ပေါင်း ၅၀၀ ခန့်ကို သိမ်းပိုက်ရယူထားပြီး ဖြစ်ကြောင်း၊ ကိုင်ရိုမြို့တော်နှင့် ၄၅ မိုင်မျှသာ ကွာဝေးသော်လည်း တောင်ဘက်နှင့် မြောက်ဘက်များကို တပ်ဖြန့်ထားကြောင်း၊





ရန်သူ၏ တင့်ကား ၆၀ ကျော်နှင့် လေယာဉ်ပျံ ၂၀ ကို ဖျက်ဆီးလိုက်ကြောင်း၊ မိမိတို့ နယ်မြေသိမ်း တိုက်ပွဲများသည် နှေးကွေးနေသည်မှာ မှန်ကြောင်း၊ သို့သော်လည်း ရန်သူများကို ချေမှုန်းနိုင်ရမည်မှာ သေချာလှကြောင်း၊ လေတပ်ဗိုလ်ချုပ် ပဲလက်က အပစ်အခတ် ရပ်စဲရေး စာချုပ်တွင် မည့်သည့်အချက်များ ပါဝင်ရမည်ဖြစ်ကြောင်း၊ ရန်သူများကို ပြောပြနိုင်သည့် နေရာအရောက် ခေါ်လာခဲ့ရန် သူ၏တပ်များကို အမိန့်ပေးထားကြောင်း"ဖြင့် ပြောသည်။

### ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂယက်များ

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်းဂျားနှင့် ဆိုဗီယက် ခေါင်းဆောင်များသည် ယနေ့ ဒုတိယအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးကြသည်။



ကစ်ဆင်းဂျားနှင့် ဘရက်ဇ်နက်ကို မော်စကို၌အဆုံ

အမေရိကန် သံရုံးက ပြောကြားရာတွင် ယနေ့ ညနေပိုင်းအထိ ဆွေးနွေးကြလိမ့်မည်။ အမေရိကန်ဘက်က တက်ရောက်သူများမှာ ယမန်နေ့က အတိုင်းဖြစ်သည်ဟု ပြောသည်။ သို့သော်လည်း ဆိုဗီယက်က မည်သူများ တက်ကြောင်း၊ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ဘရက်ဇ်ညက် တက်သည်၊ မတက်သည်ကိုမူ ထုတ်ဖော် ပြောဆိုခြင်း မရှိချေ။

ဆွေးနွေးပွဲပြီးနောက် ကြေညာချက် ထုတ်ရာတွင်လည်း မည်သည့် အချက်များတို့ ဆွေးနွေးကြောင်း၊ မည်သူများ ပါဝင်ကြောင်းများကို ဖော်ပြခြင်း မရှိ။

ဆွေးနွေးရန် ဘရက်ဇ်ညက်၏ မေတ္တာရပ်ခံချက် ရအပြီး ၁၂ နာရီ အကြာတွင် မော်စကိုသို့ ကစ်ဆင်းဂျား ရောက်ရှိလာခြင်း ဖြစ်သည်။ အမေရိကန်နှင့် ဆိုဗီယက်တို့ ဆွေးနွေးရန် အီဂျစ်သမ္မတ ဆာဒတ်ထံမှ ခွင့်ပြုချက်ကို ကိုဆီဂင် ရရှိပြီးမှ ကစ်ဆင်းဂျားအား ခေါ်ယူခြင်း ဖြစ်သည်ဟု ယုံကြည်ရသည်။

ကစ်ဆင်းဂျားနှင့် ဆွေးနွေးပွဲများတွင် ဆိုဗီယက်ဘက်မှ ပါတီ အတွင်းရေးမှူးချုပ် ဘရက်ဇ်ညက် ကိုယ်တိုင် ခေါင်းဆောင်ပါဝင်ကြောင်း မနေ့က နှစ်နာရီအကြာ ဆွေးနွေးပြီး၊ ယနေ့ လေးနာရီ ကြာကြောင်း ဖြင့် တာ့စ် သတင်းဌာနက ယနေ့ညနေ ထုတ်ပြန် ကြေညာလိုက်သည်။

ဆွေးနွေးပွဲများတွင် လက်ရှိ အခြေအနေများနှင့် ငြိမ်းချမ်းရေး ရယူနိုင်ရန် အချက်များကို အဓိကထားပြီး ဆွေးနွေးကြခြင်း ဖြစ်သည်ဟု တာ့စ် က ကြေညာသည်။

## ကုလသမဂ္ဂ

လက်ရှိ ရောက်နေသော နေရာများမှာပင် အပစ်အခတ် ရပ်စဲကြရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တောင်းဆိုပေးပါရန် အမေရိကန်နှင့် ဆိုဗီယက်နိုင်ငံတို့က တင်ပြ တောင်းဆိုလိုက်ကြသည်။ အမေရိကန်နှင့် ဆိုဗီယက်တို့၏ တင်ပြချက်ကို လုံခြုံရေးကောင်စီက လက်ခံအပြီး





၁၂ နာရီ အကြာတွင် အပစ်အခတ် ရပ်စဲရေးကို လက်ခံကြရမည် ဖြစ်သည်။

လုံခြုံရေးကောင်စီ အစည်းအဝေးကို ယနေ့ည ၁၀ နာရီ ၁၇ မိနစ် အချိန်တွင် အရေးပေါ် ကျင်းပသည်။

နှစ်ပြည်ထောင်၏ တင်ပြကြသော အဆိုကို အမြန်ဆုံး ဆုံးဖြတ်နိုင်မည်ဟု သံအမတ်ကြီးများက ယုံကြည်နေကြသည်။

အပစ်အခတ် ရပ်စဲပြီးသောအခါ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည့် အချက်အလက်များကို ပြန်လည် အကောင်အထည် ဖော်ရမည်။ ယင်းဆုံးဖြတ်ချက်သည် သိမ်းပိုက်ထားသည့် အာရပ်နယ်မြေများ အားလုံးပေါ်မှ အစ္စရေးလ် တပ်များ ပြန်လည် ရုပ်သိမ်းသွားကြရန် ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ကို ၆ ရက် စစ်ပွဲအပြီး ၅ လ အကြာတွင် ချမှတ်ခဲ့သည်။ သို့သော်လည်း နှစ်ဘက်နိုင်ငံများသည် ထိုဆုံးဖြတ်ချက်ကို အကောင်ဖော်ခြင်း မရှိခဲ့ကြ။

လုံခြုံရေးကောင်စီသို့ အမေရိကန်နှင့် ဆိုဗီယက် နှစ်နိုင်ငံတို့က တင်ပြသော အဆို၏ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

လုံခြုံရေးကောင်စီသည်–

၁။ စစ်ဖြစ်နေသော နိုင်ငံအားလုံးတို့သည် ဤဆုံးဖြတ်ချက် ချမှတ်သည့် အချိန်မှစ၍ ၁၂ နာရီထက် နောက်မကျစေပဲ မိမိတို့တပ်များ ရောက်ရာအရပ်တွင် လုံးဝ အပစ်အခတ် ရပ်စဲပြီး၊ စစ်ရေးလှုပ်ရှားမှုများကို လုံးဝ မပြုလုပ်ရ။

၂။ အပစ်အခတ် ရပ်စဲပြီးသည်နှင့် တပြိုင်နက် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၄၂ ကို စစ်ဖြစ်နေသော နိုင်ငံ အားလုံးတို့က အမြန်ဆုံး အကောင်အထည် ဖော်ကြရမည်။

၃။ အပစ်အခတ် ရပ်စဲရေးကို အမြန်ဆုံး အကောင်အထည်

ပြီးသည်နှင့် တပြိုင်တည်း ပါဝင် ပတ်သက်နေသော နိုင်ငံအားလုံးတို့သည် အရှေ့အလယ်ပိုင်း ဒေသတွင် တရားမျှတမှုနှင့် ခိုင်မာသော ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲများ ပြုလုပ်ရမည် စသော အချက်များကို ဆုံးဖြတ်လိုက်သည်။

အမေရိကန်၊ ဆိုဗီယက် ပူးတွဲအဆိုနှင့် ပက်သက်ပြီး အမေရိကန် သံအမတ်ကြီး ဂျွန်စကာလီက ပြောကြားရာတွင်

''၁၇ ရက်လုံးလုံး တိုက်ခဲ့ကြသည့်အတွက် နှစ်ဘက်လုံးတွင် ကြီးစွာသော ဆုံးရှုံးမှုကြီးများနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း၊ ပါဝင်တိုက်ခိုက်နေသော နိုင်ငံများနှင့် ထိုနိုင်ငံများမှ ပြည်သူများသည် စစ်ကြောရှည်နေစေလိုသည့် စိတ်ဆန္ဒမရှိဟု မိမိတို့ ယုံကြည်ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိခိုက်စေလိုသည့် စေတနာ ရှိသည်ဟုလည်း မိမိတို့ မယုံကြည်ကြောင်း။

''၁၇ ရက်လုံးလုံး ဖြစ်ပွားခဲ့ရသည့် ကြေကွဲဘွယ် စစ်ပွဲကြောင့် နောက်နောင် ထိုစစ်ပွဲမျိုး ထပ်မံ မဖြစ်ပွားစေရန် ကြိုးပမ်းမှု အသစ်များကို ပြုလုပ်ကြလိမ့်မည်ဟု မိမိတို့ ယုံကြည်ကြကြောင်း။''

''စစ်သုံ့ပန်းများကို အမြန်ဆုံး လဲလှယ်ကြလိမ့်မည်ဟုလည်း အမေရိကန်နှင့် ဆိုဗီယက်နိုင်ငံများက ယုံကြည်ကြကြောင်း။ ယခုအဆိုကို တင်သွင်းနိုင်ရန်အတွက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်းဂျားနှင့် ဆိုဗီယက်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ဘရက်ဇ်ညက်တို့ မော်စကိုတွင် ဆွေးနွေး သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း'' ဖြင့် ဂျွန်စကာလီက မိန့်ကြားသွားသည်။


ဆိုဗီယက်သံအမတ်ကြီး မာလစ်က မိန့်ခွန်းပြောကြားရာတွင် ''စစ်ရပ်စဲရေးအတွက် လုံခြုံရေးကောင်စီဝင် နိုင်ငံအားလုံးတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို လေးစားသောအားဖြင့် ဤအဆိုကို အမြန်ဆုံး လက်ခံ အတည်ပြုကြလိမ့်မည်ဟု ယုံကြည်ကြောင်း။ အရှေ့





အလယ်ပိုင်းဒေသ၏ အန္တရာယ်ကြီးမားသော အဖြစ်အပျက်များသည် ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်မှုကို ပြင်းထန်စွာ ခြိမ်းခြောက်နေကြောင်း။ အစ္စရေးလ်နှင့် အာရပ်နိုင်ငံများက ၁၉၆၇ ခုနှစ် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို လက်ခံကြသော်လည်း အကောင်အထည်ဖော်မှုကို ယနေ့တိုင် မပြုလုပ်ကြရုံမက၊ မလိုက်နာသည့် အပြုအမူများဖြင့် စစ် တစ်ပွဲပင် ထပ်မံ ဖြစ်ပွားလာကြောင်း''ဖြင့် ပြောကြားသွားသည်။

ယခု တင်သွင်းသောအဆိုတွင် အစ္စရေးလ်တပ်များ သိမ်းပိုက်ထားသည့် နယ်မြေများမှ ထွက်ခွာသွားရမည့် အချိန် အတိုင်းအတာကို ဖော်ပြထားခြင်း မရှိချေ။ ထိုမျှမက သိမ်းပိုက်ထားသော နယ်မြေအားလုံးဟု မဆိုပဲ လက်ရှိစစ်တွင် သိမ်းပိုက်သည့် နယ်မြေများဟုသာ ပါရှိသည်ကိုလည်း တွေ့ရသည်။



၁၉၇၃ ၊ အောက်တိုဘာ ၂၂ ၊ တနင်းလာ

**အီဂျစ်စစ်မျက်နှာ**

၄ ကြိမ်မြောက် အာရပ်–အစ္စရေးလ်စစ်ပွဲတွင် မိမိနယ်မြေများထဲသို့ ရောက်နေသော အစ္စရေးလ် အထူးတပ်များကို ချေမှုန်းပစ်ရန် အီဂျစ်တို့က ကြိုးစား တိုက်ပွဲဝင်နေကြသည်။

စစ်ပွဲ၏ နောက်ဆုံးနေ့ ဖြစ်သောကြောင့် တဘက်နှင့်တဘက် မီးကုန်၊ ယမ်းကုန် ပစ်ခတ်တိုက်ခိုက်ကြသည်။ ရှိသမျှ တင့်ကားများ၊ လေယာဉ်ပျံများ၊ အမြောက်တပ်ဖွဲ့များကို စစ်မြေပြင်သို့ သွင်းကာ အီဂျစ်တို့ကလည်း နယ်မြေများကို ပိုမို သိမ်းပိုက်ရရှိရန်၊ အစ္စရေးလ် အထူးတပ်များ နယ်ကျွံနေသည်ကို ချေမှုန်းရန် တိုက်ကြသည်။

အစ္စရေးလ်ကလည်း အီဂျစ်နယ်မြေထဲတွင် အကျယ်နိုင်သမျှ အကျယ်ဆုံး သိမ်းယူရရှိရန် အားသွန် တိုက်နေကြသည်။ ၁၇ ရက် လုံးလုံး ဖြစ်ပွားခဲ့သည့် နေ့များအနက် အပြင်းထန်ဆုံးနေ့ ဖြစ်သည်ဟု သတင်းစာဆရာများက ပြောကြသည်။

အထူးသဖြင့် စူးအက် အနောက်ဘက်ကမ်းရှိ အီဂျစ်တို့၏ အမှတ် ၃ တပ်တော်နှင့် စူးအက်မြို့ကို ဝိုင်းဝန်း ပိတ်ဆို့ထားနိုင်ရန် အစ္စရေးလ်က ဦးတည်တိုက်နေသည်။ အီဂျစ် အမှတ် ၃ တပ်တော်တွင် အင်အား သုံးသောင်းခန့် ပါရှိသည်။

### ဆီးရီးယားစစ်မျက်နှာ

ဆီးရီးယားစစ်မျက်နှာတွင်လည်း အလားတူပင်ဖြစ်သည်။ လေတပ် တိုက်ပွဲများ၊ ရေတပ်တိုက်ပွဲများ ပြင်းထန်စွာဖြစ်သည်။

ဆီးရီးယားတို့ သိမ်းပိုက်ရယူသွားသည့် ဟာမွန်တောင်ကုန်းကို မိမိတို့ ပြန်လည် သိမ်းပိုက်လိုက်ပြီ ဖြစ်ကြောင်းဖြင့် အစ္စရေးလ်က ကြေညာသည်။ လေထီးခုန်တပ်များနှင့် မြေပြင်တပ်များ ပူးပေါင်းပြီး ပြန်လည် သိမ်းပိုက်လိုက်ခြင်း ဖြစ်သည်။

ဆီးရီးယားစစ်မျက်နှာ မြောက်ဘက်ခြမ်းရှိ တာလ်မာရီ ဒေသတွင် ဆော်ဒီအာရေဗျတပ်များနှင့် အစ္စရေးလ်တပ်များ ၈ နာရီကြာအောင် ပြင်းထန်စွာ တိုက်ကြသည်။ နှစ်ဘက်စလုံး အကျအဆုံးများသည်။ သို့သော်လည်း အပြန်အလှန် ကြေညာသည့် စာရင်းများအရမူ ရန်သူများ၏ အကျအဆုံးက မိမိတို့ထက် ပိုများသည်ဟု ပါရှိသည်ကို တွေ့ရသည်။

### အာရပ်ပြောသမျှ

အပစ်အခတ် ရပ်စဲရန် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို အီဂျစ်သမ္မတ အန်ဝါဆာဒတ်က လက်ခံကြောင်းဖြင့် ကိုင်ရိုရေဒီယိုက ယနေ့ ကြေညာသည်။ တပြိုင်တည်းမှာပင် စစ်မြေပြင်တွင် ရှိနေကြသော အီဂျစ် လက်နက်ကိုင်တပ်များအားလုံး အပစ်အခတ် ရပ်စဲလိုက်ကြရန်ကိုပါ အမိန့်ပေးလိုက်သည်။ ဆာဒတ်သည် အပစ်အခတ် ရပ်စဲရေးကိုသာမက ၁၉၆၇ ခုနှစ် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၄၂ ကိုပါ လက်ခံကြောင်း ကြေညာသည်။

အောက်တိုဘာ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း ဆိုဗီယက် ဝန်ကြီးချုပ် ကိုဆီဂင်နှင့် ဆာဒတ်တို့ ငါးကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ကြသည်။ ဆိုဗီယက် ခေါင်းဆောင်တို့က အာရပ်နိုင်ငံများ လုံခြုံရေးကို တာဝန်ယူကြောင်း အာမခံသည်ဟု ဆိုသည်။





ဂျော်ဒန်နိုင်ငံကလည်း အပစ်အခတ် ရပ်စဲရန် သဘောတူလိုက်ကြောင်းဖြင့် ယနေ့ ကြေညာသည်။ ရန်သူများက မိမိတို့ကို စတင် တိုက်ခိုက်ခြင်း မပြုသမျှ ကာလပတ်လုံး မိမိတို့က အပစ်အခတ် ရပ်စဲရေးဆုံးဖြတ်ချက်ကို စတင် မချိုးဖောက်ရန် အမိန့်ကိုပါ ထုတ်ပြန်လိုက်သည်။

ဂျော်ဒန်ဘုရင် ဟူစိန်သည် ယခုစစ်ပွဲတွင် နိုင်ငံရေးသိက္ခာ အလွန်မြင့်တက်သွားကြောင်း၊ အာရပ်နိုင်ငံများဘက်က ပါဝင်တိုက်ခိုက်ခြင်းကိုပြုကြောင်း၊ သူလုပ်ရမည့်အလုပ်ကို အကောင်းဆုံး လုပ်ကိုင်ခဲ့ပြီဖြစ်ကြောင်း၊ အကျအဆုံး အနည်းပါးဆုံး ဖြစ်စေပြီး နယ်မြေဆုံးရှုံးမှု လုံးဝ မရှိကြောင်းဖြင့် ဂျော်ဒန် အကဲခတ်သမားတစ်ဦးက ပြောသည်။

ဆီးရီးယား စစ်မျက်နှာတွင် ပါဝင်တိုက်ခိုက်နေသည့် အီရတ်အစိုးရက အပစ်အခတ် ရပ်စဲရေးကို လက်မခံနိုင်ကြောင်းဖြင့် အစိုးရ အသံလွှင့် ဌာနက ယနေ့ ကြေညာသည်။ အမေရိကန်နှင့် ဆိုဗီယက်တို့ တာဝန် ယူလုပ်ဆောင်သည့် စီမံချက်ကို ဆန့်ကျင်လိုက်သော ပထမဦးဆုံး အာရပ်နိုင်ငံ ဖြစ်သည်။

ရန်သူတို့သည် ဆွေးနွေးရန်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ရန်ကိုသော်လည်းကောင်း၊ အသိအမှတ်ပြုခဲ့ကြခြင်း မရှိချေ။ ထိုသို့သော ရန်သူများနှင့် မိမိတို့က အပစ်အခတ် ရပ်စဲရမည် ဆိုခြင်းမှာ မဖြစ်နိုင်။ မိမိတို့အာရပ်နိုင်ငံများ၏ ပြဿနာကို မိမိတို့ အာရပ်နိုင်ငံများ အချင်းချင်းသာ ညှိနှိုင်းလုပ်ဆောင်မည်။ ဆိုဗီယက်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က ဤကိစ္စကို ဝင်ရောက်ဆောင်ရွက်ရာတွင် မိမိတို့နှင့် အမြင်ချင်း တူညီချင်မှ တူညီမည်။ မိမိတို့သည် အာရပ်ပြည်သူများ အားလုံး၏ ဆန္ဒကို လိုက်လျောရမည်သာ ဖြစ်သည် စသည်ဖြင့် ကြေညာချက်တွင် ဖော်ပြထားသည်။ တော်လှန်ရေးကောင်စီ၏ အစည်းအဝေးကို အရေးပေါ် ခေါ်ဆိုကျင်းပအပြီး ကြေညာခြင်းဖြစ်သည်။

ဆိုဗီယက်ဝန်ကြီးချုပ် ကိုဆီဂင်သည် အီရတ်နိုင်ငံသမ္မတ အာမက်ဟာတ်ဆန် အယ်လ်ဘကာရ်၊ ဆီးရီးယားသမ္မတ အာဆတ်တို့နှင့် တွေ့ဆုံရန် ထွက်ခွာလာနေပြီဟု လီဘာနွန် သတင်းစာများကလည်း ရေးကြသည်။

အပစ်အခတ်ရပ်စဲရေးသည် အချိန်မှတ်ပုံးသာလျှင် ဖြစ်ကြောင်းဖြင့် လစ်ဗျားသမ္မတ ဗိုလ်မှူးကြီး ကာဒါဖီက သတင်းစာဆရာများနှင့် တွေ့ဆုံရာတွင် ပြောကြားပြီး စစ်ရှုံးမှုနှင့် ပတ်သက်၍လည်း ဆိုဗီယက်နိုင်ငံနှင့် အခြားအာရပ်နိုင်ငံ ခေါင်းဆောင်များကို အပြစ်တင်ဝေဖန်လိုက်သည်။

ပါလက်စတိုင်း ပြောက်ကျားတပ်ဖွဲ့သည် အပစ်အခတ်ရပ်စဲရေးတွင်ပါဝင်မည်မဟုတ်။ မိမိတို့၏ အဓိကရည်မှန်းချက်ဖြစ်သော ပါလက်စတိုင်းနယ်မြေများ လွတ်မြောက်အောင် လုံးဝ ကယ်တင်ပြီးသောအခါကျမှသာ အပစ်အခတ်ရပ်စဲမည် ဖြစ်ကြောင်းဖြင့် အယ်လ်ဂျီးရီးယားရှိ ပါလက်စတိုင်း ပြောက်ကျားကိုယ်စားလှယ် အဘူခါလီက ယနေ့ ပြောသည်။

အပစ်အခတ် ရပ်စဲရေးနှင့်ပက်သက်ပြီး ဆီးရီးယားအစိုးရက စောစောပိုင်းတွင် တစ်စုံတစ်ရာ ပြောခြင်းမပြုပဲ နှုတ်ဆိတ်နေသည်။ အမျိုးသားတိုးတက်ရေး တပ်ဦးနှင့် အာဏာရပါတီတို့သည် အချက်အလက် အသေးစိတ်များကို လေ့လာနေကြသည်ဟု သတင်းများက ဆိုသည်။

ဒုဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သော ဟာလင်ခါဒမ်သည် ဆိုဗီယက်သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးနေသည်။ ဆီးရီးယားသို့ ဆိုဗီယက်ဝန်ကြီးချုပ် ကိုဆီဂင် လာမည့်ကိစ္စနှင့် ပတ်သက်ပြီး ဆွေးနွေးနေခြင်းဖြစ်သည်ဟု အတည်မပြုသော သတင်းများက ဆိုသည်။

ထိုအချိန်မှစ၍ ဆီးရီးယားတို့သည် အပစ်အခတ် ရပ်စဲရေးကို





လက်ခံရန် လက်တွန့်နေကြသည်။ အာရပ်နိုင်ငံအသီးသီးတို့၏ တုန့်ပြန်မှုများကို စောင့်ကြည့်နေသည်။ ယင်းသို့ စောင့်ကြည့်နေဆဲ ကာလမှာပင် ဆီးရီးယားနယ်မြေအတွင်း၌ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်။

နောက်ဆုံး၌ အပစ်အခတ်ရပ်စဲရေးကို လက်မခံတော့ကြောင်း ကြေညာကာ စစ်မြေပြင်တွင် ပြင်းထန်သော စစ်ပွဲများကို ဆက်လက်ဆင်နွှဲလေတော့သည်။

**အစ္စရေးလ်ပြောသမျှ**

အီဂျစ်စစ်မျက်နှာတွင်ရှိနေသော မိမိတို့၏ တပ်များအားလုံး အပစ်အခတ်ရပ်စဲကြရန် အစ္စရေးလ်အစိုးရက ယနေ့ အမိန့်ထုတ်လိုက်သည်။ ကြေညာချက်တွင်–

"ယခုထုတ်လိုက်သည့် မိမိတို့၏ အမိန့်ကြောင့် ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချပြီး ၁၂နာရီ ကြာသောအခါ အီဂျစ်စစ်မျက်နှာတွင် အပစ်အခတ်ရပ်စဲရေး အကောင်အထည် ပေါ်တော့မည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်းဂျား ရောက်ရှိလာကာ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် ပက်သက်ပြီး မိမိတို့ခေါင်းဆောင်များနှင့် ဆွေးနွေးညှိနှိုင်းကြောင်း။

အပစ်အခတ်ရပ်စဲရေးကို အီဂျစ်အစိုးရက လက်ခံပြီး၊ ၎င်း၏တပ်များ ညွှန်ကြားထားသည့် အကြောင်းကို မိမိတို့တပ်များသို့ အကြောင်းကြားလိုက်ကြောင်း၊ ထို့ကြောင့် အီဂျစ်စစ်တပ်များက ထိုအမိန့်ကို အမှန်တကယ် လိုက်နာကြမည်ဆိုလျှင် မိမိတို့တပ်များအားလုံးသည်လည်း ယနေ့ည ၆ နာရီ၊ ၅၂ မိနစ် အချိန်တွင် အပစ်အခတ်ရပ်စဲကြရမည်ဖြစ်ကြောင်း စစ်သုံ့ပန်းချင်း အမြန်ဆုံး လဲလှယ်ကြရမည်ဖြစ်ကြောင်း" အစိုးရ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးလ်စစ်တပ်များသည် ၁၇ ရက်ကြာ စစ်ပွဲအတွင်း၌ အာရပ် နယ်မြေ စတုရန်းပေါင်း ၇၇၅ မိုင်ကို ထပ်မံ ရရှိလိုက်

ပြန့်ပြီဖြစ်ရာ အီဂျစ်နယ်မြေအတွင်း၌ စတုရန်းမိုင် ၄၇၅ မိုင်၊ ဆီးရီးယားပြည်တွင်း၌ စတုရန်းမိုင် ၃၀၀ ဖြစ်ကြောင်းဖြင့် စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ယနေ့ ကြေညာသည်။

ကစ်ဆင်းဂျားသည် ဆိုဗီယက်နိုင်ငံမှ ပြန်လာပြီး အစ္စရေးလ်သို့ ဝင်ကာ ဝန်ကြီးချုပ် မစ္စစ် ဂိုလ်ဒါမီယာနှင့် သုံးနာရီခွဲကြာအောင် တွေ့ဆုံဆွေးနွေးသည်။

ဂိုလ်ဒါမီယာနှင့် တွေ့ဆုံရာတွင် မိုရှေဒါယန်၊ နိုင်ငံခြားရေးဝန်ကြီး အက်ဘာအီတန်နှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဒေးဗစ်အီလာဇာတို့လည်း ပါဝင်ကြသည်။

ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး မည်သည့်အချက်များပါဝင်ကြောင်း ထုတ်ပြန် ကြေညာခြင်း လုံးဝမရှိချေ။

## ကမ္ဘာ့နိုင်ငံအသီးသီး၏ ဂယက်များ

ဆိုဗီယက်နှင့် အမေရိကန်နှစ်နိုင်ငံတို့ ပူးပေါင်းကာ ငြိမ်းချမ်းရေးအတွက် အဖြေရရှိအောင် ဆောင်ရွက်နိုင်ကြခြင်းကို ကြိုဆိုကြောင်းဖြင့် ဗြိတိသျှအစိုးရက ကြေညာလိုက်သည်။

"အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးကို ထိန်းသိမ်းပေးရန် ဗြိတိန်နိုင်ငံက လုံးဝအကူအညီပေးကာ ပူးပေါင်း ဆောင်ရွက်မည်။ ငြိမ်းချမ်းရေး ထိန်းသိမ်းရန် နိုင်ငံတကာ တပ်ပို့မည်ဆိုလျှင်လည်း မိမိတို့ တပ်များ ပါဝင်ဆောင်ရွက်ပါမည်။ ယခုစစ်ပြီးဆုံးရေးအတွက် မိမိတို့သည် ရှုပ်ထွေးသော ဇာတ်လမ်းများဖြင့် စခဲ့ကြရပါသည်။ သို့သော်လည်း ယခုအခါတွင် အမှန်တကယ် ငြိမ်းချမ်းရေး ရရှိရန် အတွက် အခွင့်အလမ်းများ ပေါ်လာပါပြီ။ မည်သို့ဆိုစေ မှန်ကန် စစ်မှန်သော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် အခက်အခဲများ ရှိနေသေးသည်ကို မိမိတို့ ပြောကြားလိုပါသည်" စသည်ဖြင့် ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဆာဒေါက်ကလပ်စ်ဟုမ်းက လွှတ်တော် နှစ်ရပ်ပေါင်း အစည်းအဝေးတွင် မိန့်ခွန်းပြောကြားသည်။





ဆာဒေါက်ကလပ်စ်ဟုမ်းက "ငြိမ်းချမ်းရေးကို နိုင်ငံတကာတို့က အာမခံချက် ပေးကြရန်လိုအပ်သကဲ့သို့ အင်အားကြီးနိုင်ငံများက စစ်ဖြစ်နေသော နိုင်ငံများသို့ စစ်လက်နက်ပစ္စည်းများ ပေးပို့ခြင်းကိုလည်း လျှော့ချရန် လိုအပ်ကြောင်း"ဖြင့် ထည့်သွင်း ပြောကြားသွားသည်။

လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့်ပက်သက်ပြီး ဆိုဗီယက်၊အမေရိကန် သဘောတူညီချက်ကို တင်သွင်းပြီး နာရီအနည်းငယ်အတွင်းမှာပင် အယ်လ်ဂျီးရီးယားနိုင်ငံဆိုင်ရာ ဆိုဗီယက်သံအမတ်ကြီးသည် သမ္မတ ဘူမီဒီယင်းနှင့် တွေ့ဆုံသည်။ မည်သည့် အကြောင်းများကို ပြောကြားကြကြောင်း ဆိုင်ရာက ဖော်ပြခြင်းမပြုသော်လည်း လက်ရှိစစ်ပွဲနှင့် ပတ်သက်ပြီး အမေရိကန်–ဆိုဗီယက် သဘောတူညီချက်များကို သံအမတ်ကြီးက တင်ပြသည်ဟု ကြားသိရသည်။

မော်စကိုတွင်ရှိနေသည့် အမေရိကန်သံရုံးကို အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြပွဲများ မဖြစ်ပွားစေရန် သက်ဆိုင်ရာက လိုအပ်သော လုံခြုံရေးအစီအစဉ်များ ပြုလုပ်ထားသည်။ ဆိုဗီယက်နိုင်ငံအတွင်းရှိ အာရပ် လူမျိုးများက ဆန္ဒပြပွဲများ ပြုလုပ်မည်ကို စိုးရိမ်သောကြောင့် ယခုကဲ့သို့ ပြုလုပ်ခြင်းဖြစ်သည်။ အမေရိကန် သံတမန်များမှာ သံရုံးအတွင်း၌ ပိတ်လှောင်ကာ သွားလာရေး ခက်ခဲနေကြသည်။ သာမန်ကားများဖြင့် ပြင်ပသို့ ထွက်သည့်တိုင်အောင် အန္တရာယ် ရှိနိုင်ကြောင်းဖြင့် ဆိုဗီယက်အာဏာပိုင်များက သတိပေးထားကြောင်းဖြင့် အမေရိကန် သံအဖွဲ့ဝင် တစ်ဦးက ပြောကြားသည်။

အရှေ့အလယ်ပိုင်း စစ်ရပ်စဲရေးကို ဆန့်ကျင် ကန့်ကွက်သည့် ပိုစတာများကို ကိုင်ဆောင်ထားသော လစ်ဗျားနိုင်ငံသားများသည် ထရီပိုလီမြို့ရှိ အမေရိကန်သံရုံးကို ကျောက်ခဲများဖြင့် ပစ်ခတ်တိုက်ခိုက်ရင်း ယနေ့ ဆန္ဒပြကြသည်။ ဆန္ဒပြသူများက သံရုံးအတွင်းသို့ ချဉ်းနင်းဝင်ရောက်ရန် ကြိုးစားကြရာ လစ်ဗျားပုလိပ် ၅၀ တို့က ဟန့်တားထားရသည်။ ဆန္ဒပြသူများသည် အစ္စရေးလ်သို့ အမေရိကန်က လက်နက်များ

ပေးပို့နေခြင်းနှင့် အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက်များကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြကြခြင်း ဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မည်သည့်ဘက်ကမှ မဲမပေးပဲ တစ်ဦးတည်း တစ်ကိုယ်တော် ထိုင်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အင်အားကြီးနိုင်ငံများ၏ ကျားကစားကွက်တွင် မည်သည့်ဘက်ကမှ မပါဝင်ပဲ လွတ်ကင်းရာ၌ လွတ်ကင်းသလိုနေရန် ဆုံးဖြတ်ထားဟန်တူကြောင်းဖြင့် တရုတ်ပြည်ရှိ အကဲခတ်သမားများက ဝေဖန်ကြသည်။

"အမေရိကန်နှင့် ဆိုဗီယက်တို့ တင်ပြကြသောအဆိုသည် ငြိမ်းချမ်းရေးကိုလည်း အမှန်တကယ် မရနိုင်၊ လက်ရှိစစ်ပွဲကိုလည်း ယာယီရပ်စဲစေ စသည်ဖြင့် အဓိပ္ပါယ်ကောက်ယူနိုင်သည့် မြွေမသေ၊ တုတ်မကျိုး အစီအစဉ်သာ ဖြစ်ကြောင်း"ဖြင့် ထိုအဆိုကို မဲမခွဲမီက ကြားထိုင်နေရန် ဆုံးဖြတ်ပြီးဖြစ်သော တရုတ်ကိုယ်စားလှယ် ဟွမ်ဟွာက လုံခြုံရေးကောင်စီတွင် ပြောကြားခဲ့သည်။





ကုလသမဂ္ဂ

ဆိုဗီယက်နှင့် အမေရိကန်တို့ ပူးတွဲတင်သွင်းသော အပစ်အခတ် ရပ်စဲရေးအဆိုကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ယနေ့အစည်းဝေးက အများသဘောတူ လက်ခံအတည်ပြုလိုက်သည်။ အပစ်အခတ်ရပ်စဲမှု ထိန်းသိမ်းကွပ်ကဲရန် ကုလသမဂ္ဂ အကဲခတ် အဖွဲ့တစ်ဖွဲ့ကိုလည်း အချင်းဖြစ်ပွားရာ ဒေသသို့ အမြန်ဆုံး စေလွှတ်ရန်ကိုပါ ဆုံးဖြတ် လိုက်ကြသည်။

အဆိုကို လုံခြုံရေးကောင်စီဝင် ၁၅ နိုင်ငံအနက် ၁၄ နိုင်ငံက ထောက်ခံမဲပေးသည်။ တရုတ်နိုင်ငံက ကြားနေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချော ကွမ်ဟွာက အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ–

"ဆိုဗီယက် အမေရိကန်တို့ တင်သွင်းသောအဆိုသည် ကျူးကျော် သူ အစ္စရေးလ်များ ပြန်လည်ရုပ်သိမ်းသွားရန် တောင်းဆိုထားခြင်း မရှိ။ ထိုမျှသာမက ပြဿနာကို ဖြေရှင်းပေးနိုင်ခြင်း ရှိမည်မဟုတ်သော အင်အားကြီးနိုင်ငံတို့က ပြုလုပ်သည့် စက္ကူတစ်ရွက်မျှသာ တန်ဖိုးရှိ သည်။ ထို့ကြောင့် မိမိတို့က ကန့်ကွက်နေရခြင်း ဖြစ်သည်။

သို့သော်လည်း ဗီတိုအာဏာကို မိမိတို့ မသုံးပါ။ ကာယကံရှင် နိုင်ငံတစ်ခုဖြစ်သည့် အီဂျစ်က အဆိုကို လက်ခံနေသောကြောင့် ဖြစ် သည်။ အခြား အဖွဲ့ဝင်နိုင်ငံများကို လေးစားသောကြောင့်လည်း ဖြစ်

သည်''ဟု တရုတ် ဒုနိုင်ငံခြားရေးဝန်ကြီးက အစည်းအဝေးတွင် ပြောကြားသွားသည်။

ယနေ့ အစည်းအဝေး စလျှင်စခြင်း အပစ်အခတ်ရပ်စဲရေး အကောင်အထည် မပေါ်အောင် သူလုပ်သည်၊ ငါလုပ်သည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဇေးယတ်နှင့် အစ္စရေးလ် ကိုယ်စားလှယ် တီကိုအာတို့ အပြန်အလှန် စွပ်စွဲပြောဆိုကြသည်။

နောက်ပိုင်းတွင်လည်း အာရပ်နိုင်ငံများကို သူ သစ္စာဖောက်သည်၊ ငါ သစ္စာဖောက်သည်ဟု တရုတ်ကိုယ်စားလှယ်နှင့် ဆိုဗီယက်ကိုယ်စားလှယ်တို့ အပြန်အလှန် စွပ်စွဲကြရင်း အော်ကြီးဟစ်ကျယ်များ ဖြစ်ကြသည်။ အစည်းအဝေးကို ထိန်းနေသော သဘာပတိ၏ အသံကိုပင် မကြားရလောက်အောင် ဆူညံနေသည်။ ထိုအစည်းအဝေးကို ခေတ္တရွေ့ဆိုင်းလိုက်ရသည်။

သို့သော်လည်း ဆိုဗီယက်နှင့် တရုတ်ကိုယ်စားလှယ်တို့သည် အစည်းအဝေးခန်းမအတွင်းမှ ထွက်မသွားပဲ အပြန်အလှန် အော်ဟစ်ခြင်း၊ စွပ်စွဲပုတ်ခတ်ခြင်းများ ပြုလုပ်နေကြသောကြောင့် သဘာပတိကြီးက ကြားဝင်ပြီး ဖျန်ဖြေပေးရသည်။ နှစ်ဦးစလုံး တည်ငြိမ်မှု ရသွားအောင် ကြိုးစားသည်။

အမေရိကန်နှင့် ဆိုဗီယက်တပ်များကို လိုအပ်က အသုံးပြုပြီး အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်း ကွပ်ကဲပေးနိုင်ရန်အတွက် ကုလသမဂ္ဂ သံတမန်များက အစီအစဉ်များ ရေးဆွဲ ပြုလုပ်နေကြသည်။ သူ့ဘက် ကိုယ့်ဘက် ထိန်းသိမ်းနိုင်ရန်အတွက် အမေရိကန်နှင့် ဆိုဗီယက်တပ်များကို စေလွှတ်ရန် ပန်ကြားကြမည်ဟု ဆိုသည်။

စစ်ဖြစ်သည့် နေရာသို့ အဆိုပါ နှစ်နိုင်ငံတပ်များကို ပေးပို့မည်ဆိုပါက တရုတ်က ဗီတိုအာဏာသုံးကာ ပယ်ချဘွယ်ရှိသည်ဟုလည်း ကုလသမဂ္ဂဌာနချုပ်ရှိ အကဲခတ်သမားများက ထင်မြင်ချက်ပေးကြသည်။





အပစ်အခတ်ရပ်စဲမှုကို ချိုးဖောက်ခြင်းများအား လေ့လာကြည့်ရှုရန် အင်အား ၂၀၀ မျှသာရှိသော အဖွဲ့ကို စေလွှတ်မည်ဆိုလျှင် အလွန်နည်းပါးလှပါသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ အရေးပေါ်တပ်ဖွဲ့ဝင် ၅၀၀,၀ ခန့်ကို စေလွှတ်ပြီး ကွပ်ကဲနိုင်းသည့်တိုင်အောင် လုံလောက်ပါ့မလားဟု သံသယဖြစ်မိကြောင်းဖြင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများမှ သံတမန်များက ပြောဆိုကြသည်။

အပစ်အခတ်များ မဖြစ်ပွားအောင် ထိန်းသိမ်းရန် ကုလသမဂ္ဂတပ်များ စေလွှတ်ရာတွင် အင်အားကြီးနိုင်ငံတို့မှ စစ်တပ်များ ပါဝင်စေသင့်၊ မသင့်ကိုလည်း ဌာနချုပ်က စဉ်းစားနေသည်။ အင်အားကြီးနိုင်ငံများအနက် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်အဖြစ် တက်တက်ကြွကြွ ဆောင်ရွက်နေသောနိုင်ငံသည် ဗြိတိန်နိုင်ငံသာလျှင် ရှိသည်ဟု သိရသည်။ ဆိုက်ပရပ်စ်တွင် တာဝန်ယူ၊ ဆောင်ရွက်နေကြခြင်း ဖြစ်သည်။

အင်အားကြီးနိုင်ငံများ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်ရန် ကြိုးပမ်းနေကြသည့်ကာလတွင် ကုလငြိမ်းချမ်းရေးတပ်အဖြစ် အမေရိကန်နှင့် ရုရှတပ်များကို ပထမဦးဆုံးအကြိမ်အဖြစ် ယခုကိစ္စတွင် အသုံးပြုကောင်း ပြုဘွယ်ရာ ရှိသည်ဟုလည်း သံတမန်အများက ယူဆနေကြသည်။

အစ္စရေးလ်နှင့် အာရပ်နိုင်ငံများက တိုက်ရိုက်ညှိနှိုင်းဆွေးနွေးမှုများ အမြန်ဆုံး ဖြုလုပ်နိုင်ရန်အတွက် သံအမတ်များ တစ်ဦးချင်း ကြိုးစားနေကြသော်လည်း ထူးခြားမှု တစုံတရာ ဖြစ်မလာသေးချေ။

အပစ်အခတ်ရပ်စဲမှု ထိန်းသိမ်းရေး ကုလအကဲခတ် အဖွဲ့များသည် လက်ရှိနေရာများမှာပင် ရုံးဖွင့်ကာ လုံခြုံရေးကောင်စီမှ ညွှန်ကြားချက်များကို လိုက်နာရန် အသင့်ရှိနေကြရန် ကုလအတွင်းရေးမှူးချုပ် ကွတ်ဝါးလ်ဟိမ်းက ယနေ့ ညွှန်ကြားလိုက်သည်။

ဒေါက်တာ ကွတ်ဝါးလ်ဟိမ်း၏ ညွှန်ကြားချက်တွင် စူးအက် တူးမြောင်း အနောက်ဘက်ရှိ အကဲခတ်အဖွဲ့များသည် ကိုင်ရိုမြို့တွင်လည်းကောင်း၊ အရှေ့ဘက်ကမ်းရှိ အဖွဲ့များသည် ဂျေရုဆလင်မြို့တွင်လည်းကောင်း အသင့်စောင့်ဆိုင်းနေကြရန် ပါရှိသည်။

## သေနင်္ဂဗျူဟာနှင့် သုံးသပ်ချက်များ

စစ်လက်နက်ပစ္စည်းများသည် တချိန်ထက်တချိန် ပိုမိုဆန်းသစ်လာ၏။ ထိုသို့ ဆန်းသစ်လာခြင်းနှင့်အတူ သေနင်္ဂဗျူဟာနှင့် စစ်ပရိယာယ်တို့သည်လည်း ပြောင်းလဲလာရမည်သာ ဖြစ်သည်။

အာရပ်–အစ္စရေးလ်တို့သည် ယခုအကြိမ်နှင့်ပါဆိုလျှင် အထွေထွေစစ်ပွဲကြီး လေးပွဲကို ဆင်နွှဲခဲ့ကြပြီး ဖြစ်သည်။ ပြီးခဲ့သည့် ၁၉၄၈ ခုနှစ်စစ်ပွဲ၊ ၁၉၅၆ ခုနှစ်စစ်ပွဲနှင့် ၁၉၆၇ ခုနှစ် စစ်ပွဲများတွင် အာရပ်များ အထိနာခဲ့ကြသည်။ စစ်ပွဲတိုင်းမှာ အစ္စရေးလ်က အပေါ်စီးရခဲ့သည်။

ယခု နောက်ဆုံးစစ်ပွဲတွင်လည်း အစ္စရေးလ်တို့ အင်္ဂါမိခဲ့သည်မှာ မှန်သည်။ ထိုကြားထဲက စစ်ပွဲကို စာရင်းချုပ်လိုက်သောအခါ အာရပ်တို့ နယ်မြေဆုံးရှုံးမှုက ကြီးမားမြဲပင် ကြီးမားနေပြန်သည်။ အီဂျစ် အမှတ် ၃ တပ်တော် အပါအဝင် အာရပ်တပ်အများအပြားကို အစ္စရေးလ် ဝိုင်းထားနိုင်လိုက်သည်။

မည်သို့ဆိုစေ ယခု နောက်ဆုံးဖြစ်ပွားသည့် ၄–ကြိမ်မြောက်စစ်ပွဲတွင်မူ အာရပ်အမျိုးသားတို့၏ စစ်သမိုင်းကို ထူးခြားစွာ ပြောင်းလဲလိုက်ပြီဟု ဆိုနိုင်ပါသည်။ ကမ္ဘာပေါ်ရှိ စစ်တိုက်အတော်ဆုံး စစ်တပ်များထဲတွင် တစ်ခုအပါအဝင် ဖြစ်သွားပြီဟု ကောက်ချက်ချနိုင်ပါသည်။ အရှုံးနာခဲ့သော သမိုင်းကြွေးများကို အထိုက်အလျောက် ပြန်လည်ပေးဆပ်နိုင်ခဲ့သည်။

ယင်းသို့ စစ်သမိုင်းကို ထူးခြားပြောက်မြောက်စွာ ပြောင်းလဲပစ်လိုက်နိုင်ခြင်းမှာ အဓိက အကြောင်းကြီး သုံးရပ်ကြောင့် ဖြစ်သည်။

**ပထမအကြောင်းမှာ** စစ်တပ်အတွင်း၌ စည်းကမ်းထိန်းသိမ်းမှု ဖြစ်သည်။ အာရပ်စစ်တပ်များ အထူးအဖြင့် အီဂျစ်စစ်တပ်များသည် စည်းကမ်းမသေဝပ်ရာတွင် အလွန် နာမည်ကျော်သည်။ အောက်က အထက်ကို ရိုသေလေးစားခြင်းမရှိ။ အထက်က အောက်ကို ညှာတာ ထောက်ထားခြင်းမရှိ။ တပ်တွင်းအမိန့်များကို တိကျစွာ လိုက်နာခြင်း မရှိ။ မှန်ကန်စွာ အကောင်အထည်ဖော်ခြင်းများမရှိ။ စစ်မြေပြင်၌ စစ် တိုက်နေရာမှာပင်လျှင် ဖရိုဖရဲများ ဖြစ်နေတတ်သည်။ တစ်ယောက် တစ်ပေါက် ဖြစ်နေတတ်သည်။ ၆ရက်စစ်ပွဲ အတွေ့အကြုံများကို သင ခန်းစာယူပြီး စည်းကမ်းနှင့် ပက်သက်၍ ဖောက်ချ ပြုပြင်လာခဲ့ကြသည်။ ယခုနောက်ဆုံး စစ်ဖြစ်သောအခါ အလွန်စည်းကမ်းကောင်းသော တပ် မတော်တစ်ခုအဖြစ် တိုက်ပွဲဝင်ပြသည်။ တပ်သားများက အကြပ်ကို၊ အကြပ်များက ဗိုလ်ကို၊ ဗိုလ်များက ဗိုလ်ကြီးကို၊ ဗိုလ်ကြီးများက ဗိုလ်မှူးကို အဆင့်ဆင့် အမိန့်နာခံကာ တိတိကျကျ လိုက်နာကြသည်။ ထို့ကြောင့် အာရပ်စစ်သမိုင်းကို ပြောင်းလဲနိုင်ခြင်းဖြစ်သည်။

**ဒုတိယအကြောင်းမှာ** စိတ်ဓာတ်ဖြစ်သည်။ ၆ရက် စစ်ပွဲအတွင်း က အစ္စရေးလ်တို့ သိမ်းပိုက်သွားကြသော နယ်မြေများသည် များပြား ကျယ်ဝန်းလှသည်။ ထိုနယ်မြေများကို ပြန်လည် ရယူနိုင်ရေးအတွက် ၆ နှစ်လုံးလုံး အာရပ်တို့စိတ်ထဲတွင် တအုံနွေးနွေး ဖြစ်နေခဲ့ရသည်။ ထို့ကြောင့်လည်း ယခု စစ်ဖြစ်ပြီဆိုသောအခါ ရန်သူတို့ မတရား သိမ်း ပိုက်သွားသည့် မိမိပိုင် နယ်မြေများကို တရားသဖြင့် ပြန်လည်ရယူရေး ဟူသော စိတ်ဓါတ်က အမြင့်ဆုံးသို့ ရောက်နေသည်။ သို့ဖြင့် ထူးခြား ပြောင်မြောက်စွာ တိုက်ခိုက်နိုင်လာခြင်း ဖြစ်သည်။

**တတိယအကြောင်းမှာ** ဆန်းသစ်တိုးတက်လာသည့် စစ်လက် နက် ပစ္စည်းများဖြစ်သည်။ တဖန် ထိုလက်နက်ဆန်းများကို ထိရောက် စွာ အသုံးချတတ်ခြင်းနှင့် ထိုလက်နက်ဆန်းများဖြင့် လိုက်လျောညီ ထွေသော နည်းပရိယာယ်များကို ထိထိမိမိ ချမှတ်. အကောင်အထည် ဖော်နိုင်ခြင်း ဖြစ်သည်။





လူ့ပေါ်ဦးစကတည်းက စစ်ပွဲတို့သည် အကြောင်းမျိုးစုံ၊ အသွင် မျိုးစုံဖြင့် မရပ်မနား ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ စစ်ပွဲများ မရပ်နား သည်နှင့်အမျှ လက်နက်များကိုလည်း အဆန်းတကြယ်ဖြစ်အောင် *တီထွင်ထုတ်လုပ်နေကြရသည်။*

ပထမကမ္ဘာစစ်ကြီး မဖြစ်ပွားမီအထိ ခြေလျင်တပ်များချင်း တိုက် ခိုက်ခဲ့ကြသည်။

ထိုပထမကမ္ဘာစစ် ဖြစ်ပွားသောကာလ ၁၉၁၆ ခုနှစ်တွင် စစ် မြေပြင်သို့ တင့်ကားများ ဝင်ရောက်တိုက်ခိုက်လာသည်။ တင့်ကားများ သည် စစ်ချီစစ်တက်၊ စစ်ထိုးစစ်ဆုတ်၊ အရွေ့အပြောင်း မြန်၏။ လုံ လည်း လုံခြုံ၏။ မြန်မြန်ဆန်ဆန် ရွေ့ပြောင်းသွားလာနိုင်သည့် ကတုတ် ကျင်းများ၊ ဘန်ကာများဟုလည်း ခေါ်ဆိုနိုင်သည်။ ထိုကစပြီး စစ်ပရိ ယာယ်တို့သည် ရှေးခေတ်ကနှင့် မတူတော့ပဲ ပြောင်းလဲလာသည်။

သို့သော်လည်း ပထမကမ္ဘာစစ်ကြီးအတွင်းက တင့်ကားများကို ကျယ်ကျယ်ပြန့်ပြန့် မသုံးနိုင်သေး။ ဒုတိယကမ္ဘာစစ် ဖြစ်သောအခါ တွင်မူ စစ်မြေပြင်၌ တင့်ကားများသည် မည်မျှ အရေးပါ၊ အရာရောက် ကြောင်း ပိုမိုထင်ရှားလာတော့သည်။ ဂျာမန်တို့၏ ပင်ဇာ တပ်မကြီး များသည် နာမည်ကျော်လွန်း၏။ အောင်ပွဲများကိုလည်း အကြိမ်ကြိမ် ရယူခဲ့၏။ တင့်ကားများကို အလုံးအရင်းဖြင့် ဖောဖောသီသီ သုံးခြင်း ကြောင့် ဖြစ်သည်။

ဖီးမာရှယ် ရွှမ်းမဲလ် ခေါင်းဆောင်သော ဂျာမန်နာဇီစစ်တပ်နှင့် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ ခေါင်းဆောင်သော အင်္ဂလိပ်စစ်တပ်တို့ ဖြစ်ပွားခဲ့သည့် အယ်လ်အလာမိန်းစစ်ပွဲသည် ကမ္ဘာကျော်သည်။ စစ် သမိုင်းမှာ မှတ်တမ်းတင်ခဲ့ကြရသည်။ တင့်ကားစစ်ဆင်ရေးကို အမြင့် မားဆုံးအရှိန်သို့ မြှင့်တင်လိုက်သည်။ ထိုစစ်ပွဲတွင် နာမည်ကျော် ဂျာမန် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ် အရေးနိမ့်ခဲ့ရသည်။ ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့ သမျှ တင့်ကားစစ်ပွဲများ၌ အကြီးမားဆုံးဟု ဆိုသည်။

သို့သော်လည်း ယခုစစ်ပွဲတွင်မူ ဂိုလန်ကုန်းပြင်မြင့် စစ်ပွဲက ထိုစံချိန်ကို ချိုးလိုက်သည်။ အလွန်ကျယ်ပြောသော တင့်ကားသင်းချိုင်းကို ဖြစ်စေကာ သမိုင်းစာမျက်နှာအသစ်ကို ဖွင့်လှစ်လိုက်ပြန်သည်။

တင့်ကားချည်းသက်သက် အားကိုးတိုက်သော စစ်ပရိယာယ်သည် ဒုတိယကမ္ဘာစစ်၏ နောက်ပိုင်းတွင် တဖြည်းဖြည်း ခေတ်ကုန်လာပြန်၏။ တင့်ကားတို့ စွမ်းပကား ထက်လာကြသည်မှာ မှန်သည်။ စွမ်းပကားထက်လာသည့် တင့်ကားများကို ဖျက်ဆီးရန် လက်နက်များကလည်း တင့်ကားတိုးတက်မှုနှင့် အတူ တိုးတက် ထိရောက်လာသည်။ ထို့ကြောင့်လည်း တင့်ကားချည်းသက်သက် အားကိုးစစ်ထိုးသည့် ပရိယာယ်သည် ထင်သလောက် ထိရောက်ခြင်း မရှိတော့။

၁၉၆၇ ခုနှစ် အာရပ်-အစ္စရေးလ် ၆ရက် စစ်ပွဲက ထိုအချက် မှန်ကန်ကြောင်းကို သက်သေပြခဲ့သည်။

အစ္စရေးလ်တို့သည် တင့်ကားချည်းသက်သက် အားကိုးစစ်ထိုးခြင်းမပြုတော့။ တင့်ကားတပ်များပေါ်တွင် ထီးသဖွယ် မိုးပေးထားသည့် လေတပ်ကာကွယ်မှုများ ပြုလုပ်ပြီး စစ်ပရိယာယ် သမိုင်းသစ်တစ်ခုကို ဖွင့်လှစ်လိုက်သည်။ တင့်ကားဖျက်လက်နက်များကို လေကြောင်းမှ တိုက်ခိုက်ချေမှုန်းသည်။ ထိုအခါ မိမိတို့ တင့်ကားများမှာ ဘေးကင်းစွာဖြင့် ရန်သူများကို ထင်တိုင်း ခြယ်လှယ်နိုင်သည်။

သို့ဖြင့်ပင် ၆ရက်စစ်ပွဲသည် ကမ္ဘာပေါ်တွင် ဖြစ်ပွားပြီးစီးခဲ့သမျှသော နိုင်ငံချင်း စစ်ပွဲကြီးများအနက် အချိန်အတိုတောင်းဆုံး၊ အကျအဆုံးအများဆုံး၊ အရှုံးအနိုင်အများဆုံး၊ သိမ်းပိုက်ရယူသည့် နယ်မြေအကျယ်ဝန်းဆုံးသော စစ်ပွဲတစ်ပွဲအဖြစ် မှတ်တမ်းတင်ရသည့် ဘဝသို့ ရောက်လာတော့သည်။

ထိုနည်းပရိယာယ်ကို အစ္စရေးလ်တို့က စခြင်းမဟုတ်၊ ဒုတိယကမ္ဘာစစ်အတွင်းကတည်းက ဂျာမန်များ စတင်သုံးစွဲခဲ့ကြောင်း အဆိုပြုသူက ပြုသည်။ စောစောပိုင်း စစ်မျက်နှာများတုန်းက တင့်ကားများ





သည် ထိုးစစ်ဆင်ရာ၊ ရန်သူ၏ စခန်းများကို ထိုးဖောက်ရာ၊ မိမိ၏ ခြေလျင်တပ်များအတွက် လမ်းဖွင့်ပေးရာ၊ အကာအကွယ်ပေးရာ အဖြစ်သာ အသုံးပြုခဲ့ကြ၏။ ဒုတိယကမ္ဘာစစ်၌ ဂျာမန်တို့သည် မြေစိုက် ဗုံးကြဲ လေယာဉ်ပျံများဖြင့် တင့်ကားတပ်များ ပူးပေါင်းပြီး တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။

မည်သို့ဆိုစေ၊ ၁၉၆၇ ခုနှစ်၊ ၆ ရက်စစ်ပွဲ အတွင်းက အစ္စရေးလ်တို့သည် နောက်လိုက်ပင် ဆိုလင့်ကစား၊ ထိုပရိယာယ်ကို ထိရောက်စွာ အသုံးပြုခဲ့သည်။ ကမ္ဘာ့စစ်ရေး ပါရဂူအများစုကိုက တညီတညွတ်တည်းလက်ခံကြရသည်။

အစ္စရေးလ်၏ လေတပ်မတော်ကလည်း အစွမ်းထက်လှသည်။ အစွမ်းထက်လှသော လေတပ်နှင့် တင့်ကားတပ်တို့ ပူးပေါင်းပြီး စစ်ဆင်ကြသောအခါ ကြီးမားသည့် အောင်ပွဲကြီးများကို ရရှိခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ယခု နောက်ဆုံးဖြစ်ပွားသော စစ်တွင်မူ စစ်ပရိယာယ်တို့သည် သိသိသာသာကြီး ပြောင်းလဲသွားတော့သည်။ စစ်လက်နက်ပစ္စည်းတို့သည် ၁၉၆၇ ခုနှစ်ကနှင့်မတူတော့။

တင့်ကားစစ်ဆင်ရေးများ၊ လေတပ် စစ်ဆင်ရေးများ၊ တင့်ကားတပ်နှင့် လေတပ် ပူးပေါင်းစစ်ဆင်ရေးများမှသည် ဒုံးယာဉ်စစ်ဆင်ရေးကြီးသို့ လုံးဝ ပြောင်းလဲ သွားတော့သည်။ စစ်တစ်ရပ်ကို ဒုံးယာဉ်များကသာ မှန်ကန်သော အဆုံးအဖြတ်ကို ပေးနိုင်ကြောင်း ထုတ်ဖော်ပြသလိုက်သည့် စစ်ပွဲဖြစ်သည်။

စစ်ပွဲစတင်ဖြစ်ပွားသည့် အောက်တိုဘာ ၆ ရက်နေ့မှာပင် အစ္စရေးလ် လေတပ်၏ သုံးပုံတစ်ပုံသော တိုက်လေယာဉ်တို့သည် အာရပ်ဒုံးယာဉ်တို့၏ လက်ချက်ဖြင့် မြေပြင်ပေါ်မှာ အပြီးအပိုင် အနားယူလိုက်ကြရသည်။

အစ္စရေးလ်သည် မိမိ၏ လေတပ်အင်အားကို အလွန်ယုံကြည်ကိုးစားသူဖြစ်သည်။ ကိုးစားလောက်အောင်လည်း အောင်ပွဲများ အကြိမ်

ကြိမ် ရယူနိုင်ခဲ့သည်။ သို့သော် အာရပ်တို့လက်တွင်ရှိနေသော ဆိုဗီယက်လုပ် ဆမ်ဒုံးယာဉ်များ၏ တန်ခိုးကြီးမားမှုကို တိတိကျကျ နားမလည်ကြ။ စစ်ဖြစ်ပြီး သုံးရက်အကြာမှာပင် အရှေ့အလယ်ပိုင်းဒေသ ကောင်းကင်ယံကြီးတစ်ခုလုံးကို မိမိတို့လေတပ်က ကြီးစိုးထားလိုက်ပြီ ဖြစ်ကြောင်း အစ္စရေးလ်က ကြေညာသည်။

ထိုကြေညာချက်သည် မှန်သင့်သလောက် မှန်ကန်သည်။ သို့သော် ကောင်းကင်ယံကို ကြီးစိုးနိုင်ရေးအတွက် စိုက်ထုတ်ရသော အရင်းအနှီးကား မယုံကြည်နိုင်လောက်အောင် ကြီးမားလှသည်။

ယခင်စစ်ပွဲများက ဆမ် ၂ ဒုံးယာဉ်ကို အာရပ်တို့ အသုံးပြုခဲ့ကြ၏။ ထိုဒုံးယာဉ်သည် အမြင့်ကိုသာ ပစ်နိုင်သည်။ ထိုအချက်ကို ကောင်းစွာနားလည်သော အစ္စရေးလ်တို့က ၎င်းတို့၏ လေယာဉ်ပျံများကို နိမ့်နိမ့်ပျံသန်း စေခြင်းဖြင့် ဆမ် ၂ ၏အန္တရာယ်ကို ရှောင်တိမ်းနိုင်ခဲ့သည်။

ယခုစစ်တွင်မူ ဆမ် ၂ သာမက အနိမ့်ရော အမြင့်ပါ ပစ်နိုင်သည့် ဆမ် ၃ နှင့် ဆမ် ၆ ဒုံးယာဉ်များကိုပါ အာရပ်တို့က သုံးလာသည်။ ဆမ် ၂ နှင့် ၃ သည် ရွေ့ပြောင်း၍မရ၊ တစ်နေရာတွင် အသေထားရသည်။ အချင်း ၆ လက်မမျှသာရှိပြီး အရှည် ၁၉ ပေရှိသော အခဲလောင်စာသုံး ဆမ် ၆ ဒုံးယာဉ်ကမူ ရွေ့ပြောင်းသွားလာနိုင်သည်။ ဒုံးယာဉ်တင်ကားပေါ်၌ ဒုံးယာဉ်သုံးစင်း တင်ထားသည်။ ရေဒါနှင့် တွဲဖက်ထားသည်။ တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ ရွေ့ပြောင်းသွားလာနိုင်သည်။ သံချပ်ကာကားများဖြင့် အတူတကွ ချီတက်လိုက်ပါနိုင်သည်။ သစ်ပင်ထိပ်ဖျားမျှသောအမြင့်မှ ပေ ၃၅၀,၀၀ အမြင့်အထိ လုံခြုံမှုပေးနိုင်သည်။

ဆမ် ၂ နှင့် ဆမ် ၃ ကို အမေရိကန်လုပ် လက်နက်များကိုကိုင်ထားသည့် အစ္စရေးလ်များက အလွယ်တကူ ဖျက်ဆီးနိုင်သည်။ ၎င်းတို့၏ ရေဒါစက်ကွင်းများကိုလည်း ပစ်မှတ်ရှာမရအောင် ပြုလုပ်နိုင်





သည်။ သတ္တုပြားများ ပစ်ချခြင်း၊ အပူနောက်လိုက်တတ်သည့် ဒုံးယာဉ်ကို လှည့်စားသည့်အနေဖြင့် နေတည့်တည့်သို့ ဦးတည်ပျံသန်းကာ မိမိ အနားသို့ ဒုံးယာဉ်ရောက်မှ လမ်းကြောင်းတိမ်းရှောင်ခြင်း၊ မိမိလေယာဉ် တွင်တပ်ဆင်ထားသော ဒုံးခွင်းဒုံးဖြင့် ပြန်လည် ပစ်ခတ်ခြင်းများ ပြုလုပ်နိုင်သည်။

ယခု ဆမ် ၆ ကိုမူ ထိုသို့ပြုလုပ်၍မရချေ။ နိမ့်နိမ့်မှပျံလာသော လေယာဉ်ကိုလည်းကောင်း၊ မြင့်မြင့်မှ ပျံလာသော လေယာဉ်ကိုလည်းကောင်း၊ အသံထက်မြန်သောပျံသန်းနှုန်းဖြင့် လိုက်ကာပစ်ခတ်နိုင်သည်။ ရေဒါစက်ကွင်းကို လှည့်စား၍မရ။ ဂျက်လေယာဉ်၏ အိပ်ဇောပိုက်မှ ထွက်နေသည့် အပူနောက်သို့ တန်းတန်းမတ်မတ် လိုက်သည်။ ထို ဂျက်လေယာဉ်က ကွေ့ကောက်မောင်းလျှင်လည်း ကွေ့ကောက်လိုက်သည်။ ရေဒါလျှပ်စစ်လှိုင်းများသည် အလွန်လျှင်မြန်စွာ ပြောင်းလဲနိုင်၏။ မြေပြင်မှလည်း ထိန်းသိမ်းပေးနိုင်၏။

အလင်းရောင်သည် တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀ နှုန်းဖြင့် သွား၏။ ရေဒါရောင်ခြည်လှိုင်းသည်လည်း ထိုအလင်းရောင်နှုန်းအတိုင်းပင်သွား၏။ ရေဒါထဲမှာ ပေါ်လာသော ရန်သူ လေယာဉ်၏ သတင်းကို ပေးပို့သည့် ရေဒါ၏ လျင်မြန်မှုမှာ တစ်စက္ကန့်ကိုပင် ခွဲခြမ်းစိတ်ဖြာ တွက်ချက်၍ မရနိုင်အောင် မြန်လွန်းသည်။ ဆိုလိုသည်မှာ တစ်စက္ကန့်ကို အပုံတစ်သိန်းပုံပြီး တစ်ပုံအတွင်း သိရှိခြင်းဖြစ်သည်။ ဒုံးယာဉ်၏ အမြန်နှုန်းကလည်း အသံထက် မြန်နေသည်။

ထိုအကြောင်းများကြောင့် စစ်ပွဲ ပထမနေ့မှာပင် အစ္စရေးလ်လေတပ် သုံးပုံတစ်ပုံမျှ ပစ်ချခြင်းကို ခံလိုက်ရခြင်းဖြစ်သည်။

ဆမ် ၆ နှင့် စွမ်းပကားချင်း တူမျှသော ဒုံးယာဉ်များ အမေရိကန်နှင့် အစ္စရေးလ်တွင် မရှိသေးချေ။ အစ္စရေးလ်တို့ သုံးနေသည့် အမေရိကန်လုပ် ရေဒါဖြင့်ထိန်းသော ဟော့ခ် ဒုံးယာဉ်တို့သည် အနိမ့်ပျံလာသော လေယာဉ်များကိုသာ ပစ်ခတ်နိုင်သည်။ သို့သော်လည်း ရေဒါစက်ကွင်း

ကို လှည့်စားခြင်းကိုမူ ရှောင်တိမ်းနိုင်သည်။

ရေဒါစက်ကွင်းကို လှည့်စားခြင်းဆိုသည်မှာ မိမိလေယာဉ်ပျံကို ရန်သူရေဒါက ဖမ်းမိနေကြောင်း သိသည်နှင့်တပြိုင်နက် သတ္တုပစ္စည်းများ ပစ်ချပေးခြင်းဖြင့် ရန်သူ၏ ရေဒါထဲတွင် အစက်အပြောက် မြောက်မြားစွာ ပေါ်လာအောင် ပြုလုပ်ခြင်းဖြစ်သည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် ရန်သူ၏ ရေဒါစက်ကွင်းထဲတွင် ပေါ်လာသော အစက်အပြောက်များသည် လေယာဉ်လား၊ သတ္တုများလား ခွဲခြားမရအောင် ဖြစ်သွားတော့သည်။ ထိုနည်းဖြင့် ရန်သူကို ပစ်မှတ်အများအပြား လှည့်စားခြင်းဖြစ်၏။

အာရပ်တို့လက်တွင် ဆမ် ၆ သာမက ထိုထက် ပိုမို အစွမ်းထက်သော ဆမ် ၇ ဒုံးယာဉ်များပင်လျှင် ရရှိအသုံးပြုနေသည်ဟု အဆိုရှိသည်။ ယခုအသုံးပြုသော ဆမ် ၆ ကို မည်သည့်စစ်ပွဲတွင်မှ စမ်းသပ်အသုံးပြုခြင်း မရှိသေးချေ။ ယခု ပထမဦးဆုံးအကြိမ် အသုံးပြုခြင်းဖြစ်သည်။

အာရပ်တို့သည် လေတပ်ကို အဓိက အားထားခြင်း မပြုတော့။ ဒုတိယ အဆင့်မှာသာ ထားလိုက်သည်။ ဒုံးယာဉ်များကိုသာ အဓိက လက်နက်အဖြစ် အသုံးပြုသွားသည်။ အာရပ် မြေပြင်တပ်များအားလုံးကို ဒုံးယာဉ်များဖြင့် ထီးမိုးပေးထားသလို အကာအကွယ်များ ပြုလုပ်ကို ပြုလုပ်ကြသည်။ ယင်းပရိယာယ်ကို အစ္စရေးလ်တို့ အလူးအလဲ ခံလိုက်ရခြင်းဖြစ်သည်။

ဒုတိယ အထိရောက်ဆုံး လက်နက်များမှာ ဆိုဗီယက်လုပ် တင့်ကားဖျက် လျှပ်စစ်လိုင်းထိန်း ဒုံးပျံများပင် ဖြစ်သည်။ ထိုဒုံးပျံများလက်ချက်ဖြင့် အစ္စရေးလ်တို့၏ ၂၀၀,၀ ခန့်သော တင့်ကားများမှာ သုံးပုံတစ်ပုံခန့် ဖျက်ဆီးခြင်း ခံလိုက်ရသည်။

ယင်းဒုံးပျံများကို စနက်ပါ၊ ဆွက်ဂါ၊ ဆွက်တာ ဒုံးပျံယာဉ်များဟု အမည်ပေးသည်။ ပစ်ကွင်း တစ်မိုင်မှ နှစ်မိုင်အထိ ရှိသည်။ ခြေလျင်





တပ်သားများ လက်နှင့်ကိုင်ပြီး ပစ်ခတ်နိုင်သည်။ ချိန်ကွင်း မျဉ်းကြောင်းလိုင်းကလေးတွင် ရန်သူ့တင့်ကား ပေါ်လာသောအခါ လျှပ်စစ်လိုင်းများဖြင့် ဒုံးပျံပစ်မည့်သူကို အချက်ပြသည်။ ပစ်ကွင်းကို မလွဲတမ်း ပစ်နိုင်သည်။

အစ္စရေးလ်တို့ အသုံးပြုသည့် အမေရိကန်လုပ် တင့်ကားဖျက် ဒုံးယာဉ်များကလည်း အစွမ်းထက်လှသည်။ ထို့ကြောင့် တင့်ကားတိုက်ပွဲတွင်မူ တဖက်နှင့်တဖက် လက်နက်ချင်း ထူးထူးခြားခြား ကွာလှသည်ဟု မဆိုသာ။

သို့သော်လည်း အစ္စရေးလ်တို့ အသုံးပြုနေသည့် ရှားမင်းနှင့် စင်ကျူရီယံ တင့်ကားများက ၁၀၅ မမ စက်အမြောက်များကို အသုံးပြုကြသည်။ အာရပ်များ၏ ဆိုဗီယက်လုပ်တင့်ကား တီ ၅၄ နှင့် ၅၅ တွင်မူ ၁၀၀ မမ စက်အမြောက်များသာရှိသည်။ အစ္စရေးလ် စက်အမြောက်များက ကိုက်ပေါင်း ၅၀၀ ပိုပစ်နိုင်သည်။ ထို့ကြောင့် တင့်ကားချင်း တိုက်ပွဲတွင်မူ အာရပ်တို့ တစ်ပန်းရှုံးနေသည်။ အစ္စရေးလ်က အကာပ်မခံပဲ ၎င်း၏ အမြောက်တစ်ကမ်းအကွာမှ ပစ်ခတ်သောကြောင့် အာရပ်တို့ ပြန်လည် ပစ်ခတ်ခွင့်ကိုပင် ကောင်းစွာမရခဲ့ကြချေ။

တီ ၆၂ တင့်ကားသည် ၁၁၅ မမ စက်အမြောက်ကြီးများ တပ်ဆင်ထားသောကြောင့် အစ္စရေးလ် စက်အမြောက်ကြီးများထက် ကိုက် ၁၀၀,၀ ပိုပစ်နိုင်ပြန်သည်။ သို့သော်လည်း အလုံအလောက် မရှိပဲ အနည်းအကျဉ်းသာ ရှိသောကြောင့် အစ္စရေးလ်တင့်ကားများအား ခေါင်းမထောင်နိုင်အောင် ဖိထားနိုင်ခြင်း မရှိခဲ့ချေ။

အာရပ်နှင့် အစ္စရေးလ်တို့ နှစ်ဘက်စလုံးတွင် ပေါက်ကွဲမှု ယမ်းအားများသော တင့်ကားဖျက် ဒုံးပျံများ ရှိနေကြသဖြင့်လည်း တဖက်က တဖက်ကို အလဲထိုးနိုင်ရန် မလွယ်ခြင်းဖြစ်သည်။ ဆိုဗီယက်လုပ် ဒုံးပျံများမှာ အခဲလောင်စာကိုပင် အသုံးပြုသော ဒုံးပျံများဖြစ်သည်။

အာရပ်တို့၏ လက်နက်များ

ဆမ် ၇ စထရဲလ်လာဒုံးယာဉ် ။ ။ လေယာဉ်ပျံ၏ အပူဓါတ်နောက်သို့လိုက်ကာ ထိမှန်ပေါက်ကွဲစေသည်။ ဒုံးယာဉ် ရှစ်စင်းမှ ဆယ့်နှစ်စင်းအထိ တပြိုင်တည်း ပစ်လွှတ်နိုင်သည်။ လက်နှင့် သယ်သွားနိုင်သော ဒုံးလွှတ်ပြွန်ဖြင့် ပစ်လွှတ်ရသည်။ ခြေလျင်တပ်သား တစ်ဦးတည်းက ပုခုံးတွင် ထောက်၍ ပစ်ရသည်။ ဗီယက်နမ်စစ်ပွဲတွင် အမေရိကန် ရဟတ်ယာဉ်များကို ထိရောက်စွာ ဒုက္ခပေးခဲ့သည်။ လေသူရဲက မီးကျည်ပစ်ချပြီး ပစ်ကွင်းကို လှည့်စား၍ရနိုင်သော ဒုံးယာဉ်မျိုးမဟုတ်။ ပစ်ကွင်းအမှန်ကို တိတိကျကျ သိသည်။

အက်စ်ယူ-၂၀ ။ ။ ပျံလွှားတောင်သဏ္ဍာန်ရှိသော အတောင်ပံတပ်ထားသည့် ဗုံးကြဲလေယာဉ်ဖြစ်သည်။ တင့်ကားဖျက် လေယာဉ်အဖြစ် ဆီးရီးယားစစ်မျက်နှာတွင် စမ်းသပ်အသုံးပြုခဲ့သည်။ အစ္စရေးလ်တို့က အမြောက်အမြား ပစ်ချနိုင်ခဲ့သည်။



ခေတ်မီ တီ ၆၂ တင့်ကားတပ်ကြီး





အေစက် ၅၊ ကဲ့လ်တ် ။ ။ ဝေးကွာသည့် လုံခြုံရာအရပ်တွင် ရှိနေသော ဗုံးကြဲလေယာဉ်ပျံက မြေပြင်ရှိ ပစ်မှတ်တစ်ခုကို စေလွှတ်ပစ်ခတ်နိုင်သော ဒုံးယာဉ်ဖြစ်သည်။ မိုင်၂၀၀ ဝေးသော ပစ်ကွင်းကို ပစ်နိုင်သည်။ စစ်ပွဲ ပထမနေ့က တယ်လ်အဗစ်မြို့သို့ ဦးတည် ပစ်ခတ်လိုက်သော ယင်းဒုံးယာဉ်ကို အစ္စရေးလ်အက်ဖ် ၄-ဖင်တန် လေယာဉ်မှူးက လမ်းခုလပ်မှ ပစ်ချခဲ့ရသည်။ အသံထက်မြန်သည်။

စကာဒ် ။ ။ မြေပြင်မှ မြေပြင်သို့ မိုင် ၈၀ အကွာအဝေးရှိသည့် ပစ်ကွင်းအတွင်း ပစ်နိုင်သည်။ ပစ်မှတ်သို့ တိုက်ရိုက်ထိမှန်စေရန် ထိန်းချုပ်ကိရိယာပါသည်။

အစ္စရေးလ်လက်နက်များ

တိုးဒုံးယာဉ် ။ ။ ကွေ့ကောက်ပြေးနေသော ပစ်မှတ်နောက်သို့ ကွေ့ကောက်လိုက်နိုင်သည့် ထိန်းချုပ်ကိရိယာပါသော တင့်ကားဖျက် ဒုံးယာဉ်ဖြစ်သည်။ လက်နှင့် အလွယ်တကူ သယ်ယူခြင်း၊ ပစ်ခတ်ခြင်း



ရွေ့ပြောင်း သယ်ယူနိုင်သည့် ဆမ် ၆ ဒုံးယာဉ်များ

ပြုနိုင်သည်။ ဗီယက်နမ်စစ်၌ အသုံးပြုခဲ့ရာ အလွန် ထိရောက်ခဲ့သည်။

**လောဒုံးယာဉ်ပျံ** ။ ။ လက်နှင့် ပစ်၍ရနိုင်သော တင့်ကားဖျက် အပေါ့စား ဒုံးပျံဖြစ်သည်။ ဘဇူကာပုံသဏ္ဍာန် ရှိသည်။ တစ်လုံးလျှင် ၅ ပေါင်သာ လေးသည်။

**ဝေါလ်အိုင်း** ။ ။ အလိုအလျောက် ရုပ်မြင်သံကြားစက်ဖြင့် ထိန်းနိုင်သည့် ဒုံးပျံဖြစ်သည်။ ပေါင်ချိန် တစ်ထောင်ရှိသည်။ ၂၅မိုင် ပစ်ကွင်း ရှိသည်။ စကိုင်းဟော့ခ် လေယာဉ်ပျံမှ မြေပြင်ရှိ ဒုံးယာဉ်စခန်းများ၊ အမြောက်တပ်ဖွဲ့များကို ဖျက်ဆီးနိုင်သည်။

**ရှရိုက်ဗုံးများ** ။ ။ ရေဒါစခန်းဖျက်ဗုံး ဖြစ်သည်။ ထိုဗုံးမှာပင် ရေဒါ တပ်ဆင်ထားသည်။ ယင်းရေဒါက ရန်သူ၏ ရေဒါစခန်းကို ရန်သူလွှတ်နေသည့် ရေဒါလှိုင်းစစ်လှိုင်းများအတိုင်း ရှာဖွေလိုက်သွားပြီး ပစ်မှတ်ကို ဖျက်ဆီးသော ဗုံးဖြစ်သည်။ မြောက်ဗီယက်နမ်တွင် အသုံးပြုရာ မြောက်ဗီယက်နမ် ရေဒါစခန်းများက ထိုဗုံးနှင့် အပစ်ခံရကြောင်း သိလျှင် ရေဒါလှိုင်းစစ်လှိုင်းများကို ပြောင်းလဲလွှင့်ခြင်းဖြင့် ရှောင်တိမ်း နည်းကို လေ့လာနိုင်ခဲ့ကြသည်။

**စတင်းဒတ်အမ်း** ။ ။ ရေဒါစခန်းဖျက်ဗုံးကို တန်ပြန်ဖျက်ဆီးသည့် ဗုံးဖြစ်သည်။ အသံထက်မြန်သည်။ လှည့်စားရှောင်တိမ်းရန် ခက်သည်။

**ရော့ခ်အိုင်း** ။ ။ တင့်ကားဖျက်လက်နက်ဖြစ်သည်။ စစ်ပွဲများတွင် တစ်ကြိမ်မှ မသုံးဘူးသေးချေ။ လေယာဉ်ပျံတွင် ချိတ်ထားသည်။ ရာပေါင်းများစွာ သယ်နိုင်သည်။ လေထုထဲတွင် ဖြတ်သန်းသွားလာရန် လွယ်ကူသော ပုံသဏ္ဍာန်ရှိသည်။ တင့်ကားအုပ်စုကြီးများအပေါ်မှ ပစ်ချလျှင် သံထည်ပါးသော တင့်ကားအပေါ်ပိုင်းနေရာကို ဖောက်ဝင်ပြီး ပေါက်ကွဲစေသည်။ တချက်တည်းနှင့် ယာဉ်အများအပြားကို ပျက်စီးစေနိုင်သည်။

အစ္စရေးလ်တို့လက်ဝယ်ရှိ ဖင်တမ် ဂျက် တိုက်လေယာဉ်ပျံများနှင့် အာရပ်တို့လက်ဝယ်ရှိ မစ် ၂၁ ဂျက်တိုက်လေယာဉ်ပျံများ၏ စွမ်းပကား





များကို နှိုင်းယှဉ်ကြည့်လျှင် အောက်ပါအတိုင်း မြင်တွေ့ရမည် ဖြစ်သည်။

| | ဖင်တမ်ဂျက် | မစ် ၂၁ ဂျက် |
|---|---|---|
| အမြန်ဆုံး ပျံသန်းနိုင်သောနှုန်း | တစ်နာရီမိုင် ၁၃၂၀ ကျော် | ၁၃၂၀ |
| လေသူရဲ | ၂ ဦး | တစ်ဦး |
| စစ်ဆင်နိုင်သော ခရီးအကွာအဝေး | မိုင် ၉၀၀ | မိုင် ၃၇၅ |
| အမြင့်ပျံတက်နိုင် သောနှုန်း | တစ်မိနစ်ပေ ၃၀၀၀ | ပေ ၃၀၀၀ |
| ကွင်းမှအတက်တွင် အများဆုံးသယ်နိုင် သော ဝန်ချိန် | ပေါင် ၆၁၀၀၀ | ပေါင် ၁၆၇၀၀ |
| အများဆုံးသယ်ဆောင် ပျံသန်းနိုင်သည့် ဝန်ချိန် | ပေါင် ၁၆၀၀၀ | မသိ |
| အဓိကတပ်ဆင်ထား သည့်လက်နက်များ | ပေါင် ၅၅၀ဗုံး ၁၈ လုံး | ၃၀-မမ စက် အမြောက် ၂လက် |
| | ပေါင် ၆၈၀ မိုင်း ၁၅ လုံး | အမေရိကန်လုပ်ဆိုက် ဝင်ဒါဒုံးယာဉ်နှင့် အစွမ်းထက်မှု တူညီသော ဒုံးယာဉ် ၂ စင်း |
| | ပေါင် ၁၀၀၀ ဗုံး ၁၁ လုံး | |
| | မီးခိုးဗုံး ၇ လုံး | |

| | |
|---|---|
| နပမ်းမီးလောင်ဗုံး | ၁၁ လုံး |
| ဘူးလ်ပတ် ဒုံးယာဉ် ၄ စင်း | |
| ပတ်ဒုံးပျံ | ၁၅ လုံး |





[illegible]

### ဂြိုလ်တုများကို အသုံးပြုခြင်း

အာရပ်နှင့် အစ္စရေးလ်တို့ ကိုင်တွယ်သုံးစွဲခဲ့ကြသော အဲထက်ဖော်ပြပါ လက်နက်များကို ကြည့်လျှင် မည်သူက မည်သူ့ထက်သာသည်ဟု ပြောရန် ခက်ပါသည်။ ဒုံးယာဉ်များတွင် အာရပ်တို့က သာသကဲ့သို့ ရေဒါစခန်းဖျက် လက်နက်များမှာ အစ္စရေးလ်တို့က သာကြသည်။

သို့သော်လည်း ယခုစစ်ပွဲတွင် အရေးကြီးဆုံးမှာ အာကာသအတွင်း လွှတ်တင်ထားသော ဂြိုလ်တုများက ရန်သူ၏ စခန်းများ၊ လှုပ်ရှားမှုများ၊ အခြေအနေများ၊ အင်အားများကို မှန်ကန်စွာ သတင်းပို့နိုင်ခြင်းပင် ဖြစ်သည်။

စစ်မဖြစ်မီ သုံးရက်အလို အောက်တိုဘာ ၃ရက်နေ့က ပစ်လွှတ်လိုက်သော ဆိုဗီယက်တို့၏ ကော့စမော့ ၅၉၆–ဂြိုလ်တုသည် အရှေ့အလယ်ပိုင်းဒေသ၏ အခြေအနေများကို ကောင်းစွာလေ့လာနိုင်ခဲ့ကြသည်ဟု အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်မှ ပါရဂူများက ယုံကြည်ကြသည်။

ထိုအချိန်မှစပြီး ဆိုဗီယက်တို့က သူသိုးဂြိုလ်တု အနည်းဆုံး ငါးလုံးခန့်ကို လွှတ်တင်ထားပြီး သတင်းယူသည်ဟု ယုံကြည်ရသည်။ ထိုဂြိုလ်တုများသည် ပုံမှန်အားဖြင့် မြေပြင်သို့ ၁၃ရက်ကြာမှ သတင်းပြန်ပို့လေ့ရှိသော်လည်း ယခု ၆ရက်နှင့် သတင်းပြန်ပို့သည်။ အစ္စရေးလ်တို့၏ လှုပ်ရှားမှုများ၊ တပ်ဖြန့်မှုများကိုကြည့်ကာ နည်းပရိယာယ်များကို လိုအပ်သလို ပြင်ဆင်ပြုလုပ်နိုင်သည်။

အမေရိကန်ကလည်း သူသိုးဂြိုလ်တုနှစ်လုံးကို လွှတ်တင်ထား

သည်။ ထိုဂြိုလ်တုများကလည်း အာရပ်တို့၏ အနေအထားကိုကြည့် ကာ သတင်းပြန်ပို့သည်။ ထိုသတင်းများအရ စစ်ဆင်ရေးကို တိကျစွာ ပြုလုပ်နိုင်သည်။

ဤသို့သော အခြေအနေများကို ကြည့်ခြင်းဖြင့် ကမ္ဘာပေါ်တွင် ဂြိုလ်တုစစ်ဆင်ရေးသည် ယခုစစ်ပွဲမှစပြီး တိတိရောက်ရောက် ပြုလုပ် နေပြီဟုလည်း ဆိုနိုင်ပါသည်။ သိပ္ပံအတတ်ပညာများ၊ စစ်လက်နက် ပစ္စည်းများ ပိုမိုဆန်းသစ်လာသည်နှင့်အမျှ စစ်၏ နည်းပရိယာယ်တို့ သည်လည်း တစ်နေ့တစ်ခြား ပြောင်းလဲလာပြီဟု အဆိုပြုခြင်းကို အငြင်း ပွားဖွယ်ရာ အကြောင်းမရှိတော့ချေ။ လက်တွေ့ဖြစ်ရပ်များက သက်သေခံလျက်ပင် ရှိချေသည်။

၁၉၆၇ ခုနှစ်၊ ၆ရက်စစ်ပွဲသည် နှစ်ဖက်စလုံးအတွက် သင်ခန်းစာ များ ရစေသည်။ စစ်ဆင်ရေးနှင့် ပတ်သက်ပြီး အမြင်ကျယ်စေပါး

လုနေကျသည့်နေရာများကို ခြေကုပ်ယူကာ ထိုးစစ်ကိုသော်လည်း ကောင်း၊ ခံစစ်ကိုသော်လည်းကောင်း ပြုလုပ်ရမည်ဖြစ်ကြောင်း အစ္စ ရေးလ် တို့ ကောင်းစွာ နားလည်ခဲ့ကြသည်။ ထို့ကြောင့်လည်း ဆီနိုင်း ကန္တာရအတွင်းတွင်လည်းကောင်း၊ ဂိုလန်ကုန်းမြင့်မြင့်တွင်လည်းကောင်း ခံတပ်များကို အခိုင်အမာ ဆောက်လုပ်ထားခဲ့ခြင်း ဖြစ်သည်။ ခေတ်မီ စက်တပ်ဆင်ထားသည့် ခံတပ်ကြီးများကို မိုင်းမြှုပ်နယ်မြေများ၊ သံဆူး ကြိုးများ၊ တင့်ကားတပ်များ၊ သံချပ်ကာကားတပ်များ၊ အမြောက်ကြီး များဖြင့် အကာအကွယ် ပြုထားသည်။

သို့သော်လည်း အမှန်တကယ် စစ်ဖြစ်ပြီဆိုသောအခါ ခိုင်မာလှ ပါသည်ဆိုသည့် ယင်းခံတပ်ကြီးများသည် နေရာပေါင်းများစွာမှ ကျိုး ပေါက်လေတော့သည်။ သို့ဆိုလျှင် ..

အာရပ်တို့ အလစ်ဝင်တိုက်ခြင်းကြောင့်လော။

အီဂျစ်နှင့် ဆီးရီးယား စစ်မျက်နှာနှစ်ခုစလုံးမှာ စစ်အခြေခံစခန်း များ တိုးတက် များပြားလာသည်ကို အစ္စရေးလ် ထောက်လှမ်းရေးတပ်





များက သိကြသည်။ သို့သော်လည်း ထိုတိုးတက်ဖြစ်ပေါ်နေမှုများအပေါ် အစ္စရေးလ်တို့သည် ကောက်ချက်အမှန်ကို မချနိုင်ခဲ့ကြ။ ထို့ကြောင့် လည်း စစ်စုစည်းမှုကို မပြုလုပ်နိုင်သေးမီမှာပင် စစ်ဖြစ်ပြီ ဆိုသည် နှင့်တပြိုင်တည်း အာရပ်တို့က ရန်သူနယ်မြေအတွင်း၌ ခြေကုပ်စခန်း များကို ရယူပြီးဖြစ်နေတော့သည်။

ကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်နှင့် နီးစပ်သူများ၏ အပြောအ ရမူ အာရပ်များ စတင်တိုက်ခိုက်ခြင်းကို အစ္စရေးလ်တို့က ခွင့်ပြုခဲ့ သည်။ အမေရိကန်နှင့် ရုရှတို့တင်းမာမှုလျော့ပါးရေးကို ပြုလုပ်နေချိန် တွင် အစ္စရေးလ်က စတင်တိုက်ခိုက်မည်ဆိုပါက မျက်နှာအမှုက်မခံ လိုသော အမေရိကန်က အစ္စရေးလ်ကို အကူအညီ အပြည့်အဝ မပေး မည်စိုးသောကြောင့် ဖြစ်သည်ဟုဆိုသည်။

ရန်သူကို လက်ဦးမှု အနည်းငယ်ပေးလိုက်ခြင်းအားဖြင့် ဆီနိုင်း ကျွန်းဆွယ်နှင့် ဂိုလန်ကုန်းမြင့်မြင့်တို့သည် အစ္စရေးလ်နိုင်ငံအတွက် အရေးကြီးသည့် ကြားခံနယ်များဖြစ်ကြောင်း ကမ္ဘာက သဘောပေါက် နားလည်စေလိုသောကြောင့်ဖြစ်သည် ဟုလည်း ပြောသည်။

၆ ရက်စစ်ပွဲ၏ ရလာဒ်ကြောင့် အာရပ်တို့သည် ၆ နှစ်လုံးလုံး သိက္ခာကျသည့်ဘဝဖြင့် နေခဲ့ကြသည်။ ထို့ကြောင့်လည်း ဆိုဗီယက်တို့က သန်းပေါင်း သုံးထောင် တန်ဖိုး ရှိသော လေယာဉ်ပျံများ၊ တင့်ကားများ၊ ဒုံးယာဉ်များ၊ အမြောက်များနှင့် အခြားလိုအပ်သည့် လက်နက်ခဲယမ်း မီးကျောက်များကို အီဂျစ်နှင့် ဆီးရီးယားနိုင်ငံများသို့ ပေးပို့ပေးခဲ့သည်။

ဆိုဗီယက် အကြံပေးအရာရှိများနှင့် အတတ်ပညာရှင်များသည် လည်း အာရပ်နိုင်ငံများသို့လာကာ ထိုလက်နက်ပစ္စည်းများကို တပ်ဆင် ပေးခြင်း၊ မည်သို့ ကိုင်တွယ် အသုံးချရမည်ကို သင်ကြားပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။

အာရပ်တို့သည် ၆ရက်စစ်ပွဲ သင်ခန်းစာကိုယူပြီး နောက်ထပ် ဖြစ်မည့် စစ်ပွဲအတွက် လိုအပ်သည်များကို မနားမနေ ပြင်ဆင်ခဲ့ကြ

သည်။ ဘားလက်ဖ်ခံစစ်ကြောင်းကြီးကို ဖြိုဖျက်နိုင်ရန်အတွက် ပုံသဏ္ဍာန်တူ ခံစစ်ကြောင်းကို နမူနာဆောက်လုပ်ကာ ၃ နှစ်လုံးလုံး အဖြင်းအထန် လေ့ကျင့်ခဲ့သည်။

၆ ရက်စစ်ပွဲတုန်းက အစ္စရေးလ်လေတပ်ကို မယှဉ်နိုင်ခဲ့။ အစ္စရေးလ် လေတပ်၏ စွမ်းပကားကြောင့် ပွဲစသည်ဆိုကတည်းက အထိ အနာကြီးနာခဲ့သည်။ ထို့ကြောင့် ရန်သူလေတပ်ကို အနိုင်တိုက်နိုင်ရေးအတွက် စဉ်းစားရ၏။ နည်းလမ်းမှာ ထိရောက်သည့် ဒုံးယာဉ်များကို အသုံးပြုရန်ဖြစ်သည်။ လေကြောင်းစစ်ဆင်ရေးထက် ဒုံးယာဉ်စစ်ဆင်ရေးကို အဓိကထားရန်ဖြစ်သည်။ ထိုကောက်ချက်အတိုင်း အာရပ်တို့သည် ဒုံးယာဉ်များကို စိတ်တိုင်းကျ ပြင်ဆင်ကာ အသေးစိတ် အစီအစဉ်များ ရေးဆွဲခဲ့ကြသည်။ မိမိတို့ တပ်များပေါ်တွင်လည်းကောင်း၊ မိမိတို့ နယ်မြေပေါ်တွင်လည်းကောင်း၊ ဒုံးယာဉ်များဖြင့် ထီးမိုးထားသကဲ့သို့ မိုးထားရန် စီစဉ်သည်။ အမှန်တကယ် စစ်ဖြစ်လာသောအခါ အလွန်တရာ ထိရောက်ကြောင်း တွေ့ရသည်။ ရေဒါများဖြင့် ဖြန့်ကျက်ထားပြီး ပစ်ကွင်းများကိုလည်း မိုင် ၂၀ မှ ၂၅ မိုင် အတွင်း သတ်မှတ်ထားလိုက်သည်။

အစ္စရေးလ်တို့သည် ဆီးရီးယားစစ်မျက်နှာကို မဲနေခြင်းအားဖြင့်လည်း ဆီနိုင်းစစ်မျက်နှာတွင် အားပျော့နေသည်။ အီဂျစ်တို့အဖို့ အကွက်ကောင်းရသည်။ ဆီးရီးယား ဒုံးယာဉ်စခန်းများသည် အစ္စရေးလ်ပြည်တွင်းရှိ လူနေစိပ်သော အရပ်များသို့ ပစ်နိုင်လောက်သော နေရာအရောက် ထိုးဝင်တပ်စွဲထားပြီး ဖြစ်သည်။ ထိုစခန်းများကို နိုင်နင်းအောင် ထိန်းမထားနိုင်လျှင် အစ္စရေးလ်ပြည်တွင်း၌ အထိအခိုက် အပျက်အစီးများမည်။

ဆီးရီးယားတို့က အရေးသာလာလျှင် ဂျော်ဒန်ကလည်း စစ်မျက်နှာတစ်ခု အသစ်ဖွင့်ကာ ညှပ်ပူးညှပ်ပိတ် တိုက်ဖွယ်ရာ အကြောင်းရှိသည်။ စစ်မျက်နှာနှစ်ခု ဖွင့်နေရာမှ သုံးမျက်နှာ ဖြစ်လာလျှင် ရန်သူကို





တွန်းလှန်နိုင်ရန် အခြေအနေမှာ များစွာ ခက်ခဲသွားတော့မည်။ ထို့ကြောင့် ''ဆီးရီးယားကို အပြတ်အသတ်တိုက်၍ ဆီးရီးယား အထိနာခြင်းအားဖြင့် ဂျော်ဒန်ကို ခြိမ်းခြောက်ပြီးရာ ရောက်လိမ့်မည်၊ ဆီးရီးယားကို အနိုင်တိုက်ပြီးမှ အီဂျစ်ကို တိုက်မည်'' စသည်ဖြင့် ဆုံးဖြတ် ခဲ့ကြသည်။ ထို့ကြောင့်လည်း အီဂျစ်တပ်များသည် များစွာ အသက်ရှူ ချောင်နေသည်။

အစ္စရေးလ်တပ်တို့က မိမိတို့၏တပ်များ စုစည်းမှုကို ၃ ရက်နှင့် ပြည့်စုံအောင် ပြုလုပ်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ တကယ်စုစည်းသောအခါ ခန့်မှန်းထားသည့် အချိန်ထက် တစ်ဆ ပိုကြာသွားသည်ကို တွေ့ရသည်။

နောက်တစ်ကြောင်းမှာ အာရပ်တို့သည် ၎င်းတို့လက်တွင်ရှိနေသည့် လက်နက်ပစ္စည်းများကို အလွန်ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ကြသောကြောင့် ဖြစ်သည်။ ၆ နှစ်လုံးလုံး အပင်ပန်းခံကာ လေ့ကျင့်ခဲ့ကြခြင်း၏ အကျိုးကျေးဇူးဖြစ်သည်။

''ချွေးထွက်များမှ သွေးထွက်နည်းမည်'' ဟူသော စစ်ဆောင်ပုဒ်သည် အလွန်တရာ မှန်ကန်ကြောင်းကိုပါ ဤစစ်ပွဲက အခိုင်အမာ သက်သေထူလိုက်သည်။

မည်သို့ဆိုစေ၊ ဤစစ်ပွဲ၏ အခြေအနေများကို လေ့လာသုံးသပ်ကြည့်ခြင်းဖြင့် စစ်ပရိယာယ်တို့သည် ကြီးမားစွာပြောင်းလာပြီးဖြစ်ကြောင်း၊ လူလူချင်း တိုက်သည်ထက် ခေတ်မီလက်နက်များနှင့် တိုက်ခြင်း ဖြစ်ကြောင်း၊ ထိုလက်နက်များကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုနိုင်ရန် လိုကြောင်း၊ ထိုကြားထဲကပင် လူသားမာန တရားသည် ပေါ်လာကြောင်း၊ စစ်တစ်ခုတွင် လက်နက်ချင်း၊ အင်အားချင်း တူညီနေသောအခါ လူသားတို့၏ စစ်စွမ်းရည်၊ အဆုံးအဖြတ်၊ အတွေးအခေါ်၊ ဖြတ်ထိုးဉာဏ်များက အရေးပိုကြီးကြောင်းကို အာရပ်နယ်မြေများအတွင်း အစ္စရေးလ်တို့ ထိုးဖောက် ဝင်ရောက် မွှေနှောက်နေခြင်းက

သက်သေပြလေသည်။

သို့သော်လည်း သမိုင်းနှင့်ချီလာသည့် အာရပ်နှင့် အစ္စရေးလ်တို့၏ စစ်မက် ဖက်ပြိုင်မှုများသည် ဤမျှနှင့် လုံးဝ နိဂုံးတံမည်လော။ နားလိုက် တိုက်လိုက်ဖြင့် စစ်ကြောရှည်နေဦးမည်လော။

မည်သူ အတတ်ပြောနိုင်ပါမည်နည်း။

အထောက်တော် လှအောင်

ရန်ကုန် ၊ အောက်တိုဘာ ၂၄၊ ၁၉၇၃

[illegible]


၇။ ရေဒီယို အသံလွှင့်ချက်များ။

၈။ Hurewitz J.C.: The Struggle For Palestine, 1950.

[illegible] The Report of the United Nations Special Comittee on Palestine, London, 1947.

၁၀။ Encyclopaedia Britannica, Vols: 2,8,11,12 13,17,23, Encyclopaedia Britannica, Ltd., New York Word-Telegram, New York.

၁၂။ Deir Yassin, State Information Service,CairoU.A.R, 1969.

၁၃။ Nabky, Vada Hart: David and Goliath.

၁၄။ Jurman, Pinchas: Moshe Dayan, A Portrai Mass-ada Ltd., Givatayim- Ramat-Gan,

၁၅။ Tevesth, Shabtai : The Tanks of Tammuz Weiden - feld and Nicolson, London, 1968.

၁၆။ President Anwar EL Sadat's Policy, Ministry of Cuoture and Information, State Information Serv-ice, Dairo, 1971.

၁၇။ The Problen of Palestine Refugees. Informatio Department, Cairo, 1962.

၁၈။ Hadawi, Sami : Isreal and The Aarab Minority, Arab Information Center, New York, 1959.

၁၉။ Twenty Basic Facts About the Palestine Problem.

၂၀။ Reader's Digest Magazines.

၂၁။ Time Magazines.

၂၂။ News Week Magazines.

၂၃။ Life Magazines.